
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဒေါ်ရွှေ (မြ-၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်)<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | ♦ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ♦ | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | ♦ | ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ လ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၅၀၀ ကျပ် |

မြဝလဲတွယ်
ဝတ်ခွင့်မရှိတဲ့ နှလုံးသားချစ်ခြင်းစာ

စိုးမိုးစာပေ၊ ၂၀၀၄
၂၆၄ – စာ၊ ၁၂.၅ × ၁၈.၅ စင်တီ။
မြဝလဲတွယ် / ဝတ်ခွင့်မရှိတဲ့ နှလုံးသားချစ်ခြင်းစာ


BURMESE CLASSIC

## အခန်း (၁)

"တောင်းပန်လို့ မရတော့ဘူးလား နေခ၊ ကိုယ့်ကို ထပ်တောင်းပန်…"

"တော်ပြီဖန်၊ ကိုယ်မင်းကို အချိန်တွေ အများကြီး ပေးခဲ့ပြီးပြီ၊ ကိုယ်တို့ ဇာတ်လမ်းက ဒီလောက်နဲ့ ပြီးပြတ်သင့်ပြီ"

စီးကရက် အသောက်မပျက်။

မိန်းမတစ်ယောက်ကို အလွယ်တကူ ဇာတ်လမ်းဖြတ်လိုက်ပုံက သက်သောင့်သက်သာ။ ဘာခံစားချက်မှ မပါ။ ဘာဝေဒနာမှ မဖြစ်။ ဟန်ဆောင်အလုပ်ကို မုန်းသူအဖြစ် နာမည်ကြီးသော ရှေ့မင်းသားက ညအမှောင်အောက်က မီးရောင်အောက်မှာပင် ခန့်ညားချော့မွေ့မှုတွေနဲ့ လင်းလက်တောက်ပနေပုံကို ဖန်ငေးငေးလေး ကြည့်နေမိသည်။

တစ်လ…

နေခဆိုသည့်လူနှင့် ဖန် တွဲခွင့်ရခဲ့သည်။ ထိုတစ်လက ဖန့်တစ်ဘဝစာ ဖူလုံပါသည်။ ဘာမှမကြာလိုက်သည့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်လေးလို့ ဖန်က သတ်မှတ်ထားပေမယ့် သူ့ဘက်ကျတော့ ဖန့်အတွက် သူပေးထားသည့်အချိန်က နေခ စံချိန်ထဲမှာ အမြင့်ဆုံး။ အချိန်အကြာဆုံးဆိုတာ ပြောနေစရာပင် မလို။



www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့်မားမားနှင့် လိုက်ဖက်တင့်တယ်သော ကိုယ်ခန္ဓာမှာ အဆီအပို မရှိ။ နေမထိ လေမထိ နုဖတ်သန့်စင်နေသော အသားအရည်က ယောက်ျားတန်မယ့် ပန်းသွေးရောင်ကြွရှလှပလွန်း၍ ထိရက်စရာ မရှိလေသောသူ။ ဆံပင်နက်နက်၊ မျက်ခုံးထူထူ၊ စူးရှတောက်ပနေသော မျက်ဝန်းနက်အစုံက လူတစ်ယောက် နှလုံးသားအစုံကို နက်ရှိုင်းစွာ ထွင်းဖောက်ကြည့်နိုင်သူအဖြစ် နာမည်ကြီးခဲ့သည်။ နှာတံမြင့်မြင့်အောက်က ထူပြည့်သော နှုတ်ခမ်းအစုံက သွေးရောင်လွှမ်းမပျက်။ စီးကရက်ကို အေးဆေးစွာ ရှိုက်ဖွာနေသည့် နှုတ်ခမ်းအလှပ်အရွေ့မှာ တွေ့မြင်နေရသည့် စိမ်းစိမ်းမြမြ ယိမ်းကနေသော နှုတ်ခမ်းနှင့် ပါးရိုးတစ်လျှောက်ကို သူမ ဘယ်လောက် မက်မောတွယ်ခဲ့ပါလိမ့်ဟုတွေးရင်း ဗန့်ရင်မှာ နင့်စို့လာ၏။

"ကိုယ်ပြန်တော့မယ်"

လက်ထဲက စီးကရက်ကို အဝေးကို တောက်ထုတ်ပြီး ကားရပ်ထားသည့်နေရာသို့ ချာခနဲလှည့်ထွက် ကျောခိုင်းသွားသူနောက်ကို ဗန်ပြေးလိုက်သွားမိပြီးမှ ခြေအစုံကို ရှက်ရွံ့ကြေကွဲစွာ ရပ်တန့်လိုက်ရသည်။

"နေခ"

သူက နောက်ကိုတစ်ချက်မှ လှည့်မကြည့်သော်လည်း သူမခေါ်သံကြောင့် လှမ်းလက်စ ခြေအစုံကို ရပ်တန့်လိုက်တာကိုက ကျေးဇူးတင်စရာပါ။

"နောက်ထပ် ပြန်ဆုံဖြစ်ရင် နေခကို ခေါ်ခွင့်ရှိသေးလားဟင်"

"သောရီး"





အေးစက်စွာ ကျရောက်လာသည့် သူ့စကားနှစ်ခွန်းက ဗန့်ရင်ကို တစ်ဆုံး နင်းခြေပစ်လိုက်ချိန်မှာ နေခက သူ့ကားကို နေရာက ဝေါခနဲ မောင်းထွက်သွားသည်။ နေရာမှာ ဒူးညွတ်ခွေကျသွားသည့် မိန်းမတစ်ယောက်က နေခအတွက် ဘာဆိုဘာမှ မဟုတ်။ အပျင်းပြေဆော့ကစားစရာ အရုပ်တစ်ရုပ်သာဖြစ်၍ နောက်ထပ် ဇယားရှုပ်တာလောက် မုန်းတာမရှိ။

နေခဆိုတာ မိန်းမတစ်ယောက်အတွက် ဖြစ်လာရသော ယောက်ျားတစ်ယောက်မဟုတ်။ မိန်းမတွေကသာ နေခဆိုသည့် ယောက်ျားအနားမှာ ဝပ်ဆင်းမြေခ ကြွေကျပေးရုံသက်သက် လူဖြစ်လာရခြင်းဟု သူကိုယ်တိုင် လက်ခံယုံကြည်ထားသည့် ယောက်ျားမှာ ဘာဆို ဘာခံစားချက်မှ မရှိ။ နှလုံးသားဗလာ။ ခံစားချက်ဆိုတာ မသိ။

သူသိတာက လောကကြီးကို စိတ်ပျက်ငြီးငွေ့ခြင်း ဖြစ်သည်။ ပြည့်စုံချမ်းသာခြင်းဆိုတာ နေခအတွက် တမင်ဖန်ဆင်းထားသလားထင်ရအောင် နေခမိဘတွေက ချမ်းသာကြသည်။ နေခမိသားစုပိုင် ကုမ္ပဏီတွေ၊ အလုပ်တွေ၊ ပိုင်ဆိုင်မှုတွေဆိုတာက လက်ညှိုးထိုးမလွဲ။

ငွေကို ရေလိုသုံးနေတာကိုက နေခအတွက် အလုပ်ကြီးတစ်လုပ်ဖြစ်သည်။ နေခကို သူ့မိဘတွေက ကုမ္ပဏီတစ်ခုအမည်ခံ အုပ်ချုပ်သူအဖြစ် အလုပ်ပေးထားသည်။ နေခ ဘာမှလုပ်စရာ မလို။ အချိန်တန်လျှင် နေခ လက်မှတ်ထိုးရမည့်နေ့ လက်မှတ်ထိုးလိုက်ရုံ။ ဒါတောင်တစ်ခါတလေ နေခ နိုင်ငံခြားရောက်နေချိန်တွေမှာ လက်မှတ်ထိုးနေစရာပင်မလို။ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းခွင်က ငွေတွေကနေခ ဘဏ်စာရင်းထဲ သူ့အလိုလို အမြဲဝင်နေမြဲ။



www.burmeseclassic.com

www.burmeseclassic.com



နေခက ကမ္ဘာအနှံ့သွားသည်။

ဖြူဖြူညိုညို မိန်းမတွေနှင့်တွဲသည်။ ကဲသည်။ ဘယ်သူ့မှ သူ့အာရုံထဲမှာ မရှိ။ ခဏတော့ ဟုတ်နေသလိုလို။ နောက်တော့ ထိုအရာတွေကို ပြန်လှည့်၍ပင် မကြည့်။ ဘယ်အရာက နေခကို ကြာရှည်မဆွဲဆောင်နိုင်တော့ နေခ မြန်မာပြည်ဘက် ပြန်ခြေဦးလှည့် ဖြစ်သည်။

သူ့ကို ငြီချင်သူ၊ ကလိချင်သူတွေထဲ သူ ပြန်ရောက်သွားသည်။ အပ်ကြောင်းထပ်နေသော စကားလုံးတွေကို သူ့ကိုယ်တိုင် ရွံမုန်းစရာ ဖြစ်လာသည်။ ရိုးအီနေသော ချစ်တေးသီချင်သူတွေကြားမှာ ကြာတော့ ပျင်းလာသည်။ ငြီးငွေ့ခြောက်ကပ်လာသည်။ မိန်းမဆိုတာ ဒီပုပ်ထဲက ဒီပဲဆိုသည့် အကြည့်အပြောတွေနှင့် သူမြင်တွေ့နေရသော မိန်းမမှန်သမျှ ဘယ်သူ့ကိုမှ အထင်မကြီး။

တစ်ယောက်ဆင်း တစ်ယောက်တက် သူ့ရင်ဘတ်ကြီး ဟင်းလင်းဖွင့်နေပေမယ့် သူ့နှလုံးသားတံခါးကို လှုပ်နိုးပေးမည့်သူက မပါ။ ဖြူဖြူဝါဝါ၊ ပြာပြာတွေနှင့် အချိန်ကုန်မှန်းမသိ ကုန်လာရင်း မိန်းမဆိုရင် ဘယ်မိန်းမကိုမှ မကြည့်ချင် မမြင်ချင်သည်အထိ စိတ်ကုန်လာချိန်မှာ မာမီက နေခကို အိမ်ထောင်ပြုဖို့ တိုက်တွန်းလာသည်။

"ကဲ… ပြော၊ မာမီ ဘယ်သူကို လိုက်တောင်းပေးရမလဲ"

ရည်းစားတွေ မှိုလိုပေါက်နေသည့် သူ့ကို မာမီက စိန်တုံးစိန်ခဲတွေ မှန်ဘီလူးနှင့် အသေးစိတ်ကြည့်ရင်း ပြောနေပုံကိုကြည့်ပြီး နေခ ပြုံးလိုက်သည်။ သူတို့လောကရဲ့ အိမ်ထောင်ရေးက တကယ့်ကို ထမင်းစားရေသောက် အလွန်လွယ်ကူသည်။ အချိန်တန်လျှင် ဘယ်သူ့





သားနှင့် ဘယ်သူ့သမီးကို ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ကြသည် ဆိုသည့် သတင်းက မကြားချင်လည်း မရ။

စိန်စိန်ချင်းထပ်တော့ မြွတ်သည်။

ဘယ်နေရာမှာမှ အရှုံးမရှိ။ ဒါကြောင့်လည်း မာမီတို့ အသိုင်းအဝိုင်းတစ်ခုလုံး သုံး၍မကုန် ဖြုန်း၍မကုန် ကြီးပွားချမ်းသာနေခြင်းဟု နေခ တဖြည်းဖြည်း သဘောပေါက် နားလည်ခဲ့သည်။

"သားသဘောကျတဲ့ မိန်းကလေးမရှိရင် မာမီပဲ သားအတွက် ချွေးမ ရှာပေးရမလား၊ သားလိုချင်တဲ့ အသက်အရွယ်ပုံစံ အနေအထား ကိုပြော သားစိတ်တိုင်းမကျမချင်း မာမီ တာဝန်ယူတယ်"

အာမခံ ကောင်းနေသည့် မာမ့်ဆီမှာ ချွေးမဖြစ်ချင်သူတွေက တန်းစီနေခြင်းမှာလည်း အပြစ်ဟု ပြောမရ။ နေခတို့ ပိုင်ဆိုင်သည့် ချမ်းသာကြွယ်ဝမှုအစုစုကို သိသူတိုင်း နေခလိုလူကိုသာ ရမည်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ ဆိုကြသူတွေချည်း ဖြစ်နေသည့်အတွက်လည်း ဘယ်သူ့ကိုမှ ကြည့်မရ။

နေခဆိုသည့် နာမည်ကြားရုံနှင့် သိမ့်သိမ့်တုန်နေသည့် သူတို့ အသိုင်းအဝိုင်းမှာ နေခဆိုသည့် သူ့ကို မလိုချင်သူ မရှိတာကိုလည်း နေခ မုန်းသည်။

"ငြိမ်လှချည်လား သား၊ မာမီ ပြောနေတာတွေ ကြားရဲ့လား"

မာမီက သူ့စိန်တွေကို ကတ္တီပါဗူးတစ်ခုထဲ ပိတ်သိမ်းပြီး သူ့ကို ဘာတစ်ခွန်းမှ မပြောဘဲ ငြိမ်နေသော နေခကို တစ်ချက်လှမ်းကြည့်ပြီး ရတနာဗူးကို အံဆွဲထဲ ထည့်လိုက်သည်။

"ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး မာမီ"

www.burmeseclassic.com



"ဒါတော့ မရဘူး သား။ မင်းဒယ်ဒီနဲ့လည်း မာမီတိုင်ပင်ပြီး ပြီ။ သားအိမ်ထောင်ပြုကိုပြုမှ ဖြစ်တော့မယ်။ မာမီတို့အတွက် အမွေ ဆက်ခံမယ့်သူ အခုချိန်ထိ မာမီတို့မှာ မရှိသေးတာ သားကို သိပ်ချစ်လို့ မပြောရက်လို့ သားစိတ်ချမ်းသာအောင် ဒီအတိုင်း ငြိမ်ကြည့်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"အခု သားအသက် နှစ်ဆယ့်ခုနစ်နှစ်ရှိပြီ၊ သားစိတ်တိုင်းကျ နေထိုင်ပျော်ပါးခဲ့ပြီးပြီ။ ဒီတစ်ခါ မာမီတို့အလှည့်ပဲ၊ မာမီတို့ကို သား တကယ်ချစ်တယ် သနားတယ်ဆိုရင် သားအိမ်ထောင်ပြုပါ။ သားသမီး တွေ အများကြီးမွေးပါ။ မာမီတို့ လိုချင်တာ ဖြစ်ချင်တာ ဖြစ်ခွင့်ရပြီ ဆိုရင် မာမီတို့ ကျေနပ်ပြီ။ ကျန်တာ သားစိတ်တိုင်းကျ လုပ်ပါ။ မာမီတို့ ခွင့်ပြုတယ်"

မိဘမေတ္တာနှင့် သားဖြစ်သူအပေါ် အစွမ်းကုန် သွန်ချချစ်ပြနေ သော မိခင်ကိုကြည့်ပြီး နေခ သက်ပြင်းချလိုက်သည်။ ညီအစ်ကို မောင်နှမ မရှိ။ တစ်ဦးတည်းသောသား ဖြစ်ရခြင်း၏ ဒုက္ခက သူ့ထံ တည့်မတ်စွာ ရောက်လာချိန်မှာ သူကိုယ်တိုင် ပြောစရာ စကားမရှိ ဖြစ်သွားသည်။

တာဝန်ဆိုသည့်စကားက သူ့ကို ဝန်တစ်ခုလို ဖိစီးနှိပ်စက်လာ သဖြင့် သူ့မာမီ ကျေနပ်အောင် ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ကျွန်တော် နားလည်ပြီ မာမီ၊ မာမီတို့ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေမယ်လို့ မာမီ့ကို ကတိပေးပါတယ်"

"သားကို မာမီ အချိန်ဘယ်လောက်ပေးရမလဲ"

"အတိအကျတော့ ကျွန်တော်လည်း မပြောနိုင်သေးဘူး မာမီ"





"သားမှာ လက်ထပ်ရမယ့် မိန်းကလေးမရှိရင် မာမီ့မှာ ရှိနေတဲ့ ရွေးမလောင်းထဲက ရွေးကြည့်ပါလား သားရယ်၊ တစ်ယောက် မဟုတ် တစ်ယောက်တော့ သားသဘောကျချင် ကျနိုင်တာပဲ"

"ဒီမှာ ကြည့်ပါဦးကွယ်၊ အားလုံး မာမီ့စိတ်ကြိုက် လက်ရွေး စင်လေးတွေကိုပဲ လက်ခံထားတာ"

ထုံးစံအတိုင်း နေခရှေ့ကို ဓာတ်ပုံအယ်ဘမ်ကြီးတစ်ခု ရောက် လာသည်။ နာမည်၊ အသက်၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်က အစ ဆွေစဉ်မျိုးဆက် ပြထားသည့် ဇယားကွက်တွေကြည့်ပြီး နေခ ပိုအာရုံနောက်လာသည်။ အားလုံး အချောအလှ။ အတော်အတတ်တွေ ချည်းဖြစ်ပြီး အလှချင်း ပြိုင်နေသူတွေအားလုံးကို သူ လက်မြှောက် အရှုံးပေးပြီး မာမီ့ဓာတ်ပုံတွေကို မာမီ့ထံ ပြန်အပ်လိုက်သည်။

"ဘာဖြစ်လို့လဲသား၊ သူတို့ကို ဘယ်သူမှ သဘောမကျဘူး လား"

"အားလုံးကို သဘောကျပါတယ်။ လှလည်း လှကြပါတယ်"

"ဒါနဲ့များ သားရယ်… ဒီထဲက တစ်ယောက်ယောက်ကို မျက်စိမှိတ် ရွေးလိုက်စမ်းပါ။ သတို့သားနေရာမှာ မာမီ့သားလေး အသာဝင်ထိုင်ပေးရုံပဲလုပ် ကျန်တာအကုန် မာမီ့ဘာသာ ကြည့်လုပ် သွားမယ် ဘယ်နှယ့်လဲသား"

ဆပ်မကုန်နိုင်သော မိဘကျေးဇူး အဘယ်မျှ ကြီးမားသည်ကို တွေးပြီး မာမီ့မေတ္တာကို သူ အသိအမှတ်ပြု ဂုဏ်ပြုဦးညွှတ်လိုက်သည်။

"မာမီ စိတ်ချမ်းသာရပါစေမယ်လို့ ကျွန်တော် ကတိပေးပြီးပြီ နော်၊ အချိန်တော့ နည်းနည်းပေး"

www.burmeseclassic.com



"အကြာကြီးတော့ မရဘူးနော် သား"

"စိတ်ချပါ မကြာစေရဘူး၊ မာမီသာ စိတ်ချမ်းသာအောင်နေ"

မာမီလိုချင်သည့် ကတိကို ပေးရတာက လွယ်ပါသည်။ သူ့စိတ်ကြိုက် သတို့သမီးကို ဘယ်သွားရှာရမှန်းမသိတာက ခက်နေသည်။ ကားတစ်စီးနှင့် ခြေဦးတည့်ရာ လျှောက်မောင်းရင်း စိတ်ကူးထဲက သတို့သမီးလောင်း ဖြစ်နိုင်မည့်သူကိုမှန်းပြီး ရွေးကြည့်သည်။ ဘယ်သူမှမရှိ။

စိတ်ရှုပ်ရှုပ်နှင့် တစ်ယောက်တည်း လူရှင်းသည့်နေရာမှာ ကားရပ်ပြီး ဘာဆက်လုပ်ရင် ကောင်းမလဲဟု တွေးနေ၏။ ပထမဆုံးအကြိမ် တစ်ဦးတည်းသောသား ဖြစ်လာရတာ စိတ်ပျက်မိသည်။ ညီအစ်ကို နှစ်ယောက်ရှိရင် ဒီတာဝန်ကို နေခ မယူလည်း အစ်ကိုဖြစ်သူက တာဝန်ယူလျှင် ပွဲသိမ်းပြီ။

အခုတော့ တခြားသူကို လွှဲချရအောင်လည်း နေခမှာ ညီအစ်ကို မရှိ။ မာမီပြောသမျှ သူ့ဘဝမှာ နေချင်တိုင်း နေခဲ့ပြီးပြီ။ ပွေချင်တိုင်း ပွေခဲ့ပြီးပြီဆိုပေမယ့် မိသားစုတာဝန်ကို ထမ်းဆောင်ရဦးမှာပါလို့ တစ်ခါမှ မတွေးခဲ့။ အမွေဆက်ခံမည့်သူက အမှန်တကယ် လိုအပ်သော အရာဖြစ်၍ ထိုတာဝန်က သူ့ပခုံးပေါ် လာပိသည်။

ကလေး။

ဒါမှမဟုတ် နေခရဲ့ရင်သွေး ကလေးလေးကို ဘယ်လို မိန်းကလေးများ လွယ်ပိုးမွေးထုတ်ပေးနိုင်မှာပါလိမ့်။ မိန်းမ တစ်ယောက်ကို လက်ထပ်မှ သူလိုချင်သည့် သူ့သွေးသား။ သူ့ရင်သွေး၊ သူ့ကိုယ်ပွားလေးကို ရမည်။ ထိုကလေး ထိုသွေးသားအတွက် နေခ





တစ်ဘဝလုံးကို သူ မချစ်မနှစ်သက်သည့် မိန်းမတစ်ယောက်ရဲ့လက်ထဲ ဖြစ်ချင်ရာဖြစ် ထိုးအပ်ရမည်ဆိုတာကိုကျတော့ လက်မခံနိုင်။

သူလိုချင်သည့်ထဲမှာ ဘယ်လိုမိန်းမမှ မပါ။ ဘယ်သူ့ကိုမှလည်း သူ့ဘဝထဲဝင်ပြီး အရှုပ်ခံလိုစိတ် မရှိ။ မိန်းမ မရှိဘဲ ကလေးတစ်ယောက် ရဖို့ဆိုသည်ကလည်း မဖြစ်နိုင်။ နှစ်ခုထဲက တစ်ခုကို မဖြစ်မနေ ရွေးကိုရွေးမှ ဖြစ်တော့မည်။ ထိုနှစ်ခုက မိန်းမတစ်ယောက်ကို အမြန်ဆုံး လက်ထပ်ရန်။ ဒါမှမဟုတ် သူ့ဘဝကို ဝင်ရှုပ်မည့် မိန်းမတစ်ယောက်ကို လက်မထပ်ဘဲ မိန်းမတစ်ယောက်ကို သူ့ရင်သွေး သူ့ကလေးကို မွေးဖွားပေးရန်။

ရုတ်တရက် နေခအတွေးက ထိုနေရာမှာ အချိန်အကြာကြီး ရပ်တန့်သွားသည်။ ပြီးတော့ ထိုအတွေးကို အသေအချာ အထပ်ထပ် စဉ်းစားဝေဖန် သုံးသပ်ကြည့်သည်။ ဒီနေ့ခေတ်ကြီးက အလွန် ခေတ်မီ တိုးတက်နေတာ သူ မေ့နေသည်။ နောက်တစ်ခုက ငွေရှိလျှင် လိုချင်တာ ဖြစ်ချင်တာ အကုန်လုပ်ယူ ဖန်တီးလို့ ရနေသည့်ခေတ်မှ ဘာကြောင့် သူ ဒါကို အခုမှ တွေးမိရသနည်း။

ကမ္ဘာကျော် အဆိုတော်မိုက်ကယ်ဂျက်ဆင်ကိုပဲကြည့်။ သူ့ရင်သွေးကို ငွေပုံပေးပြီး ကလေးအငှား မွေးခဲ့သည်။ တခြားသူတွေလည်း ဒီလိုကလေး အငှားမွေးမည့် မိခင်လောင်းကို ငွေပုံပေးပြီး ကိုယ်ဝန် အငှားဆောင်ခိုင်းပြီး သူတို့လိုချင်သည့် ရင်သွေးကို ရယူပိုင်ဆိုင်ကြသည်။ တချို့က တစ်ယောက်တည်း။ တချို့က အမွှာပူး နှစ်ယောက်။

နေခမှာ ငွေတွေ ပုံနေသည်။

သူ့ရင်သွေးကို လွယ်ပေးမည့် အငှားကိုယ်ဝန်ဆောင်မည့်သူကို

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မရှာနိုင်ရမည်နည်း။ ငွေပုံပေးလျှင် ရကိုရရမည်။ သူ လိုချင်သည့် အရည်အချင်းနှင့် ကိုက်ညီသည့် မိန်းမနှင့်တွေ့လျှင် ငွေပုံပေးပြီး နေခ ကလေးအမွှာကို တစ်ခါတည်း မွေးခိုင်းရမည်။

ဘယ်လောက် အဆင်ပြေသနည်း။

တစ်ခါမွေးလျှင် အမွှာကလေးနှစ်ယောက်။ နှစ်ခါမွေးလျှင် ကလေး လေးယောက်။ နေခမျိုးဆက်တွေ ဆက်တိုက်မွေးထုတ်ပြီး မာမီ့ကို လက်ဆောင်ပေးလျှင် မာမီ့လောက် ပျော်မည့်သူမရှိ။

နေခလည်း မိန်းမယူစရာမလို။ နေခ လိုချင်သည့် ရင်သွေး တွေလည်းရ။ မာမီ့ဆန္ဒတွေလည်းပြည့်။ အတွေးနှင့် နေခ နှုတ်ခမ်းအစုံ ပြုံးလာသည်။ သူ့အစီအစဉ် သူ့အတွေးကို သဘောကျလွန်း၍ ကျေနပ် နှစ်သိမ့်စွာ အသံထွက် ရယ်မောပစ်လိုက်သည်။

ထိုထက်ကောင်းသော အစီအစဉ် သူ့မှာမရှိ။ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ ကူညီပေးမည်သူပဲ လိုသည်။ စိတ်အချရဆုံးနှင့် နေခ ယုံကြည်အားအထားရဆုံး ဆရာဝန်ကြီး ဦးအဲဘတ်ကို မျက်ဝန်းထဲ ပြေးမြင်လိုက်သည်။ အခုချိန်ထိ အိမ်ထောင်မရှိ။ မိန်းမဆုံးပြီး ကတည်းက တစ်ကိုယ်တည်းဘဝနှင့် ဆေးပညာလောကထဲမှာ သူ့ဘဝ တစ်ခုလုံး မြှုပ်နှံထားသည့် အန်ကယ်အဲဘတ်က နေခကို သူ့သားအဖြစ် လက်ခံမွေးစားထားသည့် မွေးစားအဖေ။

ဒယ်ဒီ့နှစ်ဝမ်းကွဲအစ်ကို။

ခရစ်ယာန်ဘာသာဝင်ဖြစ်၍ သူ့ပိုင် အမွေအားလုံး နေခ နာမည် နှင့် သေတမ်းစာရေးထားသူကိုမှ အားမကိုးလျှင် နေခ မည်သူကို အားကိုးရမည်နည်း။ စိတ်လက်ပေါ့ပါးသွားသည့် နေခ ဦးခေါင်းထဲမှာ





အတွေးတွေ တစ်ခုပြီးတစ်ခု ရောက်လာသည်။ သူ့ကလေးကို အငှား မိခင်နှင့် ကိုယ်ဝန်ဆောင် မွေးဖွားသည့်ကိစ္စကို ဘယ်သူမှသိ၍ မဖြစ်။

မာမီနှင့်ဒယ်ဒီတို့သာ နေခအကြံကိုသိလျှင် နေရာမှာ သွေး တက်သွားနိုင်တာကို နေခသိသည်။ မာမီက နေခအပေါ်မှာ အရမ်း မျှော်လင့်ထားတာ နေခ သိသည်။ တစ်နေ့ သားမြေးချွေးမတို့နှင့် စည်းရုံးပျော်ရွှင်သော ဘဝကို မျှော်လင့်နေသူဖြစ်၍ နေခယူသည့် မိန်းမကို ချွေးမအဖြစ် မသတ်မှတ်။ သူ့ရင်ကဖြစ်သော သမီးလို့သာ နေခနှင့် တစ်တန်းတည်းထားပြီး ချစ်ခင်အလိုလိုက်မည့်အကြောင်းကို နေခ အပါအဝင် ချွေးမလောင်းဖြစ်နိုင်သည့် မိန်းကလေးတိုင်းလည်း ပွင့်လင်းစွာ အသိပေး ပြောကြားထားသူဖြစ်၍ မာမီကို အမေ တော်ချင် နေသူတွေမှာလည်း မရေမတွက်နိုင်။

နေခကသာ ခေါင်းညိတ်လက်ခံမည်ဆိုလျှင် နေခလိုချင်သည့် ကလေးအမွှာအစုံလိုက် လိုချင်သလောက် မွေးပေးချင်သူ မိခင်လောင်း တွေက အပြည့်။ နေခ လိုချင်သည့်ထဲမှာ ဘယ်မိန်းမမှမပါ။ တစ်အိုး တစ်အိမ် တည်ထောင်ချင်လောက်အောင် နေခ အမြဲ မြင်ချင်နေသည့် မျက်နှာမျိုးလည်း နေခမှာ မရှိ။

ဘယ်မိန်းမကိုမှ လက်မထပ်ဘဲ ကလေးရလျှင် နေခ ကျေနပ်ပြီ။ ငွေဘယ်လောက် ပေးရပေးရဆိုသည့် အကြံနှင့် သူ့ကားကို အန်ကယ် အဲဘတ်ရှိရာ ဦးတည်လိုက်သည်။ မာမီ့ကိုတော့ သားလေးအမွှာမွေး ပြီးမှ ကလေးမိခင်ဆုံးသွားပြီဖြစ်ကြောင်း၊ နေခကိုယ်တိုင် ထိုကလေး ရှိမှန်း အခုမှသိရကြောင်း ယုံအောင်လှည့်ပတ် လိမ်ညာနိုင်မည့် အစီ အစဉ်ကို စိတ်ကူးဖြင့် ရေးဆွဲရင်း သူ့ကားကို အန်ကယ်အဲဘတ်ခြံထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ချိုးအဝင် တစ်ဖက်က ထွက်လာသော ကားတစ်စီးနှင့် ဝင်တိုက်မိမလို ဖြစ်သွား၍ ကားနှစ်စီးလုံး ဘရိတ်ကိုယ်စီ နင်းလိုက်နိုင်ကြသဖြင့် မျက်နှာချင်းဆိုင် ဝင်မတိုက်ပဲ တိုက်မိလုအနေအထားမှာ ရပ်တန့်သွားကြခြင်း ဖြစ်သည်။

"ဘယ်လိုလဲ၊ ရှင်ကားတစ်စီးလုံး လာနေတာ မမြင်ဘူးလား"

တစ်ဖက်ကားပေါ်က မကျေမနပ် ရန်တွေ့လိုက်သော မိန်းကလေးတစ်ယောက်အသံနှင့်အတူ ကားမောင်းသည့်နေရာက နေခကို မကျေမချမ်း လှမ်းကြည့်လိုက်သည့် မျက်နှာလှလှလေးတစ်ခုကို မြင်လိုက်ရသည်။ ဘာတစ်ခုမှ အချယ်အသ မရှိသော ဝင်းပြောင်နုဖတ်နေသည့် မျက်နှာလေးက နေခ မြင်တွေ့နေကြ နှုတ်ခမ်းနီ မိတ်ကပ်အမြဲ ချယ်မှုန်းနေသော မျက်နှာမျိုး မဟုတ်။ အထူးသဖြင့် သူမ မျက်နှာမှာ အထင်ရှားဆုံး အလှပဆုံးဟု ဆိုရမည်က အလွန်လှပ၍ ကြည်လင်ဝိုင်းစက်သော မျက်ဝန်းအစုံက နေခရင်ထဲ အမှတ်ထင်ထင် ဖြစ်စေသော အရာဖြစ်သည်။

"မင်းရော ကိုယ့်ကားကို မမြင်ဘူးလား"

"ရှေ့မှာ အုတ်ခုံခံနေတာ ရှင်မတွေ့ဘူးလား၊ ကားခြံထဲ ဝင်ချင်ရင် ကားဟွန်းသံလေး ဘာလေး ပေးပါလား"

"မင်းလည်း ကားဟွန်းသံ ပေးသင့်တာပဲ"

"ဘာရှင့်"

"နောက်တစ်ခါ အခုလို ထပ်မဖြစ်ချင်ရင် ကားကွေ့ခါနီးတိုင်း ကားဟွန်းကို သေချာတီး"

နေခက ပြောပြောဆိုဆို သူ့ကားကို နောက်ပြန်ဆုတ်ပေးလိုက်၍





တစ်ဖက်ကားပိုင်ရှင်က နေခကားကို မကျေမနပ် တစ်ချက်လှမ်းကြည့်ပြီး သူမကားကို နေရာက ဝေါခနဲ စောင့်အောင့်ထွက်သွားတာ မြင်လိုက်ရသည်။ နေခ သားနှင့်သမီးမှာသာ ထိုမျက်လုံးမျိုး ပိုင်ဆိုင်ခွင့်ရလို့ကတော့ သူ့သားသမီးတွေကို မြင်သူတိုင်းက စိတ်ဝင်စားကြမှာ ချစ်ကြမှာ အသေအချာပဲ ဆိုတာကိုတော့ တွေးဖြစ်အောင် တွေးလိုက်မိသည်။

သူမ ဘယ်သူလဲဆိုတာ နေခ မသိ။

အန်ကယ်အဲဘတ်အိမ်က ထွက်သွားတာဆိုတော့ အန်ကယ့်လူမှာလည်း ဖြစ်နိုင်သည်။ သူ့ကလေးကို အငှားကိုယ်ဝန်ဆောင်ပေးမည့် မိခင်လောင်းဖြစ်သူကိုယ်တိုင် မျက်လုံးလှပသည့်သူ ဖြစ်ရမည်ဆိုတာကိုပါ တစ်ခါတည်း သတ်မှတ်ချက်ထဲ ထည့်လိုက်သည်။ အန်ကယ်အဲဘတ်က နေခကိုမြင်တာနှင့် ပြုံးရွှင်စွာ ဆီးကြိုသည်။

"လာဟေ့ နေခ၊ မတွေ့တာ အတော်ကြာလို့ မင်းကို နိုင်ငံခြားရောက်နေတယ်ထင်တာ၊ ဘယ်လိုလဲ မင်းမိဘတွေရော နေကောင်းကြရဲ့လား"

"ကောင်းပါတယ် အန်ကယ်၊ အန်ကယ်ရော နေကောင်းရဲ့လား"

"အသက်ကြီးလာရင် ဘာမှသိပ်မကောင်းတော့ဘူး နေခ၊ ဒီကြားထဲ စိတ်ထိခိုက်စရာ၊ စိတ်ဆင်းရဲစရာ အကြောင်းအရာလေးတွေ ပေါ်လာတော့ ပိုဆိုးတာပေါ့ကွာ"

"အန်ကယ့်လိုလူမှာ ဘာစိတ်ဆင်းရဲစရာ ရှိသေးလို့လဲ"

နေခ နားမလည်သလိုမေးတော့ အန်ကယ်အဲဘတ်က ရယ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် တစ်ယောက်တည်း ပြုံးရယ်လျက် နေခမျက်နှာကို သေချာစွာ ကြည့်သည်။

"လူဆိုတာ ဒီလိုပဲပေါ့ကွာ၊ အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာ တွေ့ချင်လည်း တွေ့ရတတ်တာလည်း ရှိတာပဲ။ ဒါနဲ့ နေပါဦး မင်း ဒီကိုလာတာ ကိစ္စများရှိလား"

"ကျွန်တော် အန်ကယ်ကို တိုင်ပင်စရာ ရှိလို့ပါ အန်ကယ်"

"ဟုတ်ပြီ အန်ကယ်လည်း မင်းကိုပြောစရာရှိတာနဲ့ အတော်ပဲ လာကွ၊ စာကြည့်ခန်းထဲသွားပြီး စကားပြောရအောင်"

အန်ကယ်အဲဘတ် စာကြည့်ခန်းက အထူးစိတ်ချ လုံခြုံသော အခန်းဖြစ်သည်။ နှစ်ယောက်အတူ ထိုင်မိသည်နှင့် နေခက သူ့စိတ်ကူး၊ သူ့အစီအစဉ်၊ သူဖြစ်ချင်သည့် ဆန္ဒအားလုံး တစ်ခွန်းမကျန် ဖွင့်ဟရင်ဖွင့်ပြောပြသည်။ သူပြောသမျှ ဘာတစ်ခွန်းမှ ကန့်ကွက်ခြင်းမပြု။ စိတ်ပါဝင်စားစွာ ငြိမ်သက်နားထောင်နေသော အန်ကယ်အဲဘတ် မျက်နှာက နားလည်ရခက်သော ထူးခြားဆန်းကြယ်မှုတစ်မျိုး ထွန်းလင်းတောက်ပနေခြင်းကိုသာ နေခ သတိမပြုမိ။

သူ့ရင်ထဲက ထက်သန်သည့် ဆန္ဒကိုသာ အန်ကယ်လက်ခံချင်လာအောင် ရှင်းလင်းပြောကြားနေသည်။ သူ့စကားအဆုံးမှာ အန်ကယ်အဲဘတ်က နေခမျက်နှာကို သေချာစူးစိုက်ကြည့်ပြီး ဦးခေါင်းကို ဆတ်ခနဲ ညိတ်သည်။

"မင်းပြောတဲ့ကိစ္စဟာ ဒီနေ့ခေတ်ကြီးမှာ လူတော်တော်များများ ဖြစ်နေကြ လုပ်နေကြတဲ့ ကိစ္စဖြစ်နေလို့ အန်ကယ်အတွက် အထူးအဆန်း မဖြစ်ပါဘူး။ ဒါပေမဲ့ မင်းတို့လူငယ်တွေမှာ ဘာကြောင့်





ဒီလိုအတွေးအခေါ်တွေ ဖြစ်လာရတာလဲဆိုတာကိုတော့ အန်ကယ် နားမလည်ဘူး နေခ"

"တကယ်ဆို မင်းအနေနဲ့ အိမ်ထောင်တစ်ခု တည်ထောင်လိုက်ရင် ဒီလိုအတွေးအခေါ်တွေ သဘာဝနဲ့ဆန့်ကျင်တဲ့ အကြံအစည်တွေ ဖြစ်လာစရာ အကြောင်းမရှိဘူးလို့ အန်ကယ်ထင်တယ်"

"ဒါကလည်း တစ်ပိုင်းဆိုပါတော့လေ။ နောက်တစ်ခုက လူတွေဟာ ဘာဖြစ်လို့ မိသားစုဘဝကို မလိုချင်ကြရတာလဲ၊ လူရယ်လို့ ဖြစ်လာရင် အဖေ၊ အမေ၊ သားသမီး ဒါ ရှိကို ရှိလာရမယ်။ အမေမရှိရင် ကလေးမရှိသလို အဖေမရှိဘဲနဲ့ မိသားစုဆိုတာလည်း ဖြစ်လာစရာ မရှိဘူး နေခ။ အန်ကယ်ပြောတာ မင်းနားလည်လား"

"နားလည်ပါတယ် အန်ကယ်"

သူ ခေါင်းညိတ် သဘောတူလိုက်သည်။ ခေါင်းမညိတ်လို့ကလည်း မဖြစ်။ အန်ကယ်အဲဘတ် သဘောတူကြည်ဖြူမှ သူဖြစ်ချင်သည့်ဆန္ဒ အကောင်အထည် ဖော်နိုင်မှာကို နေခ နားလည်လက်ခံထား၍ အန်ကယ်နှင့်ဆန့်ကျင်သည့်ကိစ္စ ဘာတစ်ခုမှ မလုပ်ဟု စိတ်ပိုင်းဖြတ်ထားသူလည်း ဖြစ်သည်။

"အန်ကယ် ပြောချင်တာက မင်းဟာ ဘယ်လောက်ချမ်းသာပြည့်စုံသည်ဖြစ်စေ၊ မင်းလိုချင်တဲ့ မင်း့ သားသမီးလေးတွေကို စိန်ပုံရွှေပုံပေါ် တင်ထားနိုင်သည်ပဲထားဦး သူတို့အတွက် အလွန်အရေးကြီးတဲ့ မိခင်ဆိုတဲ့ ကွက်လပ်ကြီးကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိတာ မင်း သားသမီးတွေကို အကြီးမားဆုံး စိတ်ဓာတ်ရေးရာပိုင်းမှာ ထိခိုက်စေနိုင်လိမ့်မယ်လို့ရော မင်း စဉ်းစားတွေးကြည့်မိရဲ့လား"

www.burmeseclassic.com



ဒါကိုတော့ သူ မတွေးပါ။

တွေးစရာလည်း မလိုဟု ထင်သည့်အတွက်ကြောင့်လည်း မတွေးခြင်းဖြစ်သည်။

"ကျွန်တော့်ဘက်က သူတို့အပေါ်မှာ အဖေမေတ္တာရော၊ အမေမေတ္တာပါ စုပုံပေးအပ်ဖို့ စဉ်းစားထားပြီးသားပါ အန်ကယ်၊ အန်ကယ်ပြောတာကို ကျွန်တော် လက်မခံချင်လို့ မဟုတ်ပါဘူး လက်ခံပါတယ်။ ဖြစ်လည်းဖြစ်သင့်မှန်း သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လူမှုအသိုင်းအဝန်းထဲမှာ မိဘငယ်ငယ်ကတည်းက ဆုံးပါးသွားတဲ့ကလေးတွေ အများကြီးပါ တချို့ အဖေ မရှိဘူး။ တချို့မှာ အမေ မရှိဘူး"

"အဲဒီကလေးတွေလောက်တော့ ကျွန်တော့်သားသမီးတွေဘဝက ဆိုးရွားမှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ အချိန်ပြည့် သူတို့က ပြုစုစောင့်ရှောက်မယ်။ ကျွန်တော်တစ်ယောက်လုံး ရှိနေတာ သူတို့အတွက် ကံကောင်းမှာပါလို့ ကျွန်တော် ယုံကြည်တယ်"

နေခက သူ့ဆန္ဒကို ပြတ်သားစွာ ထုတ်ဖော်သည်။ သူဖြစ်ချင်တာကို အားတက်သရော ပြောသည်။ အန်ကယ်အဲဘတ်က နေခစိတ်အားထက်သန်မှုကို သေချာစူးစိုက် အကဲခတ် လေ့လာသည်။ ပြီးမှ သူပြောချင်တာကို ဆက်ပြောသည်။

"မင်းကို အန်ကယ် အကောင်းဆုံး အကြံပေးချင်တာက တစ်ခုပဲရှိတယ် နေခ"

"ပြောပါ အန်ကယ်၊ ကျွန်တော် နားထောင်နေပါတယ်"

"မင်းနှလုံးသားက လိုက်လှဲပြင်းပြတဲ့ ချစ်ခြင်းမေတ္တာနဲ့ တောင်ဆိုလာတဲ့ မိန်းကလေးတစ်ယောက်ကိုရှာပြီး အိမ်ထောင်ပြုပါ။ ဒါထက်





ကောင်းတဲ့အကြံ မရှိဘူး နေခ"

အန်ကယ့် စကားအဆုံးမှာ နေခ ပြုံးလိုက်သည်။

"အန်ကယ်ပြောတဲ့ မိန်းကလေးမျိုး ကျွန်တော်ကိုယ်တိုင် ရှာမတွေ့နိုင်တာကိုက ကျွန်တော် ကံဆိုးတာပဲ အန်ကယ်။ ဖြစ်နိုင်ရင် အန်ကယ်ပြောသလို ကျွန်တော်လည်း ဖြစ်ချင်ပါတယ်။ အနည်းဆုံး ကျွန်တော်ချစ်တဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ပြီး ကိုယ်ပိုင်မိသားစုဘဝတစ်ခုရှိရင် ပိုပြည့်စုံမယ်လို့ ကျွန်တော်ထင်တယ်"

"မင်းမှာ ယုံကြည်မှု ရှိနေမှတော့ ဘာလို့မဖြစ်နိုင်ရမှာလဲ နေခ၊ မင်းလိုချင်တဲ့ မိသားစုဘဝဆိုတာ ရကိုရစေရမယ်လို့ အန်ကယ် အာမခံတယ်"

"ဒါဆို ဘယ်အချိန် ကျွန်တော် လိုချင်တဲ့ မိသားစုဘဝရမှာလဲ အန်ကယ်"

အာမခံကောင်းနေသည့် အန်ကယ့်ကို သူရယ်မောပြီး စနောက်သလို၊ ပြောလိုက်ပေမယ့် အန်ကယ်အဲဘတ်က နေခရယ်သလို လိုက်ရေယ်။ တစ်စုံတစ်ခုကို တည်ငြိမ်လေးနက်စွာ စဉ်းစားချင့်ချိန်နေပုံနှင့် ငြိမ်နေရာက နေခကို လှမ်းကြည့်သည်။

"အန်ကယ် ကြိုးစားကြည့်ဦးမယ် နေခ၊ အချိန်အတိအကျတော့ မပြောနိုင်ဘူး။ မင်းသိထားရမှာက ဒါမြန်မာနိုင်ငံ အနောက်နိုင်ငံလိုတော့ မဟုတ်ဘူး။ ဒီမှာက မိဘနဲ့သားသမီးမေတ္တာက ပိုပြီးသိရောက်တယ်။ လေးနက်စူးရှတယ်။ မင်း ငွေဘယ်လောက်ပုံပေးပုံပေး မြန်မာမိန်းကလေးတစ်ယောက်ကို အငှားကိုယ်ဝန်ဆောင်အဖြစ် ဒီမှာရှာလို့လွယ်မယ်လို့ မင်း မထင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိလာခဲ့သည့်တိုင် ကိုယ့်ရင်မှာ ဖြစ်လာတဲ့သားကို ကိုးလလွယ်ဆယ်လဖွားရတဲ့ မိခင်ဖြစ်သူကရော အင့်ဆိုပြီး သူ့သားသမီးကို တခြားသူလက်ထဲ အလွယ်ပေးနိုင်မယ်လို့ အန်ကယ် မထင်ဘူး"

"ကျွန်တော်က တခြားသူမှ မဟုတ်ဘဲ အန်ကယ်၊ ကလေးအဖေပါ။ သူ့ကလေးကို သူ့အဖေဆီ ပြန်ပေးတာ တရားမျှတတယ်လို့ ကျွန်တော်ထင်တယ်"

"အငှားကိုယ်ဝန်ဆောင်လို့ ဘယ်လိုပဲပြောပြော သူဟာ ကလေးရဲ့မိခင်ပဲ နေခ၊ ဒါကိုတော့ မင်း မေ့လို့မရဘူး"

"သူ့ကို ကျွန်တော် ငွေလိုချင်သလောက် ပေးထားပြီးမှတော့ ဒါဟာ အလုပ်သဘောပဲ အန်ကယ်။ တခြားဟာတွေ ဘာတစ်ခုမှ ကျွန်တော် လက်မခံဘူး"

သူပြတ်သားစွာ ပြောလိုက်သည်။

အာရုံနောက်မခံချင်လို့ မိန်းမပင် မယူသည့်ကိစ္စ။ တခြားဟာတွေ လာရှုပ်မည်ဆိုလျှင် အခုကတည်းက စာချုပ်စာတမ်း အခိုင်အမာနှင့် မလှုပ်နိုင်အောင် တုပ်နှောင်ထားရမည်။

"ကောင်းပြီ နေခ၊ မင်းလည်း မင်းဖြစ်တဲ့ဆန္ဒ၊ မင်းသဘောထားအားလုံး ပြောပြီးပြီ။ ဒီတစ်ခါ အန်ကယ့်အလှည့်ပဲ။ မင်းအန်ကယ့်ကို တစ်ခုကူညီပါ"

"ဘာများလဲ အန်ကယ်"

"ဒီလိုကွ… ကိစ္စက နည်းနည်းတော့ ထူးဆန်းတယ်။ ဒါပေမဲ့ ဒီကိစ္စကို တခြားဘယ်သူဆီကမှ အန်ကယ်ကိုယ်တိုင် အကူအညီတောင်းခံချင်စိတ် မရှိဘူး။ မင်းတစ်ယောက်ဆီကပဲ အကူအညီ လို





ချင်တာ။ ဘာဖြစ်လို့ ဒါကိုပြောရသလဲဆိုတော့ နောင်မှာ ရှုပ်ထွေးလာမယ့် ပြဿနာကို မလိုချင်လို့ပဲ"

"အန်ကယ်ပြောတာ ကျွန်တော် နားမလည်ဘူး"

"နောက်တော့ မင်းနားလည်လာမှာပါ နေခ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်တိုင် နားလည်လက်ခံလာတဲ့အထိ အန်ကယ်က မင်းကို အသေးစိတ် သေချာရှင်းပြမှာမို့လို့ပဲ"

အန်ကယ်အဲဘတ် ပြောသမျှကို ဒီတစ်ခါ သေချာစူးစိုက် နားထောင်နေသူက နေခဖြစ်သည်။ နားရှိလို့သာ ကြားနေရသည်။ အန်ကယ်အဲဘတ်ပြော၍သာ ယုံနေရသည်။ သူ့ဘဝမှာ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဘူး။ မကြားဘူး။ သူနားကြားမှားခြင်း မဖြစ်နိုင်သလို အိပ်မက်မက်နေခြင်း မဟုတ်သည်မှာလည်း အသေအချာ ဖြစ်သည်။ လောကကြီးမှာ ဘာတွေဘယ်လို ဖြစ်နေပြီနည်း။ သူလည်း မသိ။ သူကိုယ်တိုင်လည်း နားမလည်။

"မင်းကူညီနိုင်ရင် ကူညီလိုက်ပါ နေခ။ အဲဒီအတွက် ဘာပြဿနာတစ်ခုမှ မဖြစ်စေရဘူး။ ဘယ်လိုရှုပ်ထွေး ပတ်သက်မှုမှ မရှိစေရဘူး"

"ကျွန်တော် စဉ်းစားဦးမယ် အန်ကယ်"

"ရတယ်။ မင်းအဆင်ပြေတဲ့ အချိန်ကျမှ အကြောင်းပြန်"

အန်ကယ်အဲဘတ်အိမ်မှ အပြန်ခရီးက နေခကို အတွေးများစွာ ထည့်ပေးလိုက်သည့် ခရီးဖြစ်သည်။ တိုက်ဆိုင်လွန်းသည်က နေခလို အကြံအစည် တခြားတစ်ယောက်ထံမှာ သူကဲ့သို့ ရှိနေခြင်းတည်း။

www.burmeseclassic.com

## အခန်း (၂)

လောကကြီးက ဆန်းကျယ်သည်။

ထိုထက်ပို၍ ထူးဆန်းသည်က ကံတရား။ မည်သူတစ်ဦးတစ်ယောက်မှ ကိုယ့်အပေါ် ကျရောက်လာမည့် ကံတရားကို ကြိုတင်သိမြင်ခြင်း မရှိခြင်း ဖြစ်သည်။ ဟန်ကတော့ မမြင်မတွေ့နိုင်သည့် ကံတရားကို အပြစ်မတင်။ သို့သော် သူမဘက်က သူမတတ်နိုင်တာကို စိတ်ကူးလေးတယဉ်ယဉ်နှင့် ကြိုတင်ပြင်ဆင်မှုလေးတွေ ပြုလုပ်နေသည်။

မှန်ထဲက ဟန့်ပုံရိပ်ကို သေချာကြည့်သည်။ ဘာတစ်ခုမှ အပြစ်ဆိုစရာ မရှိ။ မယ်ဘွဲ့ရထားသည့် ဟန့်ခန္ဓာကိုယ် ကောက်ကြောင်းအလှက ထင်းခနဲ ရှင်းခနဲ ဖြစ်သလို ဝင်းစက်နုဖတ်နေသည့် ဟန့်မျက်နှာအပေါ်က ဘာအချယ်အသမှ မထား။ သဘာဝအလှတရားထဲမှာတင် ဟန့်အလှကို လူတိုင်း အံ့သြချီးကျူးရလေသူ။ ဖင်ရော်တောင် မျက်ခုံးတွေအောက်က ဝိုင်းစက်ကြည်လင်လှပသော ဟန့်မျက်ဝန်းအစုံက လူတိုင်း ဟန့်ကို မချစ်ရမနေနိုင်အောင် ဆွဲဆောင်ထားပါသည်ဟု ဟန့် သူငယ်ချင်းအပေါင်းအသင်းတွေ တစ်ညီတစ်ညွတ်တည်း ပြုထားသည့် ဟန့်အမှတ်အသား ဖြစ်သည်။





နဖူးတဲလေးက ဘွယ်ဆင်းပြီး အဖျားမှာ လုံးဝန်းကော့တက်သွားလို နှင်းဆီဖူးနှုတ်ခမ်းလွှာက ဆေးမကူဘဲ သွေးရောင်လွှမ်းနေသည့် ဟန့်။ ပန်းသွေးရောင် ကြွရွနေသည့် ဟန့်အသားအရည်မှာ သွေး ကြောမျှင်လေးတွေ မြင်နေရအောင်ပါ။ လွှာနုဖတ်လွန်း၍ ဟန့်ကို အသည်းယားနေကြသူတွေလည်း အများသားပါ။

ကျောလည်ခန့် ရွှေညိုရောင် ဆံပင်လေးကို ဖြစ်သလို ချည်နှောင်ထုံးဖွဲ့ထားသည်ကိုက ဟန့်အသွင်ကို တစ်မျိုးတင့်တယ် လင်းလက်စေလျှက်။ ဟန်က ဘယ်လိုနေနေ ဘာပဲလုပ်လုပ် စတိုင်တစ်မျိုးထုတ်တာပဲဟု အားလုံးက အသိအမှတ်ပြု လက်ခံအားပေးမှု ခံနေရသည့်ဘဝ။

ယောက်ျားတိုင်းက ဟန့်အချစ်ကို လိုချင်ကြသည်။ ဟန့်ဘဝကို ပိုင်ဆိုင်ချင်ကြပေမယ့် ဟန်က ဘယ်သူ့ကိုမှ သူမဘဝထဲ ဝင်ခွင့်မပြု။ သူမဘာသာ လွတ်လပ်စွာ နေရသည့်ဘဝမှာ အသားကျနေသည်။ ပျော်ရွှင်ကျေနပ်နေသည့်အတွက် ဘယ်သူနှင့်မှ အိမ်ထောင်ပြုလိုစိတ်မရှိ။ မိဘမရှိသောဟန်က အဘွားနှင့်နေသည်။

အသက်ရှစ်ဆယ်ကျော် အဘွားက ဟန်လုပ်နေပုံတွေကို ဘာတစ်ခုမှ ကြည့်မရ။ ငွေကြေးချမ်းသာ ပြည့်စုံသည့်ဘဝမှာ ဘာတစ်ခုမှ ဟန်တို့အတွက် မလို။ သံရုံးကို ငှားထားသည့်အိမ်နှင့် တခြား နိုင်ငံခြားကုမ္ပဏီကို နှစ်ချုပ်ငှားထားသည့် ငွေနှင့် ဟန်တို့မှာ သုံး၍မကုန်။ ဒေါ်လာတွေ အထပ်လိုက်။ စိန်ရွှေတွေ အထပ်လိုက်။ တခြားရှယ်ယာဝင်ထားသည့် ကုမ္ပဏီတွေကရသည့် ငွေတွေဆိုတာလည်း ထားစရာ မရှိ။ တရိပ်ရိပ်တိုးပြီးရင်း တိုးနေသည့် ဘဏ်စာရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အပြိုင် တဖြည်းဖြည်း ကျန်းမာရေး ညှံ့လာသည့် အဘွားကျန်းမာရေးက ဟန့်ကို အိမ်ထောင်ပြုဖို့ နေ့စဉ်ရက်ဆက် တိုက်တွန်းနှိပ်စက်ဖို့ ဖြစ်လာရခြင်း ဖြစ်သည်။

"ကိုယ်က မိန်းကလေးနော် ဟန်။ ယောကျ်ားလေး မဟုတ်ဘူး။ အချိန်တန်တော့ မိန်းမဆိုတာ သွေးဆုံးသားဆုံးဆိုတာ ရှိတယ်။ အဲဒီအချိန်ကျမှ ကိုယ့်ရင်သွေးလိုချင်လို့ ထိုင်ငိုနေလည်း အပိုပဲ၊ နုတုန်းငယ်တုန်း ပြေးနိုင်လွှားနိုင်တုန်း အိမ်ထောင်ပြု သားမွေးလုပ်ထား။ နောက်မှ အဘွားပြောတာ မှန်လှချည်ရဲ့ လုပ်နေလည်း ဟန့်နားမှာ အဘွားက ရှိတော့မှာ မဟုတ်ဘူး"

ဟန့်တစ်ခါမှ မတွေးဖူးသည့် အတွေးကို အဘွားက တွေးပြခြင်း ဖြစ်သည်။ ဟန့်ဘဝကို ဟန် အကျေနပ်ကြီး ကျေနပ်နေ၍ အဘွားတွေးသလို ဟန့်ကိုဟန် တစ်ခါမှ တွေးမကြည့်ဖူးတာ သေချာသည်။ အဘွားက ဟန့်ကို အိမ်ထောင်ပြုဖို့ပြောတိုင်း ဘယ်တော့မှ လက်မခံသည့်ဟန့်ကို အဘွား ဘာပြောပြော ဂရုစိုက်ခဲ့သူ မဟုတ်။

အခုတော့ အဘွားစကားကြောင့်ပဲ ဟန်အတွေးလေးတွေ ပြောင်းလဲလာသည်။ ဆုံးဖြတ်ချက်လေးတွေ တစ်မျိုးဖြစ်လာသည်။ ဟန့်နားမှာ ဟန့်ကို လိုချင်နေသူများစွာ ရှိသော်လည်း ဘယ်သူ့ကိုမှ ဟန် စိတ်မဝင်စားခဲ့။ အိမ်ထောင်ဖက်အဖြစ်လည်း ဘယ်သူ့မှ စိတ်မကူး။ လိုတရ ပြည့်စုံနေသည့် ဟန့်ဘဝထဲ ဘယ်ယောကျ်ားကိုမှ ဝင်ခွင့်မပြုချင်သည်မှာ ဟန် အတ္တကြီးတာ ဖြစ်ချင်ဖြစ်မည်။

သေချာသည်က ဟန့်ကိုယ်ဟန်သာ ချစ်ချင်သည်။ တခြား ဘယ်သူ့ကိုမှ ဟန့်အတ္တ၊ ဟန့်အချစ်ကို ခွဲဝေပေးလိုသူ မဟုတ်။





ဟန့်ကိုယ်လေးကို မှန်ထဲ တစ်ပတ်လှည့်ကြည့်လိုက်သည်။

ဟန်က တောက်နေဆဲ။

နုပျိုလင်းလက်မှုတွေနှင့် ဟန့်အလှကို ဟန် ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပေမဲ့ အဘွားပြောသလို ဟန့်ရင်ကဖြစ်သော ချစ်စရာကလေးလေးတွေကို ဟန်လိုချင်မိသည်။ ဟန်ငယ်ရွယ်စဉ်မှာ သူတို့ကို ပြုစုမည်။ စောင့်ရှောက်မည်။ လိုတရ ပြည့်စုံစေမည်။ ဟန်အသက်ကြီးလာသည့်အခါမှာ ဟန့်သား ဟန့်သမီးလေးတွေက ဟန့်ကို တစ်လှည့်ပြန်စောင့်ရှောက်ကြ၊ ပြုစုကြမည်လျှင် အဘယ်မျှ ပျော်စရာ ကောင်းလိုက်မည် နည်း။

အရေးကြီးသည်က ဟန့်မှာ ကိုယ်ပိုင်ရင်သွေးလေးတွေရှိမှ ဖြစ်မည်။ ယောကျ်ားလည်း မလို။ ကိုယ်ပိုင်ရင်သွေးလည်း ရအောင်မည်သို့ ကြံဆောင်ရမည်နည်း။ အမျိုးမျိုးတွေးသည်။ ဖြစ်နိုင်မည့်ထင်သမျှ စိတ်ကူးယဉ်ကြည့်သည်။ နောက်ဆုံး ဟန်လိုချင်သည့် အဖြေကိုရတော့မှ စိတ်ကျေနပ်သွားသည်။ ထိုအဖြေကလည်း တခြားကရသည့်အဖြေ မဟုတ်။ ဟန့်ဘာသာ မဂ္ဂဇင်းတစ်စောင်ကို အပျင်းပြေ ဟိုကြည့်ဒီကြည့် လှောက်ကြည့်ရက ဂျက်စတင်ဘားလိလို နာမည်ကြီးအဆိုတော်က မိန်းမ မရှိဘဲ ကလေးအမွှာအဖေ လုပ်ပြနေတာကြည့်ပြီး ထိုစိတ်ကူးကိုရခဲ့ခြင်း ဖြစ်သည်။

ဖြစ်ချင်လည်း အခုဆိုအခု။

လိုချင်တာ ရခဲ့သည့်ဘဝ။ တောင့်တတိုင်း ပြည့်စုံသူတို့၏ ထုံးစံအတိုင်း ဟန့်မာမီအစ်မ ဟန့်အဒေါ်ဝမ်းကွဲ၏ခင်ပွန်း အမျိုးသားဆရာဝန်ကြီး ဒေါက်တာအဲဘတ်ရှိရာ ချက်ချင်း ကားနှင့် ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ဟန်ဖြစ်ချင်တာတွေ၊ ဟန့်ခံစားချက်၊ ဟန့်ဝေဒနာ၊ ဟန့်အယူအဆအားလုံး တစ်ခုမကျန် အကုန်ရင်ဖွင့်သည်။ ဖွတ်အတောင်း နားပူသည်။ တစ်ရက်မနား အန်ကယ်အဲဘတ်ထံ သွားသည်။

လူ မသွားနိုင်လျှင် နေ့ညမရှောင် ဖုန်းဆက်သည်။ အချိန်မရွေး၊ နာရီမရွေး၊ စိတ်ကူးရလျှင် ရသလို ကလေးအဖေ ဖြစ်ရမည့်သူ၏ အရည်အချင်းတွေ တစ်ခုပြီးတစ်ခု ပြောသည်။ ကြာတော့ အန်ကယ် အဲဘတ်လည်း ဟန့်ဒဏ်ကို မခံနိုင်တော့။ ဟန်ပြောတာကို သူတတ်နိုင်သမျှ ကြိုးစားကူညီပါမည်ဟု ဝန်ခံကတိပြုလိုက်မှ နားပူသက်သာသွားသည်။

ဟန့်ကိစ္စကို အဘွားမသိ။

အဘွားသိလျှင် မိုးမီးလောင်မှာကို ဟန်ကလည်း သိသည်။ ထို့ကြောင့် အဘွားကို ဘာမှမပြော။ သူမဘာသာတစ်ယောက်တည်း ကျိတ်စီစဉ်နေသည့်အချိန်မှာ အဘွားက ဟန့်အတွက် သတို့သားလောင်း ဖြစ်နိုင်မည့်သူတွေကို စာရင်းပြုစုနေသည်။ ဟန်က အဘွားစိတ်ကျေနပ်အောင် အဘွားသတို့သားလောင်းစာရင်းကို ယူကြည့်ပေးသည်။ အဘွားနှင့် တိုင်ပင်ဆွေးနွေးသည်။ နောက်တော့လည်း ဟန့်ထုံးစံအတိုင်း အားလုံးအကြောင်းပြချက် အမျိုးမျိုးနှင့် ပယ်ပြီးသား ဖြစ်သွားသည်။

ဒါကို အဘွားက မကျေနပ်။

"တော်ပြီဟန်၊ ပြောမရလည်း ကြိုက်သလိုသာလုပ်တော့၊ အဘွားတော့ ဟန့်ကိုဘာမှ ထပ်မပြောချင်တော့ဘူး"

အဘွားက ဟန့်ကို တကယ်လည်း ဘာမှမပြောတော့။ သူ့ဘာသာ သက်တူရွယ်တူ အဘိုးအဘွားတွေ စုထားသည့် ကလပ်





တစ်ခုမှာ မိုးလင်းမိုးချုပ်သွားနေပြီး အချိန်ဖြုန်းနေ၍ ဟန်နှင့်ပင် စကားဖြောင့်ဖြောင့် မပြောရ။ အဘွားစိတ်ထဲ ဘယ်လိုရှိသည် မသိရသော်လည်း ဟန်ကတော့ ထိုရက်တွေမှာ အန်ကယ်အဲဘတ်အိမ်ကို ချောင်းပေါက်မတတ် ရောက်နေသည်။ သူမ ဖြစ်ချင်တာ ဖွတ်ပြောနေသည်။

"ညည်းနဲ့ သိပ်ခက်နေပြီ ဟန်၊ ကိုယ့်ဘာသာ အိမ်ထောင်ပြုသားသမီးယူလိုက်ရင် ဒီလောက် ဒုက္ခမရောက်ဘူး။ အခုဟာက ညည်းကိုယ်တိုင် ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာ။ ဒါမြန်မာပြည် ညည်းပြောသလိုဖြစ်နိုင်တယ်ထားဦး ပတ်ဝန်းကျင်က ညည်းကို ဘာပြောကြမလဲဆိုတာရော စဉ်းစားမိရဲ့လား"

"ဟန် စဉ်းစားပြီးပါပြီ အန်ကယ်ရယ်။ ဟန့်အစီအစဉ် အောင်မြင်တာနဲ့ ဟန်နိုင်ငံခြားကို ခဏသွားမယ်။ ဟိုမှာ မင်္ဂလာဆောင်တယ်လို့ပြောပြီး နောက်တော့ ယောကျ်ားက ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားပြီး ဘာညာဆို ဘယ်သူမှ ဟန့်ကို အပြစ်ပြောလို့ မရတော့ပါဘူး အန်ကယ်ရယ်။ အဲဒီအတွက် အန်ကယ် စိတ်မပူပါနဲ့နော်။ ဟန် ပြောတဲ့ အကူအညီကိုသာ ရအောင်ကူညီပေးပါ"

"ဟန်… ဟန် ညည်းတို့ခေတ်ကာလ သားသမီးတွေ စိတ်ထင်ရာ လျှောက်လုပ်နေကြတာ အန်ကယ် နားမလည်ဘူး။ ညည်းတို့ စိတ်ပိုင်းဆိုင်ရာ တစ်ခုခု ချို့ယွင်းနေတယ်လို့ အန်ကယ်ထင်တယ်။ လိုအပ်ရင် ဆရာဝန်လေးဘာလေး ပြကြည့်ဦး"

"ဟန် မရူးပါဘူး အန်ကယ်။ ဟန်လုပ်နေတာတွေကို ဟန်သေချာသိပါတယ်။ ဟန့်ကို ကူညီပါနော်"

"ဒီမှာတော့ မဖြစ်နိုင်ဘူးဟန်၊ နိုင်ငံခြား သွားရင်လည်းသွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်က ဘယ်နိုင်ငံမှ မသွားဘူး အန်ကယ်။ ဟန်ဖြစ်ချင်တာ ဟန်ရချင်တာ ဒီမှာရှိတယ်ဆိုတာ ဟန်သိတယ်"

ယုံကြည်မှုအပြည့်နှင့် ဗွတ်တိုးပြောနေသည့် ဟန့်ကိုကြည့်ပြီး ဦးအဲဘတ် စိတ်ရှုပ်လာသည်။ မျက်စိနောက်လာသည်။ ဟန့်တို့လို လူတန်းစားတွေမှာ ဖြစ်နေသည့် ရောဂါကို ဦးအဲဘတ် နားလည်သည်။ ထိုရောဂါက တခြားမဟုတ် အလွန်ချမ်းသာ ကြွယ်ဝ၍ လိုတရပြီး ပြည့်စုံနေသူတို့၏ အတ္တရူးရောဂါ ဖြစ်သည်။ ကိုယ့်ကိုကိုယ်သာ ချစ်ခင်ကြသည်။ တခြားဘယ်သူ့ကိုမှ ကိုယ့်လိုတန်ဖိုးထား ချစ်ရကောင်းမှန်းမသိသည့် အတ္တရောဂါ။

နောက်တစ်မျိုးက ကိုယ့်ကိုကိုယ် အထင်ကြီးပြီး တခြားဘယ်သူ့ကိုမှ အထင်မကြီး။ ကိုယ်နဲ့တူသည် တန်သည်ဟု မထင်၍ မည်သူ့ကိုမှ ကိုယ်နှင့်တန်းတူ နေရာပေး အရေးတယူ မရှိခြင်း ဖြစ်သည်။

"ညည်းကိစ္စ အဘွားသိပြီးပြီလား ဟန်"

"ဟာ… ဒါတော့ အဘွားကို ပေးသိလို့ ဘယ်ဖြစ်မှာလဲ အန်ကယ်ရယ်။ အဘွားသိရင် သူ့ကိုယ်သူ သတ်သေနေပါ့မယ်"

"ကဲ… ကဲ ညည်းပြန်တော့ဟန်။ နောက်လည်း အန်ကယ် မခေါ်ဘဲ ထပ်မလာနဲ့"

"ဟန်ကတော့ ဟန်ဖြစ်ချင်တာ ဖြစ်ခွင့်မရမချင်း အန်ကယ် ဘာပြောပြော လာနေမှာပဲ"

"ညည်း ငါ့ကို တော်တော်ဒုက္ခပေးပါလား ဟန်"

"သုခပါ အန်ကယ်။ လူတစ်ယောက် ဒုက္ခရောက်နေတာ ကယ်ကောင်းပါတယ်"





ထိုဒုက္ခက သူမဘာသာ ရှာဖွေရယူနေသည့် ဒုက္ခဖြစ်ကြောင်းကို ဦးအဲဘတ်က မပြောပါ။ ပြော၍ရမည်သူ မဟုတ်၍ ဒီအတိုင်း လက်ပိုက်ကြည့်နေခြင်းဆိုတာကိုတော့ ဟန်ကိုယ်တိုင် သိထားသည်။ ဟန့်ကားလေး ထွက်သွားပြီး မကြာမီ ဦးအဲဘတ်အိမ် ခြံဝင်းတံခါးဝနားအရောက်မှာ နေခကားနှင့် ခေါင်းချင်းဆိုင် ဝင်တိုက်မိမလို ဖြစ်ကြခြင်းဖြစ်သည်။

နှစ်ယောက်စကားများရင်း တစ်ယောက်မျက်နှာတစ်ယောက် ရန်လိုစွာ အကြည့်မှာကိုပဲ ဟန့်စိတ်ထဲက သူမ ကလေးအဖေဟာ ဒီလိုပုံစံမျိုး ယောကျ်ားပီပီသသ ခန့်ခန့်ညားညား ဖြစ်ရင်ကောင်းမှာပဲဆိုတာမျိုး တွေးလိုက်မိတာကို ဘယ်သူ့မှ မသိ။ ကားကို ဆောင့်ထွက်လာသည့်အချိန်မှာ အဘွား နေမကောင်း၍ ဆေးခန်းရောက်နေကြောင်း ဖုန်းဆက်လာသဖြင့် အိမ်ကိုမပြန်ဘဲ ဆေးခန်းကို ဦးတည်၍သွားသည်။

ဟန်ရောက်သွားတော့ အဘွားက ဆေးရုံခုတင်ထက်မှာ ပက်လက်ကလေးမှိန်းလျက် အောက်စီဂျင်ပိုက်တန်းလန်းနှင့် ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ အန်တီတူးရယ်"

"ပြောမနေနဲ့ဟန်၊ ရောဂါက အရင်ရောဂါဟောင်းပဲ၊ အခြေအနေတလည်း ဟန့်ကို အန်တီတူး အရင်က ပြောထားခဲ့ပြီးသား"

အန်တီတူးစကားကြောင့် ဟန်ငြိမ်သက်စွာ အဘွားမျက်နှာလေးကို ငေးကြည့်နေတော့ အန်တီတူးက ဟန်တို့မြေးအဘွားနှစ်ယောက်ကို မျက်ခုံးတွန့်ကြည့်သည်။ ထိုအကြည့်ကို ဟန်သိသည်။ နားလည်သည်။ အဘွား ရောဂါစုံနေတော့ အချိန်မရွေး ဟန့်ကို ထားသွားနိုင်ကြောင်း ဟန့်ကို အန်တီတူး အကြိမ်ကြိမ် ရှင်းပြခဲ့ပြီးပါပြီ။ တစ်ချိန်တည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အန်တီတူးက ဟန့်ကို အားကိုးအားထား ဟန့်အနားမှာ မားမားရပ်မည့်သူ ရှိနေစေချင်သည်။

တစ်ယောက်တည်း ကျန်ခဲ့မည့်ဟန့်နှင့် များပြားလှသော အမွေအစုအဝေးကြီးကို ဆက်ခံနိုင်မည့် သားသမီးရတနာ ရှိသင့်ကြောင်း နားချရလွန်း၍ အန်တီတူးမှာ နောက်ထပ်ပြောစရာ စကားပင် မရှိ။ ကြာတော့ ဟန့်ကို ဘယ်သူမှ စိတ်မရှည်။ ပြောမရမှန်းသိတော့ ဖြစ်ချင်ရာဖြစ် ပစ်ထားကြသည်။

"ဟန့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ အဘွားရယ်"

အဘွားနားကပ်ပြီး ဟန့်ရင်ထဲက ခံစားချက်ကို ရင်ဖွင့်ပေါက်ကွဲတော့ အန်တီတူးက ဟန့်ကို မျက်စောင်းထိုးသည်။

"သူ့ဘာသာ နေမကောင်းဖြစ်နေတာကို နောက်ထပ် ဒုက္ခမပေးနဲ့ဟန်၊ အဘွားကို တကယ်ချစ်ရင် ဟန်အဘွားကို စိတ်ချမ်းသာအောင်ထား၊ အနားကပ်ပြီး ဟိုပြောဒီပြောနဲ့ အဘွားကို နောက်ထပ်ဒုက္ခရောက်အောင် ထပ်လုပ်မနေနဲ့"

"အန်တီတူးကလည်း ဟန့်ကိုဆို နည်းနည်းမှ အကောင်းမမြင်ဘူး"

နှုတ်ခမ်းစူပြီး ရန်တွေ့နေသည့် ဟန့်ကို အန်တီတူးက ဂရုမစိုက်။ သူ့လူနာဖြစ်သည့် အဘွားအခြေအနေကိုသာ အသေးစိတ် ဂရုစိုက်ပြုစုနေသည်။

"ဟန်"

အန်တီတူးကို စိတ်ကောက်နေတုန်း ဟန့်နားကို ရောက်လာသူကို ဟန်ကြည့်လိုက်တော့ ဟန့်အချစ် ဟန့်မေတ္တာကို တောင်းခံနေသည့်





အန်တီတူးတပည့်လည်းဖြစ်သော ဆေးခန်းပိုင်ရှင်လည်းဖြစ်သည့် ဒေါက်တာကျော်ဇီဝကို တွေ့လိုက်ရချိန်မှာ ကောက်ချိတ်နေသည့် ဟန့်နှုတ်ခမ်းက စူလျက်။

"အန်တီတူးကို စိတ်ကောက်နေတာလား ဟန်"

ဟန်တို့အကြောင်း သိထားပြီးသားဖြစ်၍ အန်တီတူးနှင့် ဟန့်အခြေအနေကို ကြည့်မေးလိုက်သော ဒေါက်တာကျော်ဇီဝမျက်နှာမှာ နှစ်လိုဖွယ် ချိုအေးသော အပြုံးတစ်ခု လက်ခနဲ ပေါ်လာသည်။

"အန်တီတူးက ဟန့်ကိုပဲ အပြစ်တင်နေတယ်"

ကလေးတစ်ယောက်လိုတိုင်တော့ ဒေါက်တာကျော်ဇီဝက ဟန့်မျက်နှာကို မျက်လုံးလက်လက်တွေနှင့် ရွှန်းရွှန်းလဲ့လဲ့ကြည့်ရင်း ချစ်စနိုးပြုံးသည်။

"အန်တီတူးက ဟန့်ကို ချစ်လို့ပါ ဟန်ရယ်၊ အန်တီတူး အပြစ်တင်တာ မခံချင်ရင် ဟန်က အန်တီတူးစကားကို နားထောင်လိုက်ပါလား"

"ဟွန်း... ကျော့်ကိုယူချင်မှဖြင့် ဒီလိုမျိုး အန်တီတူး အဆူအငေါက်ကိုတောင် ခံနေမှာ မဟုတ်ဘူး"

ဟန့်စကားအဆုံးမှာ ကျော်ဇီဝဟာ ဟန့်မျက်နှာလေးကို စူးစိုက်ကြည့်ပြီး ဟက်ခနဲ ရယ်သည်။

"အဘွား နေမကောင်းဖြစ်နေတာကို ကျော်က ဘာရယ်တာလဲ"

"ဆောရီး... ဟန်နဲ့တွေ့တိုင်း ကိုယ်ဒီလို ဖြစ်ဖြစ်သွားတာကို တောင်းပန်တယ်"

"ဟန့်ကို အပြင်ခေါ်သွားလိုက် ကျော်ဇီဝ။ အဘွားနားမှာ



www.burmeseclassic.com

www.burmeseclassic.com



အန်တီတူးရှိတယ်”

“လာ... ဟန်”

ကျော်ဇီဝနောက် မလိုက်ချင်၍ အဘွားနားမှာ ပေကပ်ကပ်ရပ်နေသည့်ဟန့်ကို အန်တီတူးက မျက်မှန်ကိုကျော်ပြီး လှမ်းကြည့်သည်။

“လိုက်သွားလေ ဘာလုပ်နေတာလဲ”

“ဟန်မရှိရင် အဘွား အားငယ်နေမှာစိုးလို့”

“အဘွား”

“သွား...သွား မြေး၊ မောင်ကျော်ဇီဝ နားမှာပဲနေ”

လူမမာ အဘွားစကားကြောင့် ဟန့်မျက်နှာ သိသာစွာ ပျက်သွားသည်။ ဘယ်အချိန်ကတည်းက ဟန့်ကို ကျော်ဇီဝနားမှာ ထားချင်နေသည် မသိ။ အဘွားကိုယ်တိုင် ဆေးပိုက်တန်းလန်းကြားက သူ့မြေးကို အနားခေါ်မထား။ ဘာမှမဆိုင်သည့် ကျော်ဇီဝနား သွားနေရမည်ဆိုတော့ ဟန်မှ စိတ်မဆိုးလျှင် မည်သူအဘွားကို စိတ်ဆိုးမည်နည်း။

အဘွားတို့ကတော့ ဒါပဲ။

ဟန့်ကို တော်တော် ယောကျ်ားယူစေချင်နေသည်။ နှုတ်ခမ်းရှုံ့နေသည့် ဟန့်ကိုကြည့်ပြီး အန်တီတူးက အဘွားနားနားကပ်ပြီး ဘာတွေတိုးတိုးတိုးတိုး ပြောနေမှန်းမသိ။ ခေါင်းတညိတ်ညိတ် လုပ်နေသည့် အဘွား အန်တီတူးကိုကြည့်ပြီး ကျော်ဇီဝနောက် မလိုက်ချင်ဘဲ လိုက်ခဲ့ရသူက ဟန်။

“စိတ်ညစ်နေလား ဟန်”

“သိရက်သားနဲ့ မေးမနေစမ်းပါနဲ့ ကျော်ရယ်။ ဟန်ဖြင့် မိန်းမ





ဘဝဖြစ်ရတာကို စိတ်ကုန်လွန်းလို့ နောင်ဘဝကျရင် ကျော်တို့လို ယောကျ်ားဖြစ်ရပါလို၏လို့ ဘုရားမှာ အမြဲဆုတောင်းတယ်”

ကော်ဖီဆိုင်မှာ အတူထိုင်မိတော့ ဟန်က သူ့ရင်ထဲက မကျေနပ်တာကို ရင်ဖွင့်သည်။ ကျော်ဇီဝကတော့ ဟန့်အကြောင်းကို သိနေသူပီပီ ခပ်ပြုံးပြုံး အမူအရာနှင့် ဟန်ပြောသမျှကို ငြိမ်နားထောင်နေသည်။ ဟန့်နှင့်ကျော်ဇီဝဆိုတာ ငယ်သူငယ်ချင်းတွေဆိုတော့ ပြောမနာ ဆိုမနာ။ တစ်ယောက်အကြောင်းတစ်ယောက် သိထားကြသူတွေ ဖြစ်သည်။

အန်တီတူးဆိုတာလည်း တခြားသူ မဟုတ်။ မာမီ့သူငယ်ချင်းဖြစ်၍ ဟန့်အကြောင်းကို ကောင်းစွာသိထားသည့် ဟန်တို့မိသားစု ဆရာဝန်ဖြစ်သည်။ အဘွားလိုပဲ အန်တီတူးက ဟန်တစ်ယောက်တည်း ဖြစ်နေတာကို ကြည့်မရ။ ဟန့်ကို နည်းမျိုးစုံသုံးပြီး ယောကျ်ားပေးစားချင်နေသူ ဖြစ်သည်။

“မိန်းမဘဝရတာ ဟန့်အတွက် စိတ်ညစ်စရာ မဟုတ်ပါဘူးဟန်ရယ်။ လောကကြီးမှာ ဟန်တို့လို မိခင်လောင်းတွေမရှိဘဲ ကိုယ်တို့လို ယောကျ်ားတွေချည်း ရှိနေရင် ဘယ်လိုလုပ် ပျော်စရာကောင်းမှာလဲ”

“မြင့်မြတ်တဲ့ မိခင်ဘဝကို ရနိုင်တာ ဟန်တို့လို မိန်းမသားတွေပဲ ဟန်။ မိခင်မရှိဘဲ သားသမီးဆိုတာ မရှိဘူး။ သားသမီးမရှိရင် မိသားစုဆိုတာလည်း ဖြစ်လာစရာအကြောင်း မရှိဘူး”

“ဟန့်အယူအဆတွေ မှားနေပြီလို့ ကိုယ်ထင်တယ်”

ကျော်ဇီဝက ဆရာဝန်ပီသသူ ဖြစ်သည့်အတိုင်း ဟန့်ကို ငြိမ်အေးဆေးစွာ ရှင်းလင်းပြောပြပြီး ဟန့်စိတ်ကို ပြောင်းလဲအောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားနေမွမယ့် ဟန်က စိတ်ရှုပ်စိတ်ညစ်နေမြဲ ဖြစ်သည်။

"ကျော်ပြောတာတွေအားလုံး ဟန် လက်ခံပါတယ်။ မှားလည်း မမှားပါဘူး။ မှားနေတာက ဟန်ပါ ကျော်"

"ဟန်က ဘာတွေမှားနေလို့လဲ"

လှပသော ဟန့်မျက်နှာလေးကို ကြည့်ရင်း ကျော်ဇိဝ မေးလိုက်တော့ ဟန်က သက်ပြင်းချသည်။ ကျော်ဇိဝနှင့်ဟန် ငယ်သူငယ်ချင်းတွေဆိုပေမယ့် တစ်ခါမှတော့ ဟန့်ရင်ထဲက ခံစားချက်အကြောင်း၊ ဟန့်အယူအဆ၊ ဟန့်သဘောထားအားလုံး သူ့ကို ပြောပြဖူးခြင်း မရှိပါ။ အဘွားနှင့်အန်တီတူးက ဟန်နှင့်ကျော်ဇိဝကို အိမ်ထောင်ပြုစေချင်သည်။ လက်ထပ်ပေးချင်သည်။

ဟန်က ထိုအစီအစဉ်ကို လက်မခံ။

ပြတ်သားစွာ ငြင်းသည်။

ဟန့်ဘက်က အကြောင်းပြချက် ခိုင်လုံသည်။

ဟန် အိမ်ထောင်မပြုချင်သေးပါ။

ဟန်ငယ်သေးပါသည်ဆိုတာတွေနှင့် အချိန်တွေကို ဟိုရွှေ့ဒီရွှေ့ လုပ်လာခဲ့သည်။ အစတုန်းကတော့ ဟန့်စကားကို အဘွားက လက်ခံသည်။ အန်တီတူးကလည်း မငြင်း။ ကျော်ဇိဝကတော့ အားလုံး ဟန့်သဘောဆိုတာချည်း ဖြစ်စေခဲ့သူဖြစ်၍ ဟန် စိတ်ညစ်အောင် ဘာမှ မလုပ်။

ဟန်က စောင့်ပါဆိုတော့ သူက စိတ်ရှည်ရှည် စောင့်သည်။ ဟန်စိတ်ညစ်အောင် စိတ်ရှုပ်အောင် ဘာတစ်ခုမှ မလုပ်။ ဟန်နှင့် လက်ထပ်ရမည့်အချိန်ကိုစောင့်ရင်း ဆေးပညာဆက်သင်သည့် ဒေါက်တာ





ကျော်ဇိဝကနေ ပါမောက္ခဦးကျော်ဇိဝ ဖြစ်လာသည်။ ဟန်က အိမ်ထောင် မပြုချင်သေး။

ဟန့်ထံမှ မရေရာ မသေချာသော အကြောင်းပြချက်တွေ များလာတော့ ကျော်ဇိဝမိဘတွေက စိတ်ဆိုးကြသည်။ ဒေါသဖြစ်ကြသည်။ သူတို့သားလို အရည်အချင်း၊ ချမ်းသာကြွယ်ဝမှု၊ ရုပ်ရည်ချောမောခန့်ညားမှုနှင့် ကိုက်သည့်မိန်းမ ခေါင်းခေါက်ယူနိုင်တာ သိပေမယ့် ကျော်ဇိဝကိုယ်တိုင်က ဟန်မှဟန်ဖြစ်နေတော့ လက်လျှော့ရသည်။

လက်ထပ်ဖို့ကိစ္စ တိုက်တွန်းနားချကြသည်။ ရောဂါတွေ အမျိုးမျိုး ဖြစ်ပြကြ။ ဟန့်ကို နားပူကြနှင့်။ နောက်ဆုံး ဟန်က ကျော်ဇိဝကို မချစ်၍ လုံးဝ လက်မထပ်နိုင်တော့ပါ။ သူမကို ခွင့်လွှတ်ပါ။ ကျော်ဇိဝနှင့် သူ့မိဘတွေရှေ့မှာ ဝန်ချတောင်းပန်လိုက်မှ ပွဲက ပြီးသွားသည်။

အိမ်ထောင်ပြုပြီးတော့လည်း နောက်တော့ သူ့အလိုလို ချစ်သွားမှာပါဆိုသည့်စကားနှင့် ဟန့်ကို ဝိုင်းပြီး နားချကြပေမယ့် ဟန်က လက်မခံ။ အစကတည်းက အိမ်ထောင်ပြုချင်သူ မဟုတ်တော့ ပိုဆိုးသည်။

"အို... အခုကတည်းက ချစ်လို့မရတဲ့လူကို ဘယ်လိုလုပ်ပြီး ဟန်က လက်ထပ်ရမှာလဲ။ လက်မထပ်ခင်ကတည်းက မချစ်တာ၊ လက်ထပ်ပြီးမှဆိုရင် ပိုတောင်ဆိုးဦးမယ်"

ဘယ်သူမှ ဟန့်ကို ပြောမရ ဆိုမရ။

ကျော်ဇိဝက ဟန့်ကိုကြည့်ပြီး သက်ပြင်းတချချနှင့် သူ့ဘက် ဟန်ပါလာအောင် ဘယ်လိုစည်းရုံးရမှန်း မသိ။ နောက်ဆုံး ဟန် စိတ်ပြောင်းလာသည့်အထိ စောင့်ပါမည်ဆိုသည့် ကျော်ဇိဝကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ဖက်အဖြစ် တစ်ခါမှ စိတ်မဝင်စား။ ကျော်ဇီဝမှ မဟုတ်။ တခြားဘယ် ယောကျ်ားကိုမှ လက်မထပ်ချင်သည့် ဟန့်စိတ်၊ ဟန့် သဘောကို ဘယ်သူမှ နားမလည်။

ဟန်ကိုယ်တိုင်ကလည်း ဘယ်သူနဲ့မှ ထိုကိစ္စနှင့်ပတ်သက်ပြီး အကျယ်အဝန်း အရေးယူပြီး ဆွေးနွေးတာလည်း မရှိ။ ဒီနေ့တော့ ကျော်ဇီဝကို ထိုအကြောင်း ဟန်ပြောချင်နေသည်။ ပြောမှလည်း ဖြစ်တော့မည်။ ဟန်ယူဆသည်။ ဟန့်ကြောင့် တန်ဖိုးရှိသည့် ကျော်ဇီဝ အချိန်တွေ ကုန်ခဲ့ရပြီးပြီ။ ရှေ့ဆက်ပြီး ကျော်ဇီဝကို ဟန့်လိုမဖြစ်စေချင်။ ဟန်က သူမတစ်သက် အိမ်ထောင်ပြုရန် အစီအစဉ်မရှိသူအဖြစ် ဒီနေ့ တော့ ကျော်ဇီဝကို အတိအလင်း ဖော်ထုတ်ရမည်။

ဒါမှ ကျော်ဇီဝကိုယ်တိုင် နောက်ထပ် အချစ်သစ် ရှာနိုင်မည်။ မိသားစုဘဝ တည်ဆောက်နိုင်မည်။ ကျော်ဇီဝက ဟန် ဖြေလာမည့် အဖြေကို စိတ်ဝင်စားဟန်ဖြင့် စောင့်နေသည်။ ဆရာဝန်အကြည့်ဖြင့် ဟန့်ကို လူနာတစ်ယောက်လို ကြည့်သည်။ စူးစမ်းအကဲခတ်သည်။

"ကျော်ကိုယ်တိုင်လည်း ဆရာဝန်တစ်ယောက်ပဲဆိုတော့ ဟန် ဖြစ်နေတာ၊ ဟန်ပြောပြတာနဲ့ ကျော်ချက်ချင်း နားလည်မှာပါ။ တခြား မဟုတ်ဘူးကျော်၊ ဟန် ဒီတစ်သက် ဘယ်ယောကျ်ားကိုမှ ယူဖြစ်တော့ မှာ မဟုတ်ဘူး"

"ဟုတ်ပြီ၊ ဟန် ယောကျ်ား မယူချင်တာ ကိုယ်သိတယ်။ ဟန်ချစ်တဲ့ ဟန်ချစ်နိုင်တဲ့ ယောကျ်ားမျိုး အခုချိန်ထိ ဟန် မတွေ့သေး ဘူးဆိုတာလည်း ကိုယ် နားလည်တယ်"

ကျော်ဇီဝပုံစံက အေးအေးဆေးဆေး ဟန်ပြောသမျှအပေါ်မှာ





ထူးခြားဟန် ဘာတစ်ခုမှ မပြ။ ဟန်ကတော့ အချစ်အကြောင်း ပြော နေသည့် ကျော်ဇီဝကို ထူးဆန်းသည့်သတ္တဝါလို ကြည့်သည်။

"အချစ်တွေ ဘာလုပ်ရမှာလဲ ကျော်။ ဟန့်ဘဝမှာ အချစ်မှ မလိုပဲ"

"မဟုတ်ဘူးလေ ဟန်၊ အချစ်ဆိုတာ လူတစ်ယောက်မှာ ရှိကို ရှိသင့်တဲ့အရာပဲ"

"တော်ပါတော့ ကျော်ရယ်၊ အချစ်မရှိတော့ ဘာဖြစ်လဲ၊ ဟန့် ဘဝမှာ အားလုံးပြည့်စုံနေပြီးသား ဘာဆိုဘာမှကို မလိုတာ"

"ဟုတ်ပါပြီ။ ကိုယ်ကလည်း ဟန့်ဘဝရဲ့ ပြီးပြည့်စုံမှုကို ဘာ တစ်ခုမှ မပြောပါဘူး။ ဒါပေမဲ့ ဟန့်မှာ မိသားစုဘဝ လိုကိုလိုအပ် တယ်။ အဲဒါ ဟန် တွေးမိရဲ့လား"

"ဟန် တွေးနေစရာ မလိုပါဘူး။ တစ်နေ့တစ်နေ့ အဘွားက ဟန့်ကို အဲဒီမိသားစုကိစ္စ အမွေဆက်ခံမဲ့ မျိုးဆက်သစ်ဆိုတာတွေ နေ့တိုင်းပြော နေ့တိုင်းနားချလွန်းလို့ ဟန် အလွတ်တောင် ရနေပါပြီ"

တကယ်လည်း အဘွားက ဟန့်ကို ထိုကိစ္စနှင့် ပတ်သက်ပြီး တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ပြောနိုင်လွန်းသူ ဖြစ်သည်။ ပြောသည့်လူ ဘယ်လိုနေသည် မသိ။ ဟန်ကတော့ အဘွား ထိုအကြောင်းစလာ သည်နှင့် အဘွားအလစ်မှာ နားထဲဂွမ်းစို့ထားပြီး ခပ်တည်တည် ထိုင် နေလိုက်သည်။ အဘွားဘာသာ ကြိုက်သလောက် ပြောပေတော့။ အဘွား မောလို့ရပ်သွားမှ ဟန်က အဘွားအတွက် ရေအေးအေးတစ်ခွက် ခပ်ပေးသည်က ဟန့်ဘဝဖြစ်သည်။

"ဒါနဲ့များ ဟန်ရယ်၊ ဘာဖြစ်လို့ ဟန်ကိုယ်ဟန် ဒုက္ခဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်နေရတာလဲ။ အဘွားမရှိရင် ဟန်တစ်ယောက်တည်း ဘယ်လိုနေမယ် စိတ်ကူးထားလို့လဲ''

''အိုး… ဒါကတော့ ဟန့်မှာ အကြံရှိပြီးသားပါ။ လောလော ဆယ် ကျော့်ကို ဖွင့်မပြောသေးဘူး။ နောက်မှ အသိပေးမယ်''

''ဘယ်လိုအကြံမျိုးလဲ ဟန်ရယ်၊ စစ်ကိုင်းချောင်သွားပြီး သီလရှင်တွေ ဘာတွေမျိုး လုပ်တော့မလို့လား''

ထိုစကားကိုတော့ ကျော်ဇီဝ ရင်နာနာနှင့် မေးခြင်းဖြစ်ပါသည်။ သူ့မှာတော့ တစ်နေ့တစ်နေ့ ဟန့်အကြောင်းတွေးရင်း ဟန့်ကို ချစ် သည့်အချစ်စိတ်တွေနှင့် စိတ်ကူးတွေ ယဉ်လိုက်ရတာ။ ဟန်ကတော့ သူထင်သလို မဟုတ်။ အိမ်ထောင်ရေးလောကကို အပြတ်စိတ်ကုန်နေ သည့်လူ ဖြစ်မှန်းမသိ ဖြစ်နေသည်။

''အဲဒီအတွက်ဆိုရင်တော့ ဟန့်ကို စိတ်မပူနဲ့ကျော်ရေ၊ ဟန်က ဘယ်တော့မှ သီလရှင်လုပ်မှာ မဟုတ်ဘူး''

''ဒါဖြင့် ဟန့်ကို ကိုယ်မျှော်လင့်လို့ ရသေးတယ်ပေါ့''

''ဟန်နဲ့ပတ်သက်ပြီး စိတ်ကူးယဉ်မနေပါနဲ့တော့ ကျော်ရယ်။ ကျော့်ကို ဟန့်အစ်ကို၊ မောင်တစ်ယောက်လို ချစ်လည်းချစ်၊ အား လည်း အားကိုးပါတယ်။ ဒါပေမဲ့ ကျော့်ကို ဒီတစ်သက် ဟန်ချစ်လို့ ရမှာ မဟုတ်ဘူး''

''ရက်စက်လှချည်းလား ဟန်''

''ပြောတော့ကျော်၊ ကျော် ဘာပြောပြော ဟန် စိတ်မဆိုးဘူး။ ဟန့်ကို ကြိုက်သလို အပြစ်တင်လည်း ရတယ်။ ဟန် ဒီလိုပြောလို့ တခြားယောကျ်ားတစ်ယောက်ကို ယူလိမ့်မယ်လို့လည်း မထင်နဲ့''





''ဟန့်ဘဝထဲကို ဘယ်ယောကျ်ားမှ အဝင်မခံဘူး။ ဘယ်သူ မှလည်း ဟန့် ငြိမ်းချမ်းမှုကို နှောင့်ယှက်ခွင့် မရှိဘူးကျော်''

စိတ်ပါလက်ပါ ပြောနေသည့် ဟန့်ပုံစံက အားမာန်အပြည့်။ သူမကိုယ်သူမ ယုံကြည်မှုတွေနှင့် တက်ကြွနေတာ မြင်ရတော့ ဟန် တကယ်ပြောနေခြင်းကို ကျော်ဇီဝ နားလည်လာသည်။

လှပသော ဟန့်မျက်နှာလေးကို ရူးစိုက်ငေးမောကြည့်ရင်း ဟန့်လို မိန်းမလှလေးတစ်ယောက်မှာမှ ဘာလို့ ဒီလိုအတွေးအခေါ် ဆိုးတွေ ရှိနေရတာလဲဟု တွေးနေမိသည်။ သေချာတာက ဟန်ဆိုတာ ပုံမှန်အတွေးအခေါ် မဟုတ်သော အတွေးထူးလေးတွေနှင့် သူမဘဝကို သူမကျေနပ် ပျော်ရွှင်နေခြင်း ဖြစ်သည်။

တစ်နည်းပြောရလျှင် ဟန်၏ ချမ်းသာပြည့်စုံမှုက ဟန့်ကို ထိုအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်သည်။ ဟန်က သူမကိုယ်သူမကလွဲပြီး တခြားဘယ်သူ့ကိုမှ မချစ်နိုင်တော့သည်။ အတ္တခပ်ကြီးကြီး မိန်းကလေးအဖြစ် ဟန်မျက်နှာလှလှလေးကိုကြည့်က သူသက်ပြင်းချလိုက်သည်။

လိုတရ ပြည့်စုံနေသည့်ဟန်က သူမနားကို ရောက်လာမည့် သူစိမ်းယောကျ်ားတစ်ယောက်ကို သူမ၏ ငြိမ်းချမ်းသာယာသော ဘဝကို ဖျက်ဆီးပစ်မည့် လူဆိုးတစ်ယောက်ဟု ထင်နေရှာသူ။

''ဟန် ဒီလိုပြောလို့ ဟန့်ကို ရူးနေတယ်လို့ ကျော်ကတော့ ထင်မှာပဲ''

''မထင်ပါဘူး ဟန်''

''ဒီလိုဆိုရင်တော့ ကျော့်ကို ဟန်ကျေးဇူးတင်ပါတယ်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မိန်းမတစ်ယောက် အိမ်ထောင်ပြုတယ်ဆိုတာ အားကိုးရှာချင်လို့ အထီးကျန်အဖော်မဲ့နေလို့ ကိုယ့်ကို ချစ်ခင်ယုယတာ ခံချင်လို့ မဟုတ်လားကျော်"

"ဟန့်ဘဝမှာ အဲဒါတွေ မလိုဘူးကျော်။ ဟန့်မှာ ကိုယ့်အားကိုယ်ကိုးတဲ့ မိန်းမ၊ လုပ်စရာအလုပ်တွေ အမြဲပြည့်နေလို့ အထီးကျန်ချိန်မရတဲ့သူ နောက်ပြီး ဟန့်ကိုယ်ဟန် ချစ်ခင်ယုယနေရတာနဲ့ တခြားဘယ်သူ့အချစ်ကိုမှ မလိုချင်တဲ့ မိန်းမပါကျော်"

"ကိုယ်နားလည်ပြီဟန်၊ ဟန့်အပေါ်ထားတဲ့ ကိုယ့်ရင်ထဲက မျှော်လင့်ချက်တွေကို ဒီနေ့စပြီး ရုပ်သိမ်းလိုက်ပါ့မယ်။ ဟန် ကျေနပ်တယ် မဟုတ်လား"

"သင့်ခံယူးကျော်၊ ဟန်တို့ အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်"

ကျော်ဇီဝ ခေါင်းညိတ်သဘောတူလိုက်သည်။ ဒါ့အပြင် တခြားမရှိ။ အန်တီတူးက သူနဲ့ဟန် အမြန်ဆုံး အဆင်ပြေအောင် အမျိုးမျိုးကြိုးစားခဲ့တာ သူသိသည်။ အဘွားကတော့ ပြောမရရင် ဟန့်ကို ကားတင်ပြေးပါဟု ကျော်ဇီဝကို မြှောက်ပေးသည်။ အခုတော့ အဘွားနှင့် အန်တီတူး ဖြစ်ချင်သလိုမဖြစ်။ ဟန့်ကို ကျော်ဇီဝ လက်မြှောက်အရှုံးပေးလိုက်ကြောင်းသိလျှင် ဘာတွေ ရှေ့ဆက်ဘာဖြစ်မလဲဟု မတွေးချင်၍ ကော်ဖီခါးခါးကို ပူပူလောင်လောင်နှင့် တအားမျိုချခြင်းဖြင့် သူ့ရင်ထဲက ဆန္ဒအစစ်အမှန်တွေကို တစ်ခန်းရပ် သိမ်းဆည်းလိုက်ရသည်။



## အခန်း (၃)

"မဟုတ်ပါဘူး အဘွားရယ်။ ဟန်က ဟန်ဖြစ်ချင်တာ ဟန်ပြောတာပါ။ ကျော့်ကို မုန်းလိုက် မေ့လိုက်ပါလို့ တစ်ခွန်းမှ ဟန်မပြောခဲ့ပါဘူး"

"ဟွန်း... မပြောခဲ့လို့သာပဲ၊ ပြောများပြောခဲ့ရင် ဘာတွေဆက်ဖြစ်ဦးမယ် မသိဘူး"

အဘွားက ဟန်ဘယ်လိုပြောပြော မကျေနပ်။ ဟန့်ကိုလည်း ခွင့်လွှတ်ဖို့ နေနေသာသာ၊ သူ့အချစ်ဆုံး မြေးဖြစ်သည့် ဟန့်မျက်နှာကိုပင် မကြည့်။ ကျော်ဇီဝနှင့်ဟန် အပြီးတိုင် ပြတ်ခဲ့လမ်းခွဲပြီဟု ကျော်ဇီဝ ကြေညာသည့်နေ့မှာ အဘွားက သူ့ခရီးဆောင်အိတ်ထဲ တွေ့သမျှ မြင်သမျှ အဝတ်တွေအကုန်ဆွဲသိမ်းပြီး အိမ်ပေါ်က ဆင်းဖို့ ပြင်သည်။

ဟန်ဘယ်လိုမှ ရှင်းပြလို့မရ။

"ဘယ်မှမသွားပါနဲ့ အဘွားရယ်။ ဟန် မှားပါတယ်။ ဟန့်နားမှာပဲ နေပါနော် အဘွား။ နောက်ဆို အဘွားမကြိုက်တာ ဘာဆိုဘာမှ မလုပ်တော့ပါဘူးလို့ အဘွားကို ဟန် ကတိပေးပါတယ် အဘွားရယ်... နော်... အဘွား... နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်က အဘွားကို မျက်နှာငယ်လေးနှင့် ကပ်ပြီးချွဲသည်။ အသနားခံသည်။ အဘွားက ဟန့်ကို လှည့်မကြည့်။ သူ့သူငယ်ချင်း အဘွားမော်လီထံ ဖုန်းဆက်ပြီး သူ့ကိုချက်ချင်း လာခေါ်ခိုင်းတော့ ဟန် ငိုချင်သွားသည်။

အဘွား စိတ်ဆိုးနေတာက တော်ရုံမဟုတ်ပါလား။ ဘယ်လိုမှ ချော့၍မရ။ ဘာစကားမှ နားမထောင် အဘွားက သူ့ပိုက်ဆံအိတ်ကို ကောက်လွယ်သည်။ သောက်ရမည့် ဆေးတွေပါသည့် အိတ်ကို လှမ်းဆွဲသည်။ ဟန့်ကို စိတ်နာသွားသည့် အဘွားက ဟန်ဘာသာ ဘာဖြစ်ဖြစ်ဆိုပြီး ဖြစ်ချင်ရာဖြစ်ဖြစ် ထားခဲ့တော့မှာတွေးပြီး ဟန်မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်လာသည်။

"အဘွား တကယ်သွားမှာလား"

"တကယ်မသွားလို့ နှစ်ကယ်သွားရမှာလား"

အဘွားစကားကို အရင်လို ဟန် မရယ်နိုင်။ အဘွားလုပ်သလို ချက်ချင်း ဟန်အဝတ်တွေ ကောက်သိမ်းတော့ အဘွား ဟန်လုပ်တာကို သဘောမကျသလို မျက်ခုံးတွန့်ကြည့်သည်။

"ဒါက ဘာလုပ်တာလဲ"

အဝတ်အိတ်တစ်အိတ်နှင့် အဘွားနား ရောက်လာသည့်ဟန့်ကို အဘွားက မကျေမနပ် ကြည့်သည်။

"အဘွားသွားရင် ဟန်ပါလိုက်မလို့"

"သြော်… မော်လီ့အိမ်အထိလိုက်ပြီး အိုကြီးအိုမ ဘွားအေကြီးကို မြန်မြန်စိတ်ဆင်းရဲပြီး သေအောင်နှိပ်စက်ဦးမလို့ပေါ့လေ"

"အဘွားနော်"





အဘွားစကားကို မခံနိုင်၍ ဟန်က အဘွားနော်ဆိုသည့် အသံကို အကျယ်ကြီး မြှင့်အော်သည်။ တစ်လောကလုံး ပြေးကြည့်မှာ သွေးသားရင်းချာဆိုလို့ ဒီမြေးနဲ့ဒီအဘွားပဲ ရှိတာ။ ဘာဖြစ်လို့ အဘွားက ဟန့်ကို သူစိမ်းဆန်တဲ့စကားတွေ ပြောနေရတာပါလိမ့်။ တွေးရင်း ဟန့်ရင်တွေ နာလာသည်။ အသည်းနှလုံးတွေ ဆစ်ခနဲ ကျင်ခနဲ ဖြစ်လာသည်။

ဒါတမင်သက်သက် အဘွားက ဟန့်ကို ရင်နာအောင်လုပ်မှန်း သိသိနှင့် ဟန် အော်ဟစ်ငိုချင်လာသည်။

"မလိုက်နဲ့ဆို မလိုက်နဲ့နော် ဟန်"

အဘွားလေသံက မာသည်။ ပြတ်သည်။

"ဒီအိမ်ကြီးထဲမှာ အဘွားမရှိဘဲ ဟန်က တစ်ယောက်တည်း ဘယ်လိုလုပ်နေရမှာလဲ အဘွားရဲ့"

"တစ်ယောက်တည်း နေချင်လို့ အိမ်ထောင်မပြု အားကိုးရာမရှာတာဆိုတဲ့ မိန်းမက အခုတော့ တစ်ယောက်တည်း ဘယ်လိုနေရမှာလဲလို့ ပြောနေပြီလား ဟန်"

အဘွားက ဟန်၊ ကျော်ဇီဝကို ပြောလိုက်သည့် စကားအတိုင်း ဟန့်ကို ပြန်မေးနေတော့ သူမစကား အစအဆုံး တစ်လုံးမကျန် အဘွားကို ပြန်ပြောလိုက်သော ကျော်ဇီဝကို စိတ်ထဲကနာနာ မေတ္တာပို့နေမိသည်။ သူကြောင့် ဟန်ပြောတာတွေ အားလုံး အဘွားသိကုန်ပြီ။

"အဲဒါက ကျော့်ဘဝလေး ကောင်းအောင် ဟန့်ကို မျှော်လင့်မနေစေချင်လို့ ဟန်က တမင်ပြောတာပါ အဘွားရဲ့"

"သြော်… ပြောပုံကိုက အချိုးမပြေ ကျော့်ဘဝလေး ကောင်း



www.burmeseclassic.com

www.burmeseclassic.com



စားအောင် ဖိုတ်လား ဟန်။ ဟိုက လိုချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက ဟန့်ကိုပဲ ချစ်တယ်၊ ဟန့်ကိုပဲ လက်ထပ်မယ်ဆိုပြီး သူ့မိဘတွေကို တင်းခံထားလို့ သူ့ခမျာ အခုချိန်ထိ လက်မထပ်သေးရတာ မရှေ့ဟန်ရဲ့၊ ညည်းသနားမှ သူ့ဘဝက ကောင်းစားရမှာ မဟုတ်ဘူး၊ ညည်းနဲ့ပေါင်းလို့ သူပါရောပြီး တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီးပစ်နေရတာ”

“အဘွားကလည်း ကိုယ့်မြေးလေးကိုတော့ မသနားဘဲ ကျော်ကို သနားနေတာ တရားလား”

“တရားတယ်ဟေ့ တရားတယ်”

“ဘယ်နှယ့်တော်… သီးရမယ့်အချိန် မသီးမပွင့်ဘဲ အိုကြီးအိုမအဘွားကြီးကိုပဲ လိုက်ဒုက္ခပေးနေတာ”

အဘွားက ဟန့်ကို မကျေနပ်သလို ဟန်ကလည်း အဘွားက သူမကို မသနားဘဲ တခြားသူကို သနားနေ၍ စိတ်ဆိုးပြီး နှုတ်ခမ်းစူနေသည်။

“တီ… တီ”

“ကားလာပြီ၊ ဒရိုင်ဘာကို ဒီကပစ္စည်းတွေ လာသယ်လို့ သွားပြောလိုက်”

“ဟန်လည်း လိုက်မှာနော် အဘွား”

အဘွားမခေါ်ချင်မှန်းသိ၍ ဟန်က အဘွားနားကပ်ပြီး ထပ်ပြောလိုက်တော့ အဘွားက မျက်လုံးကြီးပြူးပြီး ဟန့်ကို ဒေါသမျက်နှာနှင့်ကြည့်သည်။

“အဘွားနောက်လိုက်ချင်ရင် အဘွားစိတ်ချမ်းသာအောင် လုပ်





ဝါမယ်ဆိုမှလိုက်… ပြောနေတဲ့ကြားက မော်လီအိမ်အထိ လိုက်ရှုပ်နေရင် ဖြစ်တဲ့နည်းနဲ့ ယောက်ျားလေးစားပစ်မယ် နားလည်လား”

“အဘွားကလဲ”

“တော်ပြီဟန်၊ နောက်ထပ် ဘာစကားမှ မပြောနဲ့”

“ကျွန်တော် ရောက်ပါပြီ အဘွား”

မြေးအဘွားနှစ်ယောက် စကားပြော အဆင်မပြေ ဖြစ်နေချိန်မှာ အဘွားမော်လီအိမ်က ဒရိုင်ဘာကြီးဦးသိန်း ရောက်လာ၍ စကားပြတ်သွားသည်။

“အဘွားပစ္စည်းတွေ ကားပေါ်တင်လိုက် မောင်သိန်း”

“ဟုတ်ကဲ့ အဘွား”

ဦးသိန်းက သွက်လက်စွာ အဘွားအဝတ်အိတ်ကို သူ့ကားပေါ်တင်ပြီး အဘွားကိုပါ သူ့ကားပေါ် အသာတွဲတင်ပေးသည်။

“မောင်းတော့ မောင်သိန်း”

“ဟုတ်ကဲ့ အဘွား”

အဘွားက ဟန့်ကိုပင် နှုတ်ဆက်စကားမပြော။ အဘွားလုပ်ရက်ပုံကိုကြည့်ပြီး ဟန်မျက်ရည် အဝဲသားနှင့် နှုတ်ခမ်းစူမပျက် ကျန်ခဲ့သည်။

ဒီလောက်တောင် ဖြစ်နေတာ ဟန်လည်း အိမ်မှာ ဆက်နေချင်စိတ် မရှိပါ။ ကားပေါ်တက်ပြီး နေရာက တအားမောင်းထွက်ခဲ့သည်။ ဘယ်ကိုသွားမည်ဟု ရည်ရွယ်ချက် မရှိ။ ခြေဦးတည်နေရာ လျှောက်မောင်းရင်း အန်ကယ်အဲဘတ်ကို စိတ်က သတိရသည်။ ဒီသားစုဘဝလေး ဖန်တီးချင်ပေမယ့် အန်ကယ်အဲဘတ်ကလည်း အားမကိုးရ။



www.burmeseclassic.com

www.burmeseclassic.com



ဟန်နဲ့ကိုပင် သူ့အိမ်ကို ခဏခဏ မလာပါနဲ့ဟု နှင်ဖြစ်အောင် နှင်လိုက်သေးသည်။

ဘယ်သူကမှ ဟန့်ကို သနားမည့်သူ မရှိ။

အဘွားဖြစ်ချင်သည့်အတိုင်း ယောကျ်ားတစ်ယောက် အမြန်ဆုံး ကောက်ယူလိုက်ရကောင်းမလားဟု တွေးမိပြီးမှ ကိုယ့်ကိုကိုယ် သနားလှ၍ ထိုအစီအစဉ်က ဟန့်စိတ်ကူးထဲမှာပင် ပျက်ပြယ်ခြင်းသို့ ရောက်သွားသည်။

မိန်းမတစ်ယောက်ရဲ့ အဆုံးသတ် အိပ်မက်။ ယောကျ်ားတစ်ယောက်ရဲ့ အဖြည့်ခံကျေးကျွန် ဖြစ်ဖို့ဆိုတာမျိုးတော့ တဆိတ် မဖြစ်သင့်ပါ။ ဖြစ်ခြင်းဖြစ် မိန်းမတွေရဲ့ အဖြည့်ခံဆိုတာ ယောကျ်ားသတ္တဝါသာ ဖြစ်သင့်သည် မဟုတ်လား။

ဟန့်အတွေးတွေက တောင်ရောက် မြောက်ရောက် ဘာတစ်ခုမှ စီစဉ်မကျ။ မှန်တာ ဝန်ခံရမှဖြင့် ဟန်လည်း တခြားသူတွေလို တခမ်းတနား မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပပြီး ယောကျ်ားတစ်ယောက် ယူလိုက်ချင်ပါသည်။ သို့သော် ဟန်လိုချင်သည်က လက်ထပ်ပွဲကျင်းပချိန်မှာ ဟန်ကိုယ်ဟန် အလှဆုံး၊ အဆန်းပြားဆုံး၊ အခမ်းနားဆုံး အကောင်းဆုံးဆိုတာတွေနှင့် ချယ်မှုန်းပြီး စိတ်ကြိုက်ရှိုးထုတ် အလှပြချင်ရုံသက်သက်။ လူအများ အားကျအထင်ကြီးခံရုံသက်သက် ဖြစ်သည်။

ပြီးလျှင် ထိုယောကျ်ားလည်း သူ့အိမ် သူပြန်။ ဟန်လည်း ကိုယ့်အိမ်ကိုယ်နေ ဟန်လိုချင်တာဒါပဲ ဖြစ်သည်။ ဘယ်ယောကျ်ားနှင့် အတူ မနေနိုင်။ ဟန့်အလှအပ၊ ဟန့်ဘဝ၊ ဟန့်အတ္တကို ဘာတစ်ခုမှ





အုပ်ချုပ်ပိုင်ခွင့်မရှိ။ တက်စရာရှိသည့် ပွဲကို လင်မယားနှစ်ယောက် အတူတက်မည်။ ညစာမနက်စာ အတူစားရတာလည်း ကိစ္စမရှိ။ ခရီးအတူသွားလျှင်လည်း ( )ယောက်ဖြစ်သည်။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတိုင်ပင်လျှင် လက်ခံသည်။ လင်မယားလို အတူ မနေနိုင် တာကလွဲရင် အားလုံးအိုကေ။

အကောင်းဆုံး အကြံဉာဏ်တွေ ပေးမည်။ နှစ်ဦးနှစ်ဖက် အတတ်နိုင်ဆုံး စိတ်ချမ်းသာပျော်ရွှင်အောင် ကြိုးစားမည်။ ဒါဆို ဘယ်လောက်ပျော်စရာ ကောင်းမည်နည်း။

ခက်နေတာက ဟန့်စိတ်ကူးထဲက အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ပေးမည့်သူ မရှိ။ နည်းနည်းလေး အရောတဝင် လုပ်လိုက်မိတာနဲ့ ယောကျ်ားဆိုသည့် သတ္တဝါက အျားစာတိ ပြလာသည်။ ဟန့်ကို လေးစားရကောင်းမှန်းမသိ ထိကပါး ရိကပါးနှင့် သူတို့ဂုဏ်သိက္ခာကို သူတို့မထိန်းနိုင်အောင် ဟန်အလွန်မုန်းသည့် အပြုအမူတွေကို ပြုမူချင်ကြသည်။

ပြီးတော့ ဟန့်ကို သူတို့ပိုင်ပစ္စည်းလို ဟိုဟာမလုပ်နှင့် ဒီဟာလုပ်နှင့်ဆိုပြီး လူပါးဝစကားဆို၍ အနိုင်ယူ ချုပ်ချယ်ဗိုလ်ကျချင်ကြသေးသည်။

အို… ဘယ်လိုနည်းနှင့်မှ ကျားသတ္တဝါတွေကို နေရာပေး၍ မဖြစ်။ ယောကျ်ားဆိုတာ အားလုံးတစ်ပုံစံတည်း။ ဒီပုပ်ထဲက ဒီပဲတွေချည်း ဖြစ်သည်။ မိန်းမကိစ္စနှင့် ပတ်သက်လာလျှင် မရ။ အရှုံး အကြောက်အကင်းဆုံး သတ္တဝါတွေကြောင့်လည်း ရှုံစရာမုန်းစရာ အော နှလုံးနာစရာအဖြစ်တွေ ဟိုမှာဒီမှာ အမြဲကြားနေတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါမျိုး ဟန့်ဘဝထဲ ဝင်လာလို့ကတော့ အကြီးမားဆုံး အနှောင့်အယှက်ဖြစ်ရုံကလွဲပြီး တခြားဘာမှမရှိ။

ယောကျ်ားရှိမှ မိန်းမတစ်ယောက် ဘဝရှိလာတာ မဟုတ်။ ကိုယ့်ဘဝကို အခမ်းနားဆုံး အကောင်းဆုံး တည်ဆောက်ဖန်တီးနိုင်သည့် မိန်းမတွေ ဒီနေ့ခေတ်မှာ ပုံနေသည်။ ဟန်ကိုယ်တိုင်လည်း ထိုမိန်းမတွေထဲက တစ်ယောက်ဖြစ်သည်။ ဘယ်ယောကျ်ားကို ဟန့်ဘဝမှာ အလိုမရှိ။ သို့သော် ဟန်လိုချင်တောင်းတသည့် ဟန့်သွေးသား ဟန့်သားသားမီးမီး ရတနာလေးတွေတော့ ရှိချင်သည်။

ရှိလည်းရှိကို ရှိရမည်။

လောကကြီးမှာ မဖြစ်နိုင်တာ မရှိ။ မဖြစ်သေးတာပဲ ရှိသည်။ ဟန်ကြံလျှင် ဘာမဆိုဖြစ်ကိုဖြစ်ရမည်ဟု ကိုယ့်ကိုကိုယ် အားပေးရင်း ဟန့်ကားလေးကို တစ်နေရာမှာ ထိုးရပ်ပစ်လိုက်သည်။

ဟန့်ကားလေးကို ရပ်တန့်ပစ်လိုက်သည့်နေရာက တခြားနေရာ မဟုတ်။ ဒေါက်တာအဲဘတ်ဆိုသည့် အန်ကယ်အဲဘတ်၏ တိုက်အိမ် ရှေ့တည့်တည့်မှာ ဖြစ်သည်။

ဟန်ကံကောင်းချင်တော့ အန်ကယ်အဲဘတ်က သူနှင့်သက်တူ ရွယ်တူ အဘိုးကြီးတစ်ယောက်နှင့် ပန်းခြံထဲမှာ လမ်းလျှောက်ရင်း စကားပြောနေသည်။ ဟန့်ကိုမြင်တော့ အန်ကယ်အဲဘတ်က မျက်မှောင် ပင့်ကြည့်သည်။

"ညည်းက ဒီကိုဘာကိစ္စနဲ့ လာတာလဲ ဟန်"

"အရင်ကိစ္စပါပဲ အန်ကယ်"

"ဟေ…"





ဟန်ဆိုလိုရင်းကိစ္စကို သဘောပေါက်သွား၍ အန်ကယ်အဲဘတ် က ဟန့်ကို မျက်လုံးပြူးကြည့်သည်။

"ဧည့်သည်ရောက်နေတာဆိုတော့ ကျွန်တော် ပြန်လိုက်ဦးမယ် အဲဘတ်"

"အေး… နောက်မှ ပြန်တွေ့ကြသေးတာပေါ့"

"အိုကေ"

ပီတာဆိုသည့် အဘိုးကြီးက သူ့ကားပေါ်တက်ပြီး မောင်းမထွက်သွားခင် ဟန့်ကိုပြုံးပြီး နှုတ်ဆက်သွားသည်။ ဟန်က အလိုက်သင့် ပြန်ပြုံးပြီး နှုတ်ဆက်လိုက်ချိန်မှာ အန်ကယ်အဲဘတ်က ဟန့်ရှေ့တည့် တည့် ရောက်လာသည်။

"ညည်းကို ငါဆီ ခဏခဏ မလာဖို့ ပြောထားတယ် မဟုတ်လားဟန်"

"မလာလို့ မဖြစ်လို့ ဟန်လည်း လာနေရတာပဲ အန်ကယ်၊ အခု အဘွားက ဟန်နဲ့မနေချင်လို့ဆိုပြီး အဘွားမော်လီတို့အိမ်ကို အိတ်ဆွဲပြီး ဆင်းသွားပြီ"

"ကောင်းတယ်၊ ညည်းကိုက လူကြီးတွေကို ဒုက္ခအမျိုးမျိုး ပေးနေတာကိုး"

"ယောကျ်ားမယူချင်တာ ဟန့်အပြစ်လား အန်ကယ်"

"ဟာ… ဒီထက်ကြီးလေးတဲ့ အပြစ် ညည်းမှာရှိသေးလို့လား ဟန်၊ တခြားညီအစ်ကိုမောင်နှမ ရှိတယ်ဆိုလည်း အန်ကယ်အပြစ် မပြောပါဘူး၊ အခုဟာက အားလုံးပေါင်းမှ ညည်းတစ်ယောက်ပဲ ရှိ တာ… ယောကျ်ားမယူလို့ ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်အဲဘတ်က အဘွားလူပီသစွာ အဘွားဘက်ကပဲ ထောက်ခံပြောနေ၍ ဟန် နှုတ်ခမ်းစူချင်နေတာ မနည်းဘရိတ်အုပ်နေရသည်။

"ဘာဖြစ်လို့များ အသီခေါက်ခက် အဝင်နက်နေတာလဲ ဟန်ရယ်၊ ညည်းကြိုက်တဲ့ ယောကျ်ားတစ်ယောက် ခေါင်းခေါက်ယူပြီး ညည်းလိုချင်တဲ့ သားသမီးတွေ လိုချင်သလောက် မွေးပစ်လိုက်စမ်း ဘယ်လောက်ပျော်စရာကောင်းလဲ"

"ဟန်မှ ယောကျ်ားမယူပဲ…"

"အဲဒါ ခက်နေတာပေါ့၊ ဟန် ညည်းက လွယ်တာကို ခက်အောင်လုပ်နေတာ"

"ဘာမှမခက်ပါဘူး အန်ကယ်၊ ယောကျ်ားမယူဘဲ သားသမီးရနိုင်တဲ့နည်းတွေ အခုခေတ်မှာ ပြည့်လို့ပါ။ အန်ကယ့်ဘက်က ဟန့်ကိုလုံးဝ မကူညီတော့ဘူးလို့ စိတ်ဆုံးဖြတ်ထားပြီးပြီဆိုရင်လည်း ဟန့်ဘာသာပဲ တခြားဆရာဝန်တစ်ယောက်နဲ့ ဟန်ဖြစ်ချင်တာ သွားပြီးတိုင်ပင်ဆွေးနွေးရမှာပဲ"

"ဟန့်အတွက် အဲဒီကိစ္စသာ အောင်မြင်ရင် ငွေဘယ်လောက်ကုန်ကုန် ဂရုမစိုက်ဘူး"

"စိတ်ထင်ရာတွေ လျှောက်မလုပ်ချင်စမ်းနဲ့ဟန်၊ ညည်းက ဘယ်ဆရာဝန်နဲ့များ သွားတွေ့ချင်သေးလို့တုန်း"

ဦးအဲဘတ်က ဟန့်စိတ်ကိုသိ၍ စိုးရိမ်စွာ မေးလိုက်တော့ ဟန်က ဦးခေါင်းလေးကို ဖျတ်ခနဲမော့ပြီး ရင်လေးကို ကော့လိုက်ပုံက လောကကြီးကို စိန်ခေါ်ဟန်အပြည့်နှင့် ဖြစ်သည်။





"ဟန် နိုင်ငံခြားကိုသွားမယ်။ အန်ကယ်ဟန်ဖြစ်ချင်တာတွေကို ဟိုမှာလည်း အပြီးလုပ်ခဲ့မယ်"

"ဒါညည်းစိတ်ကူးပေါ့ ဟုတ်လား"

"စိတ်ကူးမဟုတ်ဘူး အန်ကယ်၊ ဟန်လုပ်မှာကို ပြောနေတာ၊ အဘွားကို ဟိုမှာသင်တန်းတစ်ခု သွားတက်မယ်လို့ ပြောမယ်။ နောက်တော့ ဟန့်မှာ ချစ်သူရှိနေပြီ သူနဲ့လက်မထပ်ရင် မဖြစ်တော့တဲ့ အခြေအနေဖြစ်လာပြီလို့ အဘွားကို ပြောလိုက်ရင် အဘွား သဘောပေါက်ပါတယ်"

"နောက်တော့ ဟန်လက်မထပ်ခင် ဟန့်ချစ်သူ အက်စီးဒင့်ဖြစ်ပြီး ဆုံးသွားတယ်။ ဟန့်မှာ ဟန်လိုချင်တဲ့ သားလေး ရလိုက်တယ်ဆိုရင် ဘယ်သူကမှ ဟန်ပြောတာကို မယုံတဲ့သူ၊ လက်မခံချင်တဲ့သူ မရှိပါဘူး အန်ကယ်"

ဟန်က သူမစိတ်ကူးထဲက အကြံအစည်တွေကို ဖွင့်ပြောရင်း သူကိုယ်တိုင်ကလည်း ထိုအစီအစဉ်အတိုင်းလုပ်ရန် ဆုံးဖြတ်ချက်တွေ ပိုခိုင်မာလာ၏။

"ဟုတ်တယ်။ ဟန် အဲဒီအစီအစဉ်ကို အခုပဲ လက်တွေ့အကောင်အထည်ဖော်လိုက်တော့မယ်"

ပြောရင်း ဟန့်ပုံစံက သူမပြောသည့်အတိုင်း အခုပဲ ထလုပ်တော့မည့်ဟန် ပေါ်လာ၍ ဦးအဲဘတ် ခေါင်းခါလိုက်သည်။ ဟန့်ကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ဟု သိလိုက်သည့်အတွက် စကားဖွင့်ပြောမှ ဖြစ်တော့မည်ဟု တွေးလိုက်သည်။

"ကဲ… ညည်း ဒီကိစ္စကို လုပ်ကိုလုပ်မှ ဖြစ်တော့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ ဆုံးဖြတ်ပြီးပြီဆိုရင် အန်ကယ်ကိုယ်တိုင်ပဲ ညည်းကိစ္စကို အဆင်ပြေအောင် လုပ်ပေးမှဖြစ်တော့မှာပေါ့ ဟန်''

''အန်ကယ် တကယ်ပြောနေတာလားဟင်''

''ညည်းဘက်က ဒီလောက်ထက်သန် ပြင်းပြတဲ့ ဆုံးဖြတ်ချက် အခိုင်အမာ ရှိနေမှတော့ အန်ကယ်လည်း လုပ်ပေးရတော့မှာပေါ့''

''ဟန်ဝမ်းသာလိုက်တာ အန်ကယ်ရယ်၊ အန်ကယ့်ကျေးဇူးကို ဟန့်တစ်သက် ဘယ်တော့မှ မေ့လို့ရတော့မှာ မဟုတ်ဘူးဆို ရှိပါနော်''

ဝမ်းသာလွန်းလို့ ဟန့်အသံတွေ တုန်နေ၏။ ဟန်အဖြစ်ချင်ဆုံး ဆန္ဒ။ ဟန့်စိတ်ကူး၊ ဟန့်ဘဝတစ်ခုလုံး ပြောင်းလဲသွားရတော့မည့် ဟန့်အိပ်မက်ကို ဟန်ကိုယ်တိုင် လက်တွေ့အကောင်အထည် ဖော်ခွင့် ရသည်မှာ ဘယ်လောက်ကံကောင်းလိုက်လဲ။

''ဟန်အခု ပြန်လိုက်ဦး၊ အန်ကယ် နောက်မှ ဟန့်ဆီကို ဖုန်းဆက်မယ်''

''ကျေးဇူးတင်ပါတယ် အန်ကယ်ရယ် ပြန်တော့မယ်နော်''

ဟန် အိမ်အပြန်လမ်းက လေအနှင်မှာ လွင့်ချင်တိုင်း လွင့်နေသော ပိုးပဝါစလေးတစ်ခုလို လွတ်လပ်မှုတွေနှင့် အတိုင်းအဆမရှိ ပျော်နေသည်။ အန်ကယ်အဲဘတ်ကိုယ်တိုင် ဟန့်ကို ကတိပေးလိုက်ပြီဆိုတော့ ပြောစရာမရှိ။

ဟန်ဖြစ်ချင်တာ ဖြစ်ခွင့်ရတော့မည်။ ဘယ်ယောကျ်ားကိုမှ လက်ထပ်စရာမလို။ ဘယ်ယောကျ်ားမှ ဟန့်ဘဝထဲကို ဝင်ရောက် နှောင့်ယှက်ခွင့်မရှိ။ ဟန်အင်မတန် လိုချင်တောင်းတသည့် သားသား





မီးမီးလေးတွေနှင့် ဟန့်ဘဝကိုဟန် တည်ကြည်ငြိမ်းချမ်းစွာ ပျော်ပျော်ကြီး တည်ဆောက်ခွင့်ရတော့မည်။

အတွေးစိတ်ကူးနှင့် မြူးကြွစွာ ရယ်မောလိုက်သော ဟန့်အသံသာ ကြည်နူးမှုတွေနှင့် အေးမြသော လေထုအတွင်း နွေးထွေးစွာ စီးမျောပျံ့လွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဦးအဲဘာတ်အကြည့်တွေက သူ့မျက်စိရှေ့တည့်တည့်မှာ တည်ငြိမ်စွာ ထိုင်နေသည့် မိန်းကလေးရှိရာသို့ စူးလက်စွာ ရောက်သွားသည်။ မိန်းကလေးကတော့ ဦးအဲဘာတ်ကို မကြည့်။ သူမလက်ထဲက လက်ကိုင်ပဝါလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ခေါင်းငုံ့မျက်လွှာချထားပုံက သနားစရာ။

သို့သော် ထိုမိန်းကလေးမှာ ဦးအဲဘာတ် လိုချင်သည့် စံချိန်စံညွှန်း အပြည့်ရှိနေတာကို ဝန်ခံလို့ မဖြစ်။ အသက်အရွယ် အနေအထား ဉာဏ်ရည်ဉာဏ်သွေး၊ ချစ်စရာ ဥပဓိရုပ်၊ နောက်ခံမိသားစု အခြေအနေအားလုံး ဘာတစ်ခုမှ စိုးရိမ်စရာ မရှိ။ မသီဂီဆိုသည့် ကလေးမလေးက မိဘမဲ့ တစ်ကောင်ကြွက် ဖြစ်သည်။ ဘာကျောထောက်နောက်ခံမှ မရှိ။

စာတော်သည်။ ဉာဏ်ကောင်းသည်။ ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မီပေမယ့် သူမကို မွေးစားသည့် သူနာပြုဆရာမကြီးက သူ့လိုပဲ သူနာပြုဆရာမ လုပ်ခိုင်းထားသည့် သူနာပြုဆရာမလေး မသီဂီ။





"အန်ကယ် ပြောတာကို မသီဂီကိုယ်တိုင် သေချာစဉ်းစားပြီး ဆုံးဖြတ်တာလား၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်ရဲ့ တိုက်တွန်းနှိုးဆော်မှု၊ ဒါမှမဟုတ် ခြိမ်းခြောက်အကျပ်ကိုင်မှုကြောင့် ဒီအလုပ်ကို မဖြစ်မနေလုပ်ဖို့ ဆုံးဖြတ်ခဲ့တာ ဟုတ်မဟုတ် အန်ကယ် သိချင်တယ် မသီဂီ"

"အန်ကယ်ကို ဘာမှမကြောက်နဲ့၊ တခြား ဘယ်သူ့ကိုမှလည်း ကြောက်စရာမလိုဘူး၊ အမှန်ကို အမှန်အတိုင်းပဲ အန်ကယ်ကို ပြောပါ။ မသီဂီကို အန်ကယ်ကိုယ်တိုင် စိတ်ချယုံကြည်ချင်တယ်။ ဒါကြောင့် ဒီစကားတွေ မသီဂီကို အန်ကယ်ကိုယ်တိုင် မေးနေရတာပါ၊ အန်ကယ် ပြောတာ နားလည်တယ်နော် မသီဂီ"

"သီဂီ နားလည်ပါတယ် အန်ကယ်၊ သဘာလည်း ပေါက်ပါတယ်။ ဒီကိစ္စကို ဘယ်သူကမှ သီဂီကို တိုက်တွန်းခဲ့တာ မဟုတ်ပါဘူး။ အန်တီနန်စီကိုယ်တိုင်လည်း ခြိမ်းခြောက်တဲ့သူ မဟုတ်ပါဘူး။ သီဂီဘာသာ သီဂီဘဝအတွက် ဆုံးဖြတ်ပြီး လက်ခံဖို့ ဆုံးဖြတ်ခဲ့တာပါ အန်ကယ်"

မသီဂီ့အသံက တိုးပေမယ့် ပီသကြည်မြသည်။ စကားပြောသည့်နေရာမှာလည်း ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ဖြစ်၍ သူမအမူအရာကို ကြည့်ပြီး ဦးအဲဘာတ် ပိုသဘောကျနေသည်။ ဝတ်စားပုံ ပြုမူပြောဆိုနေထိုင်ပုံအားလုံး ဣန္ဒြေရှင်မိန်းကလေးတစ်ယောက်မှန်း မြင်တာနှင့် သိနိုင်သော အနေအထားဖြစ်၍ မသီဂီစကားအဆုံးမှာ ဦးအဲဘာတ် ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီ၊ မသီဂီကိုယ်တိုင် ဆုံးဖြတ်ပြီးမှ လက်ခံတာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်တို့အလုပ်ကိစ္စ အောင်မြင်ပြီ။ ဒီတော့ ဒီစာချုပ်မှာ လက်မှတ်ထိုးပါ၊ ပြီးရင်… ဟောဒီမှာ မသီဂီပိုင်ဆိုင်ရမယ့် စရန်ငွေတစ်ဝက်”

မသီဂီက ဦးအဲဘတ်ချပေးသည့် စာချုပ်ကို တစ်ချက်လှမ်းကြည့်သည်။

“စာချုပ်ကို အရင်ဖတ်ကြည့်ပါဦးလေ၊ ပြီးမှ လက်မှတ်ထိုးပါ”

“ဟုတ်ကဲ့”

“ဖတ်ပြီးလို့ သဘောမကျတဲ့အချက်၊ ဒါမှမဟုတ် ထပ်ပြီး ပြင်ဆင်ဖြည့်စွက်ချင်တယ်ဆိုရင်လည်း ပြောပါ”

မသီဂီက ဘာမှမပြော။

ရှေ့နေရှေ့ရပ်နှင့် အခိုင်အမာ ချုပ်ဆိုထားသည့် စာချုပ်ကို သေချာဖတ်ပြီး ဦးအဲဘတ်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

“စာချုပ်ထဲပါတဲ့ စည်းကမ်းအားလုံး သီဂီသဘောတူပါတယ် အန်ကယ်”

“ကောင်းပြီ၊ မသီဂီသဘောတူတယ်ဆိုရင် ဒီနေရာမှာ လက်မှတ်ထိုးပါ”

“ဟုတ်ကဲ့”

ဦးအဲဘတ် ညွှန်ပြသည့်နေရာမှာ မသီဂီက သူမလက်မှတ်ကို ရဲရဲဝံ့ဝံ့စွာ ရေးထိုးလိုက်သည့်အတွက် ဦးအဲဘတ်ဖြစ်ချင်သော ဆန္ဒအားလုံး ပြီးမြောက်အောင်မြင်သွားသည်။

“ဒီမှာ မသီဂီအတွက် စရန်ငွေ”

“ကျေးဇူးတင်ပါတယ် အန်ကယ်၊ သီဂီကို ခွင့်ပြုပါ”

မသီဂီလက်ထဲမှာ စာချုပ်တစ်စောင်နှင့် ငွေသားတစ်ထုပ် ပါသွား





သည်။ ဘာတစ်ခုမှ ပြဿနာ မရှိ။ ဦးအဲဘတ် သူတို့ကားလေး မြင်ကွင်းက ပျောက်သွားသည့်အထိ ရပ်ကြည့်နေပြီးမှ စိတ်မောလူမော နှင့် နီးရာဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည့် ဦးအဲဘတ် အခုလုပ်နေသည့် အလုပ်တွေက အပေါ်ယံကြည့်ရင် လွယ်လွယ်လေး ဟု ထင်ရပေမယ့် တကယ်လက်တွေ့မှာ အင်မတန် နက်နဲခက်ခဲသော အလွန်နူးညံ့သိမ်မွေ့သည့် အလုပ်ဖြစ်သည်။

ထိုအတွက် ဦးအဲဘတ်ကိုယ်တိုင် အချိန်ယူခဲ့ရသည်။ ကြိုတင် ပြင်ဆင်ခဲ့ရသည်။ သူလိုချင်သည့်စံနှင့် ကိုက်ညီမည့်သူကို စိတ်တိုင်းကျအချိန်ယူပြီး အင်မတန် လုံခြုံစိတ်ချရသော လူတစ်ယောက်နှင့် လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးခဲ့ရသည်။

အခု ဦးအဲဘတ် လိုချင်တာ ရပါပြီ။ ထိုအတွက် ပေးဆပ်ရမည့် ငွေတန်ဖိုးကလည်း အစုလိုက်အပုံလိုက် ရရှိမည်ဖြစ်၍ မက်မောစရာ ငွေကြေးအတွက် အခုအပေးအယူကိစ္စကြီး သူ့ပတ်ဝန်းကျင်မှာ အံ့သြစရာ။ မယုံနိုင်စရာ ထူးခြားဆန်းကြယ်စွာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

တစ်နည်းပြောရလျှင် ဘယ်လိုလူမှ စိတ်ကူးယဉ် မကြည့်ဖူးသော လူချမ်းသာ ပညာတတ်သူဌေး လူချောတစ်ယောက်၏ စိတ်ကူးကို လက်တွေ့အကောင်အထည် ဖော်လာခြင်း ဖြစ်သည်။ နေခ ဖြစ်ချင်သည့် အငှားကိုယ်ဝန်ဆောင်ကိစ္စကို စိတ်ချယုံကြည်စွာ တာဝန်ယူ ဆောင်ရွက်ပေးသူက စစ္စတာကြီးဒေါ်နန့်စီ ဖြစ်သည်။ ရိုးသား၍ သစ္စာရှိ လူသို့ အဖြစ် ဦးအဲဘတ်နှင့်အတူ နှစ်ပေါင်းများစွာ လက်တွဲလုပ်ခဲ့သည့် ဆရာမကြီးက ဦးအဲဘတ် အခက်အခဲကို တာဝန်ယူ ဖြေရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီဖြစ်၍ နေခ ဖြစ်ချင်တာအားလုံး အဆင်ပြေသွားသည်။

စာချုပ်ပါ စည်းကမ်းတွေကို နေခကိုယ်တိုင် ရေးသားထားခြင်း ဖြစ်၍ ဘာတစ်ခုမှ အပိုအလို မရှိ။ အားလုံး သူ့နေရာနှင့်သူ ကွက်တိ ဖြစ်သည်။ သားသမီးမွေးပြီးလျှင် ကလေးအငှား မွေးပေးသည့် မသီ ကို က သူမအတွက် ကွန်ဒိုတိုက်ခန်းတစ်ခု ရမည်။ သူမအမည်နှင့်ဖြစ်၍ ဘာတစ်ခုမှ ပူစရာ မလို။ နေခကို ကလေးနှင့်ပတ်သက်ပြီး တစ်စုံ တစ်ရာ ပြဿနာရှာလျှင်လည်းကောင်း၊ စာချုပ်ပါ စည်းကမ်းတစ်ခုခုကို ချိုးဖောက်လျှင်လည်းကောင်း ထိုကွန်ဒိုကို နေခအား ပြန်လည် ပေးအပ် ပါမည်ဟု ဝန်ခံကတိပြု လက်မှတ်ရေးထိုးရသည်။ တစ်နည်းပြောရလျှင် လှုပ်မရအောင် ငွေပုံပေးပြီး ချုပ်ကိုင်ထားခြင်း ဖြစ်သည်။

ကိစ္စအားလုံး အောင်မြင်ပြီ ဖြစ်သည့်အတွက် နေခထံ ဦးအဲဘတ် ဖုန်းဆက်အကြောင်း ကြားလိုက်သည်။

"အန်ကယ်ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး အန်ကယ်၊ အန်ကယ်ပြောတဲ့အတိုင်း ကျွန်တော့်ဘက်က ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ပါ"

"ဒါတွေ ပြောမနေနဲ့ နေခ၊ မင်းဆီက ဘာငွေကြေးမှ အန်ကယ် မလိုချင်ဘူး၊ စိတ်လည်း မဝင်စားဘူး။ ဒါပေမဲ့ မင်းဆီက အန်ကယ် လိုချင်တာ တစ်ခုပဲရှိတယ်"

"ဘာများလဲ အန်ကယ်… ပြောပါ"

နေခအသံက တက်ကြွ နေသည်၊ ကျေနပ်နေသည်။

ဦးအဲဘတ် သေချာစဉ်းစားပြီးသား စကားတစ်ခုကို အေးအေး ညင်သာစွာ ပြောလိုက်သည်။





"အန်ကယ် ပြောချင်တာ တခြားမဟုတ်ဘူး နေခ။ မင်းအခု လုပ်နေတဲ့ကိစ္စမျိုး နောက်ဘယ်တော့မှ ထပ်မလုပ်တော့ပါဘူးဆိုတဲ့ ကတိစကား အန်ကယ်ကို ပေးပါ"

နေခဘက်က ခဏတော့ တိတ်သွားသည်။

"မင်းဘက်က ဒီကတိကို မပေးနိုင်ရင် အန်ကယ်ဘက်ကလည်း အခုကိစ္စကို ဖျက်သင့်ရင် ဖျက်ရလိမ့်မယ် နေခ"

"ကျွန်တော် ကတိပေးပါတယ် အန်ကယ်၊ နောက်ဘယ်တော့မှ ဒီလိုကိစ္စမျိုး ထပ်မရှိလာစေရပါဘူး"

"သင့်ခ်ယူး နေခ"

"အန်ကယ် လိုချင်တာ ဒီကတိစကားပဲ"

ကျေနပ်နှစ်သိမ့်စွာ ဦးအဲဘတ် ဖုန်းချလိုက်သည်။ သဘာဝတရား ကို ဆန့်ကျင်သည့်အလုပ်ကို ဘာအတွက်နှင့်မှ ဦးအဲဘတ်ဘက်က အားပေးလိုစိတ် မရှိ။ ဖြစ်လည်းမဖြစ်သင့်ဟု ယူဆသည်။

ငွေရေးကြေးရေးကြောင့်ပဲဖြစ်ဖြစ်၊ ဘာအကြောင်းကိစ္စကြောင့်ပဲ ဆိုဆို၊ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၊ လူတစ်ယောက်၏ ဂုဏ်သိက္ခာ၊ လူ့တစ်ယောက်၏ တန်ဖိုးကို လိုအပ်တာထက် ပိုပြီးမနှိမ့်ချ ခော်ကားသင့်ဟု ဦးအဲဘတ် ယူဆသည်။ လူသားမဆန်သည့်စကား နှင့် အငှားကိုယ်ဝန်ဆောင်တာကို အခကြေးငွေယူ ဆောင်ရွက်ပေးသည် ဆိုသော်လည်း ထိုသွေးသားက မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူတို့၏ သွေးသားဖြစ်သည်။

အကြောင်းကြောင်းကြောင့် အမည်မဖော်နိုင်ခြင်း။ မိမိနိုင်ကဖြစ် သော သားသမီးကို ကိုးလလွယ် ဆယ်လဖွား လွယ်ပြီးသယ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာယုယပြီးမှ ကိုယ်နဲ့ဘာမှ မဆိုင်တော့သည့် ကုန်ပစ္စည်းတစ်ခုနှယ် သူစိမ်းပြင်ပြင်။ ဘာခံစားချက်မှ မရှိလေဟန်။ တခြားတစ်ပါး သူ့ကို ပေးအပ်လိုက်ရသော မိန်းမတစ်ယောက်၏ ခံစားချက်မှာ အဘယ်မျှ သွေးဖူတ်တုန်လှုပ်စရာ ကောင်းသည်ကို ဦးအဲဘတ် မတွေးဘဲနှင့် သိသည်။

ထိုမိန်းမရင်ထဲက ဖော်မပြနိုင်သော နာကျင်ခံစားမှုကို ဦးအဲဘတ် စာနာသည်။ ဘယ်လိုပဲ အမည်တပ်တပ် သူမသည် ကလေး၏ မိခင်ဆိုသည်ကိုက ငြင်းမရ။ ငွေကြေးအတွက် မိမိသွေးသားကို စတေး လိုက်ရသော မိခင်တစ်ယောက်၏ နှလုံးသားက အဘယ်မျှ ဆိုးရွား လိုက်မည်နည်း။

မိခင်တိုင်းကို ဦးအဲဘတ် စာနာသည်။ သနားသည်။ ချစ်ခင် သည်။ ဦးအဲဘတ်ကိုယ်တိုင် မိခင်မဲ့ဘဝနှင့် လောကအလယ်မှာ ရှင်သန်လူလားမြောက်ခဲ့ရသူဖြစ်၍ သူ့ရင်မှ ခံစားချက်က ပို၍ပြင်းထန် လေးနက်သည်။ ဦးအဲဘတ်မှာ အမေ မရှိ။ အဖေနှင့်အဘွား လက်ထဲမှာ ကြီးပြင်းခဲ့ရသည်။ လိုတရပြည့်စုံ ချမ်းသာသူအဖြစ် လူလားမြောက်ခဲ့ ရသော်လည်း ဦးအဲဘတ် လိုချင်တောင်းတသည့် မိခင်မေတ္တာကိုက မရခဲ့။

သူ့အမေအကြောင်း အဘွားနှင့်အဖေကိုမေးတိုင်း ဝေ့လည် ကြောင်ပတ်။ မရေရာ မသေချာသည့် အဖြေနှင့်သာ အဆုံးသတ်သည်။ နောက်နည်းနည်း အသက်အရွယ်ရလာမှ ဦးအဲဘတ်အမေက ဆင်းရဲ နိမ့်ကျသူဖြစ်၍ အဘွားက ဦးအဲဘတ်အဖေနှင့်အမေကို သူ့စိတ်ကြိုက် ငွေကို ရေလိုသုံးပြီး လမ်းခွဲပစ်လိုက်သည်။ အမေက ဦးအဲဘတ်ကို





မွေးသည်။ သူ့ကလေး သေသလား ရှင်သလား မသိလိုက်ရ။

အဘွားက ဆရာဝန်ကို ငွေပုံပေးပြီး ဦးအဲဘတ် ဖြစ်လာမည့် သူ့မြေးကို လက်စဖျောက်ပြီး အမေ မသိအောင် သိမ်းပိုက်လိုက်သည်။ အဘွား၏ ဩဇာအာဏာကို မလွန်ဆန်နိုင်သည့် အဖေက အဘွားကို ဘာမှမပြောရဲ။ အနီးထုတ်ဖြူဖြူနှင့် တွေးထားသည့် သားနားမှာ အချိန် ကုန်ရင်း အရက်သမား ရစ်ထုတ်ဘဝနှင့် စောစောစီးစီး လူ့လောက ကြီးကို စွန့်ခွာသွားသည်။

ဦးအဲဘတ်ကိုယ်တိုင် အမေ သေသွားပြီလား၊ သက်ရှိထင်ရှား ရှိနေသေးတုန်းပဲလားဆိုတာ ဘယ်သူမှ မပြောနိုင်ဘဲ အဘွားကိုယ်တိုင် အဖေနောက် ကောက်ကောက်ပါအောင် လိုက်သွားသည်။ ဦးအဲဘတ် ၏ ဘဝနောက်ဆုံးအချိန်အထိ အမေကို အမြဲသတိရနေသည်။ တမ်းတ နေသည်။

နောက်ထပ် ဦးအဲဘတ်လေးတွေကို ထပ်မရှိစေချင်တော့သလို ထိုကလေး၏ ရင်တွင်းက ခံစားချက်ကို သူကိုယ်တိုင် ခံစားခဲ့ရသဖြင့် မိခင်မဲ့သော သားသမီးများအဖြစ် လူလောကထဲ ရောက်လာမည့် နေခ၏ကလေးအကြောင်း တွေးမိလျှင် သူကိုယ်တိုင် စိတ်မကောင်း။

နေခကတော့ ဦးအဲဘတ်နှင့် တခြားစီ ဖြစ်သည်။ သူအလိုဆန္ဒ ပြည့်ဝတော့မည့်အတွက် မြူးနေသည်။ ဦးအဲဘတ် ခိုင်းတာအားလုံး လုပ်ပေးသည်။ ဘာတစ်ခုမှ လိုအပ်တာမရှိ။ နောက်ကိုးလဆိုလျှင် နေခ ကလေးအဖေ ဖြစ်တော့မည်။ ဘယ်လောက်ပျော်စရာ ကောင်းသ နည်း။

သားဖြစ်ဖြစ်။ သမီးဖြစ်ဖြစ် နေခရင်သွေးကို နေခချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးသည်။ မာမီလိုချင်နေသည့် နေခမျိုးဆက်သစ်လေး ပေါ်ပေါက်လာတော့မည်ဖြစ်၍ နေခဘက်က အခုကတည်းက ကြိုတင်မြင်ဆင်စရာရှိတာတွေ မြင်ဆင်ရမည်ဟု စိတ်ကူးတယဉ်ယဉ်နှင့် စိတ်လှုပ်ရှားနေ၏။

"မာမှီသားကြည့်ရတာ အခုတစ်လော တစ်ခုခု ပျော်စရာ တွေ့နေသလိုပဲ ဟုတ်တယ်မဟုတ်လား"

နေခမျက်နှာကို မပြတ်အကဲခတ်နေသည့် မာမီစကားကြောင့် နေခ ပေါ့ပါးစွာ ရယ်လိုက်သည်။

"မာမီ ဘယ်လိုသိလဲ"

"အမယ်လေး… မာမီမွေးထားတဲ့သားကို မာမီမသိဘဲ နေပါ့မလားကွယ်။ သားကိုယ်သား မသိလို့ပါ။ တစ်ချိန်လုံး မာမှီသားမျက်နှာ ပြုံးနေတာမြင်ကတည်းက မာမှီသားမှာ ပျော်စရာတစ်ခုခုရှိနေပြီဆိုတာ မာမီသိပြီးသား"

မာမီကို နေခညာ၍ မရတော့သဖြင့် သူ ဝန်ခံလိုက်သည်။

"ဟုတ်တယ် မာမီ၊ ကျွန်တော် ပျော်နေတယ်"

"မာမီကိုလည်း သားရဲ့ပျော်စရာတွေ ခွဲဝေမပေးတော့ဘူးလား သားရဲ့"

နေခမျက်နှာကိုကြည့်ပြီး မာမီက ခပ်ပြုံးပြုံးပြောတော့ ဒုတိယအကြိမ် နေခ ရယ်မိပြန်သည်။

"ကျွန်တော့်ကိစ္စက အခုလောလောဆယ် မာမီတို့ မျှဝေလို့မရသေးဘူး၊ သေချာပြီဆိုမှ မာမှီကို ဖွင့်ပြောမယ်"

"သားစကားက အဆန်းပါလား။ ကေန္ဒ မာမှီသားမှာ တကယ်





ချစ်ရမယ့် ချစ်သူမိန်းကလေး ရှိနေပြီထင်တယ် ဟုတ်လားသား"

သူ ဘာမှမပြောဘဲ ရယ်နေလေ မာမီက သူဖြစ်နေပုံကို ပိုစိတ်ဝင်စားလေ ဖြစ်နေသည်။ ပြီးတော့ သူ့အထင်နှင့်သူ နေခမှာ ချစ်သူရှိနေပြီဟု ထင်နေသည်။ ဒါကို နေခ အတျယ်တဝင့် ရှင်းပြမနေချင်တော့။ မာမီထင်သည့်အတိုင်းပဲ ဘာမှမပြောပဲ ပြုံးပြီး ငြိမ်နေ၍မာမီက သူထင်တာ သေချာပြီဟု အပိုင်တွက်လိုက်ဟန်ဖြင့် ဝမ်းသာသွားသည်။

"မာမီ ဝမ်းသာလိုက်တာ သားရယ်၊ မာမှီ ချွေးမလောင်းလေးက ဘယ်သူများလဲ၊ ဘယ်သူ့သားသမီးလဲ မာမှီကို ပြောပါဦး"

"နောက်သေချာမှ ပြောလို့မရဘူးလား မာမီ"

"သားက အခုချိန်ထိ မသေချာသေးဘူးဆိုတဲ့ သဘောလား။ ဒီကွယ်… မာမီကတော့ ဘယ်သူလေးပဲဖြစ်ဖြစ် သားချစ်တဲ့ မိန်းကလေးကို မာမီသမီးလေးလို ချစ်မှာပဲ ပြီးတော့ မြေးတွေအများကြီး မွေးခိုင်းပြီး မာမှီဘဝကြီးကို ပျော်ပျော်နေပစ်လိုက်မယ်"

မာမီက သူ့စိတ်ကူးနှင့်သူ ရူးနေသည်။

"မြေးတစ်ယောက်ဆို တော်ပြီမဟုတ်လား မာမီရဲ့"

နေခက မာမီကို စလိုက်တော့ မာမီက ခေါင်းခါသည်။

"မရဘူးသား၊ မာမီတို့ မြေးတွေ အများကြီး မွေးပေးမှ ကျေနပ်မယ် သားလို ဟိုမိန်းမ မလိုချင်၊ ဒီမိန်းမ မလိုချင်ဖြစ်နေတဲ့ မြေးလေးပေါ်လာရင် မာမီတို့ဘယ်လောက် စိတ်ညစ်လိုက်ရမလဲ"

"ကျွန်တော်က မွေးမှတော့ ကျွန်တော်နဲ့တူတဲ့သားပဲ ဖြစ်လာမှာပေါ့ မာမီရ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... အဖေတူသားသမီး ရှိသလို အမေတူသားသမီးလည်း ရှိသေးတယ် မဟုတ်လား။ မာမီ မြေးတစ်ယောက်က သူ့အဖေနဲ့တူပြီး ဂျစ်ကန်ကန် လုပ်နေရင် နောက်မြေးတစ်ယောက်ကို နောက်မျိုးဆက်သစ်အတွက် အားကိုးရမှာ မဟုတ်လား"

"ဒါကြောင့် မာမီက မာမို့မြေးတွေ အများကြီး လိုချင်နေတာမလား"

"တစ်ဦးတည်းသောသား ရှိခဲ့ပြီးပြီပဲကွယ်။ တစ်ဦးတည်းသောမြေးတော့ မလိုချင်တော့ဘူး။ ဒါကြောင့် မာမို့ချွေးမလောင်းကို သားသမီးများများ ယူနိုင်းမယ်လို့ ဆုံးဖြတ်ထားတယ်"

"နေဦး... နေဦး သားမှာ ချစ်ရမယ့်သူ ရှိနေပြီဆိုတာ သားဒယ်ဒီ ဝမ်းသာအောင် မာမီသွားပြောလိုက်မယ်"

နေခတားလည်း ရမှာမဟုတ်၍ သူ့နားကနေ ဒယ်ဒီရှိရာ ထွက်သွားသည့် မာမို့ကိုကြည့်ပြီး သူပြုံးလိုက်သည်။ မာမီက နေခရင်ဖြစ်သော သူ့မြေးမြစ်တွေ အများကြီး လိုချင်နေသည်။ ဖြစ်နိုင်ရင်နေခလည်း မာမို့အလိုလိုက်ပြီး နေခရင်သွေးလေးတွေ မာမီစိတ်ကျေနပ်အောင် အများကြီး မွေးပေးလိုက်ချင်ပါသည်။ ဒါပေမဲ့ လက်တွေ့မှာထိုကိစ္စက ထင်သလောက် မလွယ်။

"မြေးတစ်ယောက်ရရင်ကိုပဲ မာမီကျေနပ်သင့်ပါပြီဗျာ။ မာမီလိုချင်တဲ့မြေး သားရဲ့ရင်သွေးလေး မကြာခင် သားတို့မိသားစုထဲရောက်လာတော့မယ်လို့များ မာမီသိရင် ဒီထက်မက ပျော်ရွှင်ကြမယ်ဆိုတာ သားသိတယ်"

မာမီ မြေးရှူးရှူးနေတာကိုကြည့်ပြီး နေခစိတ်ထဲက ပြောလိုက်သည့်စကားကို နေခ မာမီ မကြားပါ။ သူ့သား လူချောလူလှ ဖို့တိုင်းကြိုက်သူ နေခက ဘယ်မိန်းကလေးကိုမှ လက်တွဲဖော် အိမ်သူသက်ထားဇနီးမယားအဖြစ် လက်ထပ်ခြင်းမပြုဘဲ ကလေးအဖေလုပ်မည့်စိတ်ကူးဆန်းကိုလည်း မသိ။

"ကြားရတဲ့ သတင်းအစစ်အမှန်ဆိုရင်တော့ ဒယ်ဒီ့သားအတွက် ဒယ်ဒီ ဝမ်းသာတယ်ဟေ့။ သားမင်္ဂလာပွဲကို အကြီးအကျယ် အခမ်းအနားဆုံးဖြစ်အောင် ဒယ်ဒီတို့ စီစဉ်မယ်"

"သားမိန်းကလေးကိုလည်း သေချာပြောပြထားလိုက် လက်ထပ်ပြီးရင် ကမ္ဘာအနှံ့ ဟန်နီးမွန်း သွားရမယ်လို့"

"ဟုတ်ကဲ့ ဒယ်ဒီ"

ဒယ်ဒီ့မျက်နှာက ပြုံးနေသည်။

မာမီက ပီတိတဝေဝေနှင့် သားမျက်နှာကိုတစ်လှည့် အဖေ့မျက်နှာကိုတစ်လှည့် ကြည့်နေ၏။

"ဒယ်ဒီကြီးကသာ ပြောနေတာ ရှင့်သားက အခုထိ သူ့ကောင်မလေးအကြောင်း ကျွန်မတို့ကို မပြောသေးဘူး"

"နောက်တော့ မာမီကို အရင်အသိပေးမှာပါ စိတ်ချ"

"ကဲ... ကြားတယ် မဟုတ်လား မာမီကြီး။ သားကိုယ်တိုင်က မာမီကြီးကို အရင်အသိပေးမှာပါဆိုရင် ကျေနပ်တော့"

"ကျေနပ်ပါတယ်ရှင်၊ ကျေနပ်ပါတယ်။ အစကတည်းက ကျွန်မသားကို မြန်မြန်အိမ်ထောင်ပြုစေချင်နေတာဆိုတော့ မင်္ဂလာသတင်းကြားရတာနဲ့တင် ကျေနပ်နေပါပြီ"

"မင်းမာမီက မြေးရှူးရှူးနေတာကွ"







www.burmeseclassic.com

www.burmeseclassic.com



"မာမီလိုချင်တဲ့မြေး ရတော့မှာပါ"

အာမခံကောင်းနေသည့် နေခကို မာမီနှင့်ဒယ်ဒီက ကျေနပ်စွာကြည့်သည်။ သူတို့ဖြစ်ချင်တာ ဖြစ်လာပြီ မဟုတ်လား။

"သြော်… သားကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာ ရှိတယ်"

"ဘာများလဲ ဒယ်ဒီ"

"တခြားတော့ မဟုတ်ပါဘူး။ ဂျပန်ကို သားသွားရမယ့်ကိစ္စပါ"

"ဟိုမှာ ဘယ်လောက်နေရမှာလဲ ဒယ်ဒီ"

ဂျပန်ကို သွားနေကြလူက ဒယ်ဒီဖြစ်သော်လည်း ဒီတစ်ခါ ဒယ်ဒီကျန်းမာရေးကြောင့် မသွားဖြစ်။ ဒယ်ဒီ့ကိုယ်စား နေခက အလုပ်ကိစ္စကို တာဝန်ယူရန် ဖြစ်သည်။

"အတိအကျတော့ ပြောလို့မရဘူး သားသွားရမှာက အလုပ်ကိစ္စဆိုတော့ အချိန်ခန့်မှန်းရခက်တယ်။ ဘာဖြစ်လို့လဲ သားမှာ တခြားအရေးကြီးတဲ့ ကိစ္စရှိနေလို့လား"

"မဟုတ်ပါဘူး ဒယ်ဒီ၊ သိချင်လို့ မေးကြည့်ရုံသက်သက်ပါ"

နေခစကားကို ဒယ်ဒီက လက်ခံသည်။ နေခက သူ့အချိန်တွေ သူ့ဘာသာတွက်နေသည်။ ဂျပန်ကို သွားရမည့်ခရီးက အချိန်သတ်မှတ်ချက်မရှိတော့ အခုကတည်းက သူ့ဘက်က ကိစ္စတွေကို ဂျပန်မသွားခင် ပြီးပြတ်သွားအောင်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

"ဂျပန်ကို ဘယ်နေ့သွားရမှာလဲ ဒယ်ဒီ"

"ဒီရက်ပိုင်းတွင်း ဖြစ်မယ်။ မနက်ဖြန်၊ သဘက်ခါလည်း





ဖြစ်ချင်ဖြစ်နိုင်တယ်"

ဒယ်ဒီ့စကားအဆုံးမှာ သူလုပ်စရာရှိတာ ဂျပန်မသွားခင်လုပ်သွားမှ ဖြစ်တော့မည်ဟုတွေးပြီး အန်ကယ်အဲဘာတ်ဆီ ဖုန်းလှမ်းဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟုတ်ပြီလေ။ ဒီတော့ မင်းသွားရမယ့်ခရီးကို ဖြောင့်ဖြောင့်သာသွား၊ မင်းအပိုင်း မင်းတာဝန်ကျေပြီးရင် ကျန်တာ အန်ကယ့်ဘာသာ ဆက်လုပ်သွားရုံပဲ"

"ကျွန်တော် စိတ်ချမယ်နော် အန်ကယ်"

"စိတ်ချပါ၊ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာပါလိမ့်မယ်"

"သင့်ခ်ယူးအန်ကယ်။ ကျွန်တော် မနက်ဖြန် ဂျပန်သွားရမှာဆိုတော့ အန်ကယ်ကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်"

"ဗွတ်လပ်ခ် နေခ"

"ဗွတ်လပ်ခ်ပါ အန်ကယ်"

နေခအသွင်က မြူးကြွနေသည်။ လန်းဆန်းတက်ကြွနေသည်။ တည်ငြိမ်ခန့်ညားမှုတွေနှင့် ချောမွေ့နေ၏။ ဒီလိုကျန်းမာရေးသာမက အဘက်ဘက်က ပြီးပြည့်စုံနေသည့် လူငယ်တစ်ယောက်မှာ ဘာကြောင့် ထူးခြားဆန်းကြယ်သည့် စိတ်ကူးစိတ်သန်းတွေ ရှိနေရသည်မသိ။

တစ်နည်းပြောရရင် လူချမ်းသာတစ်ယောက်၏ ရှုးသွပ်သည့်





စိတ်ကူးဆန်းဆန်းကို လက်တွေ့ အကောင်အထည် ဖော်ပေးရမည့်သူက ဦးအဲဘတ်ကိုယ်တိုင် ဖြစ်နေရခြင်းက ပို၍ဆန်းကြယ်နေသည်။ နေခဆိုသည့် လူချောလေးကို ကူညီပေးရန် စိတ်ဆုံးဖြတ်ပြီးနောက်မှာ အခြားမိန်းမလှလေး၏ လူမှုဒုက္ခကိုလည်း ဆန်းပြားသော စိတ်ကူးစိတ်သန်းတွေ လက်တွေ့အကောင်အထည်ဖော်ရန် ဦးအဲဘတ်ပဲ တာဝန်ယူထားရပြန်သည်။

နှစ်ယောက်စလုံးက ရုပ်ချော၊ ပညာတတ်၊ အလွန်တရာချမ်းသာပြည့်စုံနေကြသည့် မိသားစုထဲမှာ ညီအစ်ကိုမောင်နှမ မရှိ။ အထီးကျန်စွာ ကြီးပြင်းလာခဲ့ရသည့် တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီး ဖြစ်နေကြတာခြင်းကလည်း တူသည်။ လောကကြီးကို ရှုမြင်သုံးသပ်ပုံ၊ တွေးခေါ်ကြံစည် စိတ်ကူးယဉ်ပုံချင်းကလည်း တူသည်။

စိန်ပုံရွှေပုံပေါ်မှာထိုင်ပြီး သဘာဝတရားကို အသွင်တစ်မျိုးဖြင့် ဆန့်ကျင်ချင်လာအောင် ထိုသူနှစ်ဦးရဲ့ ဘဝကလည်း ဘာတစ်ခုမှ ပင်ပင်ပန်းပန်း လုပ်ကိုင်နေစရာမလိုအောင် ဘိုးဘွားပိုင် အမွေအနှစ်ဝစ္စည်း 'အစုတွေကလည်း သူတို့ဆယ်သက် စားမကုန်နိုင် ရှိနေခြင်းက ထိုသူနှစ်ယောက် ဦးနှောက်ထဲကို ဆန်းပြားသည့် စိတ်ကူးစိတ်သန်းတွေ ရောက်စေရခြင်း၏ အကြောင်းတစ်ရပ် ဖြစ်သည်။

နေခ ကားလေးထွက်သွားပြီး သိပ်မကြာမီ ဦးအဲဘတ် စဉ္စတာကြီး ဒေါ်နန်းစီကို ဖုန်းဆက်လိုက်သည်။

"ကျုပ်ဘက်ကတော့ ဒီနေ့ပဲ လုပ်ငန်းစဖို့ အဆင်သင့် ဖြစ်နေပြီ ဒေါ်နန်းစီ၊ ခင်ဗျားဘက်ကရော ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသီဂီ နေပြည်တော်က ဒီညပဲ ပြန်လာပါလိမ့်မယ် ဆရာကြီး။ မနက်ဖြန်မှ ဆရာကြီး အစီအစဉ်ကို စလို့မရဘူးလား"

"သိပ်ရတာပေါ့ဗျာ။ မနက်ဖြန်မှ ကျုပ်တို့လုပ်စရာရှိတာ ဆက်လုပ်ကြမယ်။ ခင်ဗျားကောင်မလေးကို သေချာနားလည်အောင် ထပ်ရှင်းပြထားလိုက်ပါဦး"

"စိတ်ချပါ ဆရာကြီး၊ သီဂီအတွက် ဘာမှမစိုးရိမ်ပါနဲ့။ သူ့ကို ကျွန်မကိုယ်တိုင် နားလည်အောင် အထပ်ထပ် ပြောဆိုထားပြီးသားပါ"

"ဟုတ်ပြီ၊ ဒါဆို မနက်ဖြန်မှ ခင်ဗျားတို့နဲ့တွေ့မယ် ဟုတ်လား"

ဦးအဲဘတ် ဖုန်းချလိုက်သည်။ အခြေအနေက အားလုံးအိုကေနေသည်။ မသီဂီ ပြန်ရောက်တာနှင့် သူ့ဘက်က လုပ်ငန်းစရုံ ဖြစ်သည့်အတွက် ဦးအဲဘတ် စိတ်တွေပေါ့ပါးနေသည်။ သူ့သူငယ်ချင်း ဆရာဝန်ကြီးထံ ဖုန်းဆက်ချိန်းလိုက်သည်။ တစ်နေ့လုံး ဆေးပညာအကြောင်း တိုင်ပင်ဆွေးနွေးနေကြသည်မှာ အချိန်ကုန်၍ ကုန်မှန်းပင်မသိ။ ကိုယ်ဝါသနာပါသည့် အရာဆိုတော့ နှစ်ယောက်စလုံး ထမင်းမေ့ဟင်းမေ့။

ထမင်းချက်ကောင်လေးက သူတို့နှစ်ယောက်ကို ထမင်းချိန် ထမင်း။ ကော်ဖီချိန် ကော်ဖီ။ သူ့အချိန်နှင့်သူ လာချပေးနေ၍သာ တော်တော့သည်။ နှစ်ယောက်စလုံး စိတ်ဝင်စားသည့် ဘာသာရပ်အပေါ်မှာ သူတို့အတွေးအမြင်၊ သူတို့အယူအဆတွေ ဖလှယ်ကြသည်။ တစ်ယောက်ပြောတာ တစ်ယောက်က နားထောင်ကြသည်။ အပြန်အလှန် ဆွေးနွေးကြသည်။

မီးယပ်နှင့် သားဖွားအထူးကုဆရာဝန်ကြီးနှစ်ယောက်က မျိုးရိုး





ဗီဇအကြောင်း။ သန္ဓေသားအကြောင်းပြောရင်း မိုးချုပ်မှ ဦးအဲဘတ် သူငယ်ချင်း ဦးလတ်ဖော် ပြန်သွားချိန် ကျေနပ်အားရမှုတွေနှင့် ကျန်ရစ်ခဲ့သည့် ဦးအဲဘတ်ဆီကို အလွန်အရေးကြီးသော ဖုန်းတစ်ခု ဝင်လာသည်။ ထိုဖုန်းက တခြားမဟုတ်။ ဦးအဲဘတ် မျှော်လင့်စောင့်စားနေသော မသီဂီဆိုသည့် ကလေးမက အမြန်လမ်းမကြီးမှာ ကားအက်စီးဒင့်ဖြစ်၍ နေရာတင် သေဆုံးသွားပြီဆိုသည့် သတင်း။

ဒေါ်နန့်စီက ပြောပြီးပြီးချင်း ဖုန်းချသွားသည်။ ဦးအဲဘတ် ဘာမှမပြောနိုင်။ နေရာမှာ ငူငူကြီး ကျန်ရစ်သည်။ မနက်ဖြန် နေခ ဂျပန်သွားမည်။ အချိန်ဘယ်လောက်ကြာမည်ဟု အတိအကျ မသိရ။ သူ မျှော်လင့်ထားသော ကိစ္စကြီးတစ်ခုလုံး အောင်မြင်မည်ဟု ယုံကြည်မှု အပြည့်နှင့် စိတ်ချသွားသည့်အချိန်ကျမှ နေခ မျှော်လင့်ထားသော ကိစ္စကြီးတစ်ခုလုံး သဲထဲရေသွန် ဖြစ်သွားသည်။

ဦးအဲဘတ် ဘာမှမတတ်နိုင်တော့။

အခုဖြစ်လာသည့် ကိစ္စကြီးတစ်ခုလုံး နေခကို အသိပေး အကြောင်းကြား ဖွင့်ပြောလိုက်ရမည်ဟုလားဟု သူ စဉ်းစားသည်။ မျှော်လင့်ချက်နှင့် တက်ကြွနေသည့် နေခမျက်နှာကိုမြင်တော့ နေခ စိတ်ကူးတွေ လဲပြိုသွားသည့်အဖြစ်ကို ရုတ်တရက် ပြောမထွက်။

နေခ ပြန်လာမှ ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ သွားရမည့်ခရီးကို စိတ်ချမ်းသာအောင်ပဲ သွားပါစေတော့လေ။ စိတ်အနှောင့်အယှက် မဖြစ်စေချင်၍ နေခထံ ဖုန်းမဆက်တော့။ သူကိုယ်တိုင်ကတော့ အိပ်ဆေးတစ်လုံး သောက်အိပ်လိုက်ရသည်။

လောကကြီးဆိုတာ ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ထားတာတွေ ဖြစ်မလာဘဲ ထင်မှတ်မထားတာတွေ ဖြစ်လာပုံကလည်း ကြောက်စရာ ဖြစ်သည်။

မသီဂီအတွက် စိတ်မကောင်း။

ဒေါ်နန်စီရင်ထဲ ဘယ်လိုခံစားရမလဲတွေးပြီး ကိုယ်ချင်းစာနာနေမိသလို နေခ သိပ်တောင်းတ မျှော်လင့်ထားသည့်အရာနှင့် လွဲသွားရသည့် ကံတရားအကြောင်း ဟိုဒီလျှောက်စဉ်းစားရင်း အိပ်ဆေးအရှိန်နှင့်မှေးခနဲ အိပ်ပျော်သွားသည်။

ဘယ်လောက် အိပ်ပျော်သွားသည် မသိ။ ဦးအဲဘာတ်ကို ထမင်းချက်ကောင်လေး လာနိုးမှ အိပ်ရာက နိုးသည်။

"အောက်ထပ်မှာ ဆရာကြီးကို တွေ့ချင်လို့ ဧည့်သည် ရောက်နေပါတယ် ဆရာကြီး"

"ဘယ်သူများလဲ မောင်သံဒိုင်"

"ဟိုအရင်လာနေတဲ့ မမဟာန်ပါ ခင်ဗျာ"

"ဟာန်လား"

ဦးအဲဘာတ် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အောက်ထပ်ဆင်းခဲ့တော့ ဟာန့်ကို မနက်ခင်းနဲ့အပြိုင် လတ်ဆတ်လန်းဆန်းသောအလှတရားကိုနှင့်အတူ တွေ့လိုက်ရချိန်။ ဦးအဲဘာတ် ခေါင်းထဲ လက်ခနဲအကြံတစ်ခု ရောက်လာသည်။

"နေကောင်းရဲ့လား အန်ကယ်"

"ကောင်းပါတယ်ကွယ်။ ညက ညည့်နက်မှ အိပ်ရလို့ အိပ်ရာထ နောက်ကျတာပါ။ ဒါနဲ့ ညည်းက စောစောစီးစီး ဒီကိုဘာလာလုပ်တာလဲ"





"အန်ကယ့်ဆီ လာလည်တာလေ၊ မလာရဘူးလား"

ဟာန်လာတာကို ဦးအဲဘာတ် မကြိုက်မှန်းသိ၍ ဟာန်က ရယ်မောပြီး သူမကို စိတ်ဆိုးပြီး ပြန်မလွှတ်မည့်စကားကို ရှေးပြောရင်း အန်ကယ်အဲဘာတ်ကို အကဲခတ်ကြည့်နေသည်။

"ကော်ဖီ သောက်ပြီးပြီလား ဟာန်"

"ဟာန် သောက်ခဲ့ပြီ အန်ကယ်"

"အေး… ဒါဆိုလည်း အန်ကယ် ကော်ဖီသောက်ရင်း ပြောမယ့် စကားကိုပဲ နားထောင်"

"ပြောပါ အန်ကယ်၊ ဟာန် နားထောင်နေပါတယ်"

ဦးအဲဘာတ်က သူ့အတွက် ချပေးထားသည့် မနက်က ကော်ဖီနဲ့ကြက်ဥပြုတ်၊ ပေါင်မုန့်မီးကင်တစ်ချပ်ကုန်အောင် စားပြီးသည့်အချိန်အထိ ဘာစကားမှ မပြော။ ဟာန်ကတော့ ဦးအဲဘာတ် သူမကို ဘာများပြောလိုက်မှာလဲဟု နားစွင့်နေသည်။ ဟိုအရင်တစ်ခါကလို ဟာန့်ကိုနှစ်သိမ့်ချော့မော့ပြီး အိမ်ပြန်လွှတ်ဦးမှာလားဟု တွေးပြီး ငြိမ်နေသည်။ စိတ်ထဲကတော့ သူမဖြစ်ချင်တာ ဖြစ်ခွင့်မရမခြင်း ဟာန့်ဘက်က ဘာတစ်ခုမှ လက်မလျှော့ဟု ဆုံးဖြတ်ထားသည်။

"အင်း… ညည်းနဲ့ ရေစက်ရှိပုံပဲ"

"ဘာကိုလဲ အန်ကယ်"

ဦးအဲဘာတ်စကားက ဘာကိုဆိုလိုမှန်းမသိ၍ ဟာန် နားမလည်နိုင်ဖြစ်သွားကာ သူမကို မကြည့်ဘဲ ရေနွေးငှဲ့သောက်နေသည့် ဦးအဲဘာတ်မျက်နှာကို ကြည့်လိုက်သည်။

"ညည်းကိစ္စ အဆင်ပြေသွားပြီ ဟာန်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အံ့သြလွန်း၍ ဟန့်နားကို ဟန် မယုံနိုင်။

"ညည်းဘက်က အဆင်သင့်ဖြစ်ရင် ညည်းဖြစ်ချင်တဲ့ အစီ အစဉ်ကို အခုချက်ချင်း အကောင်အထည်ဖော်ရုံပဲ"

"အန်ကယ်"

"ဘယ်လိုလဲဟန်၊ အန်ကယ်ပြောတဲ့ အစီအစဉ်ကို ညည်း သဘောတူရဲ့လား"

"ဟန့်ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

ဝမ်းသာလွန်း၍ ဟန့်အသံတွေ တုန်နေသည်။ အန်ကယ်အဲဘတ် ပြောပုံက လွယ်လွန်း၍ ဟန့်နားကိုယ်ဟန် မယုံ။

"ဒီလိုကိစ္စက နောက်စရာလားဟန်"

လေးနက်တည်ငြိမ်စွာ ပြောလာသည့် အန်ကယ်ဦးအဲဘတ် မျက်နှာကိုကြည့်ပြီး ဟန် ရင်တွေခုန်လာသည်။

"ဟန် ဝမ်းသာလွန်းလို့ ဘာပြောရမှန်း မသိတော့ပါဘူး အန်ကယ်ရယ်၊ ဟန် အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

"အိပ်မက်ဆိုရင်လည်း အကောင်းသားပဲ ဟန်ရယ်"

ထိုစကားကို ဦးအဲဘတ် အမှန်ဆိုခြင်း ဖြစ်သည်။ အိပ်မ တစ်ခုသာဆိုလျှင် မသိဂီလည်း ဘာမှဖြစ်စရာ မရှိ။ နေခ၏ အစီအစ လည်း ပျက်ပြယ်မည်မဟုတ်။ ဟန်သည်လည်း သူဖြစ်ချင်သ အပျိုစင် ကလေးအမေ ဖြစ်လာစရာ အကြောင်းမရှိ။ အခုတေ အကြောင်းအရာအားလုံးက တစ်ချိန်တည်း တစ်ပြိုင်တည်း ထ တိုက်ဆိုင်နေသည်။





တစ်ခု ပျက်သွားသည်။

ထိုအတွက် နောက်တစ်ခု ဖြစ်တည်လာသည်။

"ဟေး… ဟန်ဖြစ်ချင်တာအားလုံး ဖြစ်ခွင့်ရပြီကွ"

ဟန်က ဝမ်းသာစိတ်ကို မထိန်းနိုင်ဘဲ အရူးမလေးတစ်ယောက်လို ခုန်ပေါက်ပြီး ထအော်သည်။ နောက်တော့ ရယ်သည်။ ပြီးတော့ ကလေးတစ်ယောက်လို ဟီးခနဲ ထငိုပြန်သည်။ ဦးအဲဘတ်က ဟန်ဖြစ် နေပုံကိုကြည့်ပြီး ဘာတစ်ခုမှ မပြောဘဲ သက်ပြင်းချသည်။ ဟန့်ကို ကြည့်ပြီး သူ့ဆုံးဖြတ်ချက်မှန်သွား၍ ကျေနပ်သွားသည်။

ဟန် အရူးအမူး ဖြစ်ချင်တိုင်း ဖြစ်နေတာ ငြိမ်သက်သွားမှ ဟန်က ဦးအဲဘတ်ကို တောင်းပန်ဖို့အထိ ရသည်။

"ဟန့်ကို ခွင့်လွှတ်ပါ အန်ကယ်၊ ဟန်သိပ်ပျော်သွားမိလို့ပါ"

"ညည်းမပြောလည်း ညည်းဖြစ်နေပုံကိုကြည့်ပြီး အန်ကယ် သိပါတယ် ဟန်ရယ်"

"ဟန်တို့ ဘယ်တော့လောက် အစီအစဉ် စကြမှာလဲအန်ကယ်"

ဟန့်ပုံစံက စိတ်လှုပ်ရှားနေပုံက အထင်းသား။

"ညည်းအဆင်ပြေတဲ့အချိန်"

"ဒါဆို… အခု… အခုဆိုရင်ရောဟင်"

"ညည်း အရူးထနေတဲ့ပုံနဲ့လား ဟန်"

ဦးအဲဘတ် စကားကြောင့် ဟန်မထိန်းနိုင်ဘဲ ခစ်ခနဲ ရယ်လိုက် သည်။

"မနက်ဖြန် ညည်းကို လိုအပ်တာတွေ စမ်းမယ်။ ဆယ်နာရီ လောက် ဒီကိုလာခဲ့ဟန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟန် ဝမ်းသာလိုက်တာ အန်ကယ်ရယ်။ မနက်ဖြန်မှ ဟန် လာခဲ့မယ်နော် အန်ကယ်"

ဟန်က မြူးကြွနေသော ခေါင်းဖျိုမလေးပမာ ဦးအဲဘတ်နားထ ပြေးထွက်သွားပုံက အပျော်လွန်နေပုံက အထင်းသား။ ကားထွက်သွား သံကြားမှ ဦးအဲဘတ် ဒေါနန်းစီထံ ဖုန်းဆက်သည်။

"ငွေကုန်ချင်သလောက် ကုန်ပါစေ ဒေါနန်စီ၊ သူ့နောက်ဆုံး ခရီးကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက်ပါ"

ဒါပဲပြောပြီး ဦးအဲဘတ် ဖုန်းချလိုက်သည်။ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း။ အကောင်းနဲ့အဆိုး အမြဲယှဉ်တွဲနေသော လောကကြီး သူ့သဘာဝနှင့် တရားမျှမျှတတ သူ့အလုပ် သူလုပ်နေခြင်းဖြစ်သည်ဟု ဦးအဲဘတ် ယုံကြည်သည်။

ချစ်ခြင်းနှင့် မုန်းခြင်း။

တည်မြဲခြင်းနှင့် မတည်မြဲခြင်း။

ဆန့်ကျင်ဘက် အကြောင်းတရားတွေဆီက ဘယ်လိုလူသားမှ ရှောင်တိမ်းထွက်ပြေး၍ မလွတ်။ ထိုသဘာဝတရား အစုအဝေးထဲမှာ လူသားအားလုံး ရှင်သန်လည်ပတ်နေထိုင်ကြရသည်။ ထိုလူတွေထဲမှာ သဘာဝတရားကြီးကို ဆန့်ကျင်သည့် အတွေးအမြင်ဖြင့် တွေးမြင်နေကြ သူတွေတော့မပါ။

သဘာဝလွန် ဖြစ်ရပ်တွေကို စိတ်ကူးရှိတိုင်း တွေးထင်သက်ဝင် နေကြသူနှစ်ဦးက နေခနှင့်ဟန်။

"ဘယ်လိုလဲ အန်ကယ်။ ကျွန်တော့်ကိစ္စ အားလုံးအဆင်ပြေ ချောမွေ့ရဲ့လား"





နောက်ရက်မှာ နေခ ဖုန်းဆက်သည်။ စိတ်လှုပ်ရှားနေသည့် နေခ အသံထဲက မျှော်လင့်ချက်တွေကို ဦးအဲဘတ် မြင်တွေ့ထားပြီးသား ဖြစ်၍ သူ မေးလာချိန်မှာ အလွယ်ပင် ခေါင်းညိတ်လိုက်သည်။

"အဆင်ပြေပါတယ် မောင်နေခ၊ မင်းအလုပ်ကိုသာ သေချာ ဂရုစိုက်လုပ်ပါ။ အကြောင်းထူးရင် မင်းဆီကို အန်ကယ်ကိုယ်တိုင် ဖုန်းဆက်မှာပါ"

"ကျွန်တော့်စိတ်ထဲ အလုပ်ကိစ္စပြီးရင် အဲဒီကိစ္စပဲ အာရုံက ရောက်ရောက်နေတယ်"

ဦးအဲဘတ် ဒါကို လက်ခံသည်။

ဖြစ်လည်း ဖြစ်သင့်သောကိစ္စဖြစ်၍ နေခအဖြစ်ကို သူ နားလည် သည်။

"အတတ်နိုင်ဆုံး မင်းစိတ်ကို ငြိမ်းချမ်းအောင်နေပါ။ ကံတရားက မင်းဘက်မှာရှိရင် အားလုံး အဆင်ပြေသွားမှာပါ"

"တချို့ကံတွေက လူလုပ်မှုဖြစ်တာပါ အန်ကယ်၊ ကံတရား အတိုင်းဆိုတဲ့ စကားကို နေရာတိုင်း ကျွန်တော် မယုံဘူး"

"မောင်နေခပြောတာ အန်ကယ် မငြင်းပါဘူး။ ဒါပေမဲ့ ရှောင်လွှဲ လို့မရတဲ့ ကံတရားရဲ့ ဆန်းကြယ်မှုဆိုတာတွေကလည်း ရှိနေသေး တယ် မောင်နေခ"

လေးနက်စွာ ဆိုလိုက်သော ဦးအဲဘတ်စကားနှင့် နက်ရှိုင်းမှု အလုံးစုံကို ကံတရားဆိုသည့် အရာကို စိတ်ချယုံကြည်မှု မရှိသော လူငယ်လေးတစ်ယောက် နားလည်သလောက် လက်ခံချင်လာသည့် အထိ သူ ရှင်းပြမနေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ နေခကိုယ်တိုင် ရှောင်လွဲမရနိုင်သည့် ကံတရားနှင့် ဆုံတွေ့လာသည့်အခါမှ ဦးအဲဘတ် ဘာကိုဆိုလိုသည်ကို လက်ခံလာပါလိမ့်မည်။ ထိုနေ့က ဘယ်နေ့ဖြစ်လာမည်ဆိုသည်ကိုက ဘယ်သူမှ အတိအကျမသိ။ ဂျပန်မှာ နှစ်လကြာပြီးမှ နေခ မြန်မာနိုင်ငံကို ပြန်ရောက်လာသည်။ လုပ်ငန်းကိစ္စ အားလုံး အဆင်ပြေသည်။ အောင်မြင်သည်။ ဘာပြဿနာမှ မရှိ။

ဦးအဲဘတ်ဆီ ရောက်သည်။

ဝယ်လာသည့် လက်ဆောင်ပစ္စည်းတွေပေးရင်း သူ အလွန်သိချင်နေသည့် သူ့ကိစ္စကို အသေးစိတ် ပြောပြပေးပါဟု တောင်းဆိုသည်။ ဒီတော့မှ ဦးအဲဘတ်က မသီဂီတစ်ယောက် လူ့လောကကြီးမှာ မရှိတော့သည့်အကြောင်းနှင့် နေခ မျှော်လင့်သလို ဘာတစ်ခုမှ ဖြစ်မလာကြောင်း ရှင်းပြသည်။

နေခ ဘာမှမပြောနိုင်။

သူ အလွန်တောင်းတ မျှော်လင့်သော ကလေးအဖေ ဖြစ်ခွင့်မရတော့မှန်း သိလိုက်ရပြီး နောက်မှာ စိတ်ဓာတ်ကျသွားသည်။ စိတ်လည်း ညစ်သွားသည်။

"ဒီမှာ မင်းပေးထားတဲ့ စရန်ငွေ၊ အပြည့်တော့ မဟုတ်ဘူး။ မသီဂီကိစ္စမှာ ဒီထဲက ငွေနှင့်သုံးပါဆိုတာ ဒေါ်နန်စီက မသုံးလို့ အန်ကယ်ကိုယ်တိုင် ဒေါ်နန်စီလက်ထဲ ငွေတစ်ဝက်ကို တမင် ထည့်ပေးလိုက်တာ"

"အန်ကယ်လုပ်တာ အားလုံးကောင်းပါတယ် အန်ကယ်။ ဒီငွေတွေကိုလည်း ကျွန်တော် ပြန်မယူတော့ပါဘူး။ ကျန်းမာရေးအတွက်





ရန်ပုံငွေတစ်ခုခုမှာ ထည့်လှူပေးပါ"

"ကောင်းပြီ မောင်နေခ သဘောအတိုင်း အန်ကယ် ဆောင်ရွက်ပေးမယ်"

နေခကိစ္စနှင့် ပတ်သက်ပြီး ထိုနေရာမှာ အားလုံးပြီးဆုံးသွားသည်။ နေခကိုယ်တိုင်ကလည်း သူဖြစ်ချင်တာ ဖြစ်ခွင့်မရလိုက်သည့်အတွက် စိတ်ညစ်ညစ်နှင့် ခြေဦးတည့်ရာ လျှောက်သွားရင်း ထိုကိစ္စကို မေ့ပစ်ဖို့ ကြိုးစားသည်။ ကလပ်တွေအနှံ့ လျှောက်သွားသည်။ အရင်ရည်းစားဟောင်းတွေ ပြန်တွဲဖို့ ကြိုးစားသည်။

ဘာတစ်ခုမှ အဆင်မပြေ။ ပိုပြီး စိတ်ညစ်ရသည်။ ပိုအာရုံနောက်ရတာနှင့် ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်တော့ဘဲ သူတစ်ယောက်တည်း အခန်းတံခါးပိတ် နေပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တစ်ရက်လည်း မဟုတ်။

နှစ်ရက်လည်း မဟုတ်။

တစ်ပတ်တိတိ သူ့အခန်းပိတ်ထားတာမြင်တော့ နေခ မာမီက နေခကိုကြည့်ပြီး မသက်သာ ဖြစ်လာသည်။

"ဘာဖြစ်နေတာလဲ သား၊ သားကောင်မလေးနဲ့ အဆင်မပြေလို့လား"

"ဟုတ်တယ် မာမီ"

နေခ ခေါင်းညိတ်လိုက်တော့ မာမီက သက်ပြင်းချသည်။ တခြားကိစ္စအကြောင်းပြနေရင် မာမီပဲ နေခအတွက် စိတ်ပူရ။ စိုးရိမ်ရ ဖြစ်နေမှာစိုးလို့ နေခက မာမီထင်သည့်ကိစ္စကိုပဲ ချော်လဲရောထိုင် လုပ်လိုက်ခြင်း ဖြစ်သည်။

"ဒီလို အခန်းတံခါးပိတ်ပြီးနေလို့ သားချစ်သူနဲ့သား ဘယ်လိုလုပ် ပြန်အဆင်ပြေနိုင်မှာလဲကွယ်။ ကိုယ်က ယောကျ်ားလေးပဲ ချော့စရာရှိတာ ချော့လိုက်ပါ၊ မိန်းကလေးဆိုတာ အချော့ကြိုက်ကြတာပဲ





သားရဲ့။ သူဖြစ်ချင်တာလေးတွေ သူလုပ်ချင်နေတာလေးတွေရှိရင် ဖြစ်ခွင့် လုပ်ခွင့် ပေးလိုက်ပါ"

မာမီက နေခကို ချစ်သူချော့နည်း သင်ပေးနေသည်။ နေခအဖြစ်က မာမီထင်သလို မဟုတ်ဘူးဆိုတာကိုတော့ သူပဲ သိသည်။

"အိမ်ထဲမှာချည်း မနေပါနဲ့ သားရယ်။ အရင်လိုပဲ ပျော်ပျော်နေစမ်းပါ။ မာမို့သား ဂျပန်ကို မသွားခင်တုန်းက တစ်ချိန်လုံး ပျော်ပြီးပြုံးနေတာ၊ အခု ဟိုကလည်း ပြန်လာရော မာမို့သားက အခန်းတံခါးပိတ် စိတ်ညစ်နေပြန်ရော"

မာမို့စကားကြောင့် နေခ ပြုံးလိုက်သည်။ သူ့အဖြစ်က မာမီပြောမယ်ဆိုလည်း ပြောစရာ ဖြစ်နေသည်။ ကံတရားဆိုတာ ဒါလား။ အန်ကယ်အဲဘာတ်ပြောသည့် ရှောင်လွှဲမရသည့် ကံတရားအကြောင်း တွေးမိတော့ သူ သက်ပြင်းချလိုက်သည်။

"မာမီ စိတ်ချမ်းသာအောင်နေပါ။ ကျွန်တော့်အတွက် စိတ်မပူပါနဲ့။ အခု အဆင်မပြေလည်း နောက်တော့ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော် ပြန်အဆင်ပြေသွားမှာပါ"

"မာမီက သားပျော်နေတာကို မြင်ချင်တာဆိုတော့ သားစိတ်ညစ်နေတာမြင်တော့ ဘယ်ပျော်နိုင်မှာလဲကွယ်"

မိဘမေတ္တာဆိုတာကို နေခ နားလည်သည်။ သူ့ကြောင့် မာမို့ကို စိတ်မညစ်စေချင်၍ သူ ပေါ့ပါးသွားသည့်ဟန်နှင့် မာမီရှေ့မှာ ရယ်နေတော့မှ မာမို့မျက်နှာလည်း ကြည်လာ၏။

"စိတ်ချပါ။ ကျွန်တော့်ကြောင့် မာမီ စိတ်မညစ်စေရပါဘူး"

"အမယ်လေး... မာမီတစ်ယောက်တည်း စိတ်ညစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး သားရေ။ သားဒယ်ဒီကပါ မင်းသား ဘာဖြစ်နေလဲ မသိဘူး။ အခန်းတံခါးပိတ် ငြိမ်နေတာ သွားမေးလိုက်ဦးဆိုတာချည်း ပြောနေတာ”

“ရည်းစားပူမိနေတာလို့ မာမီက မပြောလိုက်ဖူးလား”

မာမီ့ကို စချင်၍ သူ တမင်ပြောလိုက်တော့ မာမီက ရယ်သည်။

“သားပြောသလိုတော့ မပြောလိုက်ပါဘူးကွယ်။ ကျွန်မတို့ မကြာခင် မြေးချီရတော့မယ်လို့ပဲ ပြောလိုက်တယ်”

မြေးရူးရူးနေသည့် မာမီ့စကားအဆုံးမှာ သူ သဲ့သဲ့ ပြုံးလိုက်သည်။ သူဖြစ်ချင်တာတွေ ဘာတစ်ခုမှ ဖြစ်မလာတော့တာ မာမီ မသိ။ နိုင်ငံခြားမှာရှိနေသည့် Fertility Center (ကလေးမရသူများကို ကလေးရအောင် လုပ်ပေးသည်) တစ်ခုခုနှင့် ချိတ်ဆက်ပြီး သူ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်ရမလားဟု တွေးကြည့်သည်။ လောလောဆယ် ဘာတစ်ခုမှ လှုပ်ရှားချင်စိတ် မရှိတာ ပြန်တွေ့ရတော့ ထို အစီအစဉ်ကိုသာ ခေါက်သိမ်းလိုက်ရ၏။

တစ်နည်းပြောရရင် နေခ စိတ်တွေ လေးနေသည်။ ဘယ်နေရာ ပျော်စရာမတွေ့။ ဘယ်အရာကမှလည်း နေခစိတ်ကို ညွတ်နူး ဖျော် ပျောင်းအောင် ပျော်ရွှင်လန်းဆန်းသွားအောင် မလုပ်နိုင်။ ခြေဦးတည့်ရာ ကားတစ်စီးဖြင့် လျှောက်သွားနေမိသည်။ ပြီးတော့ တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်နေချင်၍ သူ အနားယူရန် သီးသန့်ဝယ်ထားသည့် ခြံ ဆောင်းကတ္တီပါခြံကြီးမှာ တစ်ယောက်တည်း သွားနေသည်။

မာမီတို့က ဘာမှမပြော။

အားလုံး နေခ သဘောဆိုတော့ ဒယ်ဒီကအစ နေခ အလိုကျ





ဘာလုပ်လုပ်ဆိုတော့ နေခကို ဘယ်သူကမှ ဘာမလုပ်ရ ညာမလုပ်ရ ဆိုတာမျိုး တားစီးချုပ်ချယ်မည့်သူက မရှိ။ ချစ်သူရည်းစားထားတော့လည်း ဒီပုံစံအတိုင်း။ ဘယ်ရည်းစားကမှ နေခနှင့်ပြိုင်ပြီး ခေါင်သ ဖြစ်မနေကြ။ အားလုံးက နေခမျက်နှာညှိုလျှင် မနေတတ်သည့်သူတွေ ချည်းဆိုတော့ ရန်ဖြစ်စရာလည်း မရှိ။ ပြန်ချစ်စရာလည်း မရှိ။ ကြာတော့ ပျင်းလာတာနှင့် ဘယ်သူနဲ့မှ ဆက်မတွဲဖြစ်။ ရည်းစားတစ်ယောက် ထားကြည့်သည်။

နှစ်ရက်သုံးရက်ထက် မပိုချင်တာ သူ့အဖြစ်လား။ ဘယ်လို မိန်းကလေးကမှ နေခနှလုံးသားကိုရော၊ နေခဘဝကိုပါ မဖမ်းစားနိုင်။ ဒီလိုမိန်းမတွေကို သူ့ဘဝထဲ ဘာအတွက် နေရာပေး အလေးထား နေရဦးမှာလဲ။ မတွေ့ရ မနေနိုင်။ မချစ်ရမနေနိုင် မိန်းမတစ်ယောက် သူ့ဘဝထဲ ဘယ်အချိန်မှ ရောက်လာမှာလဲ မသိ။ ကြာရင် ဒီပုံနှင့် မျိုးဆက်တုံးသည့် လူပျိုကြီးဘဝနှင့် ဇာတ်သိမ်းအရိုးထုတ်ရတော့မလို ဖြစ်နေပြီဟုတွေးရင်း တစ်သက်လုံး သူ့ဘဝမှာ တစ်ခါမှ မလုပ်ဖူးသည့် အလုပ်တွေ လုပ်ကြည့်ဖို့ စိတ်က ဖြစ်လာသည်။

ဒါကလည်း စိတ်အပြောင်းအလဲတစ်ခုပါ။ သူကိုယ်သူ သဘောတူပြီး ခြံစောင့်မာလီ ဦးမြိုင်နှင့်အတူ ခြံထဲဆင်း၍ အလုပ်လုပ်ခြင်း ဖြစ်သည်။ အစတော့ ဦးမြိုင်က တားသေးသည်။ ပြောမရတော့ လက်လျှော့ပြီး နေခဖြစ်ချင်တာ လုပ်ချင်တာတွေ ဦးမြိုင်က လိုက်လုပ် ပေးသည်။ ခြံကြီးက ကျယ်သည်။ မြေအပိုတွေထဲမှာ အလွန်လှပသော ပန်းဥယျာဉ်နှင့် သီးပင်စားပင်တွေ စိုက်ပျိုးမည်ဟု သူကိုယ်တိုင် စီစဉ်သည်။ ပုံစံချသည်။ စိုက်ရမည့် သစ်ပင်တွေ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ရွေးသည်။ သီးပင်စားအတွက် နေရာကအစ သူ စိတ်ကြိုက်လုပ်သည်။ အလုပ်သမားတွေ ထပ်ခေါ်သည်။ လိုအပ်သည့် မြေဩဇာနှင့် အသီးအနှံပင် မျိုးစေ့ရွေးတာကအစ အားလုံး ဦးမြိုင်ကျွမ်းကျင်သဖြင့် နေခ စိတ်တိုင်းကျ ဖန်တီးခွင့်ရသည်။

စိတ်ထဲ ပြန်လန်းလာသည်။ ဘဝမှာ တစ်ခါမှ မလုပ်ဖူးသည့် အလုပ်တွေ ဖြစ်ရုံမက နေခဘဝနှင့် ဘာမှမဆိုင်သည့် အလုပ်တွေ လျှောက်လုပ်နေ၍ မာမီက ရင်ဖိသည်။

"ဘယ်လိုဖြစ်တာလဲ သားရယ်။ ဦးမြိုင်ပြောလို့သာ ကြားလိုက်ရတယ်။ မာမီဖြင့် မာမို့သား လုပ်နေတာတွေကို ယုံတောင် မယုံနိုင်အောင်ပဲကွယ်။ ဘာဖြစ်လို့ ပင်ပင်ပန်းပန်း ဆင်းရဲတဲ့အလုပ်တွေ လျှောက်လုပ်နေရတာလဲ သားရဲ့။ ဒီလို အလုပ်တွေဆိုတာ သားဘဝနဲ့ ဘာမှမဆိုင်တဲ့ ဆင်းရဲသားအလုပ်တွေကိုမှကွယ်"

မာမို့အသံက ရင်နာသံ။

သူ့သားလို ရွှေမင်းသားလေးက ခိုင်းစရာ အလုပ်သမားတွေ အများကြီး ရှိပါလျက် သူကိုယ်တိုင် ပင်ပင်ပန်းပန်း ဆင်းရဲသည့် အလုပ်တွေ လုပ်နေ၍ ရင်နာနေပုံက အထင်းသား။

"ကျွန်တော်ကိုယ်တိုင် လုပ်ချင်လို့ပါ မာမီ"

"အမယ်လေး... မာမို့သားတော့ ရူးပြီထင်တယ်။ ဒီအလုပ်တွေက သားလုပ်ရမယ့် အလုပ်တွေ မဟုတ်ဘူးသားရဲ့"

ပြောရင်း မာမို့အသံက ငိုသံပါလာသည်။ ပြီးတော့ နေခမျက်နှာကို မျက်ရည်သီဝဲသော မျက်ဝန်းအစုံဖြင့် စူးစမ်းစွာ ကြည့်သည်။

"ပြောစမ်းသား... သားကို စိတ်ညစ်အောင် ဘယ်သူလုပ်လဲ။ မာမီကိုယ်တိုင် ရှင်းမယ်"

သားကိုချစ်သော မိခင်မေတ္တာကို မာမီမျက်နှာမှာ မြင်ရသည်။ သူ့မာမီကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ကျွန်တော် ဘာမှမဖြစ်ဘူး မာမီ။ ကျွန်တော့်ကို စိတ်ညစ်အောင်လည်း ဘယ်သူမှ မလုပ်ပါဘူး"

"မာမီ မယုံဘူးသား၊ သားမှာ အကြောင်းတစ်ခု ရှိကိုရှိရမယ်။ တော်ပြီကွယ် သားကို ဒီနေရာမှာ မာမီတစ်ယောက်တည်း မထားနိုင်တော့ဘူး။ မာမို့သား အိမ်ကို ပြန်လိုက်ခဲ့တော့။ သား ပြန်မလိုက်ရင် မာမီလည်း မပြန်ဘူး။ ဒီမှာပဲ သားနဲ့အတူနေမယ်"

မာမို့မျက်နှာက ညှိုးနေသည်။

ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိသော်လည်း သူ့သားကို စိတ်ညစ်အောင်လုပ်သူကို ကျိတ်ပြီး စိတ်ဆိုးဒေါသ ဖြစ်နေသည်။ ဒါကို နေခ သိသည်။ တစ်ဦးတည်းသောသား နေခကို မာမီဘယ်လောက်ချစ်လဲဆိုတာ နေခသိသည်။ ဖူးဖူးမှုတ် အလိုလိုက်ထားခြင်း ခံနေရသည့်သားက သူ့ကိုယ်သူ အပင်ပန်း အဆင်းရဲခံပြီး ဘာတွေလျှောက်လုပ်နေမှန်း မာမီမတွေးတတ်။ မစဉ်းစားတတ်တာလည်း နေခ နားလည်သည်။

နေခကိုယ်တိုင် နားမလည်နိုင်တာက သူ့ကိုယ်သူ ဖြစ်သည်။ သူကိုယ်တိုင် ဘာတွေဖြစ်လို့ ဘာတွေ လျှောက်လုပ်နေမိမှန်း မသိပေမယ့် ဒီလိုနေရတာကို သူ့စိတ်ထဲ ပျော်သလိုလို ဖြစ်နေတာကလည်း ထူးဆန်းသည်။

"ကျွန်တော်ပြောတာ နားထောင်ပါဦး မာမီ"





www.burmeseclassic.com

www.burmeseclassic.com



''ဘာမှနားမထောင်ချင်တော့ဘူး သား။ သားကို အခုလို ပုံစံနဲ့ တွေ့ရတာ မာမီ့အသည်းတွေ နာလွန်းလို့ပါကွယ်။ သားကိုယ်သားရော ဘာတွေဖြစ်နေတယ်ဆိုတာ သိမှသိရဲ့လားဟင်''

''ကျွန်တော် သိပါတယ်''

''သိတယ် ဟုတ်လား''

မာမီက နေခမျက်နှာကို အလန့်တကြားကြည့်ပြီး ရင်ဘတ်ကို ဖိသည်။ သူ့အတွက် စိုးရိမ်နေသော မာမီ့ကိုကြည့်ပြီး နေခပြုံးလိုက်သည်။

''ကျွန်တော် ဒီမှာ အကြာကြီး မနေပါဘူး မာမီ။ ဒီအလုပ်တွေကလည်း ကျွန်တော် အမြဲလုပ်နေမှာ မဟုတ်ဘဲ။ မာမီ့ဘာသာ စိတ်အေးချမ်းအောင်နေပါ။ ကျွန်တော်က အပျော်သဘော လုပ်ချင်တာ လျှောက်လုပ်နေတာ''

''ဒီပြင် အပျော်နဲ့ ပျော်လို့မရဘူးလား သားရယ်၊ ကြည့်ပါဦး မာမီ့သား လက်ဖဝါးနုနုလေးတွေ သွေးခြည်ဥကုန်ပါပြီ''

မာမီက နေခလက်လေးတွေ ယူကြည့်ပြီး ရင်ဖိုမနာအသံနှင့် ဆိုသည်။ တကယ်လည်း နေခလက်မှာ အရေကြည်ဘုလေးတွေ ထနေတာမြင်တော့ သူကိုယ်တိုင် သူ့လက်ဖဝါးသူ ငုံ့ကြည့်ပြီး ဘာ ပြောရမှန်းမသိ။ ရွှေလင်ဗန်း အချင်းဆေး၊ ရွှေခွန်းကိုက်ပြီး ကြီးလာရသည့် သူကိုယ်တိုင် သူ့ဘဝနှင့် မသက်ဆိုင်တာတွေ လျှောက်လုပ်နေမိတာ ဝန်ခံသည်။

''ပြန်ကြပါစို့သားရယ်၊ မာမီနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့နော် သား။ အိမ်ရောက်ရင် သားဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ၊ မာမီ အကုန်





လုပ်ပေးမယ်''

အစွမ်းကုန် အလိုလိုက်တော့မည့် မိခင်မျက်နှာကိုကြည့်ပြီး နေခ သက်ပြင်းကျိတ်ချသည်။ နေခကို ဒီလိုပုံစံဖြစ်လာအောင် မာမီက လိုတရ ပြည့်စုံစေခဲ့လွန်း၍လား မသိ။ နေခဘဝမှာ ဘာဆိုဘာမှ မလိုချင်တော့သည့်အထိ ဖြစ်လာခဲ့ရသည်ဟု ထင်သည်။ နေခကသာ ဘာလေးလိုချင်လိုက်တာ၊ ဘာလေးဖြစ်ချင်လိုက်တာဟု မတမ်းတ လိုက်နှင့်။ မာမီက နေခ နှုတ်ဖျားက ထွက်သမျှ စကားအားလုံး အတည်ယူကာ စားပွဲရှေ့ရောက် ဖန်တီးဖြည့်စွမ်းပေးလွန်း၍ ကြာတော့ နေခကိုယ်တိုင် ကိုယ်ပိုင်စွမ်းအားနှင့် ဘာတစ်ခုမှ မဖန်တီးရပဲ တမ်းတ လိုက်ရုံနှင့် ရလာသည့် ရောက်လာသည့် ပစ္စည်းတွေအပေါ်မှာ ဘာ တစ်ခုမှ တန်ဖိုးမထားသလို စိတ်လည်း မဝင်စားသူ ဖြစ်လာ၏။

ကိစ္စတိုင်း ဒီလိုချည်း အမြဲဖြစ်နေတော့ မိန်းကလေးကိစ္စမှာလည်း ဒီအတိုင်း ဖြစ်သည်။ နေခက လိုက်ရသူ မရှိ။ နေခစိတ်ထဲ သဘော ကျသလိုလိုဖြစ်၍ ပြောလိုက်မိရုံ၊ စကားစမိရုံနှင့် နေခနားကို ထို မိန်းကလေး သူ့အလိုလို ရောက်လာစေရမည်ဆိုတာ မာမီ့တာဝန် ဖြစ်နေသည်။

တမ်းတတိုင်း ပြည့်စုံနေသည်။

လိုချင်တာမှန်သမျှ ရနေတော့ စိတ်ပျက်ညည်းငွေ့လာသည်။ ပျင်းစရာကောင်းလာသည်။ နေခနှင့်တွဲမိသည့် မိန်းကလေးတိုင်းက လည်း အရာရာ နေခ စိတ်တိုင်းကျဖြစ်အောင် ကြိုးစားနေကြသူတွေ ချည်းဖြစ်၍ နေခ စိတ်ပျက်စရာတွေချည်း ဖြစ်လာသည်။ တစ်ယောက် ပြီးတစ်ယောက်သာ ပြောင်းသွားသည်။ အသား ညိုတာဖြူတာ ကွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အားလုံးတစ်ပုံစံတည်း။ တစ်မျိုးတစ်စား ဖြစ်နေကြတာ နေခ၏ အိမ်ထောင်ဖက် ဖြစ်ရေး။ နေခနှင့် လက်ထပ်နိုင်ရေး ဒါပဲ ဖြစ်သည်။

နေခကို အသည်းအသန် ချစ်ပြကြသည်။ နေခ အလိုကျနေကြသည်။

နေခကိုသာ ပိုင်ဆိုင်ခွင့်ရမည်ဆိုရင် ဘာပဲလုပ်ရလုပ်ရဆိုတာတွေချည်းထဲမှာ နေခ မပျော်။ ကြာတော့ သူတို့နှုတ်ဖျားက အမြဲကြားနေရသည့် အချစ်စကားက ခါးသီးစရာ ဖြစ်လာသည်။ အပ်ကြောင်းထပ်နေသော ထိုအချစ်သီချင်းတွေကို မုန်းလာသည်။ အထင်အမြင်သေးလာသည်။ ဘာကိုမှ သဘောမကျ ဖြစ်လာသည်။

မိန်းမတစ်ယောက်နှင့် တစ်မိုးအောက်မှာ တစ်သက်လုံး အတူနေဖို့ဆိုတာ မစဉ်းစားချင်တော့။ သူ့ခံစားချက်တွေကို မာမီနားလည်အောင် ပြောပြချင်ပေမယ့် နေခ စကားတွေကို မာမီ လက်ခံနိုင်မည်မဟုတ်။ နေခကို နားမလည်သလိုကြည့်ပြီး သူဖြစ်ချင်တာတွေ သူလုပ်ချင်တာတွေကိုသာ ရှေ့တမ်းတင် ပြောဆိုလာမှာ သေချာသည်။

"ကျွန်တော် ဒီမှာခဏနေဦးမယ် မာမီ"

"သား"

"ကျွန်တော့်အတွက် စိတ်ချပါ မာမီ။ ကျွန်တော် ဘာမှမဖြစ်ဘူး။ တစ်ယောက်တည်းနေချင်တာ တစ်ခုပဲ"

"ပြောမရလည်း သားသဘောပါ။ မာမီကတော့ မာမို့သားလေး အခုလို ဖြစ်နေတာ မြင်တွေ့ရတာ ရင်အနာဆုံးပဲ"

ပြောရင်း မာမီက သူ့မျက်ဝန်းက သီဝေလာသော မျက်ရည်စ





တွေကို လက်ကိုင်ပဝါနှင့် အသာတို့သည်။ နေခကို ပြောမရမှန်းသိမှ မာမီလက်လျှော့ပြီး ပြန်သွားသည်။ နေခက မာမို့ကားလေး ထွက်သွားတာကို မျက်စိတစ်ဆုံး လိုက်ကြည့်နေတုန်း သူ့ဆီကို လမ်းတစ်ဖက်က ခပ်ကြမ်းကြမ်း ပြေးဝင်လာသည့် ကားတစ်စီးကြောင့် လန့်သွားသည်။

"တီ... တီ"

"ဟာ..."

"ဝုန်း"

ကားမောင်းပုံက ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းဟု ထင်နေတုန်း ကားက နေခမျက်စိရှေ့မှာပဲ ထိန်းမနိုင် သိမ်းမရပုံစံ ဝရုန်းသုန်းကားနှင့် လမ်းဘေးဘက် ထိုးဆင်းသွားပြီး တွေ့သမျှ အကုန်ဝင်တိုး တိုက်သွားကာ နောက်ဆုံး သစ်ပင်တစ်ပင်နှင့် ဝင်တိုက်ပြီး ဝုန်းခနဲ ရပ်သွားမှ သူလည်း ကားရှိရာ ပြေးခဲ့သည်။

ဖြစ်ပျက်ပုံ အလုံးစုံပုံစံကြည့်ပြီး ကားဘရိတ်ပေါက်တာဟု သိလိုက်ရသည်။ ကားမောင်းသူနေရာကို သူရောက်သွားတော့ ကားမောင်းသူနေရာမှာ ရှိနေသူက မိန်းကလေးတစ်ယောက်။ ကားလက်ကိုင်မှာ မျက်နှာတစ်စောင်းအပ်ပြီး သတိမေ့နေသည်။ ကားတံခါးကို ဆွဲဖွင့်တော့ အလွယ်တကူ ပွင့်သွားသည့်အတွက် သတိမေ့နေသည့် မိန်းကလေးကို ကားထဲက ဆွဲထုတ်လိုက်သည်။

ကံကောင်း၍ သူမကိုယ်ပေါ်မှာ ဘာဒဏ်ရာမှ မတွေ့။ နဖူးတည့်တည့်မှာ သွေးထွက်နေသည့် ဒဏ်ရာတစ်ခုပဲ ရှိသည်။ အရှိန်မထိန်းနိုင်ဘဲ ပြေးဝင်လာသည့် ကားက ကံကောင်းစွာ ရွှံ့ထဲ ကျွံဆင်းသွားပြီး သဲပုံကြီးထဲ တိုးဝင်ကာ သစ်ပင်မှာ အဆုံးသတ်၍ ကားရော



www.burmeseclassic.com

www.burmeseclassic.com



လူပါ ဘာမှဒဏ်ရာ ပြင်းပြင်းမရခြင်း ဖြစ်သည်။

သို့သော် ကားမောင်းသူက မိန်းမသားတစ်ယောက်ဖြစ်၍ ကြောက်လန့်ပြီး ရှော့(ခ်)ရသွား၍ နေခကပဲ သူမကို သတိရအောင် ကြိုးစားရသည်။ အနီးပတ်ဝန်းကျင်မှာလည်း လူသွားလူလာ မရှိ သလောက် ကင်းပြတ်နေ၍ နေခကို ကူညီပေးမည့်သူလည်း ရှတ်တရက် ရောက်မလာ။ နေခနား ရောက်လာသူက နေခ ခြံစောင့်ကြီး ဦးမြိုင်ဖြစ်သည်။ ကားကို နေရာက မောင်းရွှေ့ခိုင်းလိုက်သည်။ သတိမေ့နေသည့် မိန်းကလေးမျက်နှာကို နေခ စိတ်ထဲ မြင်ဖူးသလိုလို ဘာလိုလို ဖြစ်နေပေမယ့် ဘယ်နေရာမှာ မြင်ဖူးတွေ့ဖူးမှန်း မသိ။

နေခရဲ့ ချစ်သူရည်းစားတွေ အများကြီးထဲက တစ်ယောက်များလားဟု ဇဝေဇဝါတွေးရင်း သတိမေ့နေသည့် မိန်းမလှလေးကို သူနေသည့် အိမ်ကြီးထဲ ခေါ်လာခဲ့သည့်အချိန်အထိ သတိမရ။

မျက်နှာကို ရေအေးအေးလေးနှင့် အသာအယာ ပွတ်တိုက်ပေးမှ ဝုန်းခနဲ အလန့်တကြား ထခုန်တော့ နေခကိုယ်တိုင် အလန့်တကြား ဖြစ်ပြီး သူမနားက ခုန်ရှောင်လိုက်သည်အထိ တကယ့်ကို အသည်းအသန်။

"အား… ကား… ကား"

"ဟော့… သတိထားလေ"

"ဟာ… ရေတွေကျကုန်ပြီ"

"အမယ်လေး… အေးလိုက်တာ ရေခဲရေတွေလားရှင့်"

"ဟုတ်တယ်၊ ရေခဲရေတွေ"

ဟန်က စိမ့်နေအောင် အေးသောရေခဲရေတွင် သူ့ရင်ဘတ်ပေါ်





ခိတ်ကျသွား၍ အလန့်တကြား ဖြစ်သွားသလို သူမ ကားမောင်းရင်း ဘရိတ်မမိဘဲ လမ်းမကြီးအတိုင်း လျှောက်မောင်းနေရာက ရေနုစ်နေသော ရွှံ့ပြင်ထဲ ကွေ့ဆင်းအဆုံးသတ်ဖို့ ကြိုးစားရင်း သစ်ပင်ကြီးနှင့် ဝင်တိုက်မိတာ ပြန်သတိရလာပြီး သူမ မျက်စိရှေ့မှာ မားမတ်ခန့်ညားစွာ ရပ်နေသည့် နေခမျက်နှာကို တစ်လှည့်၊ သူမ ရောက်နေသည့် ပတ်ဝန်းကျင်ကိုတစ်လှည့် ကြည့်သည်။

"ဟန် ဘာမှမဖြစ်ပါဘူးနော်"

"ဟင့်အင်း မဖြစ်ဘူး"

သူမအမေးကို နေခက ဖြေခြင်းဖြစ်သည်။ နေခက လှပရွှန်းလက်သော မျက်ဝန်းအစုံကို သေချာကြည့်ပြီး ခေါင်းခါသည်။ အကြည့်ကိုတော့ မလွှဲ။

"မင်းကို ကိုယ့်အိမ်ထဲ ခေါ်လာတာ"

"ဆေးရုံမဟုတ်လို့ တော်သေးတယ်၊ ဟန် ရှင့်ကို ကျေးဇူးတင်ပါတယ်ရှင်… အား… ကျွတ်… ကျွတ်"

"ခေါင်းထဲက နာလို့လား"

ဟန်ပြောရင်း သူမ နဖူးနေရာကို လက်ဖဝါးနှင့် အသာဖိ ညည်းလိုက်၍ နေခက စိုးရိမ်စိတ်နှင့် မေးသည်။

"ဒီနားက နာတာပါ။ ခေါင်းထဲကတော့ မဟုတ်ပါဘူး။ ဩော်… ဒီမှာ ဒဏ်ရာရသွားတယ်ထင်တယ်။ ရှင့်ဆေးထည့် ပတ်တီးစည်းပေးထားတာ မဟုတ်လား"

"အများကြီးတော့ မဟုတ်ပါဘူး။ နည်းနည်းပါ။ ကိုယ်လုပ်တတ်သလို လုပ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအခု ဘယ်လိုနေလို့လဲ"

"ခေါင်းနည်းနည်းမူးတယ်"

ဟန်က သူမ ခေါင်းကို ဖြစ်သလို စည်းနှောင်ပေးထားသည့် ပတ်တီးစကို သူမလက်ကလေးများဖြင့် အသာထိလိုက်ရင်း သူမရှေ့မှာ ရပ်နေသူမျက်နှာကို သေချာကြည့်လိုက်သည်။

လူကတော့ လူချောပဲ။

သူမ မျက်နှာကို စူးစူးရှရှ တုံ့ပြန်ကြည့်နေသည့် မျက်ဝန်း၊ နေခ မျက်ဝန်းနက်နက်တွေ အဆုံးမှာ ဟန့်ထံမှ ဖြစ်ပေါ်လာသော အတွေး ဖြစ်သည်။

"ကိုယ်ဆေးရုံ ပို့ပေးရမလား"

"ဟန့်နာမည်က ဟန်ပါ"

"ကိုယ်က နေခ"

နှစ်ယောက်စလုံး အချောအလှခြင်း ညီကြသလို၊ တစ်ယောက်ကိုတစ်ယောက် ဂရုမစိုက်သလိုလို၊ စိတ်မဝင်စားသလိုလို ပုံစံအပြည့်ရှိနေကြလျက် တစ်ယောက်မျက်နှာတစ်ယောက် ထပ်ကြည့်မိကြသည်။

"ရှင့်ကို ဟန် မြင်ဖူးသလိုပဲ"

"ကိုယ်လည်း ဟန့်ကို သိနေသလားလို့"

"ဟန်ပြောသလို ရှင်က လိုက်ပြောနေတာပဲ"

"မဟုတ်ဘူး ကိုယ်တကယ်ပြောတာ"

နှစ်ယောက်စလုံး စကားတိတ်သွားသည်။ တစ်ယောက်ကိုတစ်ယောက် ဘယ်မှာမြင်ဖူးသလဲ စဉ်းစားနေကြပေမယ့် ဘယ်သူမှ အဖြေမရ။





"ထားပါ၊ အခု ဟန့်ကားရော"

"အိမ်ရှေ့မှာ"

"ကား ဘာဖြစ်သွားသေးလဲဟင်"

"ရှေ့ခေါင်း နည်းနည်းချိုင့်သွားတယ်။ ကားမီးသီးတစ်လုံး ကွဲတာကလွဲရင် အားလုံး အိုကေပါတယ်"

"ဟန့်ကို အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်။ ဟန် သွားတော့မယ်နော်"

"အိုကေ"

ဟန့်ပုံစံလေးက ကြွရွနေသည်။ ကားအက်စီးဒင့် ဖြစ်ထားတာနှင့်မတူ လှပနေသည်။ နဖတ်ဝင်းမွတ်သော အလှတွေ မှုံနစ်နေပုံက နေခ စိတ်ထဲ တစ်မျိုးထူးခြားနေ၏။ ဟန့်ကားလေး ထွက်သွားသည်အထိ ရပ်ကြည့်နေပြီးမှ သူ့အခန်းကို ပြန်ခဲ့သည်။

ဧည့်ခန်းကို အဖြတ်မှာ ဟန့်ထံမှ ကျန်ခဲ့သော လည်စီးပဝါလေးကို မြင်လိုက်ရ၍ ဘာရယ်မဟုတ် နီးရာစားပွဲ အံဆွဲတစ်ခုထဲ ချွဲသိမ်းလိုက်သည်။ ပြီးတော့ မေ့မေ့ပျောက်ပျောက် သူ့စိတ်ကူးတည့်ရာ အလုပ်တွေ တစ်ခုပြီးတစ်ခု လျှောက်လုပ်နေသည်။ နေခ အာရုံထဲ ဘာမှမရှိ။ စိတ်ကို ရှင်းနေအောင် ထားသည်။ ဒါကလည်း တရားက ပေးသည့် အသိပါ။ ခြံစောင့်ဦးမြိုင်နှင့်အတူနေရင်း ဦးမြိုင်ဖတ်သည့် တရားစာအုပ်တွေ အခုတစ်လော ယူဖတ်ဖြစ်နေသည်။ တရားခွေတွေ့လျှင် နားထောင်ကြည့်သည်။ ကြိုက်ရင် ဆက်နာပြီး သူ မကြိုက်လျှင် ချက်ချင်းထပိတ်ပစ်သည်။

ဦးမြိုင်က နေခလုပ်သမျှ တစ်ခုမကျန် မှတ်သားပြီး ရှေ့ခ မာမီဆီ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလှမ်းသတင်းပို့နေတာကို နေခ မသိ။ နေခ လှုပ်ရှားမှု မှန်သမျှ နေခမာမီက နေခ မသိအောင် သတင်းပို့ခိုင်းထား၍ ဦးမြိုင်ကလည်း တစ်လုံးမကျန် ပြန်ပြန်ဖုန်းဆက် သတင်းပေးနေ၍ နေခ သတင်းနားထောင်ပြီး လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ရင်ဖိနေကြသည်။

"အခု ဘယ်လိုလုပ်ကြမလဲ ဒယ်ဒီကြီး၊ တော်ကြာ တရားသဘောတွေပေါက်ပြီး လူထွက်ပြီး ဘုန်းကြီးဝတ်သွားပါဦးမယ်ရှင်"

"မင်းစကားပြောတာ ရယ်စရာကောင်းလိုက်တာ… ဟား… ဟား"

"အို… ဒီမှာ စိတ်ညစ်နေတာကို ရှင်က ဘာလို့ရယ်နေရတာလဲ"

အချစ်ဆုံး သားဖြစ်သူအတွက် မျက်ရည်လေးတစမ်းစမ်း ဝမ်းနည်းနေတာကို အဖေလုပ်သူက သနားဖော်မရ။ အော်ကြီးဟစ်ကျယ် ထရယ်တော့ ခင်ပွန်းသည်ကို မကျေမနပ်လေး ရန်တွေ့စကားဆိုလိုက်သည်။

'မင်းစကားပြောတာပဲ ကြည့်ဦးလေ။ ဘာတဲ့ သားက လူထွက်ပြီး ဘုန်းကြီးဝတ်သွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ။ ကျွန်မပြောတာ ဘာမှားနေလို့လဲ"

ပြုံးနေသည့် ခင်ပွန်းသည်မျက်နှာကို မျက်စောင်းဒိုင်းခနဲ လှမ်းထိုးတော့ သူက ရယ်သည်။

"မင်းသားက အစကတည်းက လူကွ ဘယ်လိုလုပ်ပြီး လူထွက်ရမှာလဲ"





အခုမှ သူ့စကားအမှားကို သဘောပေါက်သွားတာ ဒေါ်ဒေစီ မျက်နှာ ပြုံးသွားသည်။ သို့သော် သားဖြစ်သူအတွက်က စိတ်ညစ်နေဆဲဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်ပါ ဒယ်ဒီကြီးရယ်၊ သား အခုလို သူစိတ်ထင်ရာ လျှောက်လုပ်နေတာ ကျွန်မ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

"မာမီကြီးက ဘာလုပ်ချင်လို့လဲ"

"သားကို မိန်းမပေးစားတော့လည်း မယူဘူးတဲ့"

ဒေါ်ဒေစီအသံက စိတ်ပျက်သံ။

အမေလုပ်သူကသာ သားအတွက် စိတ်ပူစိုးရိမ်ပြီး ပျာယာခတ်နေပေမယ့် အဖေလုပ်သူပုံစံက ခပ်အေးအေး။ သူလုပ်စရာရှိတာတွေ လုပ်။ ပြောစရာရှိတာ ပြောဆိုတော့ ဒေါ်ဒေစီစိတ်ထဲ ယောကျ်ားဖြစ်သူ နေစိမ့်ပုံကိုလည်း သဘောမကျ။

"ကျွန်မကိုပဲ မေးနေတယ်။ ရှင်လည်း သားအဖပဲ။ ရှင့်သား လူ့လောကကြီးကို စိတ်ကုန်ပြီး သူ့အသက်အရွယ်နဲ့မလိုက် ဘုရားတရားလုပ်ပြီး ဘုန်းကြီးဝတ်ဖို့ စိတ်ကူးနေတာ ရှင်နည်းနည်း စိတ်မပူဘူးလား"

"ပူလို့မှမရတာ၊ သူ့စိတ်သူ့သဘောပေါ့"

"ဘာရှင့်"

ဒေါ်ဒေစီမျက်နှာလေး ဒေါသနှင့် တင်းမာသွားကာ ယောကျ်ားကို ခပ်စိမ်းစိမ်းလေး ကြည့်လိုက်သည်။ သားနဲ့ပတ်သက်လျှင် ဒေါ်ဒေစီပဲ သည်းသည်းလှုပ်နေသလောက် သားအဖအရင်းခေါက်ခေါက်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မတုန့်မလှုပ်ဆိုတော့ ရင်ထဲက လှိုက်ခနဲ ဝမ်းနည်းလာ၏။

"ကိုယ်အခုလို ပြောလို့ ဒေစီ ကိုယ့်ကို စိတ်ဆိုးသွားပြီလား"

"ဆိုးတယ်ရှင့်၊ ဆိုးတယ်။ ကျွန်မတို့မှာ တခြားကလေးရှိတာ မဟုတ်ဘူး။ သားလေးတစ်ယောက်တည်းပဲရှိတာ သူ အခုလို စိတ်ထင်ရာ လျှောက်လုပ်နေတာကို အမေတစ်ယောက်အနေနဲ့ လုံးဝ သည်းမခံနိုင်တော့ဘူး"

တကယ်လည်း ဒေါ်ဒေစီ ရင်ထဲမှာ သားအတွက် သောက တွေဝေနေသည်။ စိန့်ပုံရွှေပုံကြီးပေါ် ထိုင်နေရပေမယ့် ရင်လွယ်မွေးထားသည့် တစ်ဦးတည်းသော သားဖြစ်သူက သူဖြစ်စေချင်သလို ဘာတစ်ခုမှ ဖြစ်မလာဘဲ သူစိတ်ထင်ရာ လျှောက်လုပ်နေတာကြည့်ပြီး တစ်နေ့မှ စိတ်မချမ်းသာ။

"ကိုယ် ဒေစီကို နားလည်ပါတယ်။ ဒါပေမဲ့ သားကိုလည်း ကိုယ်တို့သဘောအတိုင်း နေပါ။ ကိုယ်တို့ ဖြစ်စေချင်သလို ဖြစ်ပေးပါလို့ ပြောလို့မှမရပဲ။ ဒေစီ့သားက အရွယ်ရောက်နေပြီ။ သူ့မှာ သူ့ကိုယ်ပိုင် အဆုံးအဖြတ်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ရှိနေပြီ။ ကိုယ်တို့ ဖြစ်စေချင်သလို သားက လိုက်ဖြစ်မှာ မဟုတ်ဘူး ဒေစီ"

"ဒါနဲ့ပဲ သားဘာလုပ်လုပ် ကျွန်မတို့က ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား ဒယ်ဒီကြီးရယ်"

ပြောရင်း ဒေါ်ဒေစီ ငိုချင်လာသည်။

ဒီလိုမှန်းသိရင် အစကတည်းက ကလေးနှစ်ယောက် ယူခဲ့ပါသည်။ တစ်ယောက်ကို ပြောဆိုမရပေမယ့် နောက်တစ်ယောက်ကတော့ ကိုယ်ဖြစ်ချင်တာဖြစ်အောင် ပြောနိုင်ဆိုနိုင် စည်းရုံးနိုင်ဦးမည်။





"အချိန်တစ်ခုတော့ ပေးထားလိုက်ပါကွာ။ နောက်တော့ သားကိုယ်တိုင် သူ့ဘာလုပ်လုပ်ရမယ်ဆိုတာ သိလာပါလိမ့်မယ်"

"ရှင်ပြောသလို ဖြစ်လာရင်တော့ ကျွန်မ ဝမ်းသာမှာပါ။ ဖြစ်လာရင်သာ..."

"အဲဒီလောက်လည်း စိတ်လျှော့မပစ်နဲ့လေ သားက သူ့တာဝန်သူသိမှာပါ။ ကိုယ်တို့မှာ သားပဲ အမွေဆက်ခံမဲ့သူရှိတာ သားသိပါတယ်။ သူလည်း တစ်ခါတလေ သူ့ဘာသာ သီးသီးသန့်သန့် နေချင်တာလည်း ဖြစ်နိုင်တာပဲ"

"အခုလည်း သားက သူ့ဘာသာသူ သီးသန့်နေတာပါပဲရှင်"

"မတွေ့လို့ နေမှာပေါ့ မာမီကြီးရယ်။ အချိန်တန်တော့ အိမ်ပြန်လာမှာပါကွာ။ မင်းသာ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် နေစမ်းပါ"

နောက်ဆုံး ဘာမှမတတ်နိုင်၍ သားသဘောကျနေပါစေဟု အားတန်တော့ မာန်ကိုလျှော့ချလိုက်ရသည်။ လောကကြီးတစ်ခုလုံး မရပ်မနား ပြောင်းလဲနေသည်။ လူတွေ၊ သတ္တဝါတွေ၊ သဘာဝတွေ ဘာတစ်ခုမှ မတည်မြဲ။ အရာအားလုံး အမြဲပြောင်းလဲနေကြသူတွေထဲမှာတို့ သားတော်မောင်လည်း ပြန်လည်ပြောင်းလဲနိုင်သည်ဟု စိတ်ကိုဖြေသာအောင် တွေးလိုက်မှ ရင်ထဲမှာ သက်သာရာ ရသွားသည်။

သို့သော် ဘယ်လိုပြောင်းလဲခြင်း ဖြစ်လာမည် ဆိုသည်ကိုက သေချာမသိ။ ကောင်းသော ပြောင်းလဲခြင်း ဖြစ်ပါစေဟု ဆုတောင်းရင်း သားဖြစ်သူကို အရင်ကထက် ပိုတိုးပြီး ဂရုစိုက်ပေးပါဟုသာ ဦးမြင့်ထွဋ်ကို အမ်းဖုန်းဆက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟော့... ဟိုမှာ ဟန်လာပြီ"

"ဟန်... သူငယ်ချင်းရယ်"

"အို... မငိုနဲ့လေ။ ဟန် ရောက်လာပြီပဲ"

လူမမာရုပ် ပေါက်နေသည့် ရွှေစင်က ခုတင်ပေါ်မှာ ပက်လ လှဲနေရာက ဟန့်ကိုမြင်တော့ ကလေးတစ်ယောက်လို အီးခနဲ ထငို ရွှေစင်နား ဝိုင်းနေသူတွေအားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ် သည်။ အားလုံး အိမ်ထောင်ကိုယ်စီ။ သားသမီးကိုယ်စီ။ မိသာ ဘဝကို တည်ဆောက်ထားကြသည့် ဟန့်သူငယ်ချင်းမတွေ ဖြစ်သ အချစ်ဆုံးသူငယ်ချင်း ငါးယောက်အုပ်စုထဲမှာ အခုအချိန်ထိ အိမ်ထေ မပြုဘဲ တစ်ကိုယ်တည်း အပျိုကြီးနှင့် ကျန်ခဲ့သူက ဟန်တစ်ယေ တည်း ဖြစ်သည်။

သူငယ်ချင်းအားလုံး တစ်ယောက်တစ်မျိုးစီ လှကြသည့်အထဲ ဟန်က ဘာတစ်ခုမှ အပြစ်ဆိုစရာ မရှိအောင် အချောဆုံး အလှ





ဖြစ်လေမယ့် ဟန့်အတွေးအခေါ်၊ ဟန့်အယူအဆတွေကြောင့် ဟန့် တစ်ယောက် အခုချိန်ထိ အိမ်ထောင်မပြုဘဲ ဆက်ကော့လက်ကော့ အပျိုစင်မလေးအဖြစ် ကျန်ခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ ရွှေစင်ရယ်၊ ကြားရတာ ဟန်ဖြင့် ရင်ကို နာနဲ့သွားတာပဲ။ ဘာလို့ ကိုယ့်အသက်ကို ရန်ရှာတဲ့အထိ ရူးမိုက်ရ တာလဲဟယ်။ လောကမှာ ယောကျ်ားတွေ ပေါလွန်းလို့ တစ်ယောက် ကောင်း တစ်ယောက် ပြောင်းစမ်းပါဟယ်"

ဟန်က သူ့ထုံးစံအတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်။ သူ့စိတ်ထဲ ရှိသည့်အတိုင်း သူမှန်သည်ထင်တာကို ပြောရင်း အိပ်ရာပေါ် ပက်လက် ဖြစ်နေသည့် ရွှေစင့်ကိုယ်လေးကို ရင်ခွင်ထဲဆွဲပွေ့ပြီး ပါးပေါ်က မျက်ရည်တွေ အသင့်ပါလာသော လက်ကိုင်ပဝါဖြူဖြူလေးနှင့် ညင် သာစွာ ဖယ်ရှားပေးရင်း ရွှေစင်ကို အားပေးစကား ပြောခြင်းဖြစ်သည်။

"သင်း... သင်း သိပ်လူပါးဝတယ် ဟန်။ အစတုန်းက ရွှေစင်မှရွှေစင်လို့ပြောပြီး အခုတော့ သူက နောက်တစ်ယောက်နဲ့ အီး... ဟီး...ဟီး"

ရွှေစင့်စကားမဆုံးခင် အီးခနဲ ငိုချလိုက်တော့ အားလုံး မျက်စိ မျက်နှာပျက်သွားကြတာ ရွှေစင်နှင့် ဟန်ကိုသာ ဘာစကားမှ မပြောနိုင် ငိုင်ကြည့်နေကြသည်။

"မငိုပါနဲ့ ရွှေစင်ရယ်... ဒီကိစ္စက ရွှေစင်ငိုနေတာ တစ်ခုတည်း နဲ့ ပြီးသွားမှာ မဟုတ်ဘူး။ အခု ရွှေစင့်ယောကျ်ားကို ရွှေစင် ဘာ လုပ်ချင်လဲပြော။ ရွှေစင် ဖြစ်စေချင်တဲ့အတိုင်း ဟန် အားလုံး မဖြစ်ဖြစ် အောင် လိုက်လုပ်ပေးမယ်"

www.burmeseclassic.com



ဟန်ပုံစံက အားမာန်အပြည့်။

အချစ်ဆုံး သူငယ်ချင်း ရွှေစင်အတွက်ဆို ဘာပဲလုပ်ပေးရ လုပ်ပေးရဆိုသည့် အနေအထားဖြစ်၍ အများအမြင်မှာ ဟန့်ကို အားကျချင်စရာ။ တီးတိုးတိုင်ပင်စရာ ဖြစ်ပေမယ့် ရွှေစင့်နှုတ်ဖျားက ဘာစကားမှ ထွက်လာခြင်း မရှိ။ တအိအိသာ ငိုပြီးရင်းငိုနေ၍ ဟန် စိတ်ညစ်လာသည်။

"ဟဲ့… နင်တို့က ရွှေစင်ငိုနေတာ ဒီအတိုင်း ထိုင်ကြည့်နေကြတာလား။ ရွှေစင့်ယောကျ်ား လူပါး၀တာကို နင်တို့လည်း ကြားနေရဲ့သားနဲ့ ဘာမှမဖြစ်တဲ့ပုံနဲ့ နေနိုင်လိုက်ကြတာဟယ်"

ရွှေစင် ငိုနေတာကို မကြည့်ရက်သည့် ဟန်က ရွှေစင်နားမှာ ဝိုင်းနေသည့် ကျန်သူငယ်ချင်းမတွေဘက်လှည့်ပြီး ရန်တွေ့တော့ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်လာပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

"နဒီတို့လည်း ဟန်မလာခင်ကတည်းက ရွှေစင့်အတွက် တိုင်ပင်နေကြပါတယ်ဟယ်"

"ဘာတွေ တိုင်ပင်ကြတာလဲ"

"ဪ… ဟယ်… ရွှေစင်က သူ့ယောကျ်ားကို သိပ်ချစ်တာ မဟုတ်လား"

"အေးလေ"

အိက ဝင်ပြောတော့ ဖြူပြာက ခေါင်းညိတ်ထောက်ခံသည်။ အိမ်ထောင်သည် မိန်းမတွေ ဖြစ်လိုက်ရင် ဒီလိုချည်းဆိုတာ သိထားသည့် ဟန်က သူငယ်ချင်းမတွေကို ကြည့်မရ။





"ရွှေစင်က သူ့ယောကျ်ားကို သိပ်ချစ်တော့ ဘာဖြစ်လဲ အိ၊ တို့က ရွှေစင်ကို မချစ်လို့ နောက်ထပ် အသစ်ရှာနေတာကို အိတို့က ဒီအတိုင်း လက်ပိုက်ကြည့်နေစေချင်ကြတာလား"

ဟန့်အသံက ဒေါသသံ။

ဟန့်အကြည့်တွေ၊ ဟန့်အပြောတွေထဲမှာ စိတ်အလိုမကျ ဖြစ်နေပုံတွေက အထင်းသားဆိုတော့ အိက နဒီကို အသာလက်ကုတ်သည်။ နင်ဝင်ပြောဦးဆိုသည့်သဘောဖြစ်၍ နဒီက အိကိုယ်စား ဟန့်ကို ပြောဖို့ စကားလုံးတွေ အပြေးအလွှား စဉ်းစားသည်။

မိသားစုပြဿနာတစ်ခုဖြစ်လျှင် အိမ်ထောင်ရှင် အချင်းချင်း နားလည်ပေမယ့် ဟန့်ကျတော့ နဒီတို့လို မဟုတ်။ သူကိုယ်တိုင်လည်း အပျိုကြီးဆိုတော့ နဒီတို့အမြင်နှင့် ဟန့်အမြင်က ဘာဆိုဘာမှ မတူ။ လောကကြီးကို ရှုမြင်သုံးသပ်ပုံကအစ ဆန့်ကျင်ဘက်။ တခြားစီ။ ရွှေစင့်ယောကျ်ား နောက်တစ်ယောက်နှင့် ဖောက်ပြန်တာသိပြီး ဟန် ဒေါသဖြစ် ပေါက်ကွဲနေချိန်မှာ အိမ်ထောင်ရှင်မိန်းမသားကိုယ်စီက ပိုပြီး ငြိမ်သက်တိတ်ဆိတ်နေ၏။

"အဲဒီကောင်ကို အခုပဲ ကွာရှင်းလိုက်တော့ ရွှေစင်၊ လိုအပ်တာ အားလုံး ဟန်လုပ်ပေးမယ်"

"အိး… ဟီး… ဟီး"

"မဟုတ်ဘူးလေဟန်"

ရွှေစင်က ထငိုသည်။

နဒီက ဟန့်ကို ဝင်တားသည်။

"ရွှေစင်တို့မှာ သားသမီးတွေ ရှိသေးတယ် ဟန်။ ဒီလို အလွယ်



www.burmeseclassic.com

www.burmeseclassic.com



တကူ ဆုံးဖြတ်လိုက်ရင် ရွှေစင်တို့မိသားစုလေး ပြိုကွဲသွားမှာပေါ့"

"ဟုတ်တယ်ဟန်၊ ဒီလိုကိစ္စမျိုးက စိတ်ထင်တိုင်း ဝုန်းဒိုင်းကျဲလို့ ရတာမျိုးမဟုတ်ဘူး။ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ရမှာ ဟန်ရဲ့"

အိန္ဒြဖြူပြာက တစ်ယောက်တစ်ပေါက် ဝင်ပြောတော့ ဟန်က အိပ်ရာထဲ သည်းအူပြတ်မတတ် ငိုနေသည့် ရွှေစင်ကိုကြည့်ပြီး သက်ပြင်းချသည်။

"အခု ဟန်တို့ ဘာဆက်လုပ်ကြမှာလဲ အိ"

"အိတို့လည်း အဲဒါကို စဉ်းစားနေတာ၊ မိန်းမသားဘဝဆိုတာ ဆူးပေါ်ဖက်ကျလည်း..."

"တော်စမ်းပါ အိရယ်၊ မင်းတုန်းမင်းလက်ထက်က အတွေးအခေါ်တွေ လာပြောမနေစမ်းပါနဲ့"

"ကိုယ်က မိန်းမသားဖြစ်တော့ ဘာဖြစ်လဲ။ ဒီနေ့ခေတ်မှာ မိန်းမဖြစ်လို့ ယောကျ်ားတွေ လူပါးဝသမျှ ခေါင်းငုံ့ခံနေရမယ်လို့ ဘယ်သူမှ မပြောဘူး။ ယောကျ်ားမရှိလည်း ဘာမှမဖြစ်ဘူး။ ကိုယ့်ဘဝကို အကောင်းဆုံး တည်ဆောက်သွားတဲ့ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တွေဆိုတာ ပြည့်လို့ပါဟယ်"

"ဒါလည်း ဒါပေါ့ဟန်ရယ်... မတတ်နိုင်တဲ့ အဆုံးတော့လည်း ဟန်ပြောသလို သူကြင်မှကိုယ်ကြင် လမ်းခွဲကြရုံရှိတာ မှန်ပေမယ့် နဒီတို့အနေနဲ့ကျတော့ ဒီမိသားစုဘဝလေး ပျက်စီးမသွားအောင် ကိုယ်တတ်နိုင်တဲ့ဘက်က ကျားကန်တည်ဆောက်ကြရမှာပဲ"

"ဟုတ်တယ်ဟန်၊ ဖြူပြာသဘောကလည်း နဒီနဲ့အတူတူပဲ အခု ရွှေစင်မှာ ကလေးသုံးယောက် ရှိတယ်။ သမီးလေးတွေက





အရွယ်မရောက်သေးတော့ တခြားသူမျက်နှာကို မကြည့်ချင်နေ ကိုယ့်သမီးလေးတွေ မျက်နှာမငယ်အောင် လူအထင်မသေးအောင် အဖေဆိုတဲ့ တံတိုင်းကြီးတော့ ရှိနေစေချင်တယ်"

အားလုံးက ခံစားချက်ကိုယ်စီနှင့် သက်ပြင်းချကြတော့ ဟန်ဘာမှ ဆက်မပြောသာတော့။ ဟန်က လူလွတ်ဆိုတော့ သူတို့လို သားသမီးအရေးတွေ ပူနေစရာမရှိ။ ရှိလာခဲ့ရင်လည်း ဟန့်သူငယ်ချင်းမတွေလို ဘယ်သူ့မျက်နှာကို ထောက်ထားနေမည့်သူလည်း မဟုတ်။ အစကတည်းက ဟန်က ဘယ်ယောကျ်ားကိုမှ အားမကိုး။ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသည်။

သားသမီး ရှိလာခဲ့ရင်လည်း ကိုယ့်အားကိုယ်ကိုးတတ်အောင်၊ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ငယ်ငယ်ကတည်းက သင်ကြားပေးထားမည့်သူ ဖြစ်သည်။ မိန်းမဖြစ်ရသည့်ဘဝ ဘာညာဆိုပြီး နဒီတို့အိတို့လို တွေးပူနေမှာ မဟုတ်။

မိန်းမဖြစ်တော့ ဘာဖြစ်လဲ။

ကိုယ့်ဘဝကို အကောင်းဆုံး၊ အပြောင်မြောက်ဆုံး တည်ဆောက်သွားမည်။ ယောကျ်ားတွေကိုယ်တိုင် အထင်ကြီးအားကျသော စီးပွားရေးလုပ်ငန်းရှင်အဖြစ် ရင်ကော့ခေါင်းမော့နေနိုင်အောင် ကြိုးစားမည်။ ဒါက ဟန့်အတွေး၊ ဟန့်အမြင်ပါ။ အိတို့ကျတော့ ဟန့်လို့မဟုတ်။

နေရာတကာ ခံစားချက်ကို ရှေ့တမ်းတင်လိုက်ကြရမှဆိုသည့် သူစားတွေဆိုတော့။ ဖြစ်သင့်တာထက် ဖြစ်ချင်တာကိုပဲ ဦးစားပေး ဆုံးဖြတ်ပစ်လိုက်ကြတာ ဟန့်ကိုယ်တွေ့ ဖြစ်သည်။ တက္ကသိုလ် ပထမနှစ်မှာ ချစ်သူရည်းစားကိုယ်စီ ရကြသူတွေထဲ ဟန် မပါ။ မချော



www.burmeseclassic.com

www.burmeseclassic.com



လေးယောက် ဟန်တစ်ယောက်တည်းဖြစ်နေချိန်မှာ ပထမဆုံး ဖြူပြာက စဖောက်ပြီး ပထမနှစ်လေးနဲ့ အိမ်ထောင်ရေးလောကထဲ ခြေစုံပစ် ဝင်သွားသည်။

အခု ဖြူပြာသားတွေပင် တက္ကသိုလ်တက်နေကြပြီ။ သူငယ်ချင်း အားလုံးထဲမှာ ဖြူပြာက အိမ်ထောင်သက် အရင့်ဆုံးဖြစ်ကာ အခု စကားဝိုင်းထဲမှာလည်း စကားအနည်းဆုံးလူဖြစ်နေတာ သတိထားမိ သည်။

"ကဲ...ဖြူပြာကလည်း ဖြူပြာ့အမြင်ကို ပြောပါဦး"

ငြိမ်နေသည့် ဖြူပြာကို ဟန်က မေးလိုက်တော့ အားလုံးအကြည့် တွေက ဖြူပြာ့ဆီ ရောက်သွားသည်။ ဖြူပြာကိုယ်တိုင်လည်း ဟန့် အမေးကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ သူ့ကို ဝိုင်းကြည့်နေသည့် သူငယ်ချင်းတွေကို ပြန်ကြည့်သည်။

"ဖြူပြာကတော့ ဒီကိစ္စကို ဒီအတိုင်းပဲ မသိချင်ဟန်ဆောင်နေ လိုက်စေချင်တာပဲ ဟန်"

"ဘယ်လို"

ဖြူပြာ့စကားကို ဟန်က နားမလည်။ ဒါကို ဖြူပြာကလည်း သိသည်။ သူငယ်ချင်း အားလုံးထဲမှာ သူက အိမ်ထောင်သက် အရင့်ဆုံး ဆိုတော့ ဖြူပြာရင်ဆိုင် ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံတွေက လည်း စုံမှစုံဆိုတာမျိုးပါ။ အကြောင်းမတိုက်ဆိုင်လို့ သူငယ်ချင်းတွေ ကို မပြောဖြစ်တာရော၊ ပြောချင်ရက်နဲ့ ပြောမဖြစ်လို့ မပြောဖြစ် ခဲ့တာရော ပေါင်းပြီး သူမရင်ထဲက ခံစားချက်တွေကို သူငယ်ချင်းတွေနဲ့ ဆုံရချိန်လေးမှာ ဘာမှမဖြစ်သလို ဟန်ဆောင်ရယ်မောပစ်ခဲ့တာ ဖြစ်





အမှတ်ရပြီး ဖြူပြာပြုံးလိုက်သည်။

"တကယ်တော့ ဖြူပြာကိုယ်တိုင် ရွှေစင်လို ခံစားခဲ့ရတဲ့သူပါ ဟန်"

"ဟယ်"

"နဒီတို့လည်း ဘာမှမသိခဲ့ရပါလား ဖြူရယ်"

သူငယ်ချင်းအားလုံး ဖြူပြာအတွက် စိတ်မကောင်းဖြစ်သွားကာ ဖြူပြာကို သနားသလို ကြည့်လိုက်ကြတော့ ဖြူပြာက ရွှေစင်နားမှာ အသာဝင်ထိုင်လိုက်သည်။

"အရင်တုန်းက မပြောချင်လို့ ပြောမထွက်လို့ ဖြူပြာ မပြော ခဲ့တာပါ နဒီရယ်။ ဒါပေမဲ့ ဖြူပြာရင်ထဲမှာ ဒဏ်ရာတွေအပြည့် အခု ချိန်ထိ ရှိနေတုန်းပါ"

"ဟင်..."

ဖြူပြာ့အသံလေးက တုန်တုန်ယင်ယင်။

မျက်ရည်ရောင်သန်းလာသည့် ဖြူပြာမျက်ဝန်းလေးတွေကိုကြည့် ပြီး အားလုံး စိတ်မကောင်းဖြစ်သွားကြသလို ရွှေစင်လည်း ချက်ချင်း အငိုတိတ်သွားကာ ဖြူပြာကို ကြည့်သည်။

"မောင်က ဖြူပြာကို သိပ်ချစ်တယ်၊ မခွဲနိုင်ပါဘူးဆိုလို့ သူ့ အချစ်တွေကိုယုံပြီး ရူးရူးမိုက်မိုက် လက်ထပ်ဖြစ်ခဲ့တာ သူငယ်ချင်း တို့လည်း အသိပါကွယ်"

အားလုံး သိပါသည်။

ဖြူပြာတို့နှစ်ယောက် မိုးမမြင်လေမမြင် အပျော်ကြီးပျော်နေ ကြသည့်အချိန်တုန်းက ဟန်တို့ပင် သူတို့နှင့် ရောပျော်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားသုံးယောက်ရတဲ့အထိလည်း မောင်က ဖြူပြာ့ကို ချစ်ပါတယ်။ နောက်သမီးလေး မွေးလာပြီးမှ မောင့်မှာ ဖြူပြာအပြင် နောက်တစ်ယောက် ရှိနေတာကို သိခဲ့ရတယ်"

"ဖြူပြာ ဘာမှမလုပ်ဘူးလား"

ရွှေစင်က အရင်ဝင်မေးခြင်း ဖြစ်သည်။

သူ့အဖြစ်က ဖြူပြာနှင့်အတူတူဆိုတော့ ဒီလိုကိစ္စကို ဖြူပြာ ဘယ်လိုရင်ဆိုင်ဖြေရှင်းလဲဆိုတာ ရွှေစင် အသည်းအသန် သိချင်သည်မှာ မဆန်းပါ။

"လုပ်ခဲ့တာပေါ့ ရွှေစင်ရယ်။ ဖြူပြာ တတ်နိုင်သမျှ ဖြူပြာနားက မောင်ထွက်မသွားအောင် နည်းလမ်းပေါင်းစုံသုံးပြီး လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ မရခဲ့ပါဘူး ရွှေစင်ရယ်။ မောင့်မှာက နောက်မိန်းမနဲ့ သားလေးတစ်ယောက် ရနေပြီလေ"

"အို..."

"ဖြစ်မှဖြစ်ရလေ ဖြူပြာရယ်"

ဖြူပြာ့မျက်နှာကို အခုမှ မြင်ဖူးသလို အားလုံးဝိုင်းကြည့်ရင်း ဖြူပြာ့ကိုယ်စား ရင်နာနေကြပေမယ့် ဖြူပြာကတော့ အပြုံးမပျက်တော့ပါ။

"နောက်ဆုံး ဖြူပြာ စိတ်ကိုလျှော့လိုက်ပါတယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဆိုပြီး..."

"ဖြူပြာ ဘာလုပ်လိုက်လဲ"

"ဘာမှမလုပ်တော့ဘူးအိ၊ ကိုယ့်နေရာမှာပဲ ကိုယ်နေလိုက်တယ်။ အခုချိန်ထိ ဖြူပြာက မောင့်ရဲ့ တရားဝင်ဇနီးပဲ၊ လင်မယားနှစ်ယောက်





ပိုင်ဆိုင်မှုအားလုံးကို သားတို့နာမည်နဲ့ပဲ ထားတယ်။ ဒါမှ နောက်ကျရင် ပြဿနာရှင်းပြီးသား ဖြစ်သွားမှာလေ"

"ကိုအောင်ကရော သဘောတူလား"

နဒီက ဝင်မေးသည်။

"တူရတာပေါ့၊ သူလည်း နောက်မယားအတွက် တိုက်ခန်းနဲ့ ကား ဝယ်ပေးပြီးသားပဲ"

"ကိုအောင်က တရားဝင် လက်ထပ်လိုက်တာလားဟင်"

ရွှေစင် အသိချင်ဆုံးနဲ့ မေးခွန်းဖြစ်သည်။

"သူက အဲဒီမိန်းမကို တရားဝင် လက်ထပ်ထားတာမျိုးတော့ မရှိပါဘူး။ ဒီလိုပဲ နားလည်မှုနဲ့ ပေါင်းသင်းနေကြတာပါ။ အခု ရွှေစင့်ယောကျ်ားလိုပေါ့"

ရွှေစင်က သူ့နာမည်ပါလာတော့ မျက်ရည်ပေါက်ကြီးတွေ ပါးပေါ်စီးကျလာ၏။

"ရွှေစင် သူ့ကိုတွေ့မယ် ဖြူပြာ"

"ဘာဖြစ်လို့လဲ"

"မုန်းလို့... သင်းမျက်နှာကို ရွှေစင် မကြည့်ချင်တော့ဘူး"

ပြောရင်း ရွှေစင်က ငိုတော့ ဖြူပြာက ရွှေစင့်မျက်ရည်တွေကို တစ်ရှူးနှင့် အသာသုတ်ပေးသည်။

"ဖြူပြာ့တုန်းက ရွှေစင်ထက် ပိုဆိုးတာပေါ့လေ။ သူတို့ကို သတ်ပစ်မယ့်တောင် စိတ်ကူးတာ။ လူမသတ်ရဲတာနဲ့ အဲဒီအကြံအစည်လည်း အထမမြောက်လိုက်ပါဘူး။ ဖြူပြာသာ အဲဒီအချိန်တုန်းက သူ့ကိုသတ်လိုက်ရင် အခုလိုဘဝနဲ့ ဆက်နေနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားတို့လည်း ဘဝပျက် အမေကသေ အမေက ထောင်ကျ ဘာတစ်ခုမှ မကောင်းပါဘူးကွယ်"

"ဟန် ယောကျ်ားတွေကို မယုံတာ အဲဒါပဲ ဖြူပြာ"

"အဲဒီလိုလည်း မဟုတ်သေးပါဘူး ဟန်ရယ်။ အိတို့ နဒီတို့ ယောကျ်ားတွေဆို သစ္စာရှိကြလွန်းလို့ သူ့မိသားစုမှ သူ့မိသားစုဝဲ တခြား ဘာမှကို စိတ်မဝင်စားကြတာ ဖြူပြာလည်း အမြင်ပဲ"

"ကဲချင်တိုင်း ကဲလို့မရအောင် အိတို့ နဒီတို့က ချုပ်ထားလို့ နေမှာပါ ဖြူရယ်။ နဒီယောကျ်ားက နဒီဆို အသေကြောက်ရတာ ဟန် သိသာပဲ"

"အိယောကျ်ားကတော့ အိကိုချစ်လို့ပါနော်"

အိက အသားတယူပြောတော့ အားလုံးမတိုင်ပင်ဘဲ အိကို သဘောကျပြီး အတူရယ်မိကြသည်။ အိယောကျ်ားက အိပြောသလို သူ့မိန်းမသူ တစိမ့်စိမ့်ကြည့်ပြီး ချစ်နိုင်သူဖြစ်ကြောင်း အားလုံးသိထားကြ၍ ဖြစ်သည်။

"ကဲ… ကဲ ရွှေစင်လည်း ငိုမနေနဲ့။ အခုကိစ္စက ကိုသက်ပိုင် အတွက် အပျော်လည်း ဖြစ်ချင်ဖြစ်နေမှာ။ အမှားမလုပ်သေးသ၍ ရွှေစင့်ဘက်ကလည်း ကိုသက်ပိုင်ကိစ္စကို မသိသလို နေလိုက်ပါ"

"ဟုတ်တယ် ရွှေစင်။ ဖြူပြာပြောသလို နေလိုက်။ တော်ကြာ ရွှေစင်ထပြီး ပွဲကြမ်းလိုက်မှ သူ့ဟာမဆီ တစ်ခါတည်း လစ်ပြေးဖို့ အချိန်ပေးလိုက်သလို ဖြစ်နေမယ်"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၍ ရွှေစင် မငိုတော့။ ဖြူပြာ့အဖြစ်က သူ့ထက်ဆိုးနေတာမို့ ရွှေစင်အဖြစ်ကမှ





တော်သေးသည်ဟု သဘောပေါက်ပုံလည်း ရသည်။ ရွှေစင့်ယောကျ်ား က အခုမှ အပျော်ရည်းစားထားရုံရှိသေး၍ ဒီလိုအဖြစ်မျိုး ကိုယ် တစ်ယောက်တည်း ဖြစ်တာမှမဟုတ်ပဲဟု ဖြူပြာနှင့်နှိုင်းပြီး သူ့ကိုယ်သူ ဖြေသိမ့်ပြီးသား ဖြစ်သွားသည်။

"ကဲ… အိတို့လည်း ပြန်တော့မယ်။ အိမ်ကို ဒီအတိုင်း ပစ် ထားခဲ့ရတာ။ ခဏနေ သားကို ကျူရှင်လိုက်ပို့ရဦးမှာ ဆိုတော့လေ"

"နဒီလည်း ပြန်တော့မယ်နော် ရွှေစင်"

"အေးပါ ဖြူပြာလည်း တစ်ခါတည်း ပြန်လိုက်သွားလေ ဟန့်ကရော"

ရွှေစင်က ပြန်ရန်ပြင်နေသည့် သူငယ်ချင်းမတွေကိုကြည့်ပြီး အခုမှ ပိုလှပိုနုပိုချောနေသော ဟန့်ကို အားကျသလိုကြည့်ကာ မေး လိုက်သည်။ အစကတည်းက ရွှေစင်လည်း ဟန့်လိုနေမိခဲ့ရင် ဘယ် လောက်ကောင်းလိုက်မလဲ။ ဟန်တို့များ ဘယ်အချိန်ကြည့်ကြည့် အမြဲ သာနေတာ မြင်ရတော့ မျက်ရည်ပူကိုသာ အဖော်ပြုနေရသော သူမ ဘဝကို သူမဘာသာ စိတ်ကုန်မိသည်။

"ဟန်ကတော့ ဘယ်သားဘယ်သမီးမှ ကျောင်းပို့စရာ မရှိ သေးမယ့် အတွားကို သူ့သူငယ်ချင်းအိမ်က သွားကြိုပေးရဦးမှာဆိုတော့ ဖြူပြာတို့နဲ့ တစ်ခါတည်းပဲ ပြန်လိုက်တော့မယ် ရွှေစင်"

"ကျေးဇူးပါ ဟန်ရယ်… ရွှေစင်လည်း အစကတည်းက ဟန် လို နေခဲ့မိရင် အခုလို ငိုနေရမှာ မဟုတ်ဘူးနော်"

"အမယ်လေး… ဟန့်ကိုလည်း သိပ်အထင်ကြီးမနေနဲ့ ရွှေစင် ရေ၊ အတွားက ဟန် အိမ်ထောင်မပြုရကောင်းလားလို့ အိမ်မှာ နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်နေရတာ ရွှေစင်သိရင် ဟန့်ဘဝကိုတောင် ပြန်စိတ်ပျက်သွား မှာ''

''ကဲ… စိတ်ချမ်းသာအောင်နေနော် ရွှေစင် ဟန်သွားပြီ''

သူငယ်ချင်းအားလုံး ကိုယ့်မိသားစုအရေးနှင့်ကိုယ်ဆိုတော့ ရွှေစင့် နားမှာ ဘယ်သူမှကြာကြာ မနေနိုင်ကြ။ အားလုံး လှပကျေနပ်မှုမဲ့ သော စတိုင်လ်ကျကျနှင့် ကိုယ့်ကားကို ကိုယ်တိုင်မောင်းပြီး ရွှေစင့်ကို လက်တပြပြနှင့် ပြန်သွားကြသည်။

ထိုသူတွေထဲမှာ ဟန်ကတော့ တစ်မျိုးတစ်ဘာသာ ကွဲပြား လျက်။ သူမကားလေး ဦးတည်ရာက သူမကို ယောက်ျားမယူခဲ့ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားသည့် အဘွားရှိရာသို့ သူမကား လေးကို ဦးတည်လိုက်ခြင်း ဖြစ်သည်။ နီး တကျက်ကျက် ဆော တသက်သက်ဆိုတာ ဟန်နှင့်အဘွားကို ပြောတာလား မသိ။ အဘွား မရှိတော့ ဟန်တစ်ယောက်တည်း မနေတတ်။

အဘွားကို အချိန်ပြည့် သတိရနေသည်။

သတိရလို့ အဘွားဆီကို ဖုန်းဆက်တော့ အဘွားက စကားသိပ် မပြော။ ဟန်မေးတာလောက်ဖြေပြီး အကြောင်းပြချက်တစ်မျိုးမျိုးနှင့် အဘွားဖုန်းချသွားတိုင်း ဟန်အမြဲ ဝမ်းနည်းရသည်။ ဟန့်ကို စကား ကောင်းကောင်း လက်ခံမပြောသဖြင့် အခုထိ အဘွားက ဟန့်ကို စိတ်ဆိုးနေတုန်းဟု ဟန်နားလည်လိုက်သည်။

မြေးအဘွားနှစ်ယောက်ထဲရှိ၍ ဟန်က အဘွားနှင့်ပြေလည်ချင် သည်။ အရင်လို အဘွားကို ကလေးလုပ်ပြီး ချွဲနွဲ့ချင်ပေမယ့် အဘွားက ဟန့်ကိုစိတ်ဆိုးနေတော့ ဟန် ဘာပြောပြော နားမဝင်။ တစ်ခါမှ



အဘွားနဲ့ ဒီလောက်အချိန်အကြာကြီး မခွဲဘူးတော့ အဘွားကို ဟန် လွမ်းနေပေမယ့် အဘွားပုံစံက ဟန့်ကိုပင် သတိရပုံ မပေါက်ပါ။ သူ့သူငယ်ချင်း အဘွားမော်လီနှင့် ပျော်နေပုံရသည့်အတွက် သူမကို ကြည့်ပြီး ဟန့်မှာ မနာလို။

ကိုယ့်မြေးလေး ဒီတစ်ယောက်တည်းရှိတာ အဘွားမို့ ဟန့်ကို စိတ်စက်လွန်းသည်ဟု ကိုယ့်အပြစ်ကိုယ် မမြင်ဘဲ အဘွားကိုချည်း ဒီအပြစ်တင်မိသည်။

''တီ… တီ''

အဘွားမော်လီတို့ ခြံရှေ့မှာ ကားရပ်ပြီး ဟွန်းတီးပေမယ့် ဘယ်သူ မှ ဟန့်ကို ခြံတံခါးဖွင့်ပေးသူ မရှိ။ ခါတိုင်းခြံရှေ့မှာရပ်ပြီး ဟန့်ကား ဟွန်းတီးလိုက်တာနှင့် ခြံတံခါးက သူ့ဘာသာ အော်တိုဖွင့်သွားမြဲ။ အခုတော့ ခြံတံခါးကြီးက လှုပ်ပင်မလှုပ်။ ဟန် ဟွန်းထပ်တီးတော့မှ ခြံစောင့်ဦးအုန်း ဟန့်နား အပြေးရောက်လာသည်။

''အဘွားတို့ တောင်ကြီးသွားတယ် မမလေး''

''ဘယ်တုန်းကလဲ ဦးအုန်း၊ ဟန်လည်း ဘာမှမသိရပါလား''

အဘွားက သူ့သူငယ်ချင်းနဲ့အတူ တောင်ကြီးသွားပြီဆိုတော့ အဘွားမျက်နှာကို မြင်ချင်တွေ့ချင်၍ လိုက်လာသော ဟန် မောသွား သည်။

''သွားတာက သုံးလေးရက်ရှိပြီ မမလေးရဲ့၊ မမလေး ဖုန်းမဆက် လို့ မသိတာ''

''ဘာလို့ ဖုန်းမဆက်ရမှာလဲ မနေ့ညကတောင် အဘွားနဲ့ဟန် စကားပြောသေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ဟန့်အသံက မကျေမနပ်။

ဦးအုန်းလည်း ဟန့်ကို ဘာဆက်ပြောရမှန်းမသိ ဟန်ဖြင့် ဟန့်ကို ပြန်ကြည့်နေ၍ ဦးအုန်းကို နှုတ်ဆက်ပြီး ဟန့်ကားကိုလာရာလမ်း အတိုင်း လှည့်ပြန်ခဲ့သည်။ စိတ်ထဲက အဘွားလုပ်ပုံကို ကျိတ်ပြီး စိတ်ဆိုးစိတ်ကောက်နေမိသည်။

တကယ်ဆို အဘွားကို ဟန် ဖုန်းဆက်ကတည်းက အဘွား တောင်ကြီး ရောက်နေပြီလို့ ပြောရမှာပါ။ အခုတော့ အဘွား ဟန့်ကိုပင် ဘာတစ်ခု အသိမပေး။ အဘွားဘက်က ဟန့်အပေါ် ဒီ လောက်ရက်စက်နေလျှင် ဟန်လည်း တွယ်တာမြတ်နိုးစရာကောင်းသည့် လူ့လောကကြီးထဲ ကြာကြာအသက်ဆက်ရှင်နေဖို့ မကောင်းတော့ဟု တွေးပြီး ပါးပေါ် စီးကျလာသည့် မျက်ရည်တို့ကို ကားမောင်းနေရင်း သူမလက်လေးများနှင့် ခပ်ကြမ်းကြမ်း ဖိသုတ်ပစ်လိုက်သည်။

အဘွား ရက်စက်တယ်။

ဟန့်ကို အဘွား လုံးဝမချစ်ဘူး။

ဝမ်းနည်းစိတ်က လှိုက်တက်လာတော့ ဟန့်မျက်ဝန်းလှလှမှ မျက်ရည်ကြည်တွေ သီဝေလာသည်။ ဟန့်အပေါ်မှာ ဤမျှစိမ်းကား ရက်စက်သည့် အပြုအမူကို အဘွားတစ်ခါမှ မပြုဖူး၍ ဟန့်ရင်မှာ ပို၍ နာကျင်နေသည်။

အဘွား ဘာဖြစ်လို့ ဟန့်အပေါ်မှာ ဒီလိုရက်စက်ရတာလည်း ဆိုတာ သိချင်လာ၍ အဘွားဖုန်းကို ချက်ချင်းဆက်တော့ အဘွား၏ ဖုန်းထူးသံကို ကြားရသည်။





"အဘွား"

"မြေးလေး… ဘာဖြစ်လို့လဲ"

အဘွားအသံက ငြိမ်းငြိမ်းချမ်းချမ်း။

ဟန်တစ်ယောက်တည်း ထားခဲ့ရတာကို လုံးဝစိတ်ပူပုံမပြ၍ ဟန် ပို၍ဝမ်းနည်းလာသည်။

"ဟန့်ကို ဘာလို့ အခုလိုလုပ်ရတာလဲ"

"ဘာကိုလဲ မြေးရဲ့"

"အဘွား အခုတောင်ကြီး ရောက်နေတာဆို"

"ဟုတ်တယ်လေ သွားတဲ့နေ့က မြေးဆီကို ဖုန်းဆက်သားပဲ အဘွားနဲ့စကားပြောနေတုန်း မြေးဖုန်းချသွားလို့ အဘွားဟောင် စိတ်မကောင်းဖြစ်နေတာ"

ဟန့်အသံက စိတ်ကောက်နေသည့် ကလေးဆိုးအသံ ဖြစ်ပေမယ့် အဘွားအသံက နူးညံ့မှုတွေနှင့် နွေးထွေးနေ၍ ဟန်မျက်ခုံးလေး တွန့်သွားသည်။ အဘွား တောင်ကြီးသွားမယ့်နေ့က ဟန့်ကို ဖုန်းဆက်တယ်ဆိုပါလား။ ဟန်လည်း မသိ။ ဘယ်နေ့ကလဲ အပြေးအလွှား ခိုင်းစားပေမယ့် အဖြေက မရ။

"ဘယ်နေ့က အဘွားတောင်ကြီးကို သွားတာလဲ အဘွား"

"လွန်ခဲ့တဲ့ သုံးရက်က မြေးရဲ့။ ဘာလဲ အဘွားကို လွမ်းနေပြီလား"

"လွမ်းတာပေါ့ အဘွားရဲ့"

အဘွားက ဟန့်စိတ်ကို လှမ်းမြင်သလို ပြောတော့ ဟန့်မျက်နှာလေး ပြုံးသွားသည်။ တစ်ဖက်က အဘွားကို လှမ်းမမြင်ရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဘွားလည်း ဟန့်လို ပြုံးနေမှာကို အတတ်သိသည်။

"အဘွားက ဟန့်ကို တစ်ယောက်တည်း ထားခဲ့တယ်"

ဟန့်နှုတ်ခမ်းက သူ့အလိုလို စူချိတ်ပြီးသား ဖြစ်သွားတာကို ကိုယ့်ဘာသာပင် မသိလိုက်။

ဟန့်စကားအဆုံးမှာ အဘွားဆီက သက်ပြင်းချသံသဲ့သဲ့ ကြားသည်။

"နောက်ဆိုလည်း မြေးလေးတစ်ယောက်တည်း နေရစ်ခဲ့ရမှာပဲကွယ်။ အဘွားပြောတာ မြေးနားလည်လား။ အဘွားက အသက်ကြီးလှပြီ မြေးလေးကိုထားပြီး အချိန်မရွေး လူ့လောကကြီးထဲက ထွက်သွားနိုင်တယ်။ ဒါကြောင့် အဘွားစကားကို နားထောင်ပြီး အဘွားမြေးကို မိသားစုဘဝလေး တည်ဆောက်ပါလို့ တဖွဖွ ပြောနေရတာပေါ့ကွယ်"

အဘွားအသံက ဆွေးဆွေးမြေ့မြေ့။

ဟန့်အကြောင်းတွေးလိုက်တိုင်း အဘွားစိတ်မချမ်းသာတာကို ဟန်သိသလို ဟန့်ကိုအဘွားက ယောက်ျားယူဖို့ မိသားစုဘဝ တည်ထောင်ပါဟုပြောတိုင်း ဟန်စိတ်ဆင်းရဲတတ်ခြင်းကိုလည်း အဘွားနားလည်၍ ဟန်တို့နှစ်ယောက်ကြားက အပေးအယူ မမျှသည့် အကြီးက တွေးလေတွေးလေ ဝမ်းနည်းစရာ ဘဝဖြစ်မှန်း မသိ ဖြစ်နေခြင်းကို ဟန်လည်း မတတ်နိုင်။

"အဘွားကို ဟန်ချစ်ပါတယ်"

"အဘွားကိုချစ်ရင် အဘွားစကားကို နားထောင်လိုက်ပါလား မြေးလေးရယ်"





"ဖြစ်နိုင်ရင် ဟန်လည်း အဘွားပြောသလို လုပ်ပေးချင်တာပါပဲ အဘွားရယ်။ ဒါပေမဲ့…"

"တော်ပါပြီကွယ်၊ မြေးဆီက တခြားစကားတွေကို အဘွားကြားပါရစေနဲ့"

အဘွားက ဟန့်ကို စကားအဆက်မခံ။ ဟန့်ထံမှ အကြောင်းပြချက်အမျိုးမျိုး။ စိတ်ပျက်ညည်းညူသံ အဖုံဖုံကို အဘွား အလွတ်ရနေသလို အဘွားစကားတွေကိုလည်း ဟန်ကိုယ်တိုင်လည်း အလွတ်ရနေပြီသားပါ။

"အဘွားကိုယ် အဘွားသာ ကျန်းမာအောင်နေပါ အဘွား၊ ပြန်လာမယ့်ရက်ကိုသာ ဖုန်းဆက်လိုက် ဟန်အဘွားကို လာကြိုမယ်နော် အဘွား"

"မြေးလာကြိုချင်ရင် အဘွားစကားကို မြေးလေးကိုယ်တိုင် နားထောင်နိုင်ပြီဆိုမှ အဘွားကို မြေးလာကြိုပါကွယ် အဘွားစကားကို မြေးနားက နားမထောင်တော့ အဘွား စိတ်ဆင်းရဲတယ်"

အဘွားစကားကြောင့် ဟန်ရင်နာသွားသည်။ ဒီပုံစံအတိုင်းဆို အဘွားက သူ့စကားကို ဟန်နားမထောင်မချင်း သူ့သူငယ်ချင်း အဘွားအော်လီအိမ်မှာပဲ တစ်သက်လုံး နေတော့မည့်ပုံစံဖြစ်၍ ဟန်ငိုချင်လာသည်။

"အဘွား"

"ပြော… မြေးလေး"

"ဟန့်ကို အဘွားက ဒီအတိုင်း ဖြစ်ချင်ရာဖြစ် ပစ်ထားတော့မှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားမြေးက ကိုယ့်ကိုကိုယ် စောင့်ရှောက်နိုင်တာ အဘွား သိပါတယ်ကွယ်။ မြေးကို အဘွားက ပူစိုးတာ မဟုတ်ဘူး။ နောက်ဆို အဘွားမရှိရင် မြေးတစ်ယောက်တည်း နေတတ်အောင် အခုကတည်းက ကြိုတင်လေ့ကျင့်ပေးနေတာ"

"အဘွားရယ်"

အဘွားက ဟန့်ကို အရင်နှုတ်ဆက်ပြီး ဖုန်းချသွားတော့ ဟန် တော်တော်လေး စိတ်ထိခိုက်သွားသည်။ အဘွားမှာ ဒီလိုအတွေးမျိုး ဒီလိုစိတ်ကူးမျိုး ဘယ်အချိန်ကတည်းကရှိမှန်း ဟန်မသိ။ အခု အဘွား က ဟန့်အပေါ်မှာ ပြတ်သားပြနေပေမယ့် ဟန့်ကို အဘွားဘယ်လောက် ချစ်မှန်းသိသည့် ဟန့်မှာ သူ့အချစ်ဆုံးမြေးလေးကိုထားပြီး တခြား တစ်နေရာကို သွားနေပေမယ့် ဟန့်ကိုသတိရနေမှာ။ လွမ်းနေမှာကို ဟန်သိ၍ အဘွားသဘောကို မလိုက်နိုင်သည့် ဟန့်ကိုဟန်အပြစ် တင်ရင်း ဟန်တစ်ယောက်တည်း ကျိတ်မျက်ရည်ကျနေရာက အား ပါးတရ ငိုချပစ်လိုက်သည်။

# အခန်း (၈)

ဟန်က တစ်ညလုံး အိပ်မပျော်။

အဘွားနှင့်ဟန့်အကြောင်း တွေးရာက ဒီနေ့ကြုံတွေ့ခဲ့ရသော ရွှေစင်နှင့်ဖြူပြာတို့အကြောင်း ရောက်သွားတော့ အဘွားအလိုလိုက် အဘွားအကြိုက်ဆောင်ရန် ကူးထားသည့် စိတ်ကူးလေး ပျက်သွား သည်။

မဖြစ်သေးပါဘူး။

အစကတည်းက ယောကျ်ားဆို ဘယ်ယောကျ်ားမှ ကြည့်မရ သည့်အထဲ ဟန့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေသည့် အဖြစ်အပျက်တွေ ကလည်း ဟန့်အတွက် စိတ်ပျက်စိတ်ကုန်စရာတွေချည်း ဖြစ်နေသည်။

ဟယ်... တတ်နိုင်ပါဘူး။

ဟန့်ဘဝနဲ့ဟန် ဖြစ်လာသမျှ ရင်ဆိုင်၊ လာမယ့်ဘေး ပြေးတွေ့ လိုက်တော့မည်ဟု ကိုယ့်ဘာသာဆုံးဖြတ် ကိုယ့်ဘာသာ အတည်ပြု သည့်ပွဲမှာ ဘယ်သူမှ ဟန့်သဘောကို ကန့်ကွက်မည်သူမရှိ။ အဘွား ကိုတော့ ဟန် သနားပါသည်။ ဒါပေမဲ့ အဘွားအလိုလိုက်ဖို့ လုံးဝ မဖြစ်နိုင်ကြောင်း စဉ်းစားရင်း ဟန်တည်ဆောက်ရမည့် မိသားစုဘဝ အကြောင်း ဟန့်အတွေးက ဖျတ်ခနဲ ရောက်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဟန့်အကြည့်က သူမဝမ်းဗိုက်ရှပ်ရှပ်လေးရှိရာ ရောက်သွားသည်။ အန်ကယ်အဲဘတ်နှင့် သူမကိစ္စကို ဟန်သတိမရဘဲ နေတာ အခုမှ ပြန်သတိရသည်။ အန်ကယ်အဲဘတ်ပြောတော့ တစ်ခုခု ထူးခြားရင် သူ့ကို အမြန်ဆုံးလာပြောဟု ဆိုသည်။ ဟန်ကိုယ်တိုင် လည်း အန်ကယ်အဲဘတ် ပြောသလို သူမခန္ဓာကိုယ်က တစ်ခုခု ထူးခြားတာကို သိချင်သည်။ မြင်ချင်တွေ့ချင် ခံစားကြည့်ချင်ပေမယ့် ဟန့်မှာ ဘာတစ်ခုမှ ထူးခြားတာမရှိတော့ ဟန် စိတ်ညစ်သွားသည်။ မကြာဆို ဟန် ကိစ္စဆောင်ရွက်ပြီးတာ ရက်ပိုင်းသာ ရှိသေးသည်။ ဟန်စိတ်ကူးထားသည့် မိသားစုဘဝကို ဟန် မရတော့ဘူးလား။ ဟန် လိုချင်သည့် သားသားမီးမီး တစ်ယောက်ယောက် ဟန့်ဘဝတည်း ရောက်မလာနိုင်အောင် ဘယ်လိုအရာကများ ဟန့်တားဖျက်ဆီးတားလဲ ဟိုရောက် ဒီရောက် လျှောက်တွေးရင်း မနက်ဖြန်တော့ အန်ကယ် အဲဘတ်ဆီ သွားဦးမည်ဟု စိတ်ကူးပြီးမှ ထိုစိတ်ကူးကို ချက်ချင်း ပယ်ဖျက်လိုက်သည်။

အန်ကယ်အဲဘတ် သူ့အိမ်မှာ မရှိ။ ခရီးထွက်စရာရှိသည်ဟု ပြောပြီး ဟန့်ကို နှုတ်ဆက်သွားသည်။ ဘယ်ကိုလဲဟု ဟန်က မေးတော့ သူ့ကျန်းမာရေးအတွက် အမေရိကကို ခဏသွားဦးမည် တစ်လကြာမည်ဟု ပြောသွားသည်။ ဖုန်းနံပါတ်လည်း ပေးမသွား။ ဟန် စိတ်ညစ်ညစ်နှင့် ညည့်နက်မှ အိပ်သွားသည်။

အန်ကယ်အဲဘတ် ပြန်လာချိန် ဟန်မှာ တစ်ခုခုတော့ ထူးကောင်း ပါရဲ့ဆိုသည့် မျှော်လင့်ချက်လေးကတော့ ဟန့်ရင်မှာ အခိုင်အမာ ရှိ နေသည်။ ဟန်အိပ်ရာက နိုးတော့ နေအတော် မြင့်နေသည်။ တစ်ယောက်





တည်း အပြင်မထွက်ဘဲ အိမ်ထဲမှာပဲ နေတော့မည်ဟု ဆုံးဖြတ်လိုက်မှ တစ်ချိန်လုံး ပစ်ထားသော မီးဖိုချောင်ကို သတိရသည်။

အစားအသောက်ကို ဟန် ဘယ်တော့မှ အိမ်မှာတစ်ယောက်တည်း ချက်စားလေ့မရှိသဖြင့် ရေခဲသေတ္တာထဲ လိုအပ်သည့် မီးဖိုချောင်သုံး ပစ္စည်းတွေဝယ်ဖို့လည်း သတိမရတတ်သူမှာ ဟန်ဖြစ်သည်။ ဟန် ကြိုက်သည့် ဟိုတယ်တစ်ခုခုမှာ ဟန်စားချင်သည့် အစားအစာကို ဟန်စိတ်ကြိုက်ရွေးချယ် စားနေကျဖြစ်၍ ထမင်းဟင်းချက်ပြုတ်ရသည့် ကိစ္စကို ဟန်နှင့်မဆိုင်သလို စိတ်လည်း မဝင်စားသည့် ဟန်မှာ ဘာကိုမှ အဖြစ်ရှိအောင် မချက်တတ် မပြုတ်တတ်ပါ။

ဟန့်အကြောင်း သိကြသည့် သူငယ်ချင်းတွေက ဟန့်အိမ်မှာ အားလပ်ရက်ညှိပြီး ဟန်အဖော်ရအောင် တစ်ခါတစ်ခါ လာအဖော်လုပ် ချက်ပြုတ်ကျွေးသည့်အချိန်သာ ဟန်မီးဖိုချောင်မှာရော၊ ဟန့် အိမ်မှာပါ တလေးတွေနှင့် ဆူဆူညံညံ တစ်ပျော်တစ်ပါး ရယ်သံမောသံတွေ ဝေဆာနေတတ်ပေမယ့် ကျန်အချိန်တွေက ဟန်တစ်ယောက်တည်း အထီးကျန် တိတ်ဆိတ်နေတတ်တာကိုပဲ ဟန်က သဘောကျစွာ နေတတ်သွားခဲ့ပါပြီ။

အခုလည်း ဟန် ရေခဲသေတ္တာထဲမှာ ဘာမှသိပ်မရှိ။ သူငယ်ချင်း မိသားစုတွေကလည်း ကိုယ့်အပူ ကိုယ့်သောက ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြတော့ ဟန့်ဆီ အရင်လို မလာနိုင်ကြတော့ အရင်လို မီးဖို ချောင်သုံးပစ္စည်းတွေ စနစ်တကျ ဝယ်ထည့်ပေးသူနဲ့လည်း ကင်းကွာနေ သည့်အတွက် အခုမှ ဟန် ဈေးဝယ်ထွက်ရန် ကားတစ်စီးနှင့် အပြင် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်က ဟန့်ကို အဘွားက ဈေးစာရင်း ရေးပေးတတ်သည်။ ဟန်က အဘွားမှာတာကို စာရင်းကြည့်ဝယ်ရုံ ဖြစ်ပေမယ့် အခု ဟန့်ကို ဈေးစာရင်း လုပ်ပေးမည့် အဘွားလည်း မရှိ။ ဟန်ကလည်း ဘာကို ဘယ်လောက်ဝယ်ရမည်ဟု သေချာမသိ။ ဟိုဟာ ယူရမလို ဒီဟာ ယူရမလို ဖြစ်နေပြီး နောက်ဆုံး ဟန် စိတ်အရှုပ်မခံနိုင်တာနှင့် ဘာ တစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မဝယ်ဘဲ ဟန်စားနေကျ ဟိုတယ်တစ်ခု ခုကိုပဲ သူမကားကို ဦးတည်လိုက်သည်။ ဟန့်စိတ်ကြိုက် ယူရိုပီယံ စတိုင် မနက်စာ စားနေတုန်း ဟန့်ဖုန်းအသံ မြည်လာသည်။ နံပါတ်ကို ကြည့်လိုက်တော့ မာမီ့သူငယ်ချင်း အန်တီမေရီဖုန်း ဖြစ်နေသည်။

“ဟဲလို”

“ဟန်လားကွယ်”

“ဟုတ်ကဲ့ပါ အန်တီ”

“အေးကွယ်... ဟန်နဲ့မတွေ့တာ ကြာကြီးဆိုတော့ သတိရလို့ ဖုန်းဆက်တာပါကွယ်။ ဒီညနေ ဒင်နာ အန်တီမေရီတို့အိမ်မှာ လာစား ပါလို့ အန်တီမေရီ ဟန့်ကို ဖိတ်ပါရစေ”

“အဘွားကိုရောလား အန်တီမေရီ”

“ဟန် အဘွား ဒီမှာ မရှိဘူးဆိုတာ အန်တီမေရီ သိပါတယ် ကွယ်၊ အဘွားကိုယ်တိုင် အန်တီ့ကို ဖုန်းဆက်ပြီး သူမြေးလေးကို စောင့်ရှောက်ဖို့ အန်တီမေရီကို တဖွဖွ မှာနေရှာတာကွဲ့...”

အခုမှ အန်တီမေရီ ဘာကြောင့် ဟန့်ကို ထမင်းစားဖိတ်လဲဆိုတာ ဟန် သဘောပေါက်သွားသည်။ အဘွားက အန်တီမေရီဆီ ဖုန်းလှမ်း ဆက်၍ အန်တီမေရီက ဟန့်ကို ဖုန်းဆက်ခြင်း ဖြစ်သည်။





“ညနေ လာမယ်မဟုတ်လား ဟန်”

အန်တီမေရီက ဟန်မလာမှာကို စိုးရိမ်နေသည်။ အဘွားရှိ တုန်းက ဟန်က အန်တီမေရီအိမ်ကို သိပ်သွားတတ်သူမဟုတ်။ အဘွားကို လိုက်ပို့ပေးပြီး ဟန်က အန်တီမေရီကို ဝင်နှုတ်ဆက်ရုံ နှုတ်ဆက်ပြီး သူမ သွားစရာရှိတာ သွားသည်။ အပြန်မှာ ဘွားက ဘယ်အချိန် လာကြိုပါဟုမှာမှ ဟန်က အဘွားကို သွားကြို ဒီလောက်ပဲ ဖြစ်သည်။ မာမီ့သူငယ်ချင်းဆိုပေမယ့် ဟန်နှင့်ကျတော့ မရင်းနှီး။ အန်တီမေရီမှာ သားသမီးမရှိ၍လည်း ဖြစ်နိုင်သည်။

လင်မယားနှစ်ယောက် အိမ်ဖော်နှစ်ယောက်။ ခြံစောင့်မာလီက မနက်သွား ညပြန်ဆိုတော့ ကလေးမရှိသည့် အန်တီမေရီတို့အိမ်၏ တိတ်ဆိတ်ခြောက်သွေ့နေပုံက ဟန်တို့ မြေးအဘွားအိမ်နှင့် သိပ်တော့ မခြား။ အန်တီမေရီ ဇွတ်အတင်းခေါ်၍ အဘွားနှင့်အတူ အန်တီမေရီ အိမ်မှာ ကော်ဖီသောက်တာမျိုး၊ နန်းကြီးသုပ်စားတာမျိုး နှစ်ခါပဲ ရှိသည်။ အခုလို တစ်သီးတစ်သန့် ညစာဖိတ်ကျွေးတာကတော့ ဟန့် အတွက် ဒါပထမဆုံး ဖြစ်သည်။

“ဟန့်အတွက် အလုပ်ပိုနေပါမယ် အန်တီရယ်။ အန်တီ အခုလို ဖိတ်တာကို ဟန် ကျေးဇူးတင်ပါတယ်”

“လာဖြစ်အောင်သာ လာခဲ့ပါကွယ်၊ အန်တီ့အတွက် အလုပ် မပိုပါဘူး။ ဒီနေ့ အန်တီတို့ မင်္ဂလာနှစ်ပတ်လည်ပွဲလေးလည်း ကျင်းပ မှာဆိုတော့ အဘွားကိုယ်စား ဟန်ရှိနေစေချင်တာပါ”

ငြင်းလို့မရမှန်း သိလိုက်၍ ဟန် ခေါင်းညိတ် သဘောတူ လက်ခံလိုက်သည်။ အန်တီမေရီက ဟန်လာရမည့်အချိန်နာရီကိုပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချသွားသည်။ လက်ချည်းမသွားချင်သဖြင့် အန်တီမေရီအတွက် လက်ဆောင်တစ်ခု ဝယ်သွားရန် ဆုံးဖြတ်ပြီး ဘာပေးရင် ကောင်းမလဲ အမြေးအလွှား စဉ်းစားရသည်။

အဘွားကို ဖုန်းဆက်ပြီး အန်တီမေရီအတွက် ဘာဝယ်သွားရမလဲ လှမ်းမေးတော့ အဘွားက ရယ်သည်။

“နေရာတကာ အဘွားကိုပဲ အားကိုးနေတော့မှာလား မြေးရဲ့ အဘွားမရှိရင် ဘယ်နှယ့်လုပ်မှာတုန်း”

“အဘွားက အခု ရှိနေသားပဲ”

ဟန်က သူ့ဘက်စကားဦး လှည့်မလာအောင် အခုကတည်းက ကြိုပိတ်ပြောတော့ အဘွားက အသံထွက်ရယ်သည်။

“ဩော်… မြေးလေး… မြေးလေး… အခုချိန်ထိ အသိခေါက် ခတ် အဝင်နက်နေရှာတုန်းပါပဲလားကွယ်။ မေရီအတွက် မြေး စိတ်ကြိုက်သာ ဝယ်ပါကွယ်။ အဘွားမြေး ဝယ်ပေးတာကို မေရီက သဘောကျမှာပါ”

“အဘွား ဘယ်တော့ပြန်လာမှာလဲ ဟင်”

“ဒီမှာ မော်လီမြေး မင်္ဂလာဆောင်ရှိတယ် မြေးရဲ့ အဲဒါပြီး ပြန်ခဲ့မယ်”

“အဘွား ကြာဦးမှာဆိုရင် ဟန် အဘွားနောက်ကို လိုက်ခဲ့တော့ မှာနော်”

“မြေးလေးလာတော့ ပိုပျော်စရာကောင်းတာပေါ့။ ဒီမှာ အဘွား မြေးအတွက် သတို့သားလောင်း တွေ့ထားပြီ”

“အဘွားနော် အရင်လို ဘယ်သူ့ကိုမှ စကားတွေ လျှောက်လျှော





ထားနဲ့ဦး”

ဘွားအေကြီးအကြောင်း သိနေ၍ ပြန်လှမ်းတားလိုက်ပေမယ့် အချိန်မမီတော့ပါ။

“အဘွားကဖြင့် အားလုံးပြောဆိုပြီးနေပြီ”

အဘွားစကားကြောင့် ဟန် လန့်သွားသည်။

အဘွားက ဒီလိုပဲ ရောက်သည့်နေရာမှာ ဟန့်အတွက် သတို့ သားလောင်း ဖြစ်နိုင်သူကို သူ့စိတ်ကူးနှင့် သူ့အမြင် ရွေးနေကျဖြစ်ရုံ တော တစ်ဖက်လူကို ဟန် ဘယ်လောက်ချောကြောင်း လှကြောင်း၊ ဘယ်လိုချစ်စရာကောင်းကြောင်း ဘယ်သူမှ ရိုက်စစ်နေစရာမလိုပဲ ပြောနေကျဖြစ်၍ အဘွားအကြောင်း သိထားသည်။ ဟန်က အဘွား စကားကြောင့် နှုတ်ခမ်းစူပြီးသား ဖြစ်သွားသည်။

“ဘယ်သူ့ကို ဘာတွေပြောပြီးဆိုပြီး ဖြစ်နေတာလဲ အဘွားရဲ့… အဘွားနဲ့နော် ဟန် စိတ်ညစ်ပါတယ်”

“ဘာမှစိတ်မညစ်နဲ့ မြေးရေ၊ ကောင်လေးက အခုဒီမှာ မရှိဘူး။ အင်္ဂလန်မှာ အလုပ်လုပ်တာ ဆော်ဘွားမျိုးကွဲ၊ ရုပ်ရည်ရော ပညာအရည် အချင်း၊ မျိုးရိုးဘာတစ်ခုမှကို ပြောစရာ မရှိဘူး”

အဘွား ရွေးထားသည့် သတို့သားလောင်းက အင်္ဂလန်မှာဆို၍ ဟန် အသက်ရှူချောင်သွားသည်။

“မြေးလေး ဘယ်နေ့လာမှာလဲ ကောင်လေးမိသားစုနဲ့ မြေးကို တွေ့ပေးချင်လို့”

“အာ… ဟန်က ဘာဖြစ်လို့ သူ့မိသားစုနဲ့ တွေ့မှာလဲ အဘွားရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အို… သူတို့က အဘွားမြေးကို ဓာတ်ပုံထဲမှာပဲ မြင်ဖူးတာ။ အပြင်မှာသာ မြေးကိုတွေ့ရင် အဘွားမြေး ဘယ်လောက်ချောကြောင်း လှကြောင်း ပါးစပ်က ထုတ်ပြောနေစရာ မလိုတော့ဘူးပေါ့ကွယ်"

အဘွားက သူ့အစီအစဉ်နှင့်သူ ဟုတ်နေသည်။ ဟန့်မှာသာ အဘွားလုပ်ပုံကိုတွေးပြီး စိတ်ညစ်နေသည်။ ဟန့်ဓာတ်ပုံကို အဘွားက သွားလေရာ ယူသွားနေကျဆိုတာ ဟန်သိသည်။ နားလည်သည်။ ခက်နေတာက အဘွားက သူ့စိတ်ထဲက ဟန့်အတွက် သတို့သားလောင်း ဖြစ်နိုင်ချေရှိသူမျိုးဆိုလျှင် ဟန့်ဓာတ်ပုံကို ထုတ်ပြဖို့ရာ ဝန်လေးတတ်သူမဟုတ်၍ ဟန်နှင့်အဘွားကြားမှာ မကြာခဏ သဘောထားကွဲလွဲရ။ ပြဿနာဖြစ်ရနှင့် မြေးအဘွားနှစ်ယောက် စကားပြေအဆင်မပြေ ဖြစ်ကြရသည်။ ဟန်က သူမဓာတ်ပုံကို လူတကာ လိုက်ပြနေတာမျိုး သဘောမကျ။

"အဘွားက လူတကာ လိုက်ပြနေတာ မဟုတ်ပါဘူးကွယ်။ ကိုယ်နဲ့ အဆင့်အတန်းတူ ဂုဏ်ရည်တူတဲ့သူချည်းကိုပဲ ပြတာပါ။ အဘွား ရွေးတဲ့သူမှန်သမျှ ဘယ်သူမှ အဘွားတို့ထက် နိမ့်ကျတာ မပါဘူး။ အားလုံး မင်းစိုးရာဇာ တော်ဝင်နန်းထိုက် အသိုင်းအဝိုင်းက လူတွေချည်းပဲဆိုတာ မြေးလေး နားလည်သဘောပေါက်မှပေါ့"

"အို… ဘာပဲဖြစ်ဖြစ် ဟန့်ဓာတ်ပုံကို ဘယ်သူ့မှ မပြပါနဲ့ အဘွားရယ်။ ဟန့်ဓာတ်ပုံ ထုတ်ပြပြီး အဘွား ဟန့်အတွက် သတို့သားလောင်း လိုက်ရှာနေရတာကို ဟန် မုန်းတယ်"

"အေးပါကွယ်… မြေးလေးမကြိုက်ရင် နောက်အဘွား မလုပ်တော့ဘူး ဟုတ်လား"





ကတိပေးလွယ်သော အဘွားက သူ့ကတိ သူပြန်ဖျက်ရာမှာလည်း အလွန်လွယ်ကူပါသည်။ နောက်တော့ အဘွားကို တားမရသည့်အတူတူ ဟန်လည်း ဘာမှ အဘွားကို ထပ်မပြောတော့ပါ။ ဒါပေမဲ့ အဘွားရှာသည့် ပြဿနာတို့က ထိုမျှနှင့်မပြီး။ တချို့ ကိုကို မောင်မောင်တွေက ဟန့်ကို ချစ်လှပါသည်၊ ကြိုက်လှပါသည်ဆိုပြီး ဟန်ရှိရာအထိ ခရီးပေါက်အောင် လိုက်လာကြသည်။ ထိုအခါ အဘွား အရှုပ်တော်ပုံကို ဒိုင်ခံရှင်းရသူက ဟန်။

ဟန်မှာ ချစ်ရမယ့်သူ ရှိနေလို့ ခွင့်လွှတ်ပါဟု ဆိုရသလို။ ဝမ်းနည်းပါတယ်ရှင်၊ ဟန် ဒီတစ်သက် အိမ်ထောင်မပြုတော့ပါဘူးဟူ၍တစ်သွယ်၊ နည်းလမ်းပေါင်းစုံသုံးပြီး ဟန့်ထံ ရောက်လာသူတွေကို ရှင်းရသူက ဟန်။ အခုလည်း အဘွား ဘာတွေလုပ်ထားမှန်းမသိ။ ဟန် တောင်ကြီးကို လိုက်လာမည်ဆိုတာနှင့် အဘွား သိပ်ပျော်သွားတာ နားထောင်ပြီး ထိုခရီးစဉ်ကို အခုကတည်းက ကြိုတင်ဖျက်သိမ်းလိုက်ရ၏။

"ဟန် စကားအဖြစ်ပဲ ပြောတာပါ အဘွားရယ်။ တောင်ကြီးကို ဟန် မလာနိုင်သေးပါဘူး။ ဒီမှာ တခြားအလုပ်တွေလည်း ရှိသေးလို့ပါ"

"အဘွားကတော့ ဖြစ်နိုင်ရင် မြေးလေးကို ဒီကိုလိုက်လာစေချင်တာပဲကွယ်"

ဟန့်မှာ ဘာအလုပ်မှ မရှိမှန်းသိထားသည့် အဘွားက သူဖြစ်ချင်တာကို ဆက်ပြော၍ ဟန်ခေါင်းခါလိုက်သည်။

"အဘွားသာ အမြန်ဆုံး ပြန်ခဲ့ပါ။ အန်တီမေရီအတွက် ဟန်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်သွားဝယ်မလို့ ဖုန်းချလိုက်ပြီနော် အဘွား"

အဘွား ဘာမှမပြောခင် ဒီတစ်ခါတော့ အရင်ဖုန်းချလိုက်ရသူက ဟန်။ အဘွားနှင့်ဟန်ကြားမှာ ဒီလိုကိစ္စတွေက ဖြစ်နေကျဆိုတော့ အဘွားအကြောင်း ဟန့်ခေါင်းထဲ ချက်ချင်းပျောက်သွားတာ အန်တီ မေရီအတွက်ပဲ စဉ်းစားပြီးသား ဖြစ်သွား၏။

"အန်တီ ဟန်"

"ဟယ်… ဖိုးသားလေးပါလား မာမီရော"

"ဟိုမှာ"

ရွှေစင့်သား ဖိုးသားလေးက ဟန့်လက်ကိုဆွဲပြီး သူ့မာမီရှိရာ ခေါ်သွား၍ ဟန့်မှာ ရွှေစင့်သား ဆွဲခေါ်ရာ ပါသွားသည်။ ရွှေစင်က ပစ္စည်းတွေ မနိုင်မနင်းဝယ်ရင်း ဟန့်ကိုမြင်တော့ လှည့်ပြုံးဖြစ်သည်။

"ဘာတွေလဲ ရွှေစင်ရယ် ဝယ်ထားတဲ့ ပစ္စည်းတွေက များလှချည်လား"

"အိမ်မှာ လိုနေတဲ့ ပစ္စည်းတွေ စာရင်းလုပ်ပြီး တစ်ပတ်တစ်ခါတည်း စုဝယ်တာလေ။ အိမ်မှာ ရွှေစင့်ယောက္ခမကြီးတွေလည်း ရောက်နေတယ်"

အခုလိုကျတော့လည်း ရွှေစင့်ဘက်က ရယ်မောပြုံးရွှင်နေသည်။ ဟိုတစ်နေ့က ဟန်တွေ့မြင်ခဲ့ရသလို ကိုယ့်ကိုကိုယ် သတ်သေချင်နေသည့် ရွှေစင်မဟုတ်တော့။ ဖြူပြာ တရားချကောင်းတာလည်း ပါမည်ထင်သည်။ ရွှေစင် ပျော်နေတာမြင်တော့ ဟန်လည်း ပျော်ပါသည်။

"ရွှေစင်ရေ… သားသားရော"

"ဟော့… ဟိုမှာ သားဒယ်ဒီက သားကိုခေါ်နေပြီ သွားလိုက်





ဦးသား"

"ဟော့… ဟန်လည်း ဒီကိုရောက်နေတာလား"

ရွှေစင့်ယောကျ်ား မြတ်မော်ထွန်းက ရယ်ရယ်မောမောပုံစံနှင့် ဟန့်ကိုမြင်တော့ တအံ့တဩ နှုတ်ဆက်သည်။ အခုလိုကျတော့လည်း သူတို့လင်မယားနှစ်ယောက်ကို ကြည့်ရတာ ဘာမှမဖြစ်ကြသည့် အတိုင်းဖြစ်၍ သူ့ယောကျ်ားမျက်နှာကို ပြုံးကြည့်နေသည့် ရွှေစင် မျက်နှာကိုကြည့်ပြီး မြတ်မော်ထွန်းကို ဟန်အလိုက်သင့် နှုတ်ဆက်လိုက်သည်။

"ရွှေစင်က ယူ့ကို သိပ်ချစ်တာနော် မြတ်မော်ထွန်း"

"အမယ်လေး… ကိုယ်ကလည်း ရွှေစင်မှရွှေစင်ပါဗျာ။ မယုံရင် ဟန့်သူငယ်ချင်းကို မေးကြည့်။ အခုချိန်ထိ ရွှေစင်စိတ်ဆင်းရဲအောင် တိုယ်တစ်ခါမှ မလုပ်ဖူးပါဘူး။ ဟုတ်တယ်နော် မိန်းမ"

"ဟုတ်ပါသတဲ့ရှင်၊ ဟုတ်ပါသတဲ့"

မိန်းမဖြစ်သူဘက်လှည့်ပြီး ထောက်ခံခိုင်းနေတော့ ရွှေစင်လည်း သူ့ယောကျ်ားအကြိုက် လိုက်ခေါင်းညိတ်လိုက်ပုံက ခပ်ပြုံးပြုံး။ ယောကျ်ားဆိုတာ ဒီလိုပဲ လျှာရိုးမရှိ လိမ်တတ်ညာတတ်သူပါလား ဆိုတာကိုတော့ ဟန့်စိတ်ထဲကပဲ တွေးလိုက်သည်။ အိမ်ထောင်တစ်ခုတည်ဆောက်ပြီး ကိုယ်ပိုင်မိသားစုလေး မပြိုကွဲအောင် ကြိုးစားရသည့် မိန်းမသားတွေဘဝက သနားတော့ သနားစရာ။

ကိုယ့်စိတ်ထဲ သဘောမကျပေမယ့် အိမ်ထောင်ဦးစီး ယောကျ်ား လုပ်သူ ပြောသမျှ အမှန်။ လုပ်သမျှ အဟုတ်အဖြစ် ခေါင်းညိတ်ပေး နေရသော အရုပ်ဘဝရောက်မှန်းမသိ ရောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ကဲ မိသားစု စုံစုံညီညီ ဝယ်စရာရှိတာ ပျော်ပျော်ပါးပါး ဝယ်ကြ။ ဟန်လည်း လိုတာလေးတွေ ဝယ်လိုက်ဦးမယ်"

"နေပါဦး ဟန်ရဲ့၊ တွေ့တုန်းဆုံတုန်း ရွှေစင်တို့နဲ့ တစ်ခုခု လိုက်စားပါဦး"

"ဟုတ်တယ်ဟန် မတွေ့တာလည်း ကြာပြီဆိုတော့ စကား လေးဘာလေး ပြောကြရအောင်"

ရွှေစင်နှင့် မြတ်မော်ထွန်းကပါ ဟန့်ကို သူတို့မိသားစုနဲ့အတူ တစ်ခုခု သွားစားဖို့ ခေါ်ပေမယ့် ဟန့်မှာ သူတို့ခေါ်ရာနောက် မလိုက် နိုင်။ ညနေအန်တီမေရီတို့ ဒင်နာကို သွားရမည့်ကိစ္စနှင့် လက်ဆောင် ဝယ်စရာကိစ္စ အပြေးအလွှား စီစဉ်နေရ၍ ရွှေစင်တို့ကို အားနာစွာ ငြင်းလိုက်ရသည်။

"သူငယ်ချင်းတို့ပဲ သွားကြပါမှာယ်။ ဒီကပြန်ရင် ဟန့်မှာ တခြားလုပ်စရာလေးတွေရှိလို့ မလိုက်တော့ပါဘူး"

"ဟန်က ကိုယ်တို့အပေါ် သိပ်စိမ်းတာပဲ"

မြတ်မော်ထွန်းက ဟန့်ကို အပြစ်တင်လိုက်၍ ဟန် ပြုံးလိုက် သည်။

"အေးပါ… ဟန်က ယူ့ကို စိမ်းတယ်ပဲ ထားလိုက်ပါတော့ ယူကသာ ရွှေစင်အပေါ်မှာ ဟန် စိမ်းသလို မစိမ်းဖို့က ပိုအရေးကြီး ပါတယ်"

"ဘာလဲဟ ဟန့်စကားကြီးက"

"ဘာမှမဟုတ်ဘူးဟ၊ ကဲ… ဟန်သွားပြီ"

သူတို့နားက ဟန်ထွက်ခဲ့သည်။ သူ့အပြစ်ကို ဟန်မသိဘူး





အထင်နဲ့ ဟန့်စကားအပေါ်မှာ စိတ်အလိုမကျသလို ကျန်ခဲ့သည့် ရွှေစင့်ယောကျ်ား မြတ်မော်ထွန်းက သူ့ကိုယ်သူ လည်လှပြီဟု ထင် နေသည်။ ဟန် ဘာကိုရည်ရွယ်ပြီး ပြောလဲဆိုတာ သူ မသိပေမယ့် ရွှေစင်ကတော့ ဟန့်စကား အဓိပ္ပာယ်ကို ကောင်းစွာသိထားသူအဖြစ် သူ့ယောကျ်ားလက်ကိုဆွဲပြီး တခြားဘက်ကို ဈေးဝယ်ရန် ဆွဲခေါ် သွားတာ မြင်လိုက်ရ၏။

ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ရတဲ့ မိန်းမတစ်ယောက် ရဲ့ဘဝဆိုတာ ဒါမျိုးလား။ အတွေးနှင့် ဟန့်နှလုံးသားတစ်ခုလုံး ခါး သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

လူအများကြီး ဖိတ်မထားပါဟု ဆိုသော်လည်း အန်တီမေရီ့ဆီ
တက်ရောက်လာကြသည့် အရင်းနှီးဆုံး မိတ်ဆွေဆိုသူတွေက အနည်း
ဆုံး လူအယောက်တစ်ရာခန့် ရှိသည်။ ဟန်ထင်သည်။ အသက်ကြီးပြီ
အန်တီမေရီတို့ စုံတွဲအရွယ်တွေပါသလို အသက်လတ်လတ်၊ အသ
ငယ်ငယ် ရှုချင်ဖွယ် ချောချောလှလှ ယောကျ်ားလေး၊ မိန်းကလေး
ပရိသတ်ကိုလည်း တွေ့ရသည်။

ငြိမ့်ညောင်းသာယာသော တေးဂီတနှင့်အတူ ပြုံးရွှင်ရယ်မော
နေကြသူတွေကြား ဘာတစ်ခုမှ လိုအပ်တာမရှိအောင် ဂရုတစိုက်
စားပွဲထိုးနေကြသည့် အဖွဲ့ကလည်း မင်းပရိသတ်အလယ်မှာ လူးလာ
ခေါက်တုန့်၊ ကိုယ့်တာဝန်ကို ကျေပွန်အောင် အပြေးအလွှား ထမ်းဆော
နေကြ၏။

ဟန်ရောက်သွားတော့ ပွဲက လူအတော်စည်နေပြီ ဖြစ်သည်
လူရောင်စုံ ကားရောင်စုံတွေထဲမှာ အန်တီမေရီကို တွေ့အောင်ရှာ





နှုတ် ဆက်ရသလို ဟန်ယူလာသည့် လက်ဆောင်ပစ္စည်းကို
အန်တီမေရီကို ပေးဖြစ်အောင် ပေးလိုက်သည်။

"ဘာလက်ဆောင်တွေများ ဝယ်လာရတာလဲ ဟန်လေးရယ်"

"သိချင်ရင် အန်တီကိုယ်တိုင် ဖွင့်ကြည့်လေ"

"အခု ဖွင့်လို့ရမလား ဟန်"

"သိပ်ရတာပေါ့ အန်တီ"

"အိုကေ"

အန်တီမေရီက သူ့အသက်အရွယ်နှင့်သူ ဒီနေ့သိပ်လှနေသလို
ဟိုတုန်းက မင်္ဂလာပွဲ ကျင်းပသည့် အချိန်တွေကို ပြန်သတိရနေသည်
လား မသိ။ အန်တီမေရီ သိပ်ပျော်နေတာ ဟန် သတိထားလိုက်မိ
သည်။

အန်တီမေရီက ခပ်ပြုံးပြုံး အမူအရာနှင့် ဟန်ယူလာသည့် ပါကင်
လှလှနှင့် ဗူးလေးကို ဖွင့်လိုက်တော့ သူ့မျက်နှာ ပိုပြုံးသွားကာ သဘော
ကျနှစ်ခြိုက်သည့် အမူအရာက အထင်းသား ဖြစ်သွားသည်။

"ရင်ထိုးလေးပါလား ဟန်၊ သင့်ခ်ယူပါကွယ်"

စိန်နှင့်ပုလဲ ရံထားသည့် ရင်ထိုးလေးကို ကျေနပ်စွာ သူ့အင်္ကျီမှာ
ချိတ်ချင်းချိတ်တွယ်လိုက်၍ ဟန်မျက်နှာလေး ပြုံးသွားသည်။ ဟန်
ရွေးချယ်လိုက်တာ မှန်သွားသည့်အတွက်ပါ။

"ဒါက အန်ကယ့်အတွက်ပါ"

လည်စီးနက်ကတိုင်တစ်ခု။

"ထပ်ဆင့် ကျေးဇူးပါကွယ် ဟန်။ အန်ကယ်လည်း ဒီလိုဆောင်
ကို သဘောကျပါတယ်။ လာ··· ဟန်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"သြော်... နေခ ရောက်လာတာနဲ့ အတော်ပဲ မင်းကို ဟော့ဒီ
ဟန်နဲ့ မိတ်ဆက်ပေးရမယ်"

ဟန်လက်လေးတစ်ဖက်ကို ချစ်ခင်ရင်းနှီးစွာ ဆွဲကိုင်ထားသည်
အန်တီမေရီနှင့် ဟန့်နားကို ရောက်လာသူက တခြားသူမဟုတ်။ နေ
ဖြစ်နေ၍ ဟန်မျက်နှာလေး ပြုံးသွားသလို အန်တီမေရီစကားအဆုံး
နေခတလည်း ပြုံးနေသည့် ဟန့်မျက်နှာလှလှလေးကို တစ်ချက်စိုက်
ကြည့်လိုက်၏။

"ဟန်နဲ့ ကျွန်တော်ဆိုရင် အန်တီမေရီ မိတ်ဆက်ပေးစရာ မ
တော့ဘူး အန်တီ"

"ဟုတ်ပြီ။ အန်တီ သဘောပေါက်ပြီ။ ဒါဆို ဟန်လေး
မင်းပဲ အန်တီ့ကိုယ်စား သေချာဧည့်ခံပေးထားလိုက် နေခ"

"သမီးဟန်လည်း နေခနဲ့ လိုက်သွားလိုက်နော်"

"ဟုတ်ကဲ့ အန်တီ"

ဧည့်သည်သစ်တွေ နောက်ထပ် ရောက်လာ၍ အန်တီမေ
နားမှာ နှုတ်ဆက်သူတွေ၊ လက်ဆောင်ပေးသူတွေနှင့် ရှုပ်သွားသည်

"လာ... ဟန် ကိုယ်တို့ လူရှင်းတဲ့နေရာကို သွားရအောင်"

နေခအဆိုကို ဟန်ကလည်း သဘောတူသည်။ ဒီလိုပွဲမျိုး
ဟန့်အတွက် မရေမတွက်နိုင်အောင် တက်ခဲ့ရလွန်း၍ ညည်းငွေ့
သည်။ စိတ်ထဲမပါဘဲ သူများပြောသည့် စကားတွေကို စိတ်ဝင်တ
ဟန်ဆောင်နားထောင်ပေးရ မရယ်ချင် မပြုံးချင်ဘဲ ပြုံးရရယ်ရ။ ရန်သူ
မိတ်ဆွေလုပ်နေရတာတွေက အများကြီး။ ဟန်က စိတ်ရှည်တတ်သူ





မဟုတ်။ ဟန်ဆောင်ကောင်းသူလည်း မဟုတ်သဖြင့် ဟန့်မျက်နှာ
ပေါ်က စိတ်အလိုမကျခြင်း၊ စိတ်ဝင်စားမှု မရှိခြင်းတွေက ဟန့်ထက်
လူကဲခတ်ကောင်းကြသူတွေကို ချက်ချင်း ရိပ်မိသွားစေကာ ဟန့်
အနားက ဖယ်ခွာသွားတတ်ကြတာလည်း မကြာခဏပါ။

အသွားကတော့ ဟန့်ကို အမြဲဆုံးမသည်။

"လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲ ဝင်ဆန့်နေတဲ့သူတိုင်း
ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်ရတယ် မြေးရဲ့။ ဘယ်နှယ့် ကိုယ်စိတ်မပါ
တိုင်းသာ ဘာမှမလုပ်ရဘူး။ ဘာမှမပြောချင်ဘူးဆို အားလုံး ခက်ကုန်
တော့မှာပေါ့"

"အိုး... ဟန်ကတော့ စိတ်ထဲရှိတဲ့အတိုင်းပဲ လုပ်ချင်တယ်။
ပြောချင်တယ် အသွား။ ဘယ်သူ့ဘာထင်ထင် ဟန်ဂရုစိုက်နေမှာ မဟုတ်
ဘူး"

"ခက်တဲ့မြေးပဲ၊ တော်ကြာ ဟန့်ကို ကွယ်ရာမှာ လူတွေက
ဆေါင်းရသင်းရခက်တဲ့ မိန်းကလေးလို့ ပြောနေရင် ဘယ်လိုလုပ်မလဲ"

ဘယ်လိုမှ မလုပ်ပါ။

ဘယ်သူ့ကိုမှလည်း ဟန်ဂရုမစိုက်။ အသွားက သူပြောချင်
တာ ဆက်ပြောနေသလို ဟန်ကလည်း သူလုပ်ချင်တာ လုပ်ရမှ
ကျေနပ်သူဖြစ်၍ ကိစ္စတိုင်း ဟန်တို့မြေးအသွားနှစ်ယောက်၏ စိတ်
ဆန္ဒက ဘယ်တော့မှ တစ်ထပ်တည်းမကျ။ အခုလိုပွဲမျိုးမှာ ဟန့်စိတ်ထဲ
အသွားကို ပိုသတိရသည်။ ဟန့်နားမှာသာ အသွားပါလာရင် ဟန်
လုပ်နေပုံကို ဘာပြောမည်မသိ။ ဟန်ကတော့ နေခဆိုသည်ကိုသူချော
နှင့် သဘောဆန္ဒကိုက်ညီစွာ လူရှင်း၍ ချောင်ကျသော နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရွေးထိုင်ဖြစ်တာကို သဘောကျနေသည်။

"ဟန်နဲ့အခုလို ပြန်ဆုံရလိမ့်မယ်လို့ ထင်မထားဘူး"

နေခက သိပ်လှနေသော ဟန့်အလှကို မီးရောင်အောက်မှာ ခပ်ပြုံးပြုံး ငေးကြည့်ပြောလိုက်၍ ဟန်လည်း နေခ၏ ချောမောခန့်ညား စွာ ယောကျ်ားပီသသော မျက်နှာကိုကြည့်ပြီး အလိုက်သင့်လေး ပြုံး လိုက်သည်။

"ဟန်ရောပဲ"

ဟု ပြောလိုက်တော့ သူက ပခုံးတွန့်သည်။

"ကိုယ်က ဒီလိုပွဲတွေကို မတက်ဖြစ်တာကြာပြီ"

"ဟုတ်လား"

"ဟန် ရောပဲ"

နှစ်ယောက်ကြားမှာ ပြောစရာစကားမရှိတော့သလို ငြိမ်သွား သည်။ ဟန်က တခြားမိန်းကလေးတွေကို အကြောင်းမရှိ အကြောင်းရှာ စကားပြောခြင်း မရှိသလို နေခကိုယ်တိုင်ကလည်း ဘယ်မိန်းကလေးနှင့်မှ ပတ်သက်ချင်စိတ်မရှိသူပီပီ ဘာစကားမှ အပိုမဆို။ စားပွဲပေါ်က စားစရာရှိတာတွေကို အသံတိတ် စားသောက်ရင်း သူတို့ လာနှုတ်ဆက် သူတွေကို ပြုံးရယ်နှုတ်ဆက်ကြသည်။ နေခကို အများဆုံး နှုတ်ဆက် ကြသူတွေက မိန်းကလေးအများစုဖြစ်ပြီး ဟန့်ကို နှုတ်ဆက်စကား ဆိုကြသူတွေကလည်း ယောကျ်ားလေးများချည်း ဖြစ်နေကြသည့် အဖြစ်ကလည်း တိုက်ဆိုင်နေသည်။

ဟန့်ကို နှုတ်ဆက်လာသည့် အစ်ကိုကာလသားတွေက ဟန် နှင့်အတူ ရှိနေသော နေခကို မသိမသာရော သိသိသာသာပါ အကဲခတ်





ကြည့်သွားကြသလို တချို့ကလည်း ဘာလိုလို အဓိပ္ပာယ်ရသည့် စကားလုံး အပြုအမူ အပြောအဆိုတွေနှင့် ခပ်စောင်းစောင်း ခပ်ချိတ်ချိတ်။ ဟန့်အတွက် အသည်းနာလေဟန် ပြောဆိုသွားကြသည်။

ဟန်က ဘယ်သူဘာပြောပြော အပြုံးမပျက်။ ရက်ရက်စက်စက် လှနေသော ဟန်ကဲ့သို့ နာမည်ကြီးမင်းသား နေခနားမှာလည်း ဝိုင်း ဝိုင်းလည်နေသော အပျိုမလှလှ၊ မလှတလှတွေကလည်း နေခနားက ဟန့်ကို မလိုတမာ အကြည့်တွေ အပြောတွေနှင့် ကလိကြ၊ ရိကြတာ ကြားနေရသည်။ နေခက ဘယ်သူဘာပြောပြော မထိတရိ အပြုံးနှင့် ငြိမ်သက်နေ၍ နေခဆီ ရောက်လာကြသည့် မိန်းမလှလေးတွေက ကျေမနပ် နှုတ်ခမ်းစူ ခြေဆောင့် စိတ်ကောက်သည့် အသွင်သဏ္ဍာန် အမျိုးမျိုးနှင့် နေခနားက ထွက်သွားကြပုံကလည်း တစ်မျိုးလှသလို တစ်မျိုး ချစ်စရာကောင်းနေကြပြန်သည်။

လက်က နာရီလေးကို ဟန်တစ်ချက် ငုံ့ကြည့်လိုက်သည်။ ဟန်ပြန်တော့မည်။ ဒီလောက်ဆို ဟန့်ဘက်က တာဝန်ကျေပြီ။ ပြည့်စုံ သုံးလောက်ပြီဟု သဘောပေါက်နေချိန်မှာ အန်တီမေရီထံ ရောက်လာ သော ဧည့်ပရိသတ်ကတော့ ဝင်လာမစဲ။ တသဲသဲ ဖြစ်နေတုန်း ဖြစ် သည်။

"နေခ"

ဟန်ပြန်တော့မည်ဟု စိတ်ဆုံးဖြတ်ပြီးချိန်မှာ နေခအမည်ကို ခေါ်ပြီး နေခမျက်နှာကို တမ်းတမ်းတတ လွမ်းဆွတ်ကြေကွဲနေသော မျက်ဝန်း အစုံဖြင့် ငေးစိုက်ကြည့်နေသော မိန်းမလှတစ်ယောက် နေခနား ရောက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗန်"

"ဗန့်ကို မှတ်မိသေးသားပဲနော်"

အခုပဲ ငိုချလိုက်တော့မလို ထင်ရသော ဗန်ဆိုသည့် မိန်းမလှ[illegible] တစ်လောကလုံး သူမနဲ့ နေခ နှစ်ယောက်တည်း ရှိနေသည့်ပုံ[illegible] ပတ်ဝန်းကျင်ကို သတိမထားနိုင်အောင် နေခမျက်နှာကို မျက်ရည်[illegible] သော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်ပြီး သူ့ကိုယ်သူ မငိုမိအော[illegible] စိတ်ကို ထိန်းနေ၏။

"ဗန် ဒီမှာ ထိုင်မယ်နော်"

ခွင့်တောင်းသံနှင့် နေခနားက ခုံကိုဆွဲယူ ထိုင်ချလိုက်တာ[illegible] တစ်ပြိုင်တည်း ဖြစ်သည်။ နေခ ဘာမှမပြောနိုင်သလို ဟန်လည်း[illegible] အခုချိန်ကျမှ နေရာက ထထွက်သွားရမှာလား။ ဒီအတိုင်း ဂရု[illegible] မပျက် ဆက်ထိုင်နေရမလားမသိ ဖြစ်သွားသည်။

ခဏတော့ ငြိမ်နေမှ ဖြစ်မည်။

ပြီးမှ ပြန်တာပေါ့ဟု ဟန့်စိတ်ကို ဟန်ပြန်ပြောနေချိန်မှာ [illegible] အကြည့်တွေက ဟန့်ထံ စူးခနဲ ရောက်လာ၏။ ထိုအကြည့်ကို [illegible] မြင်သလို နေခလည်း မြင်သည်။ ဟန်နှင့်နေခကို ဗန်ဆိုသည့် မိန်း[illegible] အထင်အမြင် လွဲနေသည့်အကြည့်။ ဟန်နဲ့နေခဆိုသည့်လူ [illegible] မဆိုင်။ ဘာတစ်ခုမှ မပတ်သက်ကြောင်း ဗန်ဆိုသည့် နေခချစ်သူ[illegible] ရှင်းပြချင်ပေမယ့် ရှင်းပြဖြေရှင်းပေးလို့လည်း မရ။

"ဗန့်ကို ခွင့်လွှတ်ပါနော်"

"ဗန်"

နေခကိုကြည့်ပြီး တောင်းပန်စကားဆိုခြင်း မဟုတ်။ နေခန[illegible]





အတူရှိနေသည့် ဟန့်မျက်နှာကို စေ့စေ့ကြည့်ပြီး တောင်းပန်စကား ဆိုနေသည့် နေခရည်းစားကြောင့် ဟန်မျက်ဝန်းအစုံ လက်ခနဲ စူးတောက်သွားကာ ဗန်ဆိုသည့် မိန်းမလှမျက်နှာကို သနားစနာစွာ ကြည့်ဖြစ်သွားသည်။

"တို့က ယူထင်နေသလို နေခနဲ့ ဘာမှမပတ်သက်ပါဘူး ဗန်"

ဟန့်အသံ အေးဆေးညင်သာသလို လှပသော ဟန်မျက်နှာက လည်း နူးညံ့သိမ့်မွေ့နေ၏။

"ယူတို့ကိစ္စကို ယူတို့ဘာသာ ဖြေရှင်းပါ။ တို့လည်း အခုပဲ ပြန်တော့မှာ... ဘိုင်"

"ဆောရီး ဟန်"

နေခထံမှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

ဟန်က သူ့ကို အချိုသာဆုံး ပြုံးကြည့်ကာ နေရာက ထွက်သာခဲ့သည်။ ဗန်ကတော့ ဟန့်ပြောစကားကို ဘယ်လိုသဘောထားလေသည်မသိ။ ဟန့်စကားကို မည်သို့မျှ မတုံ့ပြန်။ နေခမျက်နှာကိုသာ နှင့်နှင့်သည်းသည်း စူးစိုက်ကြည့်ရင်း ကျန်ခဲ့သည်။

အန်တီမေရီကို လိုက်ရှာပြီး ပြန်မည့်အကြောင်း နှုတ်ဆက်သည်။ သို့သော် ဟန့်မှာ သူမ စိတ်ရှိသည့်အတိုင်း ပြန်ချင်တိုင်း ပြန်ခွင့်မရ။ အန်တီမေရီက ဟန့်ကို သူအသိမိတ်ဆွေတချို့နှင့် ဇွတ် အတင်း မိတ်ဆက်ပေးနေ၍ ဟန့်မျက်နှာကို တစ်ချိန်လုံး ပြုံးနေရသည်။ အမျိုးသားလည်း ပါသည်၊ အမျိုးသမီးတွေလည်း ပါသည်။ အားလုံးက ဟန့်ကို သိနေကြသူတွေချည်း ဖြစ်သည်။ ဟန့်ကားနားကို ပြန်ရောက်တော့ ဟန့်နားကို နေခ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်"

"သြော်… နေခ"

"ပြန်တော့မယ်လား ဟန်"

"အင်း"

"ယူရော မပြန်သေးဘူးလား"

"အင်း… ကိုယ်လည်း ပြန်တော့မှာပါ"

"ဥတ်နိုက် နေခ"

"ဥတ်နိုက်"

နေခကို နှုတ်ဆက်ပြီး ဟန့်ကားလေးကို နေရာက မောင်းထွက်ခဲ့သည်။ အလင်းရောနေသည့် အမှောင်မှာ ရပ်ကျန်ခဲ့သည့် နေခအသွင်က မားမတ်ခန့်ငြားလျက် တည်ငြိမ်မှုအပြည့်နှင့် ဖြစ်သည်။ နေခစိတ်ထဲ ဟန့်အသွင်က တစ်မျိုးထူးနေသည်။ သူတွေ့ဆုံဆက်ဆံဖူးသော မိန်းကလေးတွေနှင့်လည်း မတူ။ ဟန်က နေခကို ဘာတစ်ခုမျှ အလေးမထား။ စိတ်ဝင်စားခြင်းလည်း မရှိ။ ဟန့်အသွင်က နေခကို ယောကျ်ားတစ်ယောက်ဟူ၍ပင် စာရင်းမသွင်း။ သူမ ပြောစရာရှိတာပြော။ သူမ လုပ်စရာရှိတာလုပ်ပြီး အလွန်လှပသော လိပ်ပြာလေးပမာ နေခနားက ဝေးရာသို့ ပျံသန်းထွက်ခွာသွားပုံကအစ လွတ်လပ်မှုတွေနှင့် ပေါ့ပါးပျော်ရွှင်လျက် သူမဘဝကို သူမကျေနပ်နှစ်သိမ့်နေပုံမျိုး ဖြစ်သည်။

အစတုန်းက… ဟန့်အကြောင်း သူမသိ။

ဟန်ကိုယ်တိုင်လည်း နေခအကြောင်း သိဟန်မတူ။ အခုတော့ ဟန့်အကြောင်းကို သူ့သူငယ်ချင်းဇော်ကြီက ပြောပြ၍ နားထောင်ခဲ့





သည်။ ဟန်ဟု သူသိထားသော စောမြတ်ချယ်ဟန်ဆိုတာက သူ့ကို န်းကျင်အသိုင်းအဝိုင်းမှာ သူကဲ့သို့ လူအများ စိတ်ဝင်စားခံရသော။ ည်သည့်ယောကျ်ားကိုမှ စိတ်မဝင်စားသော အခုချိန်ထိ ချစ်သူရည်းစား ရှိ။ သူမတစ်ကိုယ်တည်း လွတ်လပ်စွာ ပျော်ရွှင်နေသူ။

ဘယ်လိုယောကျ်ားမှ စောမြတ်ချယ်ဟန်ဆိုသည့် သူမအချစ်ကို ရအောင် မယူနိုင်ကြ။ ကျောက်သားအသည်းနှလုံးနှင့် မိန်းမချောက သည်း ဆန့်ကျင်ဘက်ယောကျ်ားများကို စိတ်ဝင်စားစရာဟု မထင်။ အဖြစ်ချင်းက အတော်တိုက်ဆိုင်သည်။ နေခဆိုသည့် သူကိုယ်တိုင် လည်း အချစ်မရှိသော နှလုံးသားဗလာနှင့်လူ။

ဟန့်မှာ ချစ်တတ်သည့် နှလုံးသားမရှိဟု ဆိုသည်မှာ တကယ် လား။

နေခဆိုသည့် သူကိုယ်တိုင်ကရော ဘာကိုအချစ်လို့ ခေါ်ချင် နေတာလဲ။

ဟန့်အကြောင်းကို သူ မသိသလို သူ့အကြောင်းကို သူ ကိုယ်တိုင်လည်း သိပ်တော့ နားမလည်။ အိမ်ပြန်ရောက်သည်အထိ ခအတွေးတွေက ဟိုရောက်ဒီရောက်။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော် သွားသည်။ မနက်လင်းတော့ ဟန့်အကြောင်း သူ မေ့သွားသည်။ သို့သော် ဟန့်ကို သတိရအောင် နေခကို သတိပေးနေသူက ဇန်။ ဘယ်လိုလုပ်ပြီး နေခဖုန်းနံပါတ်ကို ရသွားသည်မသိ။

နေခ ဖုန်းကိုင်လိုက်တော့ ဇန် ဖြစ်နေသည်။

"နေခ ဟန့်ကို လက်ထပ်မှာလားဟင်"

ဇန့်စကားအဆုံးမှာ နေခ မျက်ခုံးတွန့်သွားသည်။ ဘာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ဟန့်အကြောင်းကို သူက စိတ်ဝင်စားနေရတာလဲ။ သူ့နားမှာ ဟန် အတူရှိနေတာနဲ့ နေခလက်ထပ်မယ့် မိန်းကလေးက ဟန်ဖြစ်စရာလား

"မင်းနဲ့ဆိုင်တဲ့ကိစ္စပဲ ပြောပါ"

နေခအသံက ခပ်ပြတ်ပြတ်။

တစ်ဖက်က ခဏတော့ အသံတိတ်သွားသည်။

"ဇန် နေခကို အခုထိ မေ့လို့မရဘူး နေခ"

"အဲဒါ မင်းကိစ္စပဲ"

"နေခ အသည်းမာတာ ဇန် သိပါတယ်။ ဟန်နဲ့ နေခ ဘယ်သူ အသည်းမာလဲဆိုတာ ဇန် သိချင်တယ်"

"မင်းပြောချင်တာ ဒါပဲလား"

နေခအသံက စိတ်မရှည်သံ။

ဟန့်နာမည်ကို သူ့နာမည်နဲ့ ယှဉ်တွဲပြောနေတာကို စိတ်ထဲက သဘောမကျ။ ဇန့်ကို သူစိတ်ပျက်သည်။ မနာလိုဝန်တိုစိတ် ပြင်းထန် လွန်းတာကိုတော့ အမုန်းဆုံး ဖြစ်သည်။

"အန်တီမေရီပွဲကို နေခတို့နှစ်ယောက် အတူတွဲတက်လာ ကတည်းက ဇန် သဘောပေါက်ပါတယ်"

မင်းက ဘာတွေ သဘောပေါက်နေတာလဲဟု သူ မမေးပါ။ ဇန် သိသွားသည့် သူ့ဖုန်းနံပါတ်ကို နောက်တစ်လုံး ပြောင်းသုံးရ ဖြစ်တော့မည်ဟု တွေးနေသည်။

"နေခလို လူတစ်ယောက်ကို ဟန်ဆိုတဲ့ မိန်းကလေးကြောင့် အသည်းမကွဲပါစေနဲ့လို့ ဇန် ဆုတောင်းပါတယ်"

"တ်ို"





နေခ ဘာမှပြန်မပြောလိုက်ရ။ ဇန့်က အရင်သူပြောချင်တာ ပြီ ဖုန်းချသွား၏။ လက်ထဲက ဖုန်းကို နီးရာခုံပေါ် ပစ်တင်လိုက် ည်။ ဇန့်စကားက အဆန်းပါလား။ နေခဘဝမှာ တစ်ခါမှ မကြား သော စကားအသစ် ဖြစ်နေ၍ နေခမျက်လုံးထဲ ဟန့်ပုံရိပ်က ဖျတ်ခနဲ ာက်လာ၏။

"ဟန်"

ဟန့်အမည်ကို သူခပ်တိုးတိုး ခေါ်ကြည့်သည်။

ဟန့်အကြောင်းကို ဇန် သိနေပြီးသားပါလားဟုတွေးရင်း ဟန် ိုတဲ့ မိန်းကလေးက နေခကို အသည်းခွဲမသွားပါစေနဲ့ ဆိုပါလား။ ့အတွက် ဆုတောင်းပေးလိုက်သည့် ဇန့်စကားကို သူနှုတ်ခမ်းတွန့် ည်ဆိုရုံ ပြုံးလိုက်သည်။

ဟန်ဆိုတာ ယောကျ်ားတွေ နှလုံးသားကို ကစားစရာအရုပ်လေး စ်ရုပ်လို အပျင်းပြေ ဆော့ကစားပြီး ရက်စက်စွာ အသည်းခွဲစတမ်း ာားနေသူတစ်ယောက် မဟုတ်တာ သေချာသည်။ အချစ်ကို နေခ ်မဝင်စားသလို ဟန်ကလည်း အချစ်ကို လှည့်ကြည့်လိုသူ မဟုတ်။

ဒီလိုလူနှစ်ယောက်မှာ အချစ်ကြောင့် အသည်းကွဲစရာ အကြောင်း သည်ဆိုတာ ဟုတ်ပါ့မလား။

မင်းရူးနေပြီ ဇန်။

ဒါပေမဲ့ မင်းရူးသလို ကိုယ်လုံးဝ မရူးသေးတာတော့ လုံးဝ ချာတယ်။

ဇန် သိသွားပြီဖြစ်သော ထိုဖုန်းကို နေခ ဆက်အသုံးမပြုတော့ဘဲ ခြားဖုန်းအသစ်တစ်လုံးကို ပြောင်းသုံးလိုက်သည်။ နေခက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖယားရှုပ်တာမျိုး မကြိုက်။ လက်လည်းမခံ။ ပြီးပြတ်ပြီးသား ဇာတ်လမ်း တစ်ပုဒ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်တာမျိုး ခွင့်မပြု။ တခြား ဘာအလုပ်မှ လုပ်စရာမရှိ၍ မရောက်တာကြာပြီဖြစ်သော မာမီ့ထံ ထွက်ခဲ့သည်။

အိမ်ကိုရောက်တော့ ထုံးစံအတိုင်း မာမီ့ကို လှပစွာ တွေ့ရသည်။ ဒယ်ဒီကတော့ အိမ်မှာမရှိ။ အလုပ်ကို သွားနေသည်။ နေခကိုမြင်တော့ မာမီက သူ့ကို ပြုံးပြုံးကြီး ကြည့်သည်။

"ဘယ်လိုလဲသား… မာမီ ဝမ်းသာရတော့မှာလား"

"ဘာကိုလဲ မာမီ"

"သားနဲ့ဟန့်သတင်း မာမီ ကြားပြီးပြီ"

"ဗျာ…"

"စောမြတ်ချယ်ဟန်လေ သားရယ်၊ သားတို့ဘယ်အချိန်ကတည်းက ချစ်သူတွေ ဖြစ်နေကြတာလဲကွယ်။ မာမီဖြင့် သားအတွက် ဝမ်းသာလွန်းလို့ တစ်ညလုံး အိပ်မပျော်ဘူး"

သတင်းတွေက အတိအကျ။

မာမီက ဟန့်နာမည်ကို အတိအကျပြောပြီး သူနဲ့ဟန့်ကို ချစ်သူတွေအဖြစ် ပြောလာတော့ မာမီ့ကို ဒီလိုသတင်းအတင်းတွေ ပြောသော သူကို စိတ်ပျက်သည်။ လူတွေက ဒီလိုပဲ တစ်ဆိတ်ကိုတစ်အိတ် လုပ်ပြောရမှ နေသာထိုင်သာ ရှိကြသည် ထင်ပါရဲ့။

"မာမီ ထင်သလို မဟုတ်ပါဘူး"

"ဘယ်လိုသား"

ပြုံးနေသော မာမီ့မျက်နှာချက်ချင်း တည်သွားကာ နေခမျက်နှာကို





ကြည့်သည်။ မာမီ့ပုံစံက သူ့စိတ်ကူးနဲ့ တွေးထင်ထားသည့် အပျော်သားတွေ ပျောက်ဆုံးသွား၍ ဝမ်းနည်းသွားသည့်ပုံ။

"ဟန်က ကျွန်တော့်ချစ်သူ မဟုတ်ဘူး မာမီ"

"အိုကွယ်"

မာမီ စိတ်ညစ်သွားတာ မြင်လိုက်ရသည်။

"ဖြစ်နိုင်ရင် စောမြတ်ချယ်ဟန်လေးကိုပဲ မာမီ့ချွေးမ တော်ချင်တယ်ကွယ်။ သူ့အဘွားကိုယ်တိုင်ကလည်း သူ့ရဲ့တစ်ဦးတည်းသော မြေးလေးကို သိပ်အိမ်ထောင်ချပေးချင်နေတာ။ သားသဘောတူရင် မာမီ့ချွေးမလေးကို မာမီ သွားတွေ့လိုက်မယ်"

"အာ… ဒါတော့ မလုပ်နဲ့မာမီ။ ဟန်က မာမီတွေ့ဖူးတဲ့ တခြားမိန်းကလေးတွေနဲ့ မတူဘူး"

ဟန့်အကြောင်း ဘာမှမသိဘဲ ဟန့်ဆီကို နေခမာမီ သွားမည် ဆိုတော့ နေခ အမြန်တားလိုက်သည်။ ဒါကိုပဲ မာမီက ဘယ်လို အဓိပ္ပာယ်ကောက်သည်မသိ။ နေခမျက်နှာကိုကြည့်ပြီး ပြုံးသည်။

"တွေ့လား ဟန့်ကို သား သဘောကျနေပြီ"

"မဟုတ်တာ မာမီရာ။ ဘာဖြစ်လို့ ဟန့်ကို ကျွန်တော်က သဘောကျရမှာလဲ"

"သားတွေ့ဖူးတဲ့ တခြားမိန်းကလေးတွေနဲ့ မတူလို့လေ"

မာမီ့စကားအဆုံးမှာ နေခ နှုတ်ခမ်းအစုံမှာ အပြုံးသဲ့သဲ့ ထင်သွား၏။ ချွေးမ သိပ်လိုချင်နေသည့် မာမီက ဒီလိုပဲ မိန်းကလေးလှလှ မြင်ရင် သူ့သားအတွက် ချွေးမ ဖမ်းတော်နေကြဖြစ်၍ နေခအတွက် မာမီ့စကားက မထူးဆန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သားက ဟန့်ကို သဘောမကျဘူးလား"

မာမီက ဒီလိုမေးလာတော့လည်း နေခ မဖြေတတ်။ သူ့ကိုယ် ဟန့်ကို သဘောကျသလား၊ သဘောမကျသလားဆိုတာ မသိ။ တစ်ခါမှ မစဉ်းစားဘူးပါ။ စဉ်းစားစရာလည်း မလို။

"မာမီ မေးတာဖြေပါဦး သားရဲ့။ ဟန်လေးကို သား သဘော မကျဘူးလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး မာမီ"

"ဒါဖြင့် သဘောကျတယ်လား"

"အာ… အဲဒါလည်း မဟုတ်ဘူး"

နေခစကားကြောင့် မာမီ့မျက်နှာ ညှိုးစပြုလာသည်။ မာမီဖြစ် ချင်တာက တစ်မျိုး။ နေခ ဖြစ်နေတာက တခြားဆိုတော့ စိတ်ညစ်မည်ဆိုလည်း ညစ်စရာ။ မာမီက နေခရှေ့မှာ ဟင်း သက်ပြင်းချသည်။ ပြီးတော့ နေခမျက်နှာချောချောကို စိတ်မောဟန် ကြည့်သည်။

"သားအတွက် မာမီ ဘယ်တော့မှ စိတ်ချလက်ချ နေနိုင်မှာ သားရယ်။ အခုတစ်လော မာမီ နေရထိုင်ရတာ သိပ်မကောင်း သား"

"မာမီက ဘာဖြစ်နေလို့လဲ"

ပထမဆုံး မိခင်ဖြစ်သူထံမှ ကျန်းမာ းကိစ္စ ကြားဖူးခြင်းဖြစ် နေခ မာမီကို စိုးရိမ်သွားသည်။ တစ်ချိန်လုံး ပြုံးရွှင်ရယ်မောနေတ သည့် မာမီထံမှ တစ်ခါမှ ခေါင်းကိုက်၊ ခေါင်းမူးပါသည်ဆိုတာ လည်း မကြားဖူး။





"ဆရာဝန်ပြမလား မာမီ"

နေခမေးတော့ မာမီခေါင်းခါသည်။

"မာမီ့မှာ ဘာရောဂါမှ မရှိပါဘူး သားရယ်။ ရောဂါပျောက် ဆေးချင်ရင် မာမီ့ကိုသာ မြေးချီရအောင် သား မိန်းမမြန်မြန် ယူလိုက်စမ်း ပါ"

"ကျွန်တော် ကြိုးစားပါ့မယ်"

နေခ ကြိုးစားပါမည်ဆိုတာ ဘယ်နှကြိမ်မှန်းမသိ။ မိခင်ဖြစ် သူနှင့်တွေ့တိုင်း သူပြောနေကျ စကားဖြစ်၍ နေခမာမီက နေခစကားကို ယုံ။

"မာမီ့ကိုချစ်ရင် မာမီ့စကားကိုသာ နားထောင်လိုက်ပါကွယ်။ မာမီရှာပေးတဲ့ ချွေးမလောင်းစာရင်းထဲက တစ်ယောက်ယောက်ကိုပဲ"

"မာမီဖြစ်စေချင်တဲ့အတိုင်း တစ်နေ့ ဖြစ်လာမှာပါ။ အခုတော့ ကျွန်တော်တစ်ယောက်တည်းပဲ နေချင်သေးလို့ပါ"

"ခက်လိုက်တာ သားရယ်"

မာမီ့အသံက တညည်းညည်း တညူညူ။ နေခအတွက် မာမီ စိတ်ညစ်နေသလို သူကြောင့် စိတ်ဒုက္ခရောက်နေသော နေခ မာမီကို ကြည့်ပြီး နေခကိုယ်တိုင်လည်း စိတ်မချမ်းမသာ။ မိခင်ဆန္ဒကို အလွယ် တကူ လိုက်လျောဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့်အတွက် သူ့ကိုယ်သူ မကျေနပ်ပေမယ့် မိန်းမတစ်ယောက်ကို ဘာခံစားချက်မှမပါဘဲ လက်ထပ်ရမှာမျိုးကျတော့လည်း သူ့ဘက်က မညံ့။

"ကဲပါကွယ်… သားရောက်တုန်းရောက်ခိုက် မာမီ့အားလေး ကို စိတ်မဆင်းရဲစေချင်ပါဘူး။ မာမီတို့ သားအမိနှစ်ယောက် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အတူ မစားရတာလည်း ကြာပြီဆိုတော့ တစ်နေရာသွားပြီး တစ်ခုခု သွားစားကြရင် မကောင်းဘူးလားသား”

“မာမီသဘောပါ။ မာမီ ဘယ်သွားချင်လဲပြော ကျွန်တော် လိုက်ပို့မယ်”

“ဒီလိုကျတော့လည်း မာမီ့သားက အလိမ္မာလေးပါကွယ်”

“မာမီသဘောတူတဲ့မိန်းမ မယူနိုင်သေးတာကလွဲရင်လား မာမီ”

“ဟုတ်တယ်… ဟုတ်တယ် အဲဒီအတိုင်းပဲ”

သားအမိနှစ်ယောက် လွတ်လပ်ပေါ့ပါးစွာ ရယ်မိကြသည်။ ဒီလိုကျပြန်တော့လည်း မာမီ့မျက်နှာက လန်းရွှင်နေ၏။ သားအမိနှစ်ယောက် ဘူဖေးစနစ်နှင့် ကျွေးသော ဟိုတယ်တစ်ခုမှ ကိုယ်ကြိုက်ရာ ယူစားရင်း နေခ ငယ်ငယ်က ဘယ်လောက်ချစ်စရာကောင်းသည့် အကြောင်း၊ ဘယ်လိုဆိုးတတ်ကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်း ကော်ဖီကို တစိမ့်စိမ့် အရသာခံ သောက်ကြပြန်သည်။

မာမီ စိတ်ချမ်းသာနေတာ မြင်ရတော့ နေခ ပျော်သည်။ သားအမိနှစ်ယောက် စကားတပြောပြောနှင့် ကားရှိရာ အလာမှာ မာမီ့သူငယ်ချင်း အန်တီမော်လီက ရယ်ရယ်မောမောနှင့် နေခနားက ခေါ်သွား၍ နေခတစ်ယောက်တည်း ဖြစ်သွားသည်။

“ကျွန်တော် ပြန်နှင့်မယ် မာမီ”

“ကားကို ဖြည်းဖြည်းမောင်းနော် သား။ မာမီတို့ သားအန်တီ လိုက်ပို့လိမ့်မယ်”

အန်တီမော်လီနောက် မာမီပြန်ပါသွားသည်။ ကားရှိရာ နေခ





လျှောက်လာ လမ်းတစ်ဖက်က ပန်းစည်းတွေ မနိုင်မနင်းပုံစံနှင့် သူရှိရာဘက် လျှောက်လာနေသည့် ဟန့်ကို ရုတ်တရက် တွေ့လိုက်ရ၍ နေခ ခြေလှမ်းတွေ ရပ်တန့်သွားသည်။ ဖြူဖွေးအုနေသော ဟန်အသွင်လေးက ဝတ်ထားသည့် လိမ္မော်နုရောင် ဂါဝန်ရှည်လေးကြောင့် ပုလဲလေးလို ဝင်းနစ်နေ၏။

ဟန်က သူ့ကိုမမြင်။

ပန်းစည်းတွေ ပွေ့ပိုက်ထားသည့်ကြားက ဖုန်းက အပြောမပျက်။ ဘယ်သူနှင့် ဖုန်းပြောနေမှန်း မသိသော်လည်း သူမပုံစံကြောင့် မကြာခင် တစ်ခုခုဖြစ်တော့မည်ဟု နေခစိတ်ထဲ တွေးနေတုန်း ဟန့်ရှေ့နားက ကားတစ်စီး အရှိန်ပြင်းပြင်းနှင့် ဝေါခနဲ ဖြတ်သွားသည်။

“အမယ်လေး”

ဟန့်ထံမှ အလန့်တကြား အော်သံအုပ်အုပ်လေးနှင့်အတူ လက်ထဲက အထုပ်အပိုးတွေ လဲပြိုတော့မလို ဖြစ်သွားတာကို ဖွတ်အတင်း လိုက်ထိန်းရင်း ရှေ့မှာရှိနေသည့် လူကိုဝင်တိုက်ကာ လက်ထဲက ပန်းစည်းတွေ လွတ်ကျကုန်သည်။

“ဟေး… ဘယ်လိုဖြစ်တာလဲ”

“ဆောရီး… ဆောရီးပါ”

တစ်ဖက်လူကို ဟန် တောင်းပန်စကားဆိုရင်း လမ်းပေါ်ကျသွားသည့် ပန်းစည်းထုပ်တွေ ကမန်းကတမ်း ပြန်လိုက်ကောက်နေပုံက ဖရိုဖရဲ။ နေခ ဟန့်နားရောက်သွားပြီး ဟန့်ပန်းစည်းတွေကို ကောက် ပေးလိုက်မှ ဟန်က နေခကို မြင်သွားသည်။

“သင့်ခ်ယူး နေခ”



www.burmeseclassic.com

www.burmeseclassic.com



"သင့်ခ်ယူ"

"ပစ္စည်းတွေ ကိုယ်ယူခဲ့မယ်ဟန်"

"အိုကေ"

ဟန်က တစ်ချက်မငြင်း။

သူမပစ္စည်းတွေ နေခ ကူသယ်ပေးမည်ဆိုတာကို ကျေးဇူးတင်စွာ လက်ခံသည့်အတွက် ဟန့်ကိုကြည့်ပြီး နေခ ပြုံးသည်။ ဟန့်မှာတော့ နေခ အပြုံးကိုပင် ဂရုမစိုက်နိုင်။ ပစ္စည်းတွေကောက်ပြီး ထိုင်ရာမှအထ-

"ဟာ..."

"ဟိတ်... ဟန်"

"အမယ်လေး"

ဟန့်ဖိနပ်မှာ ပြုတ်သွားသဖြင့် ဟန့်ကိုယ်လေး အရှိန်မထိန်းနိုင်ဖြစ်ပြီး ဟန်ချက်မညီ ပုံပျက်ပန်းပျက် လဲပြိုကျရတော့မလို ဖြစ်သွားချိန်မှာ သူမ ရှေ့မှာရှိနေသည့် နေခက ဟန့်ကိုယ်လေးကို ပစ္စည်းတစ်ဖက်နှင့် ဝင်ထိန်းပေးမယ့် မရ။

ဟန်က နေခဆွဲယူ ဖမ်းထိန်းလိုက်သည့်အရှိန်နှင့် နေခဘက် လဲပြိုလာ၍ ဒေါက်ဖိနပ်မြင့်မြင့်လှလှက တစ်ဖက်။ ချာပြုတ်သွား၍ အနိမ့်အမြင့်မညီသော ခြေထောက်ကတစ်ဖက်နှင့် အချိုးမပြေ လဲပြိုလာသူကြောင့် နေခမှာ သူ့လက်ထဲက အထုပ်တွေ ပစ်ချပြီး ဟန်နှင့်အတူ သူပါရော ပြိုလဲကျသွားစေရန် သူ့ရင်ခွင်ထဲ အရှိန်မြင့် လဲပြိုလာသည့် ဟန့်ကိုယ်လေးကို အလျင်အမြန် ဖမ်းထိန်းလိုက်ရ၏။

"နေခ"

"ဟန်"

ဟန့်ထံမှ သူ့အမည်ကို အားကိုးတကြီး ခေါ်လိုက်သည့် အသံအဆုံးမှာ အလန့်တကြား လဲပြိုလာသည့် ဟန်ကိုယ်လေးက ရင်ခွင်ထဲကျစ်ကျစ်ထွေးထွေးလေး နစ်ဝင်သွားသည်။ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားကြသူက ဟန်နှင့်နေခ ဖြစ်သည်။ ဟန်က နေခကိုယ်ကြီးကို မလွှတ်တမ်း ဖက်ထားသလို နေခကလည်း သူလွှတ်လိုက်တာနှင့် ရုပ်ပျက်ဆင်းပျက် လဲပြိုသွားမည့် ဟန့်အဖြစ်ကို သိထား၍ ဟန့်ကိုယ်လေးကို မလွှတ်ဘဲ လဲပြိုမသွားအောင် တင်းတင်းကျပ်ကျပ်လေး ဖက်ပွေ့ထားသည်။

"ဖိနပ်ချွတ်လိုက် ဟန်"

"ရှင့်"

"ဟန့်ဖိနပ်တွေကို ချွတ်လိုက်လို့ ကိုယ်ပြောနေတာ"

နေခက အသံတိုးတိုးဖြင့် ဟန့်နားကပ်ပြီး နှစ်ကိုယ်ကြား ပြောနေ၍ ဟန်ထံမှ ချိုမွှေးသင်းပျံ့သော ကိုယ်ရနံ့နှင့်အတူ သူထံမှ ခင်သက်ထွက်သက်လေး နွေးနွေးကလည်း ဟန့်ပါးပြင်နှင့် လည်တိုင်တို့ကို ညင်သာစွာ ဖြတ်သန်းတိုးဝှေ့နေရုံမက ဆန့်ကျင်ဘက်အရာနှစ်ခု ထိတွေ့ပူးကပ်နေသော ရင်ခွင်နှစ်ခုစီမှလည်း ထူးခြားဆန်းကြယ်သော ခံစားမှုကိုယ်စီကို ပေးနေသလို ဖြစ်နေ၏။

ဟန်က နေခပြောသလို သူမ ဖိနပ်တွေကို ချွတ်ပစ်လိုက်သည်။

"ရပြီလား"

နေခက သူ့မျက်နှာချောချောကို ခေါင်းငုံ့ပြီးအမေး ဟန်ကလည်း သတိလက်လွှတ် သူမမျက်နှာလှလှလေးကို နေခမျက်နှာရှိရာသို့ ယောင်ရမ်းပြီး လှမ်းအမော့-





www.burmeseclassic.com

www.burmeseclassic.com



“အို”

မရည်ရွယ်ပါပဲ ဟန့်မျက်နှာနှင့် နေခမျက်နှာတို့ မိတ်ဆက်ပြီး သား ဖြစ်သွားသည်။ ဟန့်ပါးပြင်နုကို နေခနှာခေါင်းနှင့် ဖိကပ်မ ရှိုက်မိသလို ဖြစ်သွား၍ နှစ်ယောက်သား အနေခက်ပြီး နေခရင်ခွ ထဲက ဟန့်ကိုယ်လေးကို ရုန်းဖယ်လိုက်မှ နေခက ဟန့်ကိုယ်လေး အသာ ဖြေလွှတ်ပေးပြန်တော့လည်း အဆင်က မပြေ။

“ဟယ်”

ဟန့်ဆွဲကြိုးက စိန်လော့ကတ်ပုံဆန်းလေးက နေခအင်္ကျီ ကြယ် သီးနှင့် ငြိနေတော့ ဟန့်မှာ နေခ ရင်ခွင်ထဲက လွှတ်လပ်စွာ ရုန်းဖယ် ချင်တိုင်း ရုန်းထွက်မရ။

“နေဦး ဟန့်ဆွဲကြိုးလေး ပြတ်မသွားအောင် ကိုယ်ဖြုတ်ပေး မယ်”

“ခဏလေး”

ဟန်တို့ဖြစ်နေပုံက အကြောင်းမသိရင် လူမြင်သူမြင် နေရာမှာ အချစ်သည်၊ အဖြစ်သည်းနေကြသည့် ကြင်စဦးဇနီးမောင်နှံလို ထင် ချင်စရာ။ ဖြစ်ချင်တော့ ထိုမြင်ကွင်းလှလှကို နေခချစ်သူဟောင်း တစ်ယောက်က သူမဖုန်းနှင့် လှလှပပ မိမိရရ ဓာတ်ပုံရိုက်ပြီး အင် တာနက်ပေါ် တင်လိုက်တာကို သူတို့နှစ်ယောက်စလုံး မသိ။ ဟန့်က နေခရင်ခွင်ထဲ သူမကိုယ်လေး ပယ်ပယ်နယ်နယ် ရောက်နေရတာကို ရှက်နေတာကို ဘာမှမဖြစ်သလို ဟန်လုပ်နေရပေမယ့် မျက်နှာလှလှ လေးကတော့ နှင်းဆီရင့်ရောင် အသွင်ပြောင်းလျက် နေခရှေ့က ထေ ရာကိုသာ ထွက်ပြေးချင်နေပါပြီ။





“ရပြီ ဟန်”

“သင့်ခ်ယူ နေခ”

“ဟန့်ကား ဘယ်မှာလဲ”

“ဟိုမှာ”

ဟန်ညွှန်ပြသည့်နေရာက နေခ ကားရပ်ထားသည့် ကားတစ်စီး ခြားသည်။

“ပစ္စည်းတွေယူပြီး ကိုယ်လိုက်ခဲ့မယ်။ ကားထဲက ဟန်သွား စောင့်နေလိုက်နော်”

ဒီတစ်ခါတော့ ဟန်မငြင်း။ နေခကို အားနာစကားပင် မဆိုနိုင်။ သွေးခြည်ဥနေသော ခြေဖဝါးတော်နုနု နှစ်ဖက်မှာ ဖိနပ်မပါ ခြေဗလာ နှင့် ကားရပ်ထားရာသို့ ဂူခြေမပျက် လှလှပပလေး လျှောက်သွား လိုက်ရပေမယ့် ဟန့်တစ်သက်တစ်ခါမှ မကြုံဖူးသည့်အဖြစ်နှင့် အရှက် ကြီးရှက်ရကာ ဟန့်ကိုယ်ဟန် မီးခိုးငွေ့အဖြစ်နေရာက ကွယ်ပျောက် သွားချင်စိတ်သာ ဖြစ်နေသည်။

သို့သော် ဟန်ဖြစ်ချင်တိုင်း မဖြစ်။ နေခက ဟန်ဝယ်လာသည့် အထုပ်တွေသာမက ဟန်ချွတ်ပြီး ဒီအတိုင်း ပစ်ထားသည့် ခွာတစ် ဖက်ပြုတ် ဟန့်ဖိနပ်လှလှလေးကိုပါ ယူလာ၍ ဟန့်မျက်နှာလေး နှင်းဆီရောင် ဖြစ်နေ၏။

“ဒီမှာ ဟန့်ပစ္စည်းတွေ”

ပြောပြောဆိုဆို နေခက ဟန့်ပစ္စည်းတွေ ကားနောက်ခန်းမှာ ထည့်ပေးသည်။

“အဲဒီဖိနပ်က ဘာလို့ ယူလာရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟန့်ဖိနပ်လေ"

"အို... အဲဒီဖိနပ်ကို လွှတ်ပစ်လိုက်။ ဒီဖိနပ်ဒုက္ခပေးလို့ ဟန့် အခုလို အရှက်ကွဲရတာ"

"ပေးစမ်းပါ ဒီဖိနပ်"

"ဟန့်"

ဟန်က နေခလက်ထဲက ဟန့်ကို အရှက်ရ ဒုက္ခပေးလှသော ဖိနပ်လေးကို ဆွဲယူပြီး ဒေါသဖြစ်ဖြစ်နှင့် သူမကားပေါ်မှ ပလက်ဖောင်းပေါ် ဖြစ်ချင်ရာဖြစ် ပစ်ချလိုက်၍ နေခက ဟန့်အမည်ကို ခေါ်ပြီး တားမြစ်သလို ဆိုလိုက်ပေမယ့် ဟန်က ဂရုမစိုက်။

"ဟန့်ကို ခွင့်ပြုပါဦး နေခ"

"ကောင်းပြီ"

ဖိနပ်မပါ ခြေဗလာဖြင့် ပထမဆုံး မောင်းခဲ့ရသော ဟန်၏ ကားလေးက နေခရှေ့က ဝေါခနဲ ပြေးထွက်သွားကာ နေခ မြင်ကွင်းရှေ့က တခြားကားတွေနှင့် ရောနှောကွယ်ပျောက်သွားသည်။ မကွယ်မပျောက်နိုင်ဘဲ နေခမျက်ဝန်းထဲ စွဲမြဲစွာ ထင်ကျန်ရစ်ခဲ့သည်က ပန်းနုရောင်နှင်းဆီ မျက်နှာလှလှလေးနှင့် သူ့နားမှာ ကျန်ရစ်ခဲ့သည့် ပိုင်ရှင်မဲ့နေသော ဟန့်ဖိနပ်လှလှလေးတစ်စုံ။

သူသက်ပြင်းချပြီး နေရာက သူ့ကားကို ညင်သာစွာ မောင်းထွက်ခဲ့သည်။



## အခန်း (၁၀)

"ပြောတော့ဖြင့် မဟုတ်ပါဘူး ဘာညာနဲ့ သားတို့နှစ်ယောက် ဖြစ်နေကြပုံကိုလည်း ဒီမှာကြည့်ဦး"

မာမီက နေခမျက်စိရှေ့ကအရောက် ဟန်နှင့်သူ့ပုံကို လာပြသည်။ မာမီက နေခကို သူနဲ့ဟန်တို့ပုံကို အခုမှလာပြနေပေမယ့် နေခက သူနှင့်ဟန်တို့ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ပြီး တစ်ယောက်မျက်နှာကိုတစ်ယောက် ပြုံးကြည့်နေကြပုံကို အကြိမ်ပေါင်း ရေနိုင်အောင် ကြည့်ခဲ့ပြီးပါပြီ။

ဘယ်သူ့လက်ချက်မှန်း သေချာမသိပေမယ့် နေခနှင့်ဟန့်ကို အမင်ချောက်ချချင်နေသူ တစ်ဦးဦး၏ ကောင်းမှုဆိုတာကတော့ မလွဲ။

"မာမီ ချွေးမလေးကို မာမီတွေ့ချင်တယ် သား"

ဒီတစ်ခါ မာမီ့ဘက်က တရားဝင်တောင်းဆိုလာတာဆိုတော့ အရင်လို မဟုတ်ပါဘူး၊ ဘာညာနှင့် ငြင်းချင်လို့လဲ မရ။ ဟန်နှင့် သူ့ပုံက သူတို့အသိုင်းအဝိုင်းမှာ လူအများဆုံး စိတ်ဝင်စားစရာရေပန်း အစားဆုံး သတင်းတစ်ပုဒ်အဖြစ် နာမည်ကြီးနေမှန်း နေခ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းပေါ့ မာမီ"

"မဖြစ်နိုင်ဘူး သား၊ ဒီကိစ္စက မာမီအဖြစ်ချင်ဆုံးကိစ္စ၊ ဟန့်ကို မာမီ တွေ့ကိုတွေ့ရမှ ဖြစ်မယ်"

နေခစကားကို မာမီက လက်မခံ။ သူ့သားချစ်သူ၊ သူလိုချင်သည့် မြေးကို ဆက်ခံမွေးဖွားပေးမည့် နေခ၏ ဇနီးလောင်းအဖြစ် မာမီဘက်က ဟန့်ကို မြင်ချင်တွေ့ချင်နေသည်မှာ မာမီအပြစ်မဟုတ်။ အပြစ်က သူနဲ့ဟန့်ဖိနပ် ပြတ်သည့်နေ့က ဖြစ်ပျက်နေသည့် မာတ်ပုံ တခြားသူတွေ အထင်အမြင် လွဲမှားအောင် အကြံအစည်ကြီးကြီး တင်လိုက်သူ၏အပြစ် ဖြစ်သည်။ အခုတော့ ထိုအပြစ်ဒဏ်က နေခ နှင့်ဟန့်ထံ တည့်မတ်စွာ ရောက်လာသည်။

"ဟန့်ကို ကျွန်တော် ပြောလိုက်ပါမယ် မာမီ"

"မြန်မြန်လေး ပြောနော်သား။ သားတို့ မင်္ဂလာပွဲကို ဘယ်သူမှ လိုက်မမီအောင် အကြီးအကျယ် အခမ်းနားဆုံးလုပ်ဖို့ မာမီနဲ့ဒယ်ဒီ တိုင်ပင်ပြီးပြီ"

သူဖြစ်ချင်တာ ဖြစ်ခွင့်ရ၍ မာမီပျော်နေတာ မြင်ရသည်။ ဟန့် နှင့်သူဆိုတာ ဘာဆိုဘာမှမဟုတ်။ ဟန့်က သူ့ကိုစိတ်မဝင်စားသလို နေခကိုယ်တိုင်ကလည်း ဟန့်ကို မတွေ့ရမနေနိုင် ဖြစ်နေတာလည်း မဟုတ်။ နှစ်ယောက်စလုံး ရိုးရိုးသားသားဆိုမှ တကယ့်ကို ရိုးရိုး သားသားပါ။ ဟန်နှင့်သူ တွေ့ဆုံကြရတာပင် ဘာမှမကြာသေး ပြဿနာတွေက ဖြေမရရှင်းမရ ရှုပ်ထွေးလာ၍ အာရုံနောက်နေရင်း ဟန့်ကို ဖျတ်ခနဲ စိတ်က သတိရသည်။

ဒီအကြောင်းတွေ ဟန်ရော သိနေပြီလား။ ယောကျ်ားဖြစ်သည့် သူကိုယ်တိုင် ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေလျှင် မိန်းမ သားဖြစ်သည့် ဟန်ဆိုလျှင် ပိုဆိုးတော့မည်။

"မာမီ"

"ဘာလဲသား"

"ကျွန်တော်နဲ့ဟန့်အကြောင်း တခြားသူတွေကို မာမီ အသိပေး ထားသေးလားဟင်"

ဟန့်အတွက် သူ စိုးရိမ်စိတ်ပူစွာ မေးတော့ မာမီက နေခကို ကြည့်ပြီးရယ်သည်။

"ဖြစ်မှဖြစ်ရလေ သားရယ်၊ သားတို့ကိစ္စကို မာမီက တခြားသူ တွေ အားလုံးသိပြီးမှ နောက်ဆုံးမှ သိရတာပါကွယ်။ အဲဒါတွေ တွေးပြီး စိတ်ပူမနေစမ်းနဲ့။ မာမီ့သားက တော့မြတ်ချယ်ဟန့်ကို လက်ထပ် တော့မှာပဲဟာ"

မာမီကတော့ သူ့အတွေးနှင့်သူ ပျော်နေသည်။ မပျော်နိုင်သူက နေခဖြစ်သည်။

နေခက မာမီ့ကို နှုတ်ဆက်ပြီး ပြန်သွားတော့ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း နေခရှေ့ကို နောက်ထပ်ကားတစ်စီး ဆိုက်လာသည်။ ကြည့်လိုက်တော့ တခြားသူမဟုတ်။ ဟန်ကိုယ် တိုင်ဖြစ်နေ၍ နေခ ရင်မောသွားသည်။

ဟန့်ပုံစံက သူ့ထက်ဆိုးသည်။

ကားပေါ်က ကမန်းကတမ်း ပြေးဆင်းလာပုံကအစ ဟန် ဘယ်လောက် ထိတ်လန့်စိုးရိမ်နေသလဲဆိုသည်ကို ဟန့်ပုံစံက အတိအကျ ဖော်ပြနေ၏။






www.burmeseclassic.com

www.burmeseclassic.com



"နေခ"

"ကိုယ့်ဆီလာတာလား ဟန်"

ဟန်က ပျာလောင်ခတ်နေပေမယ့် နေခပုံစံက အေးစက်ဆေ ဆိုတော့ ဟန်လည်း သူမကိုယ်သူမ ဘာမှမဖြစ်သလို ပေါ့ပါးသည့် အသွင်ဖြစ်လာအောင် မနည်းကြိုးစား အားထုတ်၍ နေခမျက်နှာ ကြည့်ပြီး အချိုသာဆုံး ပြုံးလိုက်သည်။

"ဟုတ်တယ်။ ရှင့်ဆီကို ဟန်လာတာ ရှင်ကြည့်ရတာ ဘာ မဖြစ်သလို အေးအေးဆေးဆေးပဲနော်"

အကဲခတ် ဟန်အကြည့်လေးတွေ နေခထံ ရောက်လာသည် နေခအသွင်က အပြင်မှာ အေးနေပေမယ့် ရင်ထဲမှာတော့ ဟန့် အပူတွေနှင့်ဆိုတာကို သူ ထုတ်ပြောမနေတော့ပါ။ ဟန့်ပုံစံကြည့်ရ နှင့် အင်တာနက်ပေါ်က ကိစ္စကြောင့် ဟန်ဘယ်လောက် စိတ်ဆင် နေလဲဆိုတာ ဟန့်နှုတ်ခမ်းက ထုတ်မပြောဘဲ နေခ သိသည်။ နားလည်သည်။

"ကိုယ်တို့ခြံထဲမှာပဲ အေးအေးဆေးဆေး လမ်းလျှောက် စကားပြောကြမလား ဟန်"

"ရှင့်သဘောပါ"

နေခနှင့်အတူ ယှဉ်တွဲပြီး ဟန် နေခနားမှာ အတူပါလာသည် ပြာလွင်သော မိုးသားရောင်ဝတ်စုံက ဟန့်ကို ပိုပြီးလှပအောင် အား ပေးနေ၏။ အဖြူရောင် ပင်ဆယ်ဆီး ဒေါက်ချွန်ချွန်မြင့်မြင့်လေး မြင်တော့ နေခသက်ပြင်း အသာရှိုက်လိုက်သည်။ ဒီဖိနပ်လှလှလေး တစ်ရန်က စခဲ့သည့် ဇာတ်လမ်းအကြောင်း သူတွေးမိသလို ဟန်





လည်း သူမ ဖိနပ်လေးရှိရာ အကြည့်ရောက်သွားသည့် နေခအကြည့် ကို သတိထားမိလိုက်သည့်အတွက် ဟိုတစ်နေ့က အဖြစ်ကို သတိရ သွားကာ မျက်နှာလေး နွေးခနဲ ဖြစ်သွားသည်။

"ကိုယ်လည်း အခုပဲ ဟန့်ကို သတိရနေတာ"

"ကိစ္စရှိလို့လား နေခ"

"ဆိုပါတော့"

နေခအသွင်က တည်တည်ငြိမ်ငြိမ်။ မိန်းမသားဖြစ်သည့် ဟန်နှင့် တော့မတူ။ အေးလေ သူက ယောကျာ်းလေးပဲ။ ဘယ်လိုကိစ္စမျိုးပဲ ဖြစ်လာဖြစ်လာ ယောကျာ်းလေးဘက်က နစ်နာမှု မရှိ။ အရှုံးနှင့် ရင်ဆိုင်ရသူက ဟန်တို့လို အားနွဲ့သည့် မိန်းမသားတွေဆိုတာကို ဟန် မမေ့ပါ။ အင်တာနက်ပေါ်က ကိစ္စကို ဟန်သိသလို နေခလည်း သိနေပြီးသားဖြစ်မည်ဟု ဟန် ယုံကြည်သည်။

"ဟန်"

"ရှင်"

"အင်တာနက်ပေါ်က ကိုယ်တို့ကိစ္စအတွက် ဟန့်ကို ကိုယ် တောင်းပန်ပါတယ်"

"ဟင်… အဲဒီဓာတ်ပုံက ရှင်ကိုယ်တိုင် တင်လိုက်တဲ့ပုံလား နေခ"

နေခက ဟန့်ကို သူ့အဓိပ္ပာယ်နှင့်သူ မိန်းမသားဖြစ်သည့် ဟန့် ဘက်က နစ်နာမှုကို အလေးအနက်ထား တောင်းပန်စကားဆိုခြင်း ဖြစ်ပေမယ့် ဟန့်အမြင်၊ ဟန့်အတွေးမှာတော့ နေခစကားကြောင့် အင်တာနက်ပေါ်က ကိစ္စကို နေခက လုပ်တာဟု တလွဲထင်ပြီး အလန့်



www.burmeseclassic.com

တကြားလေး မေးလိုက်မြင်း ဖြစ်သည်။

"ဟန့်အမြင်မှာ ကိုယ်ပုံက ဒီလိုပုံပေါက်နေလား"

"အို… မဟုတ်ဘူး"

"အခုချိန် ဟန့်ရင်ထဲ ဘယ်လိုခံစားနေရမလဲဆိုတာ ကိုယ် နားလည်ပါတယ်။ ကိုယ့်ရင်ထဲမှာလည်း ဟန်ခံစားနေရသလို ခံစား နေရတယ် ဟန်"

"ဟန် ခံစားနေရသလို ဟုတ်လား"

ထိုစကားကို ဟန်သဘောမကျသလို မကျေမနပ်လေး ရေရွတ် လိုက်တော့ နေခက ဟန့်ကို မကြည့်။ မိုးကောင်းကင်ကြီးကို မော့ ကြည့်ပြီး သူပြောချင်တာကို ဆက်ပြောသည်။

"ဟုတ်တယ်ဟန်၊ ဟန်ခံစားနေသလို ကိုယ်ကိုယ်တိုင်လည်း ဟန်နဲ့ထပ်တူ ခံစားနေရတဲ့သူပါ"

"မဖြစ်နိုင်တာရှင်"

ဟန့်အသံက ခပ်ဆတ်ဆတ်။

ဟန်ခံစားရသလို နေခဘက်က ခံစားနေရပါသည်ဆိုတာကို ဟန်လက်မခံ။ အင့်တာနက်ပေါ်က ဓာတ်ပုံကိစ္စကို ဟန် အစက မသိ။ နောက်တော့မှ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်မှ နေခနှင့်ဟန့်ပုံကို ဟန်တွေ့ရခြင်း ဖြစ်သည်။ ဟန့်ကိုစွ သူတို့ထင်သလို မဟုတ်ကြောင်း ရှင်းပြပေမယ့် လက်မခံ။ ဓာတ်ပုံပြ အဝတ်အကျီနဲ့ မှန်လာဥ လုပ်မနေနဲ့ဆိုသည့် ဖြူစကားနှင့်အတူ အဘွား တောင်ကြီးက သူ အမြန်ဆုံး ပြန်လာတော့မည်ဟု ဖုန်းဆက်ပြော ဟန့်မှာ အဘွားစိတ်ဆိုးပြေပြီရယ်လို့ ဝမ်းသာသွားသည်။





"ဟန့်ကို စိတ်ဆိုးပြေပြီလား အဘွား"

ငိုမလိုအသံလေးနဲ့ ဟန်ကမေးတော့ အဘွားက ကြည်နူးရွှင် ပျစွာ ရယ်သည်။

"ဟန်လေးကို အဘွား ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူး မြေးရယ်၊ အဘွားမြေးလေးကို အဘွားက အခုလို ချစ်သူနဲ့ဘာနဲ့ အင်တာနက်ပေါ်အထိ ပါလာတာ မြင်ရတော့ ဝမ်းသာလွန်းလို့ အဘွား မျက်ရည်ကျရတဲ့အထိ အဘွားမှာ ပီတိဖြစ်လိုက်ရတာ မြေးရယ်"

"အင်တာနက်ပေါ်က ဟန့်ချစ်သူ"

နေခနှင့်ဓာတ်ပုံကို အဘွားသိသွားပြီဟု ဟန်သိလိုက်ရချိန်မှာ အရာရာ ဟန် နောက်ကျခဲ့ပါပြီ။

"အေးလေ… မြေးက အဘွားကို ဒိတ်အောက်နေတဲ့ အဘွား ကြီးဆိုပြီး ဘာမှမသိဘူး ထင်နေတာလား။ မြေးနဲ့နေခဆိုတဲ့ ကောင်လေး တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှနေကြပါပြီ။ အဘွားသဘောတူ ရင် မြေးတို့ကို အမြန်ဆုံး လက်ထပ်ပါရစေလို့ မောင်နေခမာမီ ကိုယ်တိုင် အဘွားဆီကို ဖုန်းဆက်ပြီး မြေးလေးကို တောင်းပြီးပြီကွဲ့"

"ရှင်… နေခမာမီက"

"မြေး မသိသေးဘူး ထင်တယ်"

"ဟုတ်ကဲ့"

ဟန် ဘာမှမသိရတဲ့ ကိစ္စကြီးကို အဘွားက ကြိုတင်သိနှင့်ပြီး ရှိသာမက ဟန့်ကိုပင် ပြန်သတင်းပေးနေသည်။

"ဘာမှစိတ်မပူပါနဲ့ မြေးရယ်၊ မြေးတို့ မင်္ဂလာပွဲကို အကြီး ကျယ် အခမ်းနားဆုံး ကျင်းပပေးဖို့ အဘွားတို့ စီစဉ်ပြီးပါပြီ"

www.burmeseclassic.com



"စိစဉ်ပြီးပြီ ဟုတ်လား အဘွား"

အဘွားအသံက ဟန့်နားကပ်ပြီး အနုမြူဗုံးကျဲချလိုက်သလို လူတစ်ကိုယ်လုံး ထူပူပြာဝေသွားတာကို အဘွား မသိ မမြင်လိုက်ပါ။

"အဘွားပြန်လာမှ မြေးကို အသေးစိတ်ပြောမယ်ကွယ်။ အခု တော့ ဒီမှာ နောက်ထပ်သုံးလေးရက်လောက် ထပ်နေလိုက်ဦးမယ်။ စိတ်ချမ်းသာအောင်နေနော် မြေး"

"အဘွား"

အဘွားက သူပြောစရာပြောပြီး ကျေကျေနပ်နပ် ဖုန်းချသွားသေ မယ့် မကျေမနပ် ကျန်ခဲ့သူဟန့်မှာ ဒီကိစ္စကို တာဝန်ယူဖြေရှင်းပေးနိုင် မည့် နေခရှိရာ အပြေးရောက်လာရခြင်းပါ။ ဟန့်ဘဝထဲ လွတ်လပ် ခွင့်ကို တားဆီးပိုင်ခွင့်မရှိ။ စိုးမိုးချုပ်ချယ်ခွင့်မရ။ ဟန့်အတွက်ကို ထိပါး စော်ကားလာမှာမျိုး ဟန့်ဘက်က လက်မခံ။

"ဒီမယ်နေခ"

"ပြောပါ ဟန်"

နေခအသွင်က အေးစက်တည်ငြိမ်နေပေမယ့် ဟန့်အသွင်က တော့ နေခနှင့်ဆန့်ကျင်ဘက် ပူလောင်ပေါက်ကွဲနေသည်။

"အခုကိစ္စကို ဘယ်သူပဲလုပ်လုပ် ရှင့်ကို ဟန်လုံးဝ လက်ထပ် မှာမဟုတ်ဘူးဆိုတာ ရှင်သိအောင် ပြောပြတာပါ"

ဟန့်အသွင်လေးက ခါးခါးသီးသီး။

နေခကိုကြည့်ပုံက လုံးဝအစိမ်းသက်သက်။ လှပဝိုင်းစက်သော မျက်ဝန်းနက်အစုံမှာ ဖိတ်ဖိတ်လက်နေပေမယ့် စိတ်ရှုပ်သည့် အမူအရာ ကို မြင်နေရသည်။ နေခ ဟန့်ကို ပိုစိတ်ဝင်စားသွားသည်။ ဘယ်





ကလေးမှ နေခလို လူတစ်ယောက်အပေါ်မှာ ဒီလိုပုံစံမျိုးနဲ့ ခါးခါး သီး ဆက်ဆံတာမျိုး သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မကြုံဘူး။

ဒါမျိုး ဟန်နှင့်ကျမှ နေခဘဝမှာ ပထမဆုံး ရင်ဆိုင်ကြုံတွေ့ သော ခံစားချက်အသစ် ဖြစ်သလို၊ သူ့လိုလူတစ်ယောက်ကို လုံးဝ က်မထပ်နိုင်ပါဟု သူ့မျက်စိရှေ့မှာ တည့်တည့်ရပ်ပြီး စိမ်းပြတ် သီးသည့် အမူအရာနှင့် ပြတ်ပြတ်သားသား ငြင်းပယ်နေသည့် မလှလေးကို သူတစ်ကြိမ်တစ်ခါ မမြင်ဖူးသလို နှင့်နှင့်သည်းသည်း ကြည့်လိုက်သည်။

နေခကမ္ဘာမှာ သူ့လိုလူတစ်ယောက်ကို ရဲရဲတောက် ဆန့်ကျင် က်သည့် မိန်းမလှတစ်ယောက်ရဲ့ ဆန်းကြယ်မှုပါလားဟုလည်း းဖြစ်အောင် တွေးလိုက်သည်။

တစ်ပြိုင်နက်တည်း နေခရဲ့ ယောကျ်ားမာန။

ယောကျ်ားတစ်ယောက်ရဲ့ အတ္တက သူ့လိုလူတစ်ယောက်ကို မယူနိုင်ပါ။ လက်မထပ်နိုင်ပါဆိုသည့် မိန်းမလှကိုမှ နေခဆိုသည့် ရအောင်ယူ။ ရအောင်လက်ထပ်ချင်စိတ် ရင်တွင်းထောင့် တစ် ဆီမှ ပြင်းထန်စွာ ထွက်ပေါ်လာသော ယောကျ်ားတစ်ယောက်၏ ဆန္ဒ ဖြစ်လာသည်။

"ဟုတ်ပြီ။ အဲဒီတော့ ကိုယ်က ဘာလုပ်ရမှာလဲ"

"ရှင့်မာမီက ဟန့်အဘွားဆီမှာ ဟန့်ကို လက်ထပ်ဖို့ ကမ်း ထားတဲ့ကိစ္စကို ရှင်ငြင်းပေးပါ"

ဘယ်တုန်းက နေခမာမီက ဟန့်အဘွားဆီမှာ ဟန့်ကို တောင်း ဆိုတ်မှန်း နေခလည်း မသိ။ အခု ဟန်ပြောမှာ မာမီနှင့်ဟန့်အဘွား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အထိ ခရီးပေါက်နှင့်နေကြပြီ ဆိုတာကို နေခကိုယ်တိုင် အနေ
သိခြင်းဖြစ်သည်။ အရင်ပုံစံနှင့်ဆို ဟန်ပင် သူ့ကို အခုလို တောင်း
နေစရာမလို။ မာမီဘက်က ဘယ်လောက်ပဲ စကားလွန်လွန် သူ
ဖျက်လိုက်တာနှင့် ထိုမင်္ဂလာပွဲ ဒီတစ်သက် ဖြစ်လာစရာရှိမှာ မဟုတ်
ပေမယ့် ဟန်နှင့်ကျတော့ နေခကိုယ်တိုင် ဟန့်စကား၊ ဟန့်အပြုအမူ
အလွယ်တကူ လက်ခံလိုက်လျှောပေးချင်စိတ် မရှိ။

မိန်းမအားလုံးကို နေခကစပြီး ငြင်းဆန်ခဲ့တာပဲ ရှိသည်။ နေခ
ငြင်းဆန်လာသည့် မိန်းမကို နေခက အလွယ်တကူ အလျှော့ပေးလို
တာမျိုး နေခမာနက ခွင့်မပြု။ သူ့အဖြေကို စောင့်နေသော ဟန့်မျက်
လှလှလေးကို နေခ စိုက်ကြည့်လိုက်သည်။ သူ့မျက်နှာချောချော
တုန့်ပြန်ကြည့်နေသည့် ဟန့်မျက်ဝန်းလှလှတွေနှင့်ဆုံတော့ သူဆုံးဖြ
ချက်က ပိုခိုင်မာသွားသည်။

လှပသော ဟန့်မျက်ဝန်းအစုံကို စူးစူးစိုက်စိုက်ကြည့်ပြီး သ
သိချင်တာကို ဟန့်ကို မေးလိုက်သည်။

"ကောင်းပြီ။ ကိုယ့်ကို ဘာဖြစ်လို့ ဟန် လက်မထပ်ချင်တာ
လဲဆိုတာ ကိုယ့်ကို အရင်ပြောနိုင်မလား"

နေခအသံက ဒေါသသံမပါ။

နူးညံ့ညင်သာမှုတွေနှင့် သိမ်သိမ်မွေ့မွေ့ ချိုသာနေ၍ ဟ
ရင်ထဲက တင်းကျပ်နေတာတွေ ဖြေလျှော့သွားကာ ဟန့်စိတ်
သက်သောင့်သက်သာ ဖြစ်လာသည်။ တကယ်တော့ နေခဆို
ဟန့်ရန်သူ မဟုတ်သလို ဟန့်ကိုဘယ်တုန်းကမှ မရိုးသားသည့် အ
အယောင်ပင် ပြခဲ့သူ မဟုတ်ပါ။ ဟန်တို့နှစ်ယောက် တွေ့ကြသည်





င် မကြာသေး။ ထင်မှတ်မထားသည့် ကိစ္စတွေ ဟန်တို့နှစ်ယောက်
ကြားမှာ ထူးခြားဆန်းကြယ်စွာ ဖြစ်လာရခြင်းအပေါ် အခြေခံ၍ ဟန်
စိတ်ထဲ နေခဆိုသည့်လူကို ကြည့်မရ ဖြစ်သွားရခြင်း ဖြစ်သည်။

သူ့ဘက်က ဟန့်ကို ပြေပြေလည်လည် ဆွေးနွေးနေ၍ ဟန့်
ဘက်ကလည်း သူနှင့်ပြေလည်ချင်စိတ် ဖြစ်လာပြီး ဟန့်မျက်နှာကို
ငေးစိုက်ကြည့်နေသည့် နေခမျက်နှာကို တစ်ချက်ကြည့်ပြီး ဟန်တို့
နှစ်ယောက်အဖြစ်ကိုတွေးပြီး သဘောကျစွာ ရယ်လိုက်သည်။

ဟန်က ရယ်လိုက်တော့မှ ပိုချစ်စရာကောင်းသွားတာကိုကြည့်
ပြီး နေခ နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ ထင်လာသည်။ ဟန့်မှာ ဘာမာယာ
ရိယာယ်မှမရှိ။ ပိစိကလေးတစ်ယောက်လို ဖြူစင်ရိုးသားမှုကို ဟန့်
ထံမှာ မြင်တွေ့နေရခြင်းက နေခနှလုံးသားမှာ အမှတ်ထင်ထင် ဖြစ်သွား
ခြင်းကို သူကိုယ်တိုင်ပင် မသိလိုက်။

"ဟန်တို့အဖြစ်ကလည်း ရယ်တော့ရယ်စရာပဲ နေခ၊ တစ်ယောက်
နဲ့တစ်ယောက် သိကြတာဖြင့် မကြာသေးဘူး။ ဘာမဟုတ်တဲ့ ကိစ္စ
လေးနဲ့ မဆီမဆိုင် လက်ထပ်ရမယ့် ကိစ္စတွေ ဘာတွေအထိ တစ်သီ
ကြီး လိုက်ရှုပ်ကုန်တာ တွေးမိလို့ပါ"

"တကယ်ဆို နေခနဲ့ဟန်က ဘာဆိုဘာမှကို မဆိုင်တာ။ ဟန်တို့
အခုကိစ္စကို ဘယ်လိုဖြေရှင်းကြမလဲ နေခ ဒီကိစ္စကို။ ဟန်စိတ်ညစ်နေ
သလို ရှင်ကိုယ်တိုင်လည်း စိတ်ရှုပ်နေမှာ ဟန်သိပါတယ်"

ဟန်အသံလေးက ပျော့ပျောင်းနူးညံ့လာသလို လှပသော ဟန့်
မျက်နှာမှာလည်း ချစ်စရာကောင်းသည့် အပြုံးရိပ်တို့ စွန်းထင်လာတာ
ကြည့်ပြီး နေခအကြည့်ကို လွှဲလိုက်သည်။ ဟန်သိပ်လှတာကို နေခ

www.burmeseclassic.com



သိသည်။ ဒါပေမဲ့ ဒီနေ့လောက် ဟန့်အလှကို အနီးကပ် အသေးစိ[illegible] သေချာစေ့စပ်စွာ မကြည့်ဖြစ်ခဲ့သည်ကလည်း အမှန်ဖြစ်သည်။

"ကိုယ်မေးတာ ဟန်မဖြေရသေးဘူးနော်"

"ဘာကိုလဲဟင်"

"ကိုယ့်ကို ဘာဖြစ်လို့ ဟန်လက်မထပ်ချင်လဲဆိုတာ"

"ဪ… သိပြီ"

ပြောပြီး ဟန် ရယ်လိုက်ပုံက လှလွန်း၍ နေခ ငေးခနဲ [illegible] မိသွားသည်။

"အမှန်အတိုင်းပြောရင် ရှင်စိတ်မဆိုးရဘူးနော် နေခ"

"ပြောပါ ဟန့်ဆီက အမှန်တရားကိုပဲ ကိုယ်က ကြား[illegible] နေတာ"

ဟန့်ကို စိုက်ကြည့်နေသည့် နေခမျက်ဝန်းအစုံကို ဟန်[illegible] တစ်ချက် တုံ့ပြန်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ အကြည့်ကိုလွဲ[illegible] သူမ ရင်ထဲက ခံယူချက် ခံစားချက်တွေကို နေခကို တစ်လုံးမကျ[illegible] ဖွင့်ဟပြောပြလိုက်သည်။ ထိုအတွက် ဟန့်မှာ နောင်တမရှိ။ စိတ်[illegible] ရှိသည့်အတိုင်း ရင်ဖွင့်ပြောပြခွင့်ရခြင်းကြောင့် ဟန့်ရင်ထဲ ပေါ့ပါးသွ[illegible] သည်။

"အဲဒါပဲ နေခ၊ ဟန် ယောကျ်ားတွေကို လက်မထပ်ချင်တာ[illegible] ယောကျ်ားတွေကို မုန်းလို့လည်း မဟုတ်ဘူး၊ နာကြည်းစိတ်ကုန်[illegible] တာလည်း မဟုတ်ဘူး။ ဟန့်စိတ်ကိုက ဟန့်အပေါ် ဘယ်ယောကျ်[illegible] ကမှ စိုးမိုးအုပ်ချုပ်တာမျိုး ဟန့်လွတ်လပ်မှုကို ထိပါးတာမျိုးကို လ[illegible] မခံနိုင်တာ"





နေခက ဟန့်စကားလုံးတိုင်း သေချာနားထောင် မှတ်သားရင်း ဟန်နှင့်သူ ခံယူချက်ချင်း တူနေရုံမက စိတ်သဘောထားချင်း တိုက်ဆိုင်ပုံကိုလည်း အံ့ဩမယုံနိုင် ဖြစ်နေသည်။ ဒီကမ္ဘာလောကကြီးမှာ သူ့လိုအတွေးမျိုး နောက်ထပ်တစ်ယောက် မရှိနိုင်ဟု ထင်ထားသမျှ သူမှားနေကြောင်း ဟန့်သဘောထား ဟန့်ခံယူချက်ကို နားထောင်ပြီး သူသိလိုက်ရသည်။

ဟန့်ရင်ထဲက စိတ်ခံစားချက်ကို နေခကလွဲပြီး စာနာနားလည်ပေးနိုင်သလို နေခရင်ထဲက ခံယူချက် နေခ၏ စိတ်သဘောထားကိုလည်း ဟန်မှတစ်ပါး တခြားဘယ်လိုလူကမှ စာနာနားလည်နိုင်မှာ မဟုတ်တာကိုလည်း နေခ နားလည်လိုက်သည်။

"ကဲ… ဘယ်လိုလဲ နေခ။ ဟန်ပြောတာတွေကို နားထောင်ပြီး ဟန်က ဘယ်လောက်အတ္တကြီးတဲ့ မိန်းကလေးလဲလို့တွေးပြီး ဟန့်ကို နေခ စိတ်ပျက်သွားပြီ မဟုတ်လား"

"နိုး… ကိုယ် ဟန့်ကို ပိုအထင်ကြီးသွားတာ ကိုယ်နဲ့ဟန်က ဘဝတူတွေပါဟန်"

"နေခဆိုလိုတာက ဘာလဲ"

"ကိုယ်နဲ့ဟန် စိတ်သဘောထားချင်း၊ ခံယူချက်ချင်း တစ်ခုတည်း ဖြစ်နေတာကို ကိုယ်ပြောချင်တာပါ"

"ဘယ်လို နေခ"

ဟန့်ကို နေခက သူ့စိတ်သဘောထား၊ သူ့ခံယူချက် အားလုံး ဖွင့်လင်းစွာ ပြောပြလိုက်တော့ ဟန်က အံ့ဩမယုံနိုင်သလို နေခမျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်အခု ပြောနေတာတွေဟာ တကယ်ပဲလား နေခ။ ဟန် ပြောသလို ရှင်တမင် ဟန့်အကြိုက် လိုက်ပြောနေတာ မဟုတ်လား"

ဟန်က နေခမျက်နှာကို မသက်သာသလို ငေးကြည့်ပြီး သူမ သိချင်တာကို မေးလိုက်တော့ နေခအသံထွက်၍ သဘောကျစွာ ခပ်တိုးတိုးရယ်သည်။ သူကြားဖူးသည့် စကားတစ်ခွန်းကို ပြန်သတိရလို့ ပါ။

စိတ်တူနာမ်တူဆိုတာမျိုး နေခနှင့်တိုက်ဆိုင်စွာ အတွေးအခေါ် စိတ်ဆန္ဒပါ တစ်ထပ်တည်း လာတူနေတာမျိုးဆိုတာ လူတစ်ယောက် ဘဝမှာ တကယ့်ကို ဖြစ်တောင်ဖြစ်ခဲဆိုတော့ ဟန်သူ့ကို မသင်္ကာ သလိုလေး ပြန်မေးနေသည့်အပေါ်မှာလည်း အလွန်ဟု မဆိုသာဖြစ် ပါ၏။

"ကိုယ်လည်း ဟန်ပြောတာတွေ နားထောင်ပြီး ဒီတစ်ယောက်က ကိုယ့်စိတ်ထဲက အကြံဉာဏ်တွေ ကြိုသိထားလို့များ ကိုယ့်အကြိုက် တမင် လိုက်ပြောနေတာလားလို့ ဟန်တွေးသလို တွေးလိုက်မိတာ ကိုယ်ဝန်ခံတယ်"

"ရှင် တကယ်ပြောနေတာလား နေခ"

"တကယ်ပါ ဟန်"

နေခတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် မယုံကြည် နိုင်သလို စူးစိုက်ကြည့်မိကြသည်။ ဘယ်သူမှ အကြည့်ကို မလွှဲ။ နောက်မှ ဟန်က အရင်ဆုံး အကြည့်ကိုလွှဲပြီး ဖြစ်လာသည့် ကံအပေါ် ဘယ်သူ့ကို အပြစ်ပုံချရမှန်း မသိဖြစ်နေ၏။

"ကိုယ်တို့နှစ်ယောက်အဖြစ်က သိပ်ကို ထူးခြားဆန်းကြယ်တယ်





လို့ မထင်ဘူးလား ဟန်"

"တစ်မျိုးတော့ တစ်မျိုးပဲ နေခ၊ ဘယ်လိုတစ်မျိုးလဲဆိုတာတော့ ဟန်လည်း သေချာမသိဘူး"

တကယ်လည်း ဟန်မသိ။

တချို့ အကြောင်းအရာတွေက ဟန်တို့လူသားတွေ လိုက်မမီ နိုင်တာမျိုးတွေ မရေမတွက်နိုင်အောင်ရှိတာ ဟန်နားလည်သည်။ ဟန် တို့နှစ်ယောက် အဖြစ်ကလည်း ထိုထဲက တစ်ခုလို့ပဲ ဟန်ထင်သည်။

"ကဲပါလေ… အဲဒါတွေက ခဏထားလိုက်ပါဦး။ အခု ဟန့် တို့ကိစ္စကို ရှင်ဘယ်လို ဆက်ရှင်းမလဲ နေခ"

"ဟန်ကရော ဘယ်လိုဖြစ်စေချင်လဲ"

"ဟန့်သဘောထားကို ရှင့်ကိုအားလုံး ပြောပြီးပြီ နေခ။ ဟန့်မှာ နောက်ထပ် ဘာမှပြောစရာ မရှိတော့ဘူး"

ဒါကို သူလက်ခံသည်။

ဟန်နှင့်သူ့သဘောက တစ်ခုတည်း။ ဖြစ်ချင်သည့် ဆန္ဒက လည်း တစ်ခုတည်း ဖြစ်သည့်အတွက် ဟန်နှင့်နေခကြားမှာ ရှင်းလင်း ရမည့် လမ်းကြောင်းကလည်း တစ်ခုပဲ ရှိသည်။

"ဟန့်မှာ ပြောစရာစကား မရှိရင် ကိုယ်ပြောမယ့်စကားကို ဟန် လက်ခံနိုင်မလား၊ လက်မခံနိုင်ဘူးလားဆိုတာ ဟန် နားထောင် ကြည့်ပါဦး"

"ပြောပါ၊ ဟန် နားထောင်ကြည့်မယ်"

"ကိုယ်တို့မှာ ဘယ်သူနဲ့မှ မတူတဲ့ စိတ်ကူးနဲ့ အတွေးအခေါ် အကြံဉာဏ်တွေ ရှိနေတယ်ဆိုတာ ဟန်လက်ခံတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"လက်ခံပါတယ်"

"ကောင်းပြီ၊ ဒါဆို ကိုယ်တို့နှစ်ယောက် ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ဖြစ်ခွင့်ရအောင် လူကြီးမိဘတွေ ဆန္ဒအတိုင်း လက်ထပ်ကြမယ်"

"အိုး… ဘာကိစ္စနဲ့မှ ဘယ်သူကိုမှ ဟန် လက်မထပ်နိုင်ဘူး ရှင့်ကို ဟန်ပြောပြီးပြီ နေခ၊ ရှင်ပြောတာကို ဟန်လုံးဝ သဘောမ ဘူး"

ဟန်က နေခစကားကို ချက်ချင်းပယ်ချလိုက်ပုံက ခါးခါးသီးသီး ဖြစ်သည့်အတွက် ဟန့်မျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။ ဟ က သူ့ကိုမကြည့် ဘယ်ယောကျ်ားကိုမှ ဟန် လက်မထပ်နိုင်ပါ အတိအလင်း ပြောထားသည့်ကြားက သူ့ကို ဟန်လက်ထပ်ရမည် သည့် စကားက ဟန့်ဒေါသနှင့် ဟန့်အတ္တကို တည့်တည့်လာထိသ နေခမျက်နှာကို မကြည့်မိအောင် မျက်နှာကို တစ်ဖက်သို့ လွဲပစ်လိုက် သည်။

ဒါကို နေခကလည်း သိသည်။

ဟန် သူ့ကို စိတ်ဆိုးဒေါသ ဖြစ်သွားတာကို နားလည်သည်

"ကိုယ်ပြောမယ့်စကားကို ဆုံးအောင် နားထောင်ကြည့်ပါဦး ဟန်"

"နားမထောင်နိုင်ဘူး နေခ၊ ရှင့်ကို လက်ထပ်ရမယ်ဆိုကတည်း က ရှင်နဲ့ဟန့်ကြားမှာ ပြောစရာစကား မရှိတော့ဘူး"

"ဟန်ထင်သလို ကိုယ်တို့လက်ထပ်မှာက အတူနေကြဖို့ မဟုတ် ဘူးဟန်။ လက်ထပ်ခြင်းဆိုတာ စာရွက်ပေါ်မှာပဲ ရှိမယ်။ လက်ထပ် ခြင်းမျိုးကိုပဲ ကိုယ်က ဆိုလိုတာ…"





"ဘာလဲ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ဟန်နဲ့ရှင် ဟန်ဆောင် လက်ထပ်မှာကို ရှင်ပြောနေတာ မဟုတ်လား"

"ဟုတ်တယ်။ အဲဒီအတိုင်းပဲ"

နေခ ဝန်ခံလိုက်တော့ ဟန်က ရယ်စရာ အကောင်းဆုံး ပြက်လုံး တစ်ခုကို ကြားရသလို အသံထွက်ပြီး ရယ်သည်။ ပြီးမှ နေခမျက်နှာ ကို စေ့စေ့စူးစူးကြည့်ပြီး သူမရင်ထဲ ရှိသည့်အတိုင်း နေခကို ပြော လိုက်သည်။

"ရှင်လည်း တော်တော်ရယ်ရတဲ့သူပဲ နေခ။ ဟန့်ကို ဟို အကြောင်းပြ ဒီအကြောင်းပြနဲ့ နောက်ဆုံးတော့ ရှင်လည်း တခြား ယောကျ်ားတွေလို ဟန့်ကို အပိုင်လိုချင်နေတဲ့ လူပဲ"

"ကိုယ်က မင်းကို အပိုင်လိုချင်နေတာ ဟုတ်လား"

သူ ဟန့်မျက်နှာကို အံ့ဩသလို ကြည့်သည်။

တုံ့ပြန်ကြည့်နေသည့် ဟန့်အကြည့်လေးတွေက ခပ်ထန်ထန်။ ဟန်က နေခကို အကြံသမားလို့ တိတိကျကျ စွပ်စွဲလိုက်ပုံက နေခ ရင်ကို ခပ်ပြင်းပြင်း လာထိပေမယ့် သူ့ဘက်ကစပြီး ဟန့်ကို လက်ထပ် စကားပြောမိသူအဖြစ် ဟန့်ကို စိတ်မဆိုးမိ။

"ဟုတ်တယ်။ ဟန့်ဘဝထဲကို ဘယ်ယောကျ်ားမှ ဝင်စွက်ဖက် နှောင့်ယှက်ခွင့် မရှိဘူးနေခ။ အဲဒီယောကျ်ားဆိုတဲ့ သတ္တဝါတွေထဲမှာ ရှင်လည်းပါတယ်"

ဟန့်အသွင်လေးက ခါးခါးသီး။

ဘာဖြစ်လို့ ဟန်ယောကျ်ားတွေကို အထင်သေး မုန်းတီးနေသည် မသိ။ ဟန်က နေခအတွက် ထူးဆန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဟန့်ကို တစ်ခုမေးလို့ရမလား"

"မေးပါ၊ ဘာမေးချင်လို့လဲ"

ဒါကိုတော့ ဟန့်ဘက်က အလွယ်ပဲ ခွင့်ပြုသည်။

သူ ဟန့်မျက်နှာလေးကို စိုက်ကြည့်လိုက်၏။ ဟန့်မျက်ဝန်း အကြည့်လေးတွေကလည်း နေခထံမှာ ရှိနေသည်။

"ဟန့်မှာ အရင်က ချစ်သူရှိခဲ့ဖူးလား"

"ဘာချစ်သူလဲ၊ ဟန့်ကို ရှင့်လို ရည်းစားမှူလိုပေါက်အောင် ထားပြီးမှ မိန်းမတွေကို ကြည့်မရအောင် ခါးခါးသီးနေတဲ့ လူများထင် နေလား။ ရှင်မသိရင် သေချာမှတ်ထား နေခ။ ဟန့်မှာ အရင်ကလည်း ချစ်သူရည်းစား မရှိဘူး။ အခုလည်း မရှိဘူး။ နောင်ကိုလည်း ဟန့်မှာ ချစ်ရမယ့်ချစ်သူ ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး"

စိတ်ထားဖြူစင် သန့်ရှင်းသလို ဟန့်နှလုံးသား၏ ဖြူစင်မှုကို ကြားရတော့ နေခရင်ထဲ ဘာမှန်းမသိသော ခံစားချက်တစ်မျိုး ညင် သာစွာ ဖြတ်သန်းစီးဆင်းသွား၏။ ဟန်ပြောသလို နေခမှာ ချစ်သူ ရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့တာ မှန်ပေမယ့် နေခ နှလုံးသား မှာ ရှိနေသည့် နေခအချစ်က အခုချိန်ထိ ပွင့်လန်းမလာသေး။

တစ်နည်းပြောရရင် နေခ အခုချိန်ထိ ဘယ်သူ့ကိုမှ မချစ်ဖူးသေး ပါ။ နေခ ချစ်နိုင်မည့်သူ၊ နေခဘဝ၊ နေခနှလုံးသားကို လှိုက်လှဲစွာ အမြတ်တနိုး ပေးအပ်ရမည့် နေခ ချစ်ရသူကိုလည်း ဒီဘဝမှာ နေခ ကိုယ်တိုင်ရှာမတွေ့နိုင်တော့ဟု ထင်မြင်ယူဆထားသူနှင့်ကျမှ နေခ ထက် အချစ်သဘောထား၊ အချစ်ခံစားမှုအပိုင်းမှာ ပိုမိုပြင်းထန်သူနှင့် လာဆုံနေရသည်။





"ကိုယ်လည်း ဟန့်လို ဘယ်သူကိုမှ မချစ်ခဲ့ဖူးသေးပါဘူး ဟန်"

"ဒါဆို ရှင့်ချစ်သူတွေကရော"

"အဲဒါက ပျော်မယ်ထင်လို့"

"ရှင်မပျော်ခဲ့ဘူးလား"

"နိုး"

"ထားပါလေ။ အဲဒါက ရှင့်ကိစ္စပဲ အခုဟန်တို့ကိစ္စကို အရင် ဖြေရှင်းရအောင်"

"ဟန်ပြောသလို ကိုယ့်မာမီကို ဟန်နဲ့လက်မထပ်ပါရစေနဲ့လို့ ပြောရမလား"

"ဟန့်ဘဝထဲကို ဘယ်လိုယောကျ်ားမှ အဝင်မခံနိုင်ဘူးလို့ ပြောပြီးပြီပဲ"

"သိပ်တော့မလွယ်ဘူး ထင်တယ်"

ဟန့်ကိုပြောရင်း နေခမျက်လုံးထဲ မာမီ့မျက်နှာ ပေါ်လာ၍ နည်းနည်းတော့ ရင်မောသွားသည်။ မာမီက ဟန်နဲ့ နေခကိစ္စကို သိပ်ဖြစ်စေချင်နေတာ သူသိသည်။ ဒါဆို နေခဆိုသည့် သူ့ဘက်က ရော။

"ဟန်လည်း အဒွားကို ဘယ်လိုပြောရင် ကောင်းမလဲဆိုတာ သေချာစဉ်းစားထားပါတယ်။ ဟန့်ကို အဒွားကမေးရင် လောလော ဆယ် ရှင်နဲ့ဟန် စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲထား ကြတယ်ဆိုရင် မကောင်းဘူးလား"

"လမ်းခွဲတယ်ဆိုတာ ချစ်သူတွေသုံးတဲ့ စကားမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှင့်မှာတခြား အကြံရှိနေလား"

"ရှိတယ်"

"ဘာလဲဟင်"

ဟန့်အသံက အားတက်သရော ရှိသလို နေခဖြေမည့် အဖြေကို စိတ်ဝင်တစား နားထောင်နေပုံက နေခနဲ့သာ မပတ်သက်ရဘူးဆိုရင် ဘာပဲလုပ်လုပ် ဆိုတာမျိုးပါလား။ တစ်ခါမှ မဖြစ်စဖူး နေခစိတ်ထဲ နည်းနည်းတော့ ခံရခက်သွား၏။ နေခဆိုတာ သူ့ဘဝ စတင်ဖြစ်တည်လာကတည်းက သူ့ပတ်ဝန်းကျင်၊ သူ့အသိုင်းအဝိုင်း တစ်ခုလုံး နေခအကြိုက်ဆောင်။ နေခ အလိုလိုက်ပြီး နေခ ဖြစ်စေချင်တာ လိုချင်တာမှန်သမျှရစေ ဖြစ်စေသည့် ဘဝနဲ့ နေထိုင်ကြီးပြင်း ရှင်သန်လာခဲ့ရသည့် လူပါ။

ဘယ်လိုလူကမှ နေခနှင့် မပတ်သက်ချင်သူ မရှိ။ နေခလို လူက လိုချင်လာပြီဆိုရင် ဘယ်အရာကိုပဲဖြစ်ဖြစ် မရရအောင် ကြိုးစားရယူ ပိုင်ဆိုင်လိုက်ရမှဆိုတာ နေခရဲ့ တကယ့်စိတ်ရင်း အစစ်အမှန်ပါ။ ဒီလိုလူတစ်ယောက်ရှေ့မှာ ဟန့်သူကို ပြုမူပြောဆို ဆက်ဆံနေပုံတွေက နေခ နဂိုအခံစိတ်ကို လာစိတ်ဆွနေသလို ဖြစ်နေတော့ နေခစိတ်တစ်ပိုင်းက သူ့လိုယောကျ်ားကိုမှ အဆက်အဆံ အပတ်သက်မရှိချင်အောင် ကဲကဲဆတ် ခံစားနေရသည့် ဟန်ဆိုသည့် အပျိုချောကို စိတ်ပေါက်ပေါက်နှင့် သူမဆန္ဒပါပါ မပါပါ သူ့သဘောတစ်ခုတည်းနှင့် ဇွတ်တရွတ် သိမ်းပိုက်ပစ်လိုက်ချင်သည်။ အရွဲ့တိုက် အနိုင်ယူချင်စိတ်တွေလည်း သူ့ရင်ဘတ်ကြီးထဲက တစ်ခါတစ်ရံ ထိုးထွက်ခေါင်းပြူလာတတ်တာကိုလည်း တအံ့တသြ သိနေရပြန်သည်။





ဒီလိုပုံနဲ့ကြာရင် မင်းတော့ သိပ်ခက်လာတော့မယ် ထင်တယ် ဟန်။

အခု မင်းလုပ်နေပုံတွေက ကိုယ့်မာနကို ဘယ်လောက်လာရိုက်ခတ်နေလဲဆိုတာ မင်းမသိဘူး။

"ဒီမှာ ဟန်ပြောနေတာ ကြားရဲ့လားရှင်"

"ဟင်… ဘာလဲဟန်"

"ရှင့်မှာ ဘာအကြံရှိလဲလို့ မေးနေတာ ရှင်မကြားဘူးလား"

ဟန်က သူမစကားကို မကြားပဲ သူတွေးချင်ရာ တွေးနေသည့် အခမျက်နှာချောချောကို မကျေမနပ် ဟန်လေးဖြင့် ကြည့်လာတာကို သူသဘောကျစွာ ပြုံးလိုက်သည်။

"ကိုယ်တို့ စိတ်ကောက်နေကြတယ်ဆိုရင် မကောင်းဘူးလား။ နောက်တော့မှ တခြားအကြောင်းပြချက် တစ်မျိုးမျိုးနဲ့ ဟန်လည်း တခြားတစ်ယောက်နဲ့တွဲ ကိုယ်လည်း နောက်တစ်ယောက် အသစ်ရှာတွဲလိုက်ရင်…"

"အို… ရှင်သာ တခြားအသစ်တစ်ယောက် ရှာတွဲလိုက်ပါ။ ဒါဆို ကိစ္စအားလုံး အဆင်ပြေသွားပြီ"

နေခ နောက်တစ်ယောက် ရှာမယ်ဆိုတာနဲ့ ဟန်ပုံစံလေးက ဝမ်းသာပီတိ ဖြစ်သွားပုံက အထင်းသား ဖြစ်သွားတာကြည့်ပြီး နေခ နှာခုံးတွန့်လိုက်သည်။

"ကိုယ်က သဘောပြောတာ"

"ဘာသဘောမှ မပြောနဲ့ အခုရှင်ပြောတဲ့ အကြံအတိုင်းသာ ဆက်လုပ်ပါ။ အဘွားက ဟန့်ကိုမေးရင်…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုယ်က သစ္စာဖောက်ပြီး နောက်အသစ်တစ်ယောက် နဲ့တွဲလို့ အဆက်ဖြတ်လိုက်ပြီလို့ ပြောမလို့လား"

"ဒါပေါ့ရှင်၊ ဒီထက်ကောင်းတဲ့ တခြားအကြံဉာဏ် ဘယ်မှာ ရှိသေးလို့လဲ"

"မင်းပဲ အပြောကောင်း၊ ဒီကိစ္စက ကိုယ်တစ်ယောက်တည်း လုပ်ရမှာ မဟုတ်ဘူးဟန်၊ ဟန်ကိုယ်တိုင်လည်း ကိုယ့်လိုပဲ တခြား တစ်ယောက်နဲ့ တွဲပြမှ ကိုယ့်မာမီက ယုံမှာဆိုတာလည်း ထည့်စဉ်းစား ပါဦး"

"စိတ်ညစ်လိုက်တာရှင်"

"ကိုယ်လည်း စိတ်ညစ်တယ်"

ဟန်ပြောသလို နေခလိုက်ပြောတော့ ဟန့်ထံမှ ချစ်စရာကောင်း အောင် လှပလွန်းသည့် မျက်စောင်းက နေခထံ ဒိုင်းခနဲ ပြေးဝင်လာ၏။

"တော်ပါ… ရှင်စိတ်ညစ်နေတဲ့ မျက်နှာကြီး ဘယ်လောက် ပြုံးနေလဲဆိုတာ ရှင့်ကိုယ်ရှင် မှန်ထဲပြန်ကြည့်လိုက်ဦး"

ဟန့်စကားအဆုံးမှာ သူနှစ်ခြိုက်စွာ ရယ်လိုက်သည်။ တကယ် သူ့မျက်နှာမှာ အပြုံးတွေဝေနေခြင်း အဖြစ်ကို သူ့ကိုယ်သူလည်း မသိ သေချာတာကတော့ ဟန်စိတ်ရှုပ် စိတ်ညစ်နေတာနှင့် ဆန့်ကျင်ဘက် ဟန်နှင့်သူ့အဖြစ်ကို သဘောတကျကျ အသည်းတယားယား ရယ်မော လိုစိတ်နှင့် ပျော်ရွှင်ကြည်နူးနေမိခြင်း ဖြစ်သည်။

"ကိုယ့်ပုံစံက ဟန်ပြောသလို ဖြစ်နေတယ်ဆိုရင် ဆောရီးပါ ဟန်"





သူဟန့်ကို တောင်းပန်လိုက်တော့ ဟန့်ထံမှ သက်ပြင်းချသံကို ကြားရသည်။

"ဟန်တခြားတစ်ယောက်နဲ့ မတွဲလို့မရဘူးလား နေခ"

"မရဘူးဟန်၊ ကိုယ့်မာမီအကြောင်း ကိုယ်ပဲသိတယ်"

"ကောင်းပြီ ဟန် ကြိုးစားကြည့်မယ်"

ဟန် ကတိပေးလိုက်သည်။

တစ်ယောက်ကိုတစ်ယောက် အပြစ်ရှာပြမှ နှစ်ဖက်လူကြီးတွေက ယုံမှာဆိုတော့ နေခဘက်က တောင်းဆိုတာကို ဟန်လက်မခံလို့ မဖြစ်။

"ဟန် ပြန်တော့မယ် နေခ"

"ဟန် မပြန်ခင် ကိုယ့်လက်ရာကော်ဖီကို လိုက်အားပေးပါဦးလို့ ဟန့်ကို ဖိတ်ခေါ်ပါရစေ"

နေခ ဖိတ်ခေါ်တာကို ဟန်လက်ခံလိုက်သည်။ နေခအိမ်ကို အရင်တစ်ခါက ကားအက်စီးဒင့်ဖြစ်တုန်းက တစ်ခါရောက်ဖူးပေမယ့် ဘာကိုမှ သေချာမကြည့်ဖြစ်။ အခုတစ်ခါတော့ မရည်ရွယ်ပဲ နေခအိမ် ကို ဟိုဒီလျှောက်ကြည့်မိရာက တစ်နေရာအရောက်မှာ ဟန့်မျက်ခုံး လေး တွန့်သွားသလို သူမ မျက်ဝန်းအစုံကိုလည်း ထိုနေရာက ခွာမရ အောင် ဖြစ်သွားသည်။

မိန်းမစီးဒေါက်မြင့် ဖိနပ်လှလှလေးတစ်ရံက ဟန့်ကိုဆွဲဆောင် ထားသည်။ ဘယ်လိုမှ ဟန်အကြည့်မလွှဲ။ အခန်းထောင့်တစ်နေရာမှာ နေရာယူထားတာက ဟန်စိတ်ဆိုးဆိုးနှင့် လမ်းပေါ် ဒီအတိုင်း စွန့်ပစ် ခဲ့သည့် ခွာတစ်ဖက် ပြုတ်သွားသည့် ဟန့်ဖိနပ်လေး ဖြစ်သည်။

ဘယ်လိုလုပ်ပြီး ဟန့်ဖိနပ်လေးက နေခဆီမှာ ရှိနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟန်လည်း မသိ။ ဖိနပ်စင်မှာ လှပစွာ ရှိနေသည့် ဖိနပ်လေးကို ဟန်ယူကြည့်တော့ အကောင်းပကတိ ဖြစ်နေသည်။

"ကော်ဖီသောက်လို့ရပြီ ဟန်"

"သြော်..."

နေခနှုတ်ခမ်းက အသံတိုးတိုးလေး ထွက်လာပြီး ဖိနပ်စင်ပေါ်က သူပြန်ပြင်ထားသည့် ဟန်စွန့်ပစ်ထားခဲ့သော ခွာပြုတ်ဖိနပ်လေးကို ကိုင်ထားသည့် ဟန့်ထံ အကြည့်ရောက်သွားသလို ဟန်ကလည်း သူပြန်ပြင်ထားသော ဖိနပ်လေးကိုကိုင်ကာ နေခကို အံ့ဩနားမလည်သလို လှမ်းကြည့်တာနှင့် ဆုံသည်။

"ဟန့်ဖိနပ်ကို ကိုယ်ပြင်ထားတာလေ"

ဟန်မမေးခင် သူအရင်ဝန်ခံလိုက်တော့ ဟန်က နေခကို မျက်နှာလေးပင့်ကြည့်သည်။

"ဟန့် လွှတ်ပစ်ထားတာကို ရှင်က ဘာလို့ပြန်ယူလာရတာလဲ"

"မထားခဲ့ချင်လို့"

"ဘာရယ်"

"ဘာမှမဟုတ်ဘူး။ ကော်ဖီ သောက်ရအောင်လို့ ပြောတာ"

လက်ထဲက ဖိနပ်ကို အသာပြန်ချပြီး နေခနဲ့အတူ ကော်ဖီစားပွဲမှာ ထိုင်ဖြစ်တော့ နေခဆိုသည့် လူမျက်နှာကို သေချာကြည့်တော့ နေခက ပြုံးသည်။

"ရှင့်ကို ကြည့်ရတာ တစ်မျိုးပဲ"

"ဟုတ်လား၊ ဟန်လွှတ်ပစ်လိုက်တဲ့ ဖိနပ်ကို ကောက်လာလို့





ကိုယ့်ကို ရူးနေပြီ ထင်လို့လား..."

"ထင်တော့ ထင်ချင်သားပဲ၊ ဒါပေမဲ့ ရှင်မရူးဘူးဆိုတာ ဟန်သိတယ်"

"သင့်ခ်ယူ"

နေခမျက်နှာက ခပ်ပြုံးပြုံး။

ဟန့်အတွက် သူကိုယ်တိုင် ဖျော်ယူလာသော ကော်ဖီခွက်ကို ဟန့်ရှေ့ အသာတိုးပေးပြီး သူကိုယ်တိုင်လည်း ကော်ဖီပူပူကို တစိမ့်စိမ့် အရသာခံ သောက်နေသည်။ ဟန်က ကော်ဖီကြိုက်သူဖြစ်၍ သူမ ...က ကော်ဖီခွက်ကို ဆွဲယူပြီး တစ်ငုံသောက်လိုက်တော့ လျှာထဲ သွားသည်။

"ရှင်က ကော်ဖီဖျော်တာ တော်သားပဲ"

"ကိုယ့်လက်ရာကို ဟန်ကြိုက်လား"

"အင်း"

"နောက်ဆို ကိုယ်ဖျော်တဲ့ ကော်ဖီကို ဟန် မသောက်ရရင် နေ နိုင်အောင် ဖြစ်လာတော့မှာ"

"ဘာဖြစ်လို့လဲ"

သူက ဟန်မေးတာကို ချက်ချင်းမဖြေ။

ဟန့်မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ပြုံးသည်။

"ကိုယ့်အဖြေကို ဟန်သိချင်ရင် ဟန့်ကော်ဖီကို ကုန်အောင် အရင်သောက်လိုက်... ပြီးမှ ဟန်သိချင်တဲ့ အဖြေကို ကိုယ်ပြောမယ်"

"အမယ်လေး... စကားလေးတစ်ခွန်း ပြောမယ့်အရေးကို ဈေးလည်း ကြီးလိုက်တာရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေကို သိချင်နေပြီမို့ ဟန်က သူမ ကော်ဖီခွက်ထဲက ကော်ဖီတွေကို သူ့ရှေ့မှာပဲ ကုန်အောင်သောက်လိုက်ရသည်။

"ကဲ... ပြော... ဘာဖြစ်လို့ ဟန်က ရှင်ဖျော်တဲ့ကော်ဖီကို မသောက်ရ မနေနိုင် ဖြစ်ရမှာလဲ"

"ဆေးခပ်ထားလို့"

"ရှင်"

"ကိုယ်စတာပါ"

"တကယ်ထင်ပြီး ဟန် လန့်သွားပြီ မဟုတ်လား၊ အဟွန်း... ဟွန်း... ဟွန်း"

အခုမှ နေခက ဟန့်ကို တမင်စနေမှန်း သိသွားကာ သူနှင့်အတူ ရောရယ်လိုက်သော ဟန့်အသံချိုချိုလွင်လေးက အမြဲတိတ်ဆိတ်ငြိမ် သက်နေသော နေခအိမ်မှာ အနွေးထွေးဆုံးသော တေးတစ်ပုဒ်အဖြစ် ပြောင်းလဲသွားသည်။



## အခန်း (၁၁)

စောမြတ်ချယ်ဟန်။

အထက်တန်းဆန်သော အလှ။

တော်ဝင်နွယ်ဆန်သော ဟန်အမူအရာနှင့် မိန်းမလှလေးတစ်ယောက်နှင့် နေခအဖြစ်က တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့် ခက်ဆိုသည့်အတိုင်း ဖြစ်နေသည်။ တစ်ညလုံး ဟန့်အကြောင်းကို မတွေးဘဲ ခေါင်းထဲရောက်လာသည်။ ဟန်နှင့်သူ့ကိစ္စက ရှင်းလေရှုပ်လေ ဆိုတာမျိုး။

စိတ်ရှုပ်နေသည့်ကြားက ဟန့်အလှအပ၊ ဟန့်လှုပ်ရှားမှုတွေကို အမှတ်ထင်ထင် သတိထား ဖြစ်နေတာကလည်း ဘာကြောင့်မှန်း မသိ။ ဟန်က သူ့ယောကျ်ားမာနကို ထိပါးပုပ်ခပ်စော်ကားလွန်း၍ပဲ ဟန့်ကိုပိုပြီး စိတ်ဝင်တစား အကဲခတ်ဖြစ်သွားရာက ဟန့်အလှကို ပိုသတိထားမိခြင်းများလာလည်း မဆိုနိုင်။ တစ်ချိန်လုံး ဟန့်အကြောင်း ချည်းတွေးရင်း သူ့အကြောင်းသူလည်း မကြာခဏ စဉ်းစားဖြစ်သည်။

ဟန်နှင့်သူက အိမ်ထောင်ရေးကိစ္စကို စိတ်မဝင်စားပုံချင်းလည်း တူသည်။ ယောကျ်ားတစ်ယောက် အုပ်စိုးသော မိန်းမတစ်ယောက်

www.burmeseclassic.com



ဘဝကို ဟန်မုန်းသလို မိန်းမတစ်ယောက် လွှမ်းမိုးတာကို မခံချင်သည်။ နေခက ဘယ်လိုမိန်းမကိုမှ အိမ်ထောင်ဖက်အဖြစ် စိတ်မဝင်စားသူ။ ဒီလို ဆန့်ကျင်ဘက် လူနှစ်ယောက် တစ်ပေါင်းတစ်စည်းထဲဖြစ်အောင် တွန်းပို့ခံလိုက်ရသည့် ကံတရား၏ ထူးခြားဆန်းကြယ်မှုကလည်း မယုံချင်စရာပါ။

နေခလို ယောကျ်ားမျိုးသာမက ဘယ်လိုယောကျ်ားကိုမှ လက်မထပ်နိုင်ပါဆိုသည့် ဟန်ကို သူဘယ်လိုမှ သတိမထားပဲ မနေနိုင်။ သလို ဟန့်အတွေးအခေါ်၊ ဟန့်အယူအဆတွေ အပေါ်မှာလည်း နေခ စိတ်မဝင်စားပဲ နေလို့မရ။ အထူးခြားဆုံးက ထိုစကားမျိုးကို အေးအေး သက်သာစွာ အရွယ်တကူ ပြောနေနိုင်အောင် ဟန်က သိပ်လှလွန်း နေတာကို နေခ မဝန်ခံလို့မဖြစ်။ အမှန်ကိုပြောရရင် ဟန့်ကို နေခ စိတ်ဝင်စားနေပြီ။ ရင်ခုန်နေပြီ ဖြစ်သည်။

ဟန်ဘယ်ယောကျ်ားမှ စိတ်မဝင်စားတာကို သူလက်ခံသည်။ ဒါပေမဲ့ နေခဆိုသည့် သူ့ကိုတော့ ဟန်စိတ်ဝင်စားရမည်။ တခြား ဘယ်ယောကျ်ားကိုမှ ဟန်လက်မထပ်ဘဲ နေလို့ရသည်။ နေခဆိုသည့် ယောကျ်ားကိုတော့ ဟန်လက်မထပ်ဘဲ နေလို့မရ။ နေခဆိုသည့်သူ့ကို ဟန်လက်ကို လက်ထပ်ရမည်။

ဤကား နေခတစ်ညလုံး တစ်နေ့လုံး ဟန်နှင့်ပတ်သက်ပြီး စဉ်းစား တွေးတောရာမှ တိကျသေချာစွာ ရရှိလာခဲ့သော သူ့ထံမှအဖြေ ဖြစ် သည်။ အရင်က နေခပတ်ဝန်းကျင်၊ နေခအသိုင်းအဝိုင်း၊ နေခနားမှာ ရှိသည့် မိန်းမတွေအားလုံး နေခအတွက် စစ်မှန်သည့် ခံစားချက်ကို ပေးနိုင်သူမရှိ။



BURMESE CLASSIC



နေခ လိုချင်သူတွေထဲမှာ နေခဝန်းကျင်က မိန်းမတွေ တစ်ယောက်မှမပါ။ ဘယ်သူမှလည်း နေခစိတ်ကို လှုပ်ခတ်အောင်၊ နေခနှလုံးသားကို အလန့်တကြား နိုးထလာအောင် မစွမ်းဆောင်နိုင်။ ဟန့်မှာ နေခ လိုချင်တာအားလုံး ရှိသည်။ နေခ၏ ခံစားချက်မဲ့ နှလုံးသားကို ဟန်က သက်ဝင်လှုပ်ရှားစေသူဆိုတာ ဟန်ကိုယ်တိုင် သူမကိုယ်သူမ သိပုံလည်း မရ။ ဟန်သိတာက နေခနှင့်ဝေးနိုင်သမျှ ဝေးအောင် ကြိုးစားရန် သို့မဟုတ် နေခလိုလူ သူမနား ရောက်မလာစေရန် နည်း ပေါင်းစုံသုံးပြီး ကာကွယ်ရန် ဖြစ်သည်။

နေခ ဟန့်ကို စိတ်ဝင်စားတာလည်း ဒါပဲဖြစ်သည်။ ဟန်က နေခကို မလိုချင်မှန်းသိလေ နေခက ဟန့်ကို ပိုလိုချင်လေ။ ပိုအလေး အနက်ထားလေ ဖြစ်သည်။ သူ့လို ယောကျ်ားတစ်ယောက်ကို မလို ချင်သည့် ဟန့်လိုမိန်းကလေးကိုမှ နေခ လိုချင်သည်။

ရယူပိုင်ဆိုင်ချင်သည်။ အမြတ်တနိုး သိမ်းပိုက်ယုယချင်သည်။ သူမ စိတ်နှလုံးကို ထာဝရ လွှမ်းခြုံစိုးမိုးထားချင်သည်။ ဟန့်ဘဝထဲမှာ နေခ ရှိရမည်။ ထိုအရာက နေခရင်မှာ ဘယ်တုန်းကမှ ဖြစ်ပေါ်ခြင်း မရှိသော စိတ်ခံစားချက်အသစ်။ စိတ်ဆန္ဒအသစ် ဖြစ်သည်။

ဒါကို အချစ်လို့ခေါ်မည်ဆိုလျှင်တော့ ဟန့်ကို သူချစ်မိပြီ။ လုံးဝ လွဲမှားစရာမရှိ။

ဟန့်ကို သူချစ်မိပြီဟု တွေးလိုက်ချိန်မှာ နေခတစ်ကိုယ်လုံး ရှိန်းခနဲ နွေးထွေးသွားသည်။ သူ့အဖြစ်ကို သူမယုံနိုင်။ အချစ်ဆိုတာ ဒီလိုပုံစံ ဒီလိုအနေအထားနှင့် နေခဆီ ရောက်လာလိမ့်မည်ဟု နေခ ထင်မထားခဲ့။ အခုတော့ အေးစက်မာကျောသည့် နေခနှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးနူးညံ့မှုတွေနှင့် ပျော့ပျောင်းအရည်ပျော်သွားအောင် ဟန်က နေခကို ညှို့ယူဖမ်းစားခဲ့သည်။

"ဟန်"

"ဟင့်အင်း... ဟန့်ဘဝထဲကို ဘယ်ယောကျ်ားမှ ဝင်ခွင့်မပြုဘူး နေခ"

စိတ်ကူးထဲမှာ ကြားနေရသည့် ဟန့်အသံ။ ဟန့်အမူအရာလေးတွေက ဟန့်အချစ်ကို ဘယ်လိုနည်းနဲ့မှ သူအလွယ်တကူ ရယူသိမ်းပိုက်ခွင့် မရှိကြောင်း တရားဝင် အသိပေးကြေညာနေတာ သူသိသည်။

ဟန့်ဘဝ ဟန့်နှလုံးသားကို သူရယူချင်သည်။ သိမ်းပိုက်ချင်သည်။ သို့သော် ဟန်က ခွင့်မပြု။ သူမ နှလုံးသားတံခါးကို အလုံခြုံအတင်းကျပ်ဆုံး ပိတ်သိမ်းထားသည်။

ဟန်ရယ်...။

မင်းကို မောင်ချစ်တယ်။

ဘယ်တုန်းကမှ မသုံးဖူးသော အချစ်ဆိုသည့် စကားက နေခအတွက် သစ်နေသည်။ ဆန်းနေသည်။ လှပနေသည်။ အလွန်နူးညံ့သိမ်မွေ့သော ထိုအရာကို ရယူရ ပိုင်ဆိုင်ချင်လျှင် သူကိုယ်တိုင်နူးညံ့သိမ်မွေ့မှ ဖြစ်မည်။ နောက်တစ်ခုက နေခအသိုင်းအဝိုင်း၊ နေခဘက်က အနေအထား ဖြစ်သည်။ နေခဆိုတာ နာမည်တစ်လုံးနှင့်နေလာသူ။ မိန်းကလေးတွေကို ချစ်တမ်းကစားပြီး သူစိတ်ပျက်ငြီးငွေ့လာသည့်အချိန်မှာ အလွယ်တကူ စွန့်ပစ်ထားရစ်ခဲ့သည့် ကျောက်ဆင်ရုပ်နှလုံးသားပိုင်ရှင်။

သူ့လိုလူတစ်ယောက်ကို ဟန့်လိုမိန်းကလေးတစ်ယောက်က





အလွယ်တကူ စွန့်ပစ်ထားရစ်ခဲ့တာမျိုး အဖြစ်မခံနိုင်။ နေခဆိုသည့် ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ။ ယောကျ်ားတစ်ယောက်ရဲ့ မာနက သူ့ကို ဟန်ကိုထာဝရ သိမ်းပိုက်ရယူရန် ဖိအားပေး တိုက်တွန်းနေသော တစ်ခုတည်းသော သူ့အတွက်ဖြစ်သည်။ သူ့မာမီဆီ ဖုန်းဆက်လိုက်တော့ အိမ်မှာ မာမီက မရှိ။ စက်ဘ်ပူမှာ ဒယ်ဒီနှင့် ရောက်နေသည်။

"ဘာပြောချင်လို့လဲ သား"

"ဟန့်ကိစ္စပါ မာမီ"

သူတွေးတွေးဆဆ ပြောလိုက်သည်။

"ဟန်က ဘာဖြစ်လို့လဲ သား"

"ဘာမှမဖြစ်ပါဘူး"

"သားတို့ချင်း အဆင်မပြေဘူးထင်တယ်"

"ပြေပါတယ်"

နေခစကားအဆုံးမှာ မာမီက ရယ်သည်။

"ညာမနေနဲ့သားရေ ဟန့်အဘွားကိုယ်တိုင် မာမီ့ကို ဖုန်းဆက်ပြီး ဟန်နဲ့သား စိတ်ဆိုးစိတ်ကောက်နေတယ်ဆိုတဲ့အကြောင်း၊ မာမီ့ကို ပြောပြီးပြီ"

ဟန်ပြောလိုက်သည့် စကားကို ဟန့်အဘွားကနေ မာမီ့ကို ပြန်ပြောခြင်းဟု နေခ သိလိုက်သည်။

"မာမီ"

"ပြော... သား"

"ဟန့်ကို ကျွန်တော် လက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောချင်တာကို သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်တော့ မာမီက ရယ်ပြီးရင်း ရယ်နေသည်။

"စိတ်ချပါသားရယ်၊ ဟန်နဲ့သားကို မာမီကိုယ်တိုင် လက်ထပ်ပေးမှာပါ"

"သင့်ခ်ယူမာမီ"

"မာမီ့သားက အခုမှ တကယ်ချစ်တတ်သွားတာပါလားကွယ်။ ကြားရတာ မာမီ စိတ်ချမ်းသာလိုက်တာ"

မာမီပြောသမျှ နားထောင်ပြီး မာမီဖုန်းချမှ သူ ဖုန်းချလိုက်သည်။ နေခရင်ထဲ နူးညံ့လှုပ်ခတ်မှုတွေနှင့် သက်ဝင်လှုပ်ရှားနေချိန်။ ဟန်ကတော့ အိမ်ပြန်ရောက်လာပြီဖြစ်သော အဘွားနှင့် စည်းမကိုက်ဝါးမကိုက်နှင့် စိတ်အညစ်ကြီး ညစ်နေသည်။ ဒီကြားထဲ နေခမာမီဆိုသည့် အန်တီကလည်း အဘွားထံ ဖုန်းမပြတ်ဆက်နေ၍ ဟန် အိမ်က ထွက်ပြေးချင်နေသည်။

သူတို့ချင်း ဘာတွေပြောနေကြမှန်း မသိ။ အဘွား အပျော်ကြီးပျော်နေတာကြည့်ပြီး နေခနဲ့ ဟန် မင်္ဂလာကိစ္စပဲဟုတွေးပြီး ရင်လေးနေသည်။ နေခနဲ့ ဟန် ချစ်သူလည်း မဟုတ်။ ရည်းစားလည်း မဟုတ်။ ဘာဆိုဘာမှမဟုတ်သည့်အကြောင်း ဟန့်အဘွားကို ဟန် အကြိမ်ကြိမ် ကြိုးစားရှင်းပြပြီးပြီ။ ဟန် ဘာပြောပြော အဘွားက လက်မခံ။

"မင်္ဂလာကိစ္စပဲ မြေးခေါင်းထဲမှာ ထားပါကွယ်၊ တခြား ဘာမှ စဉ်းစားမနေပါနဲ့"

"ဒါပေမဲ့ သူ့ကို ဟန်မှ လက်မထပ်နိုင်ဘဲ အဘွားရဲ့"





ဟန်ကလည်း သူဖြစ်ချင်တာ ဇွတ်တိုးပြောသည်။

"အခုမှ လက်မထပ်လို့ မရတော့ဘူးမြေး၊ ကောင်လေးအမေက ဖိတ်စာတောင် ရိုက်ပြီးနေပြီ"

"ဟာ… ဒါကတော့ လုံးဝမဖြစ်ဘူးနော် အဘွား။ သူတို့ ဟန်သဘောမတူဘဲ ဇွတ်လုပ်ရင် ဘာဖြစ်ဖြစ် ဟန်ကတော့ အိမ်က ထွက်ပြေးသင့် ပြေးရမှာပဲ"

"တော်စမ်း မြေး၊ ဒါသမီးရှင်မိန်းကလေးက ပြောရမယ့် စကားလား၊ အစကတည်းက ဒီလိုတွေ မဖြစ်ချင်ရင် ဘာဖြစ်လို့ မိန်းကလေးပီပီ ကိုယ့်ဘက်က အသွားအလာ အနေအထိုင် မဆင်ခြင်ခဲ့လည်း အခုမြေးတို့ကိစ္စက နှစ်ဖက်အသိုင်းအဝိုင်းထဲမှာ မသိချင်မှအဆုံး သတင်းကြီးပြီးမှ လက်မထပ်ချင်ပါဘူးဆိုရင် တစ်သက်လုံး ခေါင်းမဖော်နိုင်အောင် အရှက်ရမယ့်သူက ဘယ်သူဖြစ်မယ် ထင်နေလဲ"

"အခုကိစ္စကို အဘွားစီစဉ်တာလဲ မဟုတ်ဘူး။ အဘွားကိုယ်တိုင် ဘာတစ်ခုမှ သိခဲ့ရတာလည်း မရှိဘူး။ တခြားသူတွေ ပြောမှဆိုမှ သိရတဲ့ အဘွားပါကွယ်။ တစ်ရှက်ကနှစ်ရှက် မဖြစ်ပါရစေနဲ့"

အဘွားဘက်က ပြောတော့လည်း အဘွား၊ လွန်လွန်းတာက ဟန်တို့ဓာတ်ပုံတွေကို အင်တာနက်ပေါ်အထိ ရက်စက်စွာ တင်ရက်သည့်လူပါ။ သူ့ကြောင့် ဟန့်ပတ်ဝန်းကျင်၊ ဟန့်အသိုင်းအဝိုင်းမှာ နေခနှင့်ဟန့်သတင်းတွေက ပျံ့ချင်တိုင်း ပျံ့နေတာ တားမရဆီးမရပါ။

"စိတ်ကို အေးအေးထားပါ မြေးရယ်။ တချို့ကိစ္စတွေက ကံတရားကြောင့် ဖြစ်ရတာတွေပါကွယ်။ ဒီလိုပဲ ဖူးစာပါရင် ပြောင်နည်းရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အသွားက ဖူးစာတဲ့။ ဟန်ကတော့ ထိုစကားကို သဘောလည်း မကျ။ လက်လည်း လက်မခံချင်။ ဖူးစာပါပြီး ညားရအောင် နေခ ဆိုတာ ဟန့်ချစ်သူမဟုတ်။ ဟန်စိတ်ညစ်ညစ်နှင့် တစ်နေကုန် အပြင် ထွက်လည်မိမှ ပိုဆိုးသည်။

“ဟန်”

“ဟင်… အိတို့ပါလား”

မတွေ့ချင်ပါဘူးဆိုမှ ဟန်သူငယ်ချင်းမတွေနှင့် လာဆုံနေ၍ ဒီတစ်ခါ ဟန် ဘယ်လိုမှ ပြေးမလွတ်တော့ဟု သိလိုက်သည်။

“ဟွန်း… မိန်းမကိုက အိတို့ကို ပြောတော့မဟုတ်ပါဘူး ဘာ ညာနဲ့။ အခုတော့ လက်ထပ်ဖိတ်စာတောင် ဝေတော့မယ်။ ဘာတစ်ခုမှ အမှန်အတိုင်း မသိရသေးဘူး”

“ဟုတ်တယ်ဟန်၊ ဖြူတို့မှာတော့ သူများပြောမှ သိရတဲ့အဖြ ရောက်နေပြီ”

ဟန့်သူငယ်ချင်း အရင်းခေါက်ခေါက်တွေက ဟန့်ကိုတွေ့တာ နှင့် ဝိုင်းအပြစ်တင်ကြသည်။ သူတို့ပြောလည်း ပြောစရာပါ။ နေခနှင့် ကိစ္စ အင်တာနက်ပေါ် ပါလာတုန်းက ဘယ်သူမှ မသိဘူးအထင်နဲ့ ဟန်က ငြိမ်နေပေမယ့် ကျန်လူတွေက မငြိမ်။ တစ်ယောက်စကား တစ်ယောက် လက်ဆင့်ကမ်းရင်း နေခနဲ့ဟန့် သတင်းကြီးသွားတော့ ရွှေစင်က အရင်စပြီး ဖုန်းဆက်ပြီး နေခနှင့်ဟန့်အကြောင်း မေးသည်။ ဟန်ကလည်း အမှန်အတိုင်း ရှင်းပြသည်။ ရွှေစင်က ဟန်ပြောပြတာ နားထောင်ပြီး ဘာမှမပြောပေမယ့် ဖြူနဲ့အိတို့ ဖုန်းဆက်သည့် အလှည့် မှာတော့ ဝေဖန်သံတွေ ဆူညံစွာ ပါလာသည်။





“ဟန်ပြောတော့ နေခနဲ့ဟန် ဘာမှမဟုတ်ဘူးဆို”

“အင်းလေ”

“လုပ်မနေနဲ့ဟန်… ယူတို့ အန်တီမေရီ ညည့်ခံပွဲမှာလည်း အတူတွဲပြီးတက်တဲ့ သတင်းတွေ ဖြူတို့က ရပြီးသား”

“ဟယ်… အဲဒါက သတင်းမှားကြီးပါ ဖြူရဲ့။ ဟိုရောက်မှ ဟန်နဲ့သူ အမှတ်အထင် ဆုံတာပါ”

“အင်တာနက်ပုံကရော”

“အဲဒါကလည်း…”

အဖြစ်မှန်တွေကို ဟန်ဆက် ရှင်းပြသည်။ သူငယ်ချင်းတွေမှာ လည်း ဟန်ကိုယ်တိုင်ပြောနေတာဆိုတော့ မယုံတစ်ဝက် ယုံတစ်ဝက် နှင့် နေခကိစ္စကို ပြီးပြီးပျောက်ပျောက် ဘာမှထပ်မမေးပဲ နေခဲ့ကြ ပေမယ့် ဟန့်သတင်းတွေက ရပ်မသွားတော့ ဟန့်ဆီကို ဖုန်းဆက် ကြပြန်သည်။ ဟန်က မဟုတ်ကြောင်း မမှန်ကြောင်း ငြင်းမြဲငြင်းနေ တော့ လက်လျှော့လိုက်ကြသည်။

အခု နေခနဲ့ဟန့် မင်္ဂလာသတင်းတွေ နားနဲ့မဆန့် ဖြစ်လာချိန် မှာ ဟန်နှင့်သူငယ်ချင်းမတွေ ပြန်ဆုံကြခြင်း ဖြစ်သည်။

“ဘယ်လိုလဲ ဟန်၊ ဟန့်ရွှေမင်းသားနဲ့ မလာဘဲ တစ်ယောက် တည်း လျှောက်သွားနေတာပဲလား”

“ဖြူတို့ ထင်သလို မဟုတ်ပါဘူးဟယ်”

အဖြစ်မှန်ကို ဟန်ထပ်ရှင်းပြသည်။

ဟန့်စကားဆုံးတော့ အားလုံးသက်ပြင်းကိုယ်စီချပြီး ဟန့်ကို ထူးဆန်းသည့် သတ္တဝါလို ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က နေခကို လက်မထပ်နိုင်ဘူးလို့ သွားပြောလိုက်တယ် ဟုတ်လားဟန်"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဟဲ့… ဟိုကယောက်ျား၊ ရှင်က မိန်းမဆိုတာလည်း သတိရဦး။ နစ်နာစရာရှိရင် ဘယ်သူအရင် နစ်နာမှာလဲ"

"အို… ဘာပဲဖြစ်ဖြစ် ဟန်ကဂရုမစိုက်ဘူး။ ဟန်ဖြစ်ချင်တာ အားလုံး သူ့ကို ပြောခဲ့ပြီးပြီ"

အိနဲ့ဖြူက ရင်ဖိနေပေမယ့် ဟန်က တစ်ချက်မျက်နှာမပျက်။ သူမပြောချင်တာ ပြောခွင့်ရလို့ ဟန်ကျေနပ်နေတာမှန်ပေမယ့် နေခ ဆိုတာ ဘယ်မိန်းမကိုမှ အရေးမစိုက်တတ်သည့် မာနခပ်ကြီးကြီး၊ နှလုံးသားမဲ့ ခံစားချက်မရှိသည့် အတ္တကြီးသော ယောက်ျားတစ်ယောက် ဆိုသည်ကို အိနဲ့ဖြူက မမေ့။

"ဟိုက ဟန့်ကို ဘာပြန်ပြောလဲ"

"ဘာမှတော့ မပြောပါဘူး။ နှစ်ယောက်စလုံး အဆင်ပြေချင်ရင် ဟန်ရောသူရော နောက်ထပ်အသစ်တစ်ယောက်ဆီ ရှာတွဲပြလိုက်ရင် ဒီလက်ထပ်မဲ့ကိစ္စ သူ့အလိုလို ပြီးသွားမှာလို့ပဲ ပြောတယ်"

"သူက အဲဒီလို ပြောလား"

"အင်း"

ဟန်ခေါင်းညိတ်တော့ ဖြူက သက်ပြင်းချသည်။ နေခ ပြောသည့်သဘောက ဒီလိုပဲဆိုတော့ ဟန်က သူမဘာသာ သူငယ်ချင်းတွေ နားလည်အောင် ဘာသာပြန်ပြောခြင်း ဖြစ်သည်။

"အဲတော့ သူပြောသလို လွယ်လွယ်နဲ့ ပြီးမယ်လို့ မထင်ဘူးနော်





ဟန်"

"ဘာဖြစ်လို့လဲ အိရဲ့ နောက်ထပ်ချစ်သူအသစ်ရှာပြီး တွဲပြရင် သူနဲ့ဟန် လက်ထပ်စရာမှ မလိုတော့ပဲ"

"ကဲ… ဒါဆို ဟန်နောက်ထပ် အသစ်ရှာတွဲပြတဲ့လူကို လက်ထပ်မှာလား"

"ဟာ… ဘာဆိုင်လို့ လက်ထပ်ရမှာလဲ ဟန်ဆောင်တွဲမှာ ဒါဆို"

"အဲဒီစကားက အိတို့ကို ပြောလို့ရတယ်။ ဟန့်အဘွားကို ပြောလို့ရမရ သေချာစဉ်းစားဦး"

"ဟုတ်တယ်ဟန်၊ အဘွားအကြောင်းလည်း ဟန်သိသားနဲ့ ဟန့်ကို တစ်ယောက်မဟုတ် တစ်ယောက်နဲ့ လက်ထပ်ခိုင်းမှာက အဘွားပဲ၊ ဒီကြားထဲ ဟန်အလိမ်ပေါ်ရင် ပိုတောင်ဆိုးဦးမယ်"

သူငယ်ချင်းတွေက ဟန်တို့မြေးအဘွားအကြောင်း အတွင်းသိ အစင်းသိဆိုတော့ ကော်ဖီဆိုင်အတူထိုင်ရင်း ဟန့်ကိုတစ်ယောက်တစ်မျိုး အကြံပေးကြသည်။ အိတို့ ပြောနေတာမှန်နေ၍ ဟန်ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတုန်း ဟန်တို့ ထိုင်နေသည့် ကော်ဖီဆိုင်ထဲ လူတစ်ယောက် ဝင်လာသည်။

"ဟယ်… ဟိုမှာ ဟန့်လူမဟုတ်လား"

ဖြူက အိကို လက်ကုတ်သည်။ အိက ဖြူပြောတာဟုတ်ကြောင်း ခေါင်းညိတ်ပြီး ဟန့်ကို လှမ်းကြည့်သည့် အခိုက်မှာ ဟန်ကိုယ်တိုင်လည်း နေခကို မြင်သွားသည်။ သူ့အကြောင်း ပြောနေတုန်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာသည့် နေခကို မမြင်ဟန်ဆောင် ပုန်းကွယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပေမယ့် နေခက ဟန့်ကို မြင်သွားကာ ဟန်ရှိရာ လျှောက်လာပြီး နှုတ်ဆက်သည်။

"ကော်ဖီ လာသောက်တာလား ဟန်"

"ဟုတ်ကဲ့"

"နေခရော"

"ဒါကိုယ့်ဆိုင်လေ"

"အော်..."

နေခ ဖွင့်ထားသည့်ဆိုင်ကို ဝင်ထိုင်မိခြင်း ဖြစ်သည်။ ဟန်တို့ကြားမှာ ပြောစရာ စကားမရှိသလို ဖြစ်သွားသည်။

"ကိုယ့်ကို ဟန့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်မပေးတော့ဘူးလား"

"အော်... ဟုတ်သားပဲ၊ ဒါဟန့်အချစ်ဆုံး သူငယ်ချင်း အိနဲ့ဖြူပါ၊ အိနဲ့ဖြူ သူက နေခ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့၊ အိတို့လည်း ဝမ်းသာပါတယ်"

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နှုတ်ဆက်စကားဆိုနေကြပုံက တရင်းတနှီး။

"ခဏလေးနော်ဟန်၊ ကိုယ်ပြန်လာခဲ့မယ်"

နေခ ဟန်တို့နားက ထွက်သွားပုံက ခန့်ညားချောမွေ့စွာ တည်ငြိမ်ရှင်းသန့်နေ၍ အိနဲ့ဖြူအကြည့်တွေက နေခနောက်မှာ ပါသွားကြသည်။

"ဟန့်လူက နာမည်ကြီးမယ်ဆိုလည်း ကြီးလောက်ပါတယ်။





အရင်က ဓာတ်ပုံထဲမှာပဲ သူ့ကို မြင်ဖူးတာ။ အခု အနီးကပ် သေချာမြင်ရမှ သူဒီလောက်ချောမှန်းသိတာ ဟန်နဲ့တကယ်လိုက်တယ် အိရေ"

"ဟုတ်တယ်ကွ နေခ ဘာကြောင့် နာမည်ကြီးလဲဆိုတာ သူ့ကိုမြင်မှ အိသဘောပေါက်တယ်။ နေခကိုပဲ လက်ထပ်လိုက်တော့ဟန် တခြားဘာတွေ လျှောက်စဉ်းစားမနေနဲ့"

ဖြူနဲ့အိက နေခဆိုသည့်လူ ဤမျှချောမော ခန့်ညားသူမှန်းအခုမှသိကာ တအံ့တသြ ချီးကျူးနေကြသလို သူတို့သူငယ်ချင်းမအချောအလှနှင့် နေခနှင့် သည်းသည်းလှုပ် သဘောတူနေတာ နားထောင်ပြီး ဟန် စိတ်ရှုပ်နေသည်။

"တော်ကြစမ်းပါဟယ်... စိတ်ညစ်ပါတယ်ဆိုမှ ဘာတွေလျှောက်ပြောနေကြမှန်း မသိဘူး"

"အိတို့က မှန်တာတွေ ပြောနေတာဟန်။ ဟန့်ကို နေခနဲ့ပဲ အိတို့နှစ်ယောက်စလုံး သဘောတူတယ်"

"ရှူး... တိုးတိုး ဟိုမှာလာနေပြီ"

နေခကိုယ်တိုင် ဟန်တို့အတွက် ကော်ဖီယူလာတာမြင်တော့ အိနဲ့ဖြူက တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်သည်။

"ကဲ... ကိုယ့်လက်ရာကို အားပေးကြဦး"

"အားနာစရာ နေခရယ်၊ ဘာလို့ နေခကိုယ်တိုင် ကော်ဖီတွေယူလာရတာလဲ"

"ကိုယ့်လက်ရာကို ဟန်ကြိုက်တယ်ဆိုလို့ပါ။ အိနဲ့ဖြူလည်း ကိုယ့်လက်ရာကို အားပေးဦး"

"ကျေးဇူးနော် နေခ"



www.burmeseclassic.com

www.burmeseclassic.com



နေခကိုယ်တိုင် ဖျော်ပေးသည့် ကော်ဖီအရသာထက် အိန္ဒြဖြူ ဟန့်ကို နေခ ဘယ်လိုကြည့်သည်၊ ဘယ်လိုပြောဆို ဆက်ဆံသည် ဆိုတာကို ပိုစိတ်ဝင်စားနေသည်။

"ဖြူ့အထင်ပြောရရင် နေခကိုယ်တိုင် ဟန့်ကို ဒီလောက်ဖေ့ စိုက်နေမှတော့ ဟန့်ကို သူစိတ်ဝင်စားနေတာ လုံးဝသေချာနေပြီ ဟန်"

"နေခအကြောင်း အိမသိလို့ ပြောတာပါအိရယ်၊ နေခက ဘယ် မိန်းကလေးကိုမှ မချစ်တတ်တဲ့လူ၊ ခံစားချက်မဲ့ နှလုံးသားဗလာနဲ့လူ သိလား"

"ဟန့်ကို ဘယ်သူပြောလဲ"

"သူကိုယ်တိုင် ပြောတာ"

"တကယ်"

"တကယ်ပေါ့၊ ဟန်က ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စား သလို သူကလည်း ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး"

ဟန်က သူသိထားသည့် နေခအကြောင်း အိတို့ကို တိုးတိုး ကျိတ်ကျိတ် ပြောနေပေမယ့် အိန္ဒြဖြူက မယုံ။

"မိန်းမတွေကို စိတ်မဝင်စားတဲ့လူက ဘာဖြစ်လို့ ရည်းစား တွေမှိုလိုပေါက်အောင် ထားမှာလဲ ဟန်ရဲ့"

"အေးလေ၊ မိန်းကလေးတွေကို ချစ်တမ်းကစားပြီး အသည်းခွဲ နေတဲ့လူက မိန်းမတွေကို စိတ်မဝင်စားဘူးဆိုတာ ဟုတ်ပါ့မလား"

"တိုးတိုးပြောပါဟယ် သူ့ဆိုင်ထဲလာပြီး သူ့အတင်းပြောနေတာ သူကြားသွားရင် မကောင်းပါဘူး"

"ဒါဆိုလည်း တခြားတစ်နေရာသွားပြီး သူ့အတင်းသွားပြော





ကြရအောင်"

အိစကားကြောင့် ဖြူနှင့်ဟန် ရယ်မိကြသည်။

"ကဲ... တော်ပြီ... တော်ပြီ ဖြူတို့ပြန်မှ ဖြစ်တော့မယ် အိရေ။ နောက်မှာ သားတို့ သမီးတို့ကို ကျောင်းကြိုစရာ ရှိသေးတယ်"

"အိတို့ပြန်တော့မယ် ဟန်"

"ဟန်လည်း အိတို့နဲ့ အတူပြန်မယ်လေ"

"ဟဲ့...ဟဲ့... နေကြဦး... ဟိုမှာ ဟန့်နေခ လာနေပြီ"

ဖြူက တိုးတိုးကျိတ်ကျိတ် သတိပေးမှ ဟန်တို့ရှိရာ လျှောက် လာနေသည့် နေခကို လှမ်းကြည့်လိုက်သည်။

"ပြန်ကြတော့မလို့လား ဟန်"

"ဟုတ်တယ် နေခ"

နေခအမေးကို ဟန်က ခေါင်းညိတ်လိုက်တော့ နေခက ဟန်နှင့် အတူရှိနေသည့် ဖြူနှင့်အိကို တစ်ချက်လှမ်းကြည့်သည်။

"ဟန့်ကို ကိုယ်ခဏ ခေါ်ထားလို့ရမလား အိန္ဒြဖြူ"

"အိုး... သိပ်ရတာပေါ့... ဟန်ရေ အိတို့သွားပြီ... လာ... ဖြူ"

"အေး"

အိက နောက်ကိုတစ်ချက် လှည့်မကြည့်။ ဖြူ့လက်ကိုဆွဲပြီး ဆိုင်ထဲက ရယ်ရယ်မောမော ပြေးထွက်သွားပုံက ဟန်နဲ့နေခကို ဘယ် လောက်သဘောတူကြောင်း ပါးစပ်က ဖွင့်ပြောစရာ မလိုဘဲ အမူအရာ နှင့် ဖော်ပြသွားခြင်းဖြစ်၍ ဟန့်မှာ သူငယ်ချင်းတွေကို စိတ်ဆိုးရခက်၊ ဒေါသဖြစ်ရခက်နှင့် နေခနားမှာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန့်သူငယ်ချင်းတွေက ခင်ဖို့ကောင်းတယ်နော်"

"ဟန်တို့ငယ်ငယ်လေးကတည်းက အခုချိန်ထိ တွဲနေကြတဲ့ အချစ်ဆုံးသူငယ်ချင်းတွေလေ"

"သြော်... ဒါကြောင့်ကိုး"

"ဟန့်ကို ဘာပြောစရာရှိလို့လဲ နေခ"

သူငယ်ချင်းတွေထဲက ဟန့်ကို ခွဲထုတ်ပြီး ခေါ်ထားသည့် နေခကို ဟန်မေးလိုက်တော့ နေခက ဟန့်မျက်နှာကိုကြည့်ပြီး ပြုံးသည်။

"ကိုယ်တို့ တခြားတစ်နေရာ သွားရအောင်"

"ဘယ်ကိုလဲဟင်"

"ဟန်နဲ့ကိုယ် အေးအေးဆေးဆေး စကားပြောလို့ရမယ့် နေရာမျိုး... ဟန့်မှာ ကားပါလား"

"အင်း"

"ဒါဆို ဟန့်ကားနဲ့ပဲ သွားရအောင်။ ဟန့်ကားသော့ ကိုယ့်ကိုပေး..."

ဟန့်လက်ထဲက ကားသော့လေး နေခလက်ထဲ ရောက်သွားသည်။ နေခမှာ ဟန့်ကို ပြောစရာစကားတွေ ရှိနေသလို ဟန့်မှာလည်း နေခကို ပြောစရာစကားတွေ ရှိနေသည့်အတွက် သူခေါ်ရာ ဟန် အလွယ်တကူ လိုက်လာခြင်း ဖြစ်သည်။

အိန်ဖြူကတော့ ဟန့်ကို ခေါ်ထားသည့် နေခကိုကြည့်ပြီး ဘာတွေဘယ်လို ပြောနေကြမည်မသိ။ ဟန်မှာတော့ ကိုယ့်အကြောင်းနဲ့ကိုယ် ဖြစ်သည့်အတိုင်း နေခနှင့်အတူ နေခဲ့ခြင်း ဖြစ်သည်။

"ဟန်"





"ဟင်"

"မနက်ဖြန် ဟန့်အိမ်ကို ကိုယ့်မာမီ လာလိမ့်မယ်"

"ရှင်"

နေခမာမီ ဟန့်အိမ်ကို လာမည်ဆိုတော့ ဟန်လန့်သွားကာ ကားမောင်းနေသည့် နေခမျက်နှာကို အလန့်တကြား လှမ်းကြည့်လိုက်မိသည်။ နေခပုံစံက ဘာတစ်ခုမှ မထူးခြားသလို တည်ငြိမ်စွာ ကားကို အာရုံစိုက်မောင်းနေပေမယ့် ဟန့်မှာတော့ သူ့လို မတည်ငြိမ်နိုင်။

"နေခ ဘာပြောလိုက်တယ်။ နေခမာမီက ဟန့်အိမ်ကို မနက်ဖြန် လာမယ်ဟုတ်လား။ ဘာကိစ္စလဲဟင် ပြီးတော့ ဘာတွေပြောမှာမို့လဲ"

"မာမီက သဘောကောင်းပါတယ် ဟန်"

လှုပ်လှုပ်ရှားရှား ဖြစ်သွားသည့် ဟန့်ကိုကြည့်ပြီး နှစ်သိမ့်သလို စကားဆိုလိုက်သည့် နေခစကားက ဟန့်အတွက် ဘာတစ်ခုမှ အကျိုးထူးခြင်း မရှိ။

"ဟန်မေးတာ အဲဒါမဟုတ်ဘူး"

"ဟုတ်ပါပြီ။ ဟန် ဘာကိုမေးလဲဆိုတာ ကိုယ်သိပါတယ်။ မာမီက ဟန့်ကို တွေ့ချင်ရုံသက်သက်ပါ"

"အို..."

ဟန်စိတ်ညစ်သွားသည်။

နေခမာမီက ဟန့်ကိုတွေ့ချင်ရအောင် သူ့သားနဲ့ဟန်က ဘာမှမဆိုင်။

"ရှင့်ကို ဟန်လက်မထပ်နိုင်ဘူးဆိုတာ ဟန်ပြောပြီးပြီနော် နေခ"

"ကိုယ့်မာမီကိုလည်း ဟန်ဒီအတိုင်း ပြောမှာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဒါကို နေခ ယုံသည်။

ဟန်ဆိုတာ ဘယ်သူနဲ့မှမတူတဲ့ အတွေးအခေါ် အယူအဆနဲ့ မိန်းကလေးအဖြစ် သူနားလည်ထားပေမယ့် ဟန့်အဘွားနှင့် နေခမောင်က ဟန့်ကို နားလည်ပေးချင်မှ နားလည်လိမ့်မည်။

"ဟန့်အဘွားကို မသနားဘူးလား"

"ရှင်ဘာပြောတာလဲ"

"ဟန့်အဘွားက ဟန့်ကို သူမျက်စိမမှိတ်ခင် သူ့အချစ်ဆုံး မြေးမလေးကို စိတ်ချရတဲ့လူ လက်ထဲ စိတ်ချလက်ချ ထားသွားချင်တာ ဟန်သိမှာပါ"

"ရှင့်ကို အဘွားပြောတာလား"

"ဟုတ်တယ်"

"ရှင်နဲ့အဘွား ဘယ်တုန်းက တွေ့ကြတာလဲ။ ဟန်လည်း ဘာမှ မသိရပါလား"

ဘယ်အချိန်က နေခနဲ့အဘွား တွေ့ကြမှန်း ဟန်မသိ။ ဟန်မသိအောင် တခြားဟာတွေလည်း အဘွား လျှောက်လုပ်နေမှဖြင့်ဟုတွေးပြီး ဟန့်ရင်တွေ ပူလာသည်။

"ဟန်သိရင် ကိုယ်နဲ့ဟန့်အဘွား ဘယ်တွေ့လို့ရမှာလဲ။ ဒါကို အဘွားကသိလို့ ဟန်မသိအောင် ကိုယ်နဲ့တွေ့တာ"

"အဘွားနဲ့တော့ သိပ်ခက်တာပဲ"

အဘွားအကြောင်း ဟန်သိသလို ဟန့်အကြောင်း သိထားသည့် အဘွားကိုလည်း အပြစ်တင်၍မရ။ နေခနဲ့အဘွား ဘာတွေဘယ်လို ပြောကြမည်ဆိုတာကို ဟန် မတွေးချင်။

"ဟန့်အဘွားက ဟန့်ကို သိပ်ချစ်တာပဲနော်"

ဟန်ဘာမှမပြော။

အဘွားက ဟန့်ကို ဘယ်လောက်ချစ်လဲဆိုတာ ဟန်သိသလို ဟန်ကိုယ်တိုင် အဘွားက ဘယ်လောက်ချစ်၊ ဘယ်လောက်မြတ်နိုး ဟန်ဖိုးထားလဲဆိုတာ ဟန်ပဲသိသည်။

"ဟန်ရော… ဟန့်အဘွားကို မချစ်ဘူးလား"

"ဟန်တို့မှာ ဒီမြေးအဘွားနှစ်ယောက်တည်း ရှိတာ အဘွားကို ချစ်လို့ ဟန်က ဘယ်သူ့ကို သွားချစ်နေရမှာလဲ"

စိတ်ဆိုးဒေါသ ဖြစ်သွားသည့် ဟန့်ပုံစံလေးကို တစ်ချက်စူးစိုက်ကြည့်ပြီး သူပြုံးလိုက်ပြီး ကားကိုရပ်လိုက်သည်။

"ကဲ… ရောက်ပါပြီဗျာ"

ခြံဝန်းကျယ်ကြီး တစ်ခုထဲမှာ စိမ်းစိုညို့မှိုင်းနေသည့် သစ်ကြီးဝါးကြီးတွေ အပြည့်နေရာယူထားရုံသာမက ရေကန်ငယ်နှင့် ပန်းဥယျာဉ်အလှကို မျက်စိပသေသာဖြစ်အောင် စနစ်တကျ ချစ်စရာကောင်းအောင် ဖွင့်ဆင်ထားတာ သတိထားမိသည်။

"ဆင်းလေ… ဟန်"

ကားတံခါးကို နေခကိုယ်တိုင် ဖွင့်ပေး၍ ဟန် ကားပေါ်က ဆင်းချင်ဘဲ ဆင်းလိုက်သည်။ စိတ်ထဲမှာ နေခမာမီနှင့်အဘွားအကြောင်းတွေးပြီး စိတ်ရှုပ်နေသည်။ ဒီကြားထဲ နေခဆိုသည့် လူက တစ်မျိုး။ အကြည့်တစ်မျိုး အပြောတစ်မျိုးတွေနဲ့ ဟန့်ကို ဘယ်လို စိတ်ဒုက္ခတွေပေးဖို့ ကြံနေမှန်းမသိ။





www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ထိုင်ရအောင် ဟန်"

ကျောက်စိမ်းတွေနှင့် အလှဆင်ထားသည့် ချစ်စရာ အဆောက်အဦကို နေခက ရွေးခြင်း ဖြစ်သည်။ ဖြူစင်ကြည်လင်ခြင်း စိမ်းစို အေးမြသောအသွင်က မြင်ရသူရင်ကို ငြိမ်းချမ်းသွားစေသော အပြင်အဆင် ဖြစ်သည်။

"ဒါလည်း ရှင့်ဆိုင်ပဲလား"

"သူငယ်ချင်းဆိုင်ပါ ဘာဖြစ်လို့လဲ"

"ဆိုင်အပြင်အဆင်နဲ့ စိတ်ကူးကို သဘောကျလို့ ဒါဘာဆိုင်လဲ ဟင်"

"ဂျပန်ဆိုင်ပါ… ဂျပန်စတိုင် အစားအသောက် အကုန်ဒီမှာ ရတယ် ဟန်။ ဘာစားမလဲ"

"ဂျပန်စာ ဟန် မကြိုက်ဘူး"

"ဆောရီး… ဟန်စားချင်တာပြော ကိုယ်သူတို့ကို လုပ်ခိုင်းလိုက်မယ်"

"ဟန်ဘာမှမစားချင်ပါဘူး ကော်ဖီသောက်လာလို့ ဗိုက်လည်း ဝနေပါပြီ။ နေခ ပြောစရာရှိတာကိုသာ ပြောပါ"

အဆောက်အဦလေးက အေးချမ်းသလို ပတ်ဝန်းကျင်က ဆိတ်ငြိမ်နေတာကို ဟန် သဘောကျနေသည်။ ဒီနေရာမျိုး ရှိမှန်းလည်း မသိ။ တစ်ကြိမ်တစ်ခါမှလည်း မရောက်ဖူးသော ဟန့်အတွက် အသစ်အဆန်း ဖြစ်နေသည်။ နေခက ပန်းခရမ်းရောင် ဂါဝန်လှလှနှင့် အထက်တန်းကျကျ လှနေသော ဟန့်မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။ ဟန့်အဘွားက နေခလက်ထဲ သူ့မြေးအချောအလှကို စိတ်ချလက်ချ





အပ်လိုက်ပါပြီ။ နေခကိုယ်တိုင်ကလည်း ဟန့်ကို အသက်ထက်ဆုံး ချစ်မြတ်နိုးပါမည်ဟု ဟန့်အဘွားကို ကတိတွေ တသီကြီးပေးခဲ့တာကို ဟန်မသိ။

သူ ဟန့်ကိုချစ်မိပြီဆိုတာ ဟန်သိအောင် ဖွင့်ပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ထားသည့်အတွက် ဟန့်ကို ဒီနေရာသို့ တမင်ခေါ်လာခြင်း ဖြစ်သည်။

"ဟန်"

"ဟင်"

"ကိုယ် ဟန့်ကို ချစ်နေပြီ"

ဟန်က နေခမျက်နှာကို နားမလည်သလို ကြည့်သည်။

"ရှင် ဘာတွေပြောနေတာလဲ နေခ"

"ဟန့်ကို ချစ်တဲ့အကြောင်းပါ"

နေခ ချစ်ရေးဆိုလိုက်၍ ဟန်က မတုန်လှုပ်။ ရှက်သွေးဖြာသွားတာလည်း မရှိ။ နေခ သူ့ကိုရည်းစားစကား ပြောနေတာကို သာမန်ကြားနေကျ စကားတစ်ခွန်းထက် မပိုသော အမူအရာနှင့် တုံ့ပြန်လိုက်တော့ ဟန့်ကို သူပို၍ ချစ်မြတ်နိုးသွားသည်။ သူမျှော်လင့်ထားသည့် ဟန့်ပုံစံထက် သူ့မျက်စိရှေ့မှာ ဟန်တုံ့ပြန်လိုက်သည့်ပုံလေးက နေခစိတ်ကို တစ်မျိုးတစ်ဖုံ ညှို့ယူဖမ်းစားသွားသလို ဘာခံစားချက်မှ မရှိသလို မတုန်မလှုပ် ဟန့်ကို သူ့ထံမှ ချစ်မေတ္တာနှင့် ပူနွေးအောင် လှုပ်ခတ်ပစ်ချင်လာ၏။

"ရှင်တို့ယောက်ျားတွေက ပါးစပ်ကပြောတော့တစ်မျိုး လက်တွေ့ကျတော့ တခြားစီပါလား နေခ။ ရှင်ပြောတော့ ရှင့်မှာ အချစ်



www.burmeseclassic.com

မရှိဘူး။ ဘယ်မိန်းမကိုမှလည်း ရှင့်ဘဝထဲဝင်ပြီး လွှမ်းမိုးချုပ်ချယ်တာ မခံနိုင်ဘူးဆို…"

"အခုတော့ ရှင့်ဟာက အပြောတခြား အလုပ်တခြားဖြစ်နေပြီဆိုတာ ရှင့်ကိုယ်ရှင်ရော သိရဲ့လား"

"သိတယ်"

"သိရက်နဲ့ ဘာလို့အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောနေတာလဲ၊ ရှင့်ကို အဘွားက ဟန့်ကိုချစ်တဲ့အကြောင်း တမင်ပြောခိုင်းထားလို့လား"

ဟန့်ကို အလွန်ယောကျ်ား ယူစေချင်နေသော အဘွားအကြောင်းတွေးမိ၍ ထိုစကားကို ဟန်မေးလိုက်ခြင်း ဖြစ်သည်။ ဟန်မသိအောင် နေခကို အဘွားတွေ့ထားသည်ဆိုကတည်းက ဟန်မျှော်လင့်မထားတာတွေ တစ်ခုမဟုတ်တစ်ခု ဖြစ်လာတော့မှာကို ဟန်အလိုလို သိနေသည့်ထဲမှာ အချစ်အကြောင်း ဘာတစ်ခုမှ မသိ၊ မခံစားတတ်သည့် နေခနှုတ်ဖျားက ဟန့်ကိုချစ်ကြောင်း အဆန်းအပြား စကားဆိုလာကတည်းက အဘွားလက်ချက်ဟု ဟန်သိသည်။

"ဟန့်အဘွားနဲ့ မဆိုင်ပါဘူး"

"တော်ပါရှင်… ဟန့်အဘွားအကြောင်း ဟန်အသိဆုံးပါ။ ဟန်သာ သူဖြစ်စေချင်တဲ့အတိုင်း ယောကျ်ားတစ်ယောက်ယောက်ကို လက်ထပ်မယ်ဆိုရင် အဘွားက ဘာပဲလုပ်ရလုပ်ရ လုပ်မှာဆိုတာ ဟန့်ထက် ရှင်ပိုမသိပါဘူး"

"မဟုတ်ဘူးဟန်၊ ကိုယ် ဟန့်ကို တကယ်ချစ်တာ"

"တခြားတစ်ယောက်ကို သွားပြောရင် ယုံချင်ယုံမယ်။ ဟန်က





တော့ ရှင်အဘွားနဲ့ တွေ့ထားပြီးပြီဆိုကတည်းက ရှင်ဘာပြောပြော ယုံကြည်လက်ခံမယ် ထင်မနေနဲ့"

"ရှင်ပြောမှာ ဒါပဲဆိုရင် ဟန်ပြန်တော့မယ်"

ဟန်က စားပွဲပေါ် ချထားသည့် ကားသော့ကို ဆွဲယူပြီး အိမ်ကိုပြန်ဖို့ ပြင်သည်။ အဘွားနှင့်အမြန်ဆုံး တွေ့ပြီး နေခဆိုသည့်လူကို အဘွား ဘာတွေ ပြောလိုက်လဲဟု မေးချင်နေသည်။

"ကိုယ်တကယ်ပြောနေတာ ဟန်"

"ဟန့်ကို ချစ်တယ်ဆိုတာလား"

"ဟုတ်တယ်"

နေခ ခေါင်းညိတ်လိုက်တော့ ဟန်က တည်ငြိမ်စွာ သူ့ကို ကြည့်သည်။

"အခု ရှင်ပြောချင်တာ ပြောပြီးပြီ မဟုတ်လား၊ ဟန်တို့ ကိစ္စပြီးပြီပေါ့"

"မပြီးသေးဘူး ဟန်"

"ရှင်က ဘာဆက်လုပ်ချင်သေးလို့လဲ"

"ဟန်လည်း ကိုယ့်ကိုပြန်ချစ်ပါ"

"ဟန်က ရှင့်ကို ပြန်ချစ်ရမယ်…"

"ကိုယ်ဟန့်ကို ချစ်တယ်"

"ရှင်တော့ ရူးနေပြီ နေခ"

"ကိုယ်လည်း ဟန်တွေးသလို တွေးပြီးသားပါ။ ဟန့်ကို ချစ်မိပြီဆိုတာ သိလိုက်ရကတည်းက ကိုယ်ရူးသွားပြီဆိုတာ သိလိုက်တယ်"

www.burmeseclassic.com



နေခရဲ့ ရှန်းရှန်းစက်စက် မျက်ဝန်းအကြည့်တွေက အရောင်တဖျတ်ဖျတ် လက်နေတာ မြင်လိုက်ရတော့ ဟန်ကိုယ်တိုင် နေခအကြည့်အပြောတွေကိုကြည့်ပြီး တကယ် ရှုံးချင်လာသည်။

"အဘွားကြောင့်တော့ ခက်ပါတယ်။ ရှင့်ကို အဘွား ဘာတွေပြောပြီး ဘာတွေအကူအညီ တောင်းသွားမှန်းတော့ ဟန် မသိဘူးဒါပေမဲ့ ရှင်အခု လုပ်နေပုံတွေကတော့ တကယ် အရူးနဲ့တူနေပြီ"

"ဟန်သွားတော့မယ်"

"ဟန်"

နေခ ဟန့်အမည်ကို လှမ်းခေါ်ပေမယ့် ဟန်က ဂရုမစိုက်။ သူမကားရှိရာ လျှောက်သွားသဖြင့် ဟန်နှင့်အတူ နေခပါ ဟန့်ကားနားအထိ ရောက်လာသည်။

"ဟန်"

သူ ဟန့်အမည်ကို ခေါ်ပေမယ့် ဟန့်က မထူး။ နေခကိုလည်း တစ်ချက် လှည့်မကြည့်။ သူမ ကားပေါ်တက်ပြီး ကားသော့ကို မဖွင့်ခင်မှာ နေခ ဟန့်နားကိုကပ်ပြီး သူ့ရင်ထဲက အပြောချင်ဆုံး စကားတစ်ခွန်းကို ပြောဖြစ်အောင် ပြောလိုက်သည်။

"ကိုယ် ဟန့်ကိုချစ်တယ်"

"ရှူး"

ဟန့်ကားလေး နေခနားက အရှိန်ပြင်းစွာ ပြေးထွက်သွားသော်လည်း နေခနှလုံးသားလည်း ဟန့်ကိုချစ်သည့် အချစ်တွေနှင့် တသိမ့်သိမ့် လှုပ်ခတ်စွာ ကျန်ခဲ့သည်။



## အခန်း(၁၂)

"မောင်နေခက မြေးကို ချစ်လို့ချစ်တယ်ပြောတာ စိတ်ဆိုးရောလားကွယ်"

"သြော်… အဘွားကလည်း တခြားသူတစ်ယောက်က ဟန့်ကို ချစ်လို့ချစ်တယ်ပြောတာ ဟန်က စိတ်ဆိုးပါ့မလား။ အခုဟာ သူကိုယ်တိုင် မချစ်တတ်ပါဘူး။ ဘယ်မိန်းမကိုမှ သူ့ဘဝထဲ အဝင်မခံနိုင်ပါဘူးလို့ ဟန့်ကို ပြောထားတဲ့လူက ဟန့်ကို ချစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ အဘွားပဲ သေချာစဉ်းစားကြည့်ပါဦး"

မြေးအဘွားနှစ်ယောက်ရဲ့ စကားစစ်ပွဲက ထုံးစံအတိုင်း မပြီးနိုင်မစီးနိုင်။ အဘွားက ဟန်ပြောသမျှကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်။ ဟန်ဘာကို ခံပြင်းဒေါသဖြစ်ပြီး ဘာကိုပေါက်ကွဲနေလဲဆိုတာ ဟန်ပြောတာကိုစောင့်ပြီး သေချာနားထောင်နေရင်း နေခနှင့်ဟန်ကြားက လွဲမှားမှုကို တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

နေခလိုလူက ဟန့်ကိုချစ်ကြောင်း မေတ္တာရှိကြောင်း အပြောခံရတာလောက် ဟန့်မှာ နာစရာမရှိ။ ဘာခံစားချက်မှ မရှိပါ၊ ဘယ်လို

www.burmeseclassic.com



မိန်းမကိုမှ စိတ်မဝင်စားပါဆိုသည့် လူနှုတ်ဖျားက ထွက်လာသည့် စကားမှာ အဘွားကြောင့် အဘွားပြောခိုင်းလို့ဟုသာ ထင်နေသည်။

"လူဆိုတာ အမြဲပြောင်းလဲနေတတ်တဲ့ သတ္တဝါပဲ မြေးရဲ့ ဒီနေ့ ဖြူပေမယ့် နောက်နေ့မှာ နီချင်လည်း နီမှာပေါ့။ အရင်က တခြားမိန်းမတွေကို ကြည့်မရအောင် မုန်းချင်မုန်းပေမယ့် အဘွားမြေး လေးနဲ့ကျတော့ ချစ်ချင်လည်း ချစ်သွားနိုင်တာပဲ"

"အဘွား"

"အဘွားကိုချည်း စိတ်ဆိုးမနေနဲ့ မြေး၊ တချို့ကံက လူလုပ် လို့ရတာ မဟုတ်ဘူး။ သူ့ဘာသာ ကြုံဖန်ဖြစ်လာတာ မြေးနဲ့မောင် နေခလိုပေါ့။ အဘွားကတော့ မြေးကို မောင်နေခအချစ်ကို လက်ခံ လိုက်စေချင်တယ်ကွယ်"

"အဘွားကိုချစ်ရင် အဘွားစကားကို နားထောင်ပါ မြေးရယ်။ မောင်နေခက မြေးကို တကယ်ချစ်တာပါ။ မောင်နေခ မာမီကိုယ်တိုင် လည်း အဘွားမြေးလေးကလွဲပြီး တခြားသူကို ချွေးမ မတော်ချင် ဘူးဆိုတာချည်းပဲ။ မင်္ဂလာကိစ္စအားလုံး အဘွားစိတ်ကြိုက် စီစဉ်ပါ။ အဘွား ကြိုက်တာလုပ်ပါဆိုကတည်းက အဘွားမြေး ဘယ်လောက် ကံကောင်းလဲ"

"မောင်နေခကို လက်ထပ်ပါမယ်လို့ အဘွားကို ကတိပေးစမ်း ပါ မြေးရယ်။ မြေးအတွက် အဘွားစိတ်ချလက်ချ မျက်စိမှိတ်ချင်ပြီ"

မှိန်သီဝေရီနေသော အဘွားမျက်ဝန်းအစုံနှင့် အိုမင်းလှုပြီဖြစ်သော အဘွားက တောင်ကြီးက ပြန်လာကတည်းက သိပ်မကျန်းမာပါ။ ဆေးရုံတက်ရမည့် အခြေအနေမျိုး မဟုတ်သော်လည်း ဆရာဝန်က





အဘွားကို မပြတ်လာကြည့်ပေးနေရသည့် အနေအထားဖြစ်၍ သနား စရာကောင်းသည့် ဘွားအေအိုကြီးနှင့် နေရာတိုင်း စကားပြိုင်ပြော နေလို့လဲ မဖြစ်။ အဘွားပြောတိုင်း လိုက်လုပ်နေသည့် နေခကိုသာ အပြစ်တင်မိသည်။

"မြေးလေး"

"ရှင်… အဘွား"

"မောင်နေခကို လက်ထပ်ပါကွယ်"

"အဘွားကလဲ"

"အဘွားကို မချစ်ဘူးလား"

"ချစ်တယ့်"

"အဘွားကိုချစ်ရင် အဘွားစကား နားထောင်ပါကွယ်။ မောင် နေခကို လက်ထပ်နော် မြေး"

အဘွားက ဟန့်လက်လေးတစ်ဖက်ကို သူ့လက်ပိန်ပိန်လေး တွေနဲ့ တင်းကြပ်စွာ ဆုပ်ကိုင်တောင်းဆိုလာတော့ အဘွားရဲ့မျက်ရည် သီဝေနေသော မျက်ဝန်းမှုံမှုံတွေကိုကြည့်ပြီး ဟန်ငိုချင်လာသည်။

"မြေးက လိမ္မာပါတယ်ကွယ်"

"အဘွားရယ်"

အဘွားလက်လေးကို ဆွဲယူပြီး ဟန့်ပါးပြင်မှာ ဖိကပ်ထားလိုက် တော့ အဘွားက ဟန့်ဆံပင်လေးတွေကို ကျန်လက်တစ်ဖက်နှင့် ညင် သာစွာ သပ်တင်ပေးသည်။

"ဒါအဘွားရဲ့ နောက်ဆုံးဆန္ဒပါကွယ်။ အဘွားမြေးလေးကို အဘွား သိပ်ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လည်း အသွားကို ချစ်ပါတယ် အသွားရယ်"

"အသွား သိပါတယ်ကွယ်။ မငိုနဲ့နော်မြေး"

ဟန့်ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို အသွားက သူ့လက်ကိုင်ပဝါလေးနှင့် သုတ်ပေးတော့ အသွားရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ကလေးတစ်ယောက်လို ဟန် ငိုမိသည်။ ငယ်စဉ်ကလေးဘဝကတည်းက မိဘမဲ့ဟန်ကို အသွားက အမြဲအလိုလိုက်သည်။ အရိပ်တကြည့်ကြည့်နှင့် ချစ်ခဲ့မြတ်နိုးခဲ့ပုံတွေ ဟန့်အတွေးအာရုံမှာ တစ်ခုချင်း နေရာယူလာတော့ ဟန်ပိုဝမ်းနည်းသည်။

ဟန့်ကို အသွားစိတ်မချ။ သူ မရှိဘဲ ဟန့်ကို တစ်ယောက်တည်း မထားခဲ့နိုင်။ ဒါကိုတွေးမိတိုင်း အသွားက ဟန့်ကို ပျော်စရာကောင်းသည့် မိသားစုဘဝလေး ဖန်တီးပေးရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် ဟန်က လက်မခံခဲ့။ အခုတော့ ဟန်ငိုသလို အသွားလည်း ငိုနေတာမြင်ရတော့ ဟန့်ရဲ့တင်းမာမှုတိုင်းကို အသွားအတွက် ဖြစ်ချင်ရာဖြစ် ဖြိုချပစ်ရတော့မလို ဖြစ်လာသည်။

ဟန့်အလိုကိုသာ အမြဲလိုက်လျောခဲ့သည့် အသွားကို အကောင်းဆုံးကျေးဇူးဆပ်ရမည့်နည်းက ဟန်အလွန်မုန်းတီးသော အချုပ်အချယ်များစွာ ကန့်သတ်ချက်တို့ မရေမတွက်နိုင်သည့် စည်းဘောင်တစ်ခုအတွင်းမှာ ဟန်ဘယ်လိုမှ အလိုမရှိသော ယောကျ်ားတစ်ယောက်ထံ ဖွတ်အတင်း မျက်စိမှိတ် လက်ထပ်ရန်မှတစ်ပါး တခြားမရှိတော့ခြင်းကို ဟန်သာအသိဆုံး ဖြစ်သည်။

နောက်မှ ဖြစ်ချင်ရာဖြစ်ပါစေတော့ဟု ဟန်စိတ်ကို ဆုံးဖြတ်လိုက်သည်။ လောလောဆယ် အသွားစိတ်ချမ်းသာမှု ဟန့်အပေါ်





နောက်ဆုံးမတင်း အသွားစိတ်ရှင်းရှင်း နေနိုင်အောင် ဟန်အသွားကို အဘယ်မျှချစ်ကြောင်း သက်သေထူရတော့မည်။

"အသွား"

"ပြောလေ… မြေးလေ"

"ဟန်… ဟန် အသွားသဘောတူတဲ့ နေခကို လက်ထပ်ပါတော့မယ် အသွားရယ်"

"အသွား ဝမ်းသာလိုက်တာကွယ်။ အသွား အဖြစ်ချင်ဆုံး အသွားဆန္ဒကို ဖြည့်ဆည်းပေးတဲ့ အသွားမြေးလေး အမြဲကံကောင်းနေမှာပါကွယ်။ မောင်နေခက မြေးလေးကို မြတ်နိုးရှာပါတယ်"

ဟန် မကြားချင်ပါ။

နေခဆိုသည့် လူရဲ့ချစ်ခြင်းမေတ္တာဆိုသည့် စကားကို အယုံအကြည်လည်း မရှိ၊ သူ့မှာ အချစ်မရှိတာ ဟန်သိသလို ဟန်ကိုယ်တိုင် ဘယ်ယောကျ်ားကိုမှ မချစ်နိုင်တာ ဟန်သိသလို နေခဆိုသည့်လူလည်း သိသည်။

"ဟန်ဆုံးဖြတ်ချက်ကို မောင်နေခတို့သားအမိသာသိရင် သိပ်ကို ဝမ်းသာရှာမှာကွယ်။ မောင်နေခမာမီ မနက်လာရင် မောင်နေခကိုပါ ခေါ်ခဲ့လို့ အသွား မှာလိုက်မယ်"

"အသွား သဘောပါ အသွားရယ်"

အသွားအလိုလိုက်၊ အသွားအကြိုက်ဆောင်ထားပြီးမှ နေခဆိုသည့်လူကို မနက်ဖြန် ရှင့်အမေနဲ့ ဟန့်အိမ်ကို လိုက်မလာပါနဲ့လို့ ဟန်စိတ်ထဲရှိသည့်အတိုင်း ပြော၍မဖြစ်။ ဒီတော့လည်း စိတ်ထဲက ရှိတာနဲ့ ဆန့်ကျင်ဘက် အသွားသဘောပါဟု ဆိုလိုက်ရပေမယ့် နေခ



www.burmeseclassic.com

www.burmeseclassic.com



နှင့်တွေ့ရင် ဟန့်ပြောရမည့် စကားတွေ ဟန့်ဦးနှောက်ထဲ ပြေးဝင်လာ သည်။

အစကတည်းက နေခကိုယ်တိုင် ဟန်နှင့်သူ လူကြီးတွေ သဘော ကျဖြစ်ဆောင်လက်ထပ်ပြီး ကိုယ့်ဘာသာ စိတ်ကြိုက်နေရန် ညှိနှိုင်း ဖူးသည်။ အခု သူပြောသလို လုပ်ရုံအပြင် တခြားနည်းလမ်းမျိုး ဟန်တွေးနေချိန်မှာ အဘွားက ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ တိတ်ဆိတ်နေသော အိမ်ထဲမှာ အဘွားရယ်သံ၊ စိတ်ချမ်းမြေ့သော ကြည်နူးကျေနပ်သံတွေ လွှမ်းနေသည်။ တစ်ဖက်ကလည်း အဘွားကို ဘာတွေပြောနေသည် မသိ။ တစ်ချိန်လုံး အဘွားမျက်နှာ ပြုံးရွှင်နေ မြနေပုံက ချစ်စရာ ဖြစ်သည်။

ဟန့်တစ်သက် ဒီနေ့လောက် အဘွားပျော်နေတာမျိုး အရင်က တစ်ကြိမ်တစ်ခါမှ မမြင်ခဲ့ဖူးပါ။ ဒါကလည်း အဘွားအပြစ်မဟုတ် အဘွားက ဟန့်ကို အိမ်ထောင်ဖက်ရှာပေးတိုင်း ဟန်နဲ့အဘွားကြား အဆင်မပြေမှု၊ မကျေလည်မှုတွေပဲ အမြဲရှိနေကျဆိုတော့ အဘွား မပြုံး နိုင်သလို၊ ဟန်လည်း ကြည်နူးပျော်ရွှင်စွာ ရယ်မောမနေနိုင်ခဲ့ပါ။

မြေးအဘွားနှစ်ယောက် စကားပြော အဆင်မပြေဖြစ်ကြတိုင်း အဘွားက သူ့သူငယ်ချင်း အဘွားမော်လီအိမ်ကို ဆင်းသွားတတ်သလို ဟန်ကလည်း အိမ်မကပ်ဘဲ သူငယ်ချင်းတွေအိမ် လျှောက်သွားအချိန် ဖြုန်းနေတတ်သူ။ အခုတော့ ဟန့်ကြောင့် အဘွားပျော်နေတာ မြင်ရတော့ ဟန်စိတ်မချမ်းသာပေမယ့် ပျော်နေသည့် အဘွားမျက်နှာကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ဒီ... ဒီ... ဒီ"





အဘွားကို ငေးကြည့်နေတုန်း ဟန့်ဖုန်းက အသံမြည်လာ၍ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ကိုယ်ပါ ဟန်"

တစ်ဖက်က ဖုန်းဆက်လာသူက နေခဖြစ်နေ၍ ဟန့်လက်ထဲက ဖုန်းလေးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

"ဟန်"

"နေဦး… ရှင်မပြောပါနဲ့ ဟန်ပြောတာ အရင်နားထောင်"

"ပြောပါ… ဟန်၊ ကိုယ်နားထောင်နေပါတယ်"

နေခအသံကို နူးညံ့သိမ်မွေ့စွာ ကြားရ၏။ တစ်ဖက်သတ် ရန် လိုချင်နေသည့် ဟန်က သူ့ရင်ထဲက ခံစားချက်တွေကို နေခထံမှသာ ချပြပေါက်ကွဲချင်နေတာကို မနည်းထိန်းနေရသည်။

"ရှင် အခုဟန့်ဆီကို ဘာလို့ ဖုန်းဆက်တာလဲ"

အရင်ဆုံး ဟန်သိချင်တာကို အရင်မေးလိုက်သည်။

"သတိရလို့"

"ဘာ"

"ဟန့်ကို သတိရလို့လို့ ကိုယ်ပြောတာပါဟန်"

ဖြစ်မှဖြစ်ရလေ။

ဒီနေ့မှ သူကလည်း တိုက်တိုက်ဆိုင်ဆိုင် သတိရလို့ ဖုန်းဆက် တာပါဆိုတော့ ဟန့်ရင်ထဲ ဘာကိုမှန်းမသိ မကျေနပ်။

"ဟန်"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား ဟန်"

"နေစမ်းပါဦး၊ ရှင်ဘာအဓိပ္ပာယ်နဲ့ ဒီစကားကို မေးနေတာလဲ"

စိတ်ဆိုးစိတ်ကောက်တယ်ဆိုတာ ချစ်သူတွေမှာပဲ ရှိသင့်တဲ့ စကားပါ။ ဟန်နဲ့သူက ဘာမှလည်း မဟုတ်။ သူ ဟန့်ကို ရည်းစား စကားပြောလို့ သူ့ကို ဟန်စိတ်ကောက်မိရင်တောင် ဒါနေခဆိုတဲ့လူ့ အသိအမှတ်ပြုတာ ဖြစ်နေဦးမည်။

"ကိုယ် ဟန့်ကိုချစ်တယ် ဟန်"

"ရှင့်ကို ဟန်တော့ လိုက်မမီတော့ဘူးနေခ ရှင်ပြောတော့ ရှင့် ဘဝထဲကို ဘယ်မိန်းမမှ အဝင်မခံနိုင်ဘူး၊ ဘယ်မိန်းမမှ လွှမ်းမိုးတာ မခံနိုင်ဘူးလို့ ရှင်ပဲဟန့်ကို ပြောခဲ့တာ မဟုတ်လား"

"ကိုယ်မငြင်းပါဘူး ဟန့်ကို ကိုယ်ပြောခဲ့တုန်းက ကိုယ့်ရင်ထဲမှာ ဟန်နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိခဲ့သေးဘူးဟန်၊ အခု ကိုယ့်ရင် ထဲမှာ ဟန်ရှိနေပြီ"

သူပြောနေပုံက အလေးအနက်။

သူတကယ်ပဲ ဟန့်ကိုချစ်နေတာလား။ ဘယ်လိုလုပ်ပြီး နေခထံ ခံစားချက်မဲ့ နှလုံးသားဗလာနဲ့ လူ့ရင်ထဲ ဟန်က ရောက်သွားရတာလဲ

"ကိုယ့်ကိုကိုယ်လည်း မယုံနိုင်ဘူးဟန်၊ ကိုယ့်ဘဝမှာ တစ်ခါ မှလည်း ဒီလိုမခံစားဖူးဘူး။ အမှန်ပြောရရင် အချစ်ဆိုတာကို ကိုယ် လည်း သေချာမသိဘူးဟန်။ ကိုယ်သိတာက ကိုယ်ဟန့်မျက်နှာလေး ကို အမြဲမြင်ချင် တွေ့ချင်နေတယ်။ ဟန့်အသံလေးကို ကြားနေချင် တယ်"

"ကိုယ်မတွေးဘဲ ကိုယ့်အတွေးထဲ ဟန်ရောက်ရောက်လာတာကို





သည်း ကိုယ်နားမလည်ဘူး။ ကိုယ်ဘယ်သွားသွား ဘာလုပ်လုပ် ဟန်က ကိုယ့်အတွေး ကိုယ့်အာရုံထဲ အမြဲရှိနေတာကို သိလိုက်ရတုန်းက ကိုယ်တော်တော် တုန်လှုပ်သွားတယ်"

"ကိုယ်နောက်ဆုံး သိလိုက်တာက ဟန့်ကို ကိုယ်အဆုံးရှုံး ခံနိုင်တာပဲဟန်။ ဟန့်ကို ကိုယ်ပဲပိုင်ဆိုင်ချင်တယ်။ ဒါဟာ အချစ် ဆိုရင် ကိုယ်ဟန့်ကို သိပ်ချစ်နေပြီလို့ ကိုယ့်ကိုကိုယ် နားလည်လိုက် တယ်"

"ကိုယ်ဟန့်ကို သိပ်ချစ်နေပြီ ဟန်"

အချစ်အကြောင်း ဘာတစ်ခုမှ နားမလည်သူက ဟန်နဲ့ကျမှ သူ့အချစ်တို့ ဖြစ်တည်လာပုံကို ရိုးရှင်းစွာ ပြောသွားပေမယ့် ဟန့်နား ထဲ ဆန်းနေသည်။ အံ့မခန်း ထူးခြားနေသည်။ ဟန်နဲ့ ခံယူချက်ချင်း တစ်ထပ်ထဲ တူပါသည်ဟု သူကိုယ်တိုင် ဟန့်ကို ဝန်ခံထားသူက ဟန်နဲ့ကျမှ သူ့အချစ်တို့ ဖြစ်တည်ရှင်သန်လာရပါသည်ဆိုလျှင် ဟန် ဆိုသည့် ဟန်ကရော နေခချစ်သလို ချစ်တတ်၊ ခံစားတတ်သူ ဖြစ်နေ ပြီလား။

ဟင့်အင်း... ဟန့်နှလုံးသားထဲမှာ အခုချိန်ထိ အချစ်နဲ့ပတ်သက် သည့် ခံစားချက်မျိုး မြူတစ်မှုန်မျှပင် မရှိ။ နေခ ပြောသလို ဘယ်သူ့ မျက်နှာကိုမှ တစ်နေ့မတွေ့ရ မနေနိုင်တာ မရှိသလို ဘယ်သူ့အသံ ကိုမှလည်း ကြားမနေချင်ပါ။

"ကိုယ့်ကို တစ်ခုခု ပြောပါဦး ဟန်"

ဟန်ငြိမ်နေတာကို သူ့ဘက် အားမလိုအားမရ ဖြစ်နေတာ နား ထောင်ပြီး ဟန်သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ် နေခ၊ ဟန့်မှာတော့ ရှင်ပြောတဲ့ အချစ်ဆိုတဲ့အရာနဲ့ ပတ်သက်တဲ့ ဘာခံစားချက်မှ မရှိဘူး"

"ကိုယ်နားလည်ပါတယ်ဟန်၊ ဟန်ကိုယ့်ကို ချစ်လာတဲ့အချိန်ထိ ဟန့်ကို ကိုယ်စောင့်နေမှာပါဟန်"

"ဟန့်ဆီက အချစ်ကို ရှင်စောင့်နေလို့ကတော့ ရှင်ရောဟန်ရော ဘိုးဘွားရိပ်သာရောက်ဖို့ပဲ ရှိတယ်နေခ၊ ဟန့်ဆီက အချစ်ကို ရှင်မမျှော်လင့်နဲ့ နေခ၊ ဟန့်မှာ အချစ်မရှိဘူး။ ချစ်လည်း မချစ်တတ်ဘူး"

"ကိုယ်သိပါတယ်ဟန်"

"သိရက်နဲ့များရှင်"

"ကိုယ်စောင့်နိုင်တယ်လို့ ပြောပြီးပြီလေ။ ဘယ်အချိန်ဖြစ်ဖြစ်ရတယ် ကိုယ်ချစ်တာကိုသာ ဟန် အသိအမှတ်ပြုပေးပါ"

"ဟန့်ကို ချစ်တယ်"

နေခဘက်က ဖုန်းကို အရင်ဦးအောင် ချသွား၍ ဟန့်လက်ထဲက ဖုန်းကို အိပ်ရာပေါ် ပစ်တင်လိုက်သည်။

ဟန့်ကို ချစ်တယ်ဆိုပါလား။

ဘာတွေဘယ်လိုဖြစ်နေမှန်း ဟန်လည်း မသိ။ လိုက်လည်းမမီဖြစ်နေသည်။ ယောကျ်ားတစ်ယောက်ရဲ့ စိတ်နေသဘောထားကလည်း မိန်းမတွေလိုပဲ အပြောင်းအလဲ မြန်တတ်လှချည်လား။ ဘယ်မိန်းမကိုမှ မချစ်ပါဆိုသည့်လူက ဟန့်ကိုတော့ ချစ်သည်ဟု ဆိုပြန်သည်။

တတ်လည်း တတ်နိုင်တဲ့ ယောကျ်ားတွေပဲ။ လျှာရိုးမရှိတိုင်း သူတို့ပြောချင်တာ ပြောနေတာကို လိုက်ယုံနေရမည်ဆိုလျှင် မလွယ်။ အိပ်ရာပေါ် စိတ်ပျက်လက်ပျက် လှဲချလိုက်တော့ ဟန်ပိုစိတ်ရှုပ်လာသည်။





ပြဿနာတွေက ရှင်းလေရှုပ်လေ ဖြစ်နေသည်။ ဟန့်ကိုချစ်ကြောင်း၊ မေတ္တာရှိကြောင်း ပြောနေသူကို ဘယ်လိုလုပ်ပြီး ဟန်ဆောင်လက်ထပ်ရမည်နည်း။ အရင်က သူပြောခဲ့တာကို ဟန်သဘောမတူသလို၊ ဒီတစ်ခါ ဟန် ပြောတာကိုလည်း သူက သဘောတူချင်မှ တူတော့မည်။

စိတ်ညစ်လိုက်တာနော်။

ဟန်စိတ်ရှုပ်ထွေးစွာ အိပ်ရာက ဂုန်းခနဲ ထလိုက်မိပြန်သည်။ နေခနှင့်လက်ထပ်ပါတော့မည်ဟု အဘွားကို ဟန်ကတိပေးပြီးပြီ။ ဟန် လက်ထပ်ချင်သည်ဖြစ်စေ၊ လက်မထပ်ချင်သည်ဖြစ်စေ နေခကို ဟန် လက်ထပ်ရတော့မည်။ အခုမှ အဘွားကို ပြန်ပြင်ပြောလို့လည်းမရ။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလဲတွေးရင်း အိပ်ရာထဲမှာ လူးလိမ့်အကြံဉာဏ်ထုတ်ပေမယ့် ခေါင်းပူသည့်အထိ ဘာအကြံဉာဏ်မှမထွက်။

ဘယ်ဘက်ကတွက်တွက်၊ ဟန့်မှာ အဘွားက ရှိနေသည်။ ဟန်စိတ်ထင်တိုင်း လျှောက်လုပ်ချင်တိုင်း မရမှန်း သေချာသွားမှ ဟန့်စိတ်ကို လျှော့လိုက်သည်။ နောက်မှ မီးစင်ကြည့်ကတော့မည်လို့ ဆုံးဖြတ်လိုက်မှ ဟန်နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နေခက သူ့မာမီနှင့် ရယ်ကာမောကာ စကားပြောနေသည့် ဟန့်မျက်နှာလှလှလေးကို ရူးလက်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေ၏။ ဟန့်နားမှာ အတူရှိနေသည့် ဟန့်အဘွားက သူ့မြေးနှင့် အလွန်ချစ်ခင်ယုယနေသော ယောက္ခမလောင်း နေခမာမီတို့ လိုက်ဖက်အတွဲညီပုံကို ကျေနပ်နှစ်သိမ့်သောအပြုံးဖြင့် ခေါင်းညိတ်ခေါင်းခါ စကားပြောရင်း စိတ်ချမ်းသာနေတာ မြင်ရသည်။ နေခတို့ သားအမိ ဟန့်တို့ မြေးအဘွားအိမ်ကို ရောက်နေခြင်း ဖြစ်သည်။

မင်္ဂလာကိစ္စက အားလုံးအိုကေ၊ အဆင်ပြေနေသည်။ ဘာမှ ပြောစရာ မရှိ။ ဤမျှ အဆင်ပြေနေသော ယောက္ခမလောင်းနှင့် ချွေးမလောင်းကို မမြင်ဘူး။ အတူးသဖြင့် မာမီကိုယ်တိုင်က ဟန့်ကို ချွေးမအဖြစ် မမြင်။ သူ့ရင်ကဖြစ်သော သမီးနှင့်မခြား ချစ်ပြနေ၍ ဟန့်ဘက်က စိတ်မပါသော်လည်း မာမီ့ကို အားတုံ့အားနာ လိုက်လျောဟန်လေးများက နေခ မကြာခဏ ကျိတ်ပြုံးရသော မြတ်နိုးသည့်အပြုံး ဖြစ်သည်။ ဘာကြောင့်မှန်းမသိ ဟန့်ကိုတော့ သူသဘောကျသည်။ ဘာ





သုပ်လုပ် အပြစ်ဟုလည်း မမြင်။ နေခဘဝမှာ ပထမဆုံး စိတ်ဝင်စားသည့် မိန်းမအဖြစ် ဟန့်ကို တစ်ခါတစ်ခါ အထူးအဆန်းလိုဖြစ်ကာ ခဏခဏ ပြန်ကြည့်မိ၏။

ဟန်က နေခဘဝ၊ နေခနှလုံးသားကို စိုးမိုးထားသည့် နေခ၏ အရှင်သခင်၊ နေခဘုရင်မ ဖြစ်နေပုံကိုလည်း မယုံချင်ပဲ ယုံနေရသည်။ ဘယ်တော့မှ မိန်းမတစ်ယောက်ကို မတွေ့ရမနေနိုင်။ မမြင်ရမနေနိုင် ဖြစ်လာလိမ့်မည်ဟု သူ့ကိုယ်သူ မထင်ခဲ့။ အခုတော့ ဟန်က သူ့ကို ကြည့်ချင် မမြင်ချင်သည့် အမူအရာနှင့် စိတ်ရှုပ်နေတာကိုကြည့်ပြီး နေခက ဟန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူ၍ ဟန်ဖြစ်နေပုံကို အသည်းယားစိတ်ဖြင့် ချစ်မြတ်နိုးစွာ နူးညံ့သော ပါးပြင်ထက်သို့ စိတ်ရှိလက်ရှိ ချစ်အနမ်းတွေ တစ်လှေကြီး ခြွေချချင်နေပုံကလည်း အံ့မခန်းဖြစ်သည်။

မချစ်တတ်သည့် နေခလိုလူကို ဟန်က ချစ်တတ်အောင် သင်ပေးသူ ဖြစ်သော်လည်း ကာယကံရှင်ဖြစ်သည့် ဟန်ကိုယ်တိုင်က အချစ်ဆိုသည့်အရာကို ဘယ်လိုဟု သူမကိုယ်တိုင် အခုချိန်ထိ မသိနားမလည်သော မချစ်တတ်သေးသည့် မိန်းမလှဖြစ်နေ၏။ နေခ ချစ်ရေးဆိုတော့ ဟန်က မတုန်လှုပ်။ စိတ်ရှုပ်နေပုံနှင့် အချစ်ကို စိတ်ပျက်စရာဟု ထင်မြင်ပုံကအစ အရင်ကနေခနှင့် ဟန်ဖြစ်နေပုံက တစ်ထပ်တည်း ဖြစ်သည်။

သူမ၏ ငြိမ်းအေးသော ဘဝထဲကို နေခ ဝင်ရှုပ်ခံရသဖြင့် ဟန်ပုံစံက စိတ်ပျက်လက်ပျက် ဖြစ်နေတာကို နေခသိသည်။ နေခကိုယ်တိုင်လည်း အရင်က ဟန်ဖြစ်သလို ဟန်ခံစားရသလို ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ရသူဖြစ်၍ ဟန်ဖြစ်နေတာကို နားလည်သည့်အတွက် အပြစ်ဟု မမြင်။ အချစ်ဆိုသည့်အရာ ဟန့်နှလုံးသားထဲမှာ မရှိသ၍ ဟန့်ခံစားချက်၊ ဟန့်အတွေးအမြင်တွေ ဟန့်အတွေးတွေအားလုံး ဘယ်သောအခါမှ နေခနှင့်မတူ။ အမြဲလို ဆန့်ကျင်ဘက် ဖြစ်နေမည်ကို နေခသိသည်။

ဟန့်ကို သူ့လို ချစ်တတ်လာအောင်၊ ခံစားတတ်လာအောင် သင်ပေးရမည့်သူက နေခကိုယ်တိုင် ဖြစ်သည်။

"သားရော မင်္ဂလာကိစ္စကို ဘယ်လိုဖြစ်ချင်လဲဆိုတာ ပြောဦးလေ"

ဟန့်ကိုကြည့်ပြီး ငြိမ်နေသည့် နေခကိုကြည့်၍ မာမီက အပြုံးနှင့်ပြောတော့ အဘွားနှင့်ဟန်က နေခကို လှမ်းကြည့်သည်။

"ကျွန်တော့်သဘောက ဟန့်သဘောပါ။ ဟန်ကြိုက်ရင် ကျွန်တော်ကြိုက်တယ်။ မင်္ဂလာကိစ္စကို အားလုံး ဟန့်စိတ်ကြိုက် ဟန်စိတ်ချမ်းသာသလိုသာ စီစဉ်ပေးပါ မာမီ"

"တွေ့လား သမီး၊ သားက အခုကတည်းက ဘာလုပ်လုပ် သမီးသဘောဆိုတာချည်းပဲကွယ်။ မာမ့်သမီးလေးကို သားက ဘယ်လောက်ချစ်လဲ၊ မြတ်နိုးလဲဆိုတာ ဒီနေရာမှာ သက်သေပြတာပဲ မဟုတ်ဘူးလား အဘွား"

"ဟုတ်တာပေါ့၊ အဘွားမြေးလေး ကံကောင်းပါတယ်"

အဘွားမျက်နှာပြုံးနေသလို နေခမာမီ မျက်နှာမှာ အပြုံးတွေဆ နေတာကြည့်ပြီး ဟန့်မှာ စိတ်မောနေသည်။ အဘွား စိတ်ချမ်းသာအောင် ဟန့်မျက်နှာ ပြုံးထားရပေမယ့် စိတ်ထဲက ဘာခံစားချက်မှ မရှိ။ ဗလာဖြစ်နေသည်။ အခု ဟန်တို့ပြောဆိုနေသည့် မင်္ဂလာကိစ္စက





ဟန်ကိုယ်တိုင် ဝင်ပြောနေရပေမယ့် ဟန်နှင့်ဘာမှမဆိုင်သည့် ကိစ္စကို ဟန်က ဝင်ပြောနေရသလိုဖြစ်နေကာ ဟန့်မျက်နှာကိုကြည့်ပြီး ပြုံးနေသည့် နေခကို စိတ်ရှုပ်ထွေးစွာ ပြန်ကြည့်လိုက်သည်။

ဟန့်မှာ နေခကို ပြောစရာ စကားတွေ ရှိနေသည်။ သို့သော် ဘယ်ကစပြောရမှန်းမသိ။ လူကြီးနှစ်ယောက်ရှေ့မှာ ပြောလို့မဖြစ်မှန်း သိ၍ အသာနှုတ်ဆိတ်နေချိန်မှာ အဘွားက ဟန့်ဘက်ကို လှမ်းကြည့်သည်။

"မောင်နေခကို ခြံထဲလိုက်ပြလိုက်ပါလား မြေး"

"ဟုတ်ကဲ့အဘွား"

အဘွားစကားကြောင့် လွတ်လပ်ရေး ရသွားသည့် ဟန့်က အရင်ဦးဆောင်ပြီး ခြံထဲဆင်းသွား၍ သူမနှင့်အတူ နေခပါလာသည်။

"ရှင့်ကြည့်ရတာ တော်တော်ပျော်နေပုံပဲ"

ခြံထဲရောက်တာနှင့် ဟန့်ရင်ထဲက မကျေနပ်မှုကို ထုတ်ဖော်လိုက်၍ နေခက ခပ်သဲ့သဲ့ရယ်သည်။

"ကိုယ်ပျော်နေတာကို ဟန်က မကျေနပ်ဘူးလား"

"ဟန်က စိတ်ရှုပ်ပြီး ရှင်ကပျော်နေတာကို ဟန်က ကျေနပ်နေရောလား"

"နောက်တော့ ဟန်ပျော်လာအောင် ကိုယ်ကြိုးစားမှာပါ"

ဟန့်မျက်နှာကို ရွှန်းလက်သော အကြည့်တစ်မျိုးနှင့် စူးစိုက်ကြည့်၍ ပြောလာသူကို ဟန်သဘောမကျ။ ဒီလိုအကြည့် ဒီလိုအပြောတွေကို ဟန်မကြိုက်။ ပို၍ပင် ဒေါသဖြစ်လာကာ သူမမျက်နှာကို ခပ်ပြုံးပြုံး စိုက်ကြည့်နေသူ၏ မျက်နှာကို မကျေမနပ် ပြန်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… ဟန်က ရှင်နဲ့လက်ထပ်ပြီး ပျော်လာမယ်လို့ ပြော တာလား"

"ဒါပေါ့"

"ဟွန်း… ဖြစ်လာပါလိမ့်မယ် အားကြီး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ဟန်ပျော်လာအောင်ထားဖို့က ကိုယ့် တာဝန်ပါ။ ကိုယ့်ကို ဟန် လက်ထပ်လိုက်ရလို့ ဟန်ဘယ်တော့ နောင်တမရစေရဘူးဆိုတာ ကိုယ်ကတိပေးတယ်"

"သေချာနေလိုက်တာရှင်"

"ဟန်မယုံရင် စောင့်ကြည့်လေ။ ဟန့်ကိုချစ်တဲ့ ကိုယ့်အချစ်မျိုး တခြားဘယ်နေရာမှ တွေ့မှာမဟုတ်ဘူး။ တစ်နေ့ ဟန် ကိုယ့်ကို ချစ်လာစေရမယ်"

"အချစ်အကြောင်း မပြောစမ်းပါနဲ့ရှင် နားခါးလွန်းလို့"

အချစ်ကို ဘယ်တုန်းကမှ အယုံအကြည်မရှိပါဟု ဆိုခဲ့သူ ကိုယ်တိုင် အချစ်အကြောင်း ပြောလာတာကို ဟန်အထင်မကြီးသလို ကြည့်လည်း ကြည့်မရ ဖြစ်နေ၏။ ဒါကို နေခက သိပြီး ဟန့်ကို ပြုံးကြည့်သည်။

"ဘာလဲ ကိုယ်ကိုယ်တိုင် အချစ်ကို အယုံအကြည် မရှိဘူးလို့ ပြောထားပြီးမှ ဟန့်ကို အသည်းအသန် ချစ်ပြနေလို့ ဟန်က ကိုယ့်ကို ကြည့်မရဘူးလား"

"ရှင့်အကြောင်း ရှင်သိမှာပေါ့"

"သိတယ်။ ဟန့်ကြောင့် ကိုယ်ချစ်တတ်သွားတာ"

"ဘာပြောတယ်"



"ဟန်နဲ့သာ မတွေ့ခဲ့ရင် အခုချိန်ထိ ကိုယ် ဘယ်မိန်းမကိုမှ ချစ်တတ်ဦးမှာ မဟုတ်ဘူးဟန်။ ဘယ်မိန်းမကိုမှလည်း အထင်ကြီးလို့ မှာမဟုတ်ဘူးဆိုတာ ကိုယ်ဝန်ခံတယ်"

"ကိုယ့်ကိုကိုယ်လည်း ဒီလိုချစ်တတ်ခံစားတတ်လာမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ အခု ဟန်ဖြစ်နေသလိုပေါ့"

"ဟန် ဘာဖြစ်နေလဲဆိုတာ ရှင်က သိလို့လား"

ဟန့်ရင်ထဲက ခံစားချက်ကို လှမ်းမြင်နေရသလို အပြောခံရတော့ လည်း ဟန်က မကျေနပ်။ အို… ဒီလူနဲ့ ပတ်သက်ပြီး ဟန်ဘာဆို ဘာကိုမှ မကျေနပ်နိုင်သလို ဟန့်ကိုယ်ဟန်လည်း မကျေနပ်ပါ။ အဘွား ကြောင့် နေခဆိုသည့်လူကို ဟန် လက်ထပ်ပါမည်ဟု ခေါင်းညိတ် သဘောတူခဲ့ရတာလောက် ဟန့်ဘဝမှာ မိုက်မဲတာ ရှိပါဦးမည်လား မသိ။

"ဟန် ကိုယ့်ကို သတ်ပစ်ချင်နေတာ မဟုတ်လား"

ဒါတော့မှန်နေ၍ ဟန် ဘာမှမပြော။

"တွေ့လား၊ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတဲ့ ကိုယ်ပြော တာမှန်နေလို့ ဟန် မငြင်းတော့ဘူး မဟုတ်လား"

"ရှင်သိနေရင် ပြီးတာပဲ"

"ပြီးတော့ ဟန်က ကိုယ့်ကို လုံးဝလက်မထပ်ချင်ဘူး"

"ရှင်မှမဟုတ်ပါဘူး။ ဟန်က ဘယ်ယောကျ်ားကိုမှ လက် မထပ်ချင်တာ"

ဟု ဝန်ခံလိုက်သည်။

"ကိုယ်သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟာန့်ကို တနာ့စွာ ပြောတော့ ဟာန်က နေခမျက်နှာကို လှမ်းကြည့်သည်။ စောစောကလောက် ဒေါသမဖြစ်တော့သလို သိပ်ပြီးမကျေမနပ်လည်း မဖြစ်တော့။ ဟာန့်ခံစားချက်ကို နေခသိနေ၍ ကျေနပ်သည်။ ဒါမှ ဟာန့်ဘက်က ပြောစရာရှိတာ အလွယ်ပြော၍ရမည်ဟု နားလည်သည်။

"ဒါပေမဲ့ ဟာန့်အနေနဲ့ ကိုယ့်ကို လက်မထပ်လို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဟာန့်အသွားက ကိုယ်နဲ့ဟာန် လက်မထပ်လည်း တခြားတစ်ယောက်နဲ့ ဟာန့်ကို လက်ထပ်ပေးမှာ သေချာနေလို့ ကိုယ်ပြောတာ မှန်ရဲ့လား ဟာန်"

မှန်လွန်း၍ ဟာန်ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်တော့ သူက ဟာန့်မျက်နှာလေးကို ချစ်စနိုးကြည့်သည်။

"ဘာဖြစ်လို့ ဟာန့်ကျမှ ဒီလိုအဖြစ်တွေ လာဖြစ်နေရတာလဲ မသိဘူးနော်"

"ကိုယ်တို့ ဖူးစာပေါ့"

"တော်ပါရှင်··· ဘာဖူးစာလဲ။ အားလုံး အသွားကြောင့် ဖြစ်နေတာကို ရှင်လည်း သိရက်နဲ့"

"အသွားဖူးစာဆိုလည်း ရတယ်"

ပြုံးနေသည့် နေခကိုကြည့်ပြီး ဟာန် မျက်စောင်းရွယ်တော့ သူက ရယ်သည်။

"ကိုယ့်ကိုကိုယ် သိပ်အံ့သြတယ် ဟာန်။ အရင်ကဆို ကိုယ့်မျက်နှာမှာ ဘယ်တော့မှ အပြုံးမရှိဘူး။ အခု ဟာန့်ကို ချစ်မိမှ ဘာဖြစ်လို့မှန်းမသိဘူး··· ကိုယ် ခဏခဏ ရယ်နေမိတယ်"





"ရူးလို့နေမှာပေါ့"

ဟာန့်စကားကို သူက စိတ်မဆိုး။

"ဟုတ်တယ်။ ဟာန့်ကို ချစ်မိပြီဆိုတာ သိလိုက်ရတဲ့ နေ့ကတည်းက ကိုယ်ရူးသွားတာ ဝန်ခံတယ်"

"ဟာန်"

"အို··· ဘာလုပ်တာလဲရှင်၊ ဟာန့်လက်ကို လွှတ်ပါ"

အတူလမ်းလျှောက်နေရင်းက နေခက ခြံနောက်ဘက် ဝိတောက်ပင်ကြီးအောက်အရောက်မှာ ဟာန့်နားနီးကပ်စွာ ရောက်လာပြီး ဟာန့်လက်လေးတစ်ဖက်ကို ဆွဲကိုင်လိုက်၍ ဟာန်က သူ့မလက်လေးကို နေခလက်ထဲက ရုန်းပေမယ့် နေခက မလွှတ်။

"ကိုယ်ဟာန်ကို သိပ်ချစ်နေပြီဟာန်"

"ရှင့်ဘာသာချစ်တာ ဟာန်က ဘာလုပ်ရမှာလဲ"

"ဟာန့်လက်ကို··· လွှတ်စမ်းပါ"

"ဟင့်အင်း··· အခုချိန်ကစပြီး ကိုယ် ဟာန့်ကို ဘယ်တော့မှ မလွှတ်တော့ဘူး"

"ဒါက ဘာစကားလဲ"

"ချစ်စကား"

လူချင်းထိတော့မတတ် နီးကပ်စွာ ရှိနေသည့် နေခကြောင့် ဟာန့်ခြေအစုံကို နောက်သို့ဆုတ်ပစ်လိုက်ပေမယ့် မရ။ ဟာန် ခြေတစ်လှမ်းနောက်ဆုတ်တာနှင့် နေခက ခြေတစ်လှမ်း အရှေ့ကို တိုးသဖြင့် ဟာန့်မှာ သူ့ရင်ခွင်ထဲ ရောက်လုမတတ် ဖြစ်နေ၏။

"ရှင်ဘယ်လိုဖြစ်နေတာလဲ နေခ"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လက်ကို လွှတ်ပါ"

"ဟန်"

"ကြည့်စမ်း... ရှင်... ရှင် ဒါဘာလုပ်တာလဲ"

"ဟန့်ကိုလွှတ်"

"လွှတ်ဆိုနော်"

နေခက အသိလွှတ်သွားသူ တစ်ယောက်လို ဖြစ်သွားကာ သူ့လက်ထဲက သူမလက်လေးကို ဖွတ်ရုန်းထွက်ဖို့ ကြိုးစားနေသည့် ဟန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ခပ်ကြမ်းကြမ်းလေး ဆွဲယူပစ်လိုက်သည်။ ထင်မှတ်မထားသည့် အဖြစ်ကြောင့် ဟန့်မှာ အံ့သြစိတ်နှင့်အ ခံပြင်းရှက်ရွံ့သွားကာ သူ့ရည်းစားမဟုတ် ဘာမဟုတ် ဟန့်ကို ပါးဝဖို့ ကြိုးစားနေသည့် နေခရင်ခွင်ထဲက သူမကိုယ်လေးကို ရုန်း အတင်းရုန်းသည်။ ဖယ်သည်။ သို့သော်မရ။

ဟန်က ရုန်းဖယ်လေ ပို၍တင်းကျပ်စွာ ပွေ့ဖက်ခံရလေ ဖြစ်နေ သည့် အခြေအနေကြားမှာ ဟန် ဒေါသဆူဝေလာသည်။ အနေရခက် လာသည်။

မည်သူမှ ဟန့်ကို အခုလို ပိုင်စိုးပိုင်နင်း မပြုမူဘူး။ နေခ သည့်လူနှင့်ကျမှ ဟန့်တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ နစ်နေအောင် ရော သွားရသည့်အဖြစ်ကြောင့် ဟန်မျက်နှာလေး ဆေးမင်ရည်ပက်ဖျ လိုက်သလို နှင်းဆီရင့်ရောင် ဖြစ်သွားကာ ဒေါသတကြီး နေခမျက်နှ ကို သူ့ရင်ခွင်ထဲက ဆတ်ခနဲ မော့အကြည့် ဟန့်မျက်နှာလေးထက် အသင့်ငုံ့မိုးလျက်ရှိနေသည့် နေခ မျက်နှာချောချောက ဟန့်မျက်နှာလေး ထက် ဖိအပ်လိုက်သဖြင့် ဟန်မှာ ရှောင်တိမ်းလို့မရအောင် ဖြစ်သွား





"ချစ်တယ် ဟန်ရယ်"

"ရှင်နော်... ဟန်မကြိုက်တာကို မလုပ်နဲ့ဆို"

"အို"

အဆက်မပြတ် ကျလာသည့် ချစ်အနမ်းတွေက ဟန့်မျက်နှာ လေးထက်မှာ နေရာလပ်မကျန်တော့သလို ဟန့်နှုတ်ခမ်းကို လှုပ်မရ အောင် တုပ်နှောင်ဖိကပ်လာသည့် နေခနှုတ်ခမ်းအစုံအောက်မှာ ဟန် တစ်ယောက် အသက်ရှူမှားကာ မျက်ဝန်းအစုံ ပြာဝေသွားသည်။ နေခက သူမမျက်နှာလှလှလေးကို ဘယ်ညာခါယမ်းပြီး သူ့ထံမှ ချစ်အနမ်းတွေကို ရှောင်တိမ်းဖို့ ကြိုးစားနေသူလေးကို ပိုပြီးချစ် ပိုပြီး အသည်းယားလျက် ဟန့်ကိုယ်လေးကို ပိတောက်ပင်စည်နှင့် ထိကပ် သွားသည့်အထိ တင်းကျပ်စွာ ဖိနှိပ်ချုပ်ကိုင်ပြီး ဟန့်ကို သူ့စိတ်ကြိုက် နမ်းသည်။

ဟန်က ရုန်းလေ သူက ပိုတိုးကြမ်းလေဖြစ်၍ ဟန်က နေခ ရင်ခွင်ထဲမှာ အသက်ရှူမဝ မွန်းကျပ်လာသည့်အထိ ဖြစ်သည်။ ယင်ဖိုပင် မသန်းဖူးသော ဟန့်ကို အနမ်းဦးခြွေသူက နေခဆိုသည့်လူ။ ဟန်က ရုန်း၍ သူ့အနမ်းတွေက ဟိုရောက်ဒီရောက်။ ဖြူနုသော သည်တိုင်မှ ရင်ညွန့်ဖွေးဖွေးအထိ နေခအနမ်းတွေက မပြီးနိုင်မစီးနိုင်။

"ဟန်"

"လူယုတ်မာ"

"ကဲဟယ်"

"ဖြန်း"

ဟန် အံကြိတ်ပြီး နေခပါးပြင်ကို တစ်အားလွှဲရိုက်ပစ်လိုက်၏ ပါးပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် မျက်ရည်တွေ ဝေါခနဲ ပြိုဆင်းသည်။ နေခက ဟန့်ရိုက်တာ ငြိမ်ခံနေသည်။ ဘာတစ်ခုမှ ပြန်မလုပ်ပေမယ့် ဟန် ငိုနေတာကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။ ဟန့်၏မျက်လုံး၊ မျက်နှာ နှုတ်ခမ်းတို့ကို စိုက်ကြည့်ရင်း နေခရင်ထဲတွင် အပြင်းအထန် လှုပ်ရှားနေ သည်။ သူ့ရင်ထဲ တစ်ခါမှ မဖြစ်ပေါ်ဖူးသည့် ခံစားချက်တစ်မျိုးက သူ့ရင်ခုန်သံတွေ ပူနွေးနေ၏။

"မငိုပါနဲ့ဟန်"

"သြော်… ရှင်ပဲအပြောကောင်း၊ အခု ရှင်လုပ်ပုံက လူကြီး လူကောင်းတစ်ယောက်ပုံစံနဲ့ တူရဲ့လားဟင်"

"အလကားလူ"

"ဟန်ကြိုက်သလို ပြောပါ။ မကျေနပ်ရင် ကိုယ့်ကိုထပ်ရိုက် လည်းရတယ်။ ကိုယ်ကတော့ အခုချိန်ကစပြီး မချစ်ဘဲ မနေနိုင်တော့ ဘူးဟန်"

"ဘာပြောတယ်။ ရှင်အခု ဟန့်နားက ထွက်သွား"

ရှက်ခြင်း၊ ခံပြင်းခြင်း ဒေါသဖြင့် ဟန်အော်ပေမယ့် သူက မလှုပ်။

"ကိုယ်က ဟန့်ကိုချစ်လို့ နမ်းမိတာ အပြစ်လား"

"ရှင်နမ်းချင်တိုင်း နမ်းရအောင် ဟန်က ရှင့်ချစ်သူလား"

"ဟုတ်တယ်"

"ဘာ"

"ဟန်က ကိုယ့်ချစ်သူ၊ နောက်ပြီး ကိုယ်နဲ့လက်ထပ်မယ့် မိန်း လောင်း…"





"သြော်… လက်စသတ်တော့ ရှင်က အခွင့်အရေးသမားကိုး"

"ဟန်ကြိုက်သလိုပြောပါ။ ကိုယ်ဂရုမစိုက်ဘူး။ ဒါပေမဲ့ တစ်ခု တော့ ကိုယ်ပြောမယ်။ ဟန်ပြောသလို ကိုယ်က ဟန့်အတွက် အခွင့် အရေးသမားဆိုရင် ကိုယ့်ရမယ့် အဲဒီအခွင့်အရေးကို ဆက်ပြီးအသုံးချ ခါရစေ…"

"ရှင်လူပါးမဝနဲ့နော်"

"ချစ်တာပါ ဟန်"

"အို… မကြားချင်ဘူး"

"ဟန်ရယ်"

သူ့နားက ပြေးထွက်သွားရန် ဟန်ပြင်လိုက်သည့် ဟန့်ကိုယ်လေး ာ နေခရင်ခွင်ထဲ အင့်ခနဲ ပြန်ရောက်သွားသည်။

"ရှင် ဟန့်ကိုလွှတ်၊ လွှတ်ဆိုနော်"

"လွှတ်မှာပါဟန်"

"ကြည့်စမ်း… ရှင်… ရှင်"

"အိုး… အမေ"

ဟန်က နေခရင်ခွင်ထဲ နစ်ဝင်သွား၏။

နေခက ဟန့်ကိုယ်လေးကို အတင်းကျုပ်ဆုံး ပွေ့ဖက်ပြီး မွှတ်မွှတ် ိသိပ်နမ်းသည်။ ရင်နှင့်အမျှ သူ့စိတ်ထဲရှိသည့် ခံစားချက်အတိုင်း ်ပွဲသိပ်သည်းစွာ ချစ်မြတ်နိုးစွာ နမ်းရှိုက်ခြင်းဖြစ်၍ သူ့ရင်တွေ ာမတန် ခုန်နေ၏။ ဟန့်၏ နှုတ်ခမ်းအစုံကို ပြန်လွှတ်မပေးချင် ာသည့်အထိ မဆုံးနိုင်သော အနမ်းရှည်ကြီးကို သီကုံးနေသည်။ ်သည် အားရှိသမျှ ရုန်းသည်။ ထုရိုက်ဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မအောင်မြင်။

အင်အားကြီးမားသော ရင်ခွင်မှာ ဟန်က လှုပ်လေမြစ်ထေ ဖြစ်မှန်းမသိဖြစ်ကာ နေခရင်ခွင်ကျယ်ကြီးထဲတွင် တစ်စတစ်စ အနုံ အငွေ့တွေ တဖြည်းဖြည်း စိမ့်ဝင်ကွယ်ပျောက်လျက်ရှိ၏။ ဟန်မှာ ဘာမှမပြောနိုင်။ နောက်တော့မှ သူမကိုယ်သူမ သတိထားက- သူ နှုတ်ခမ်းတွေထဲက ရုန်းထွက်လိုက်သည်။ ပြီးမှ မျက်ရည်ပြည့်လျှံ သော မျက်ဝန်းအစုံဖြင့် မျက်နှာကို လှမ်းကြည့်လိုက်ကာ နေရာမှ ချာခနဲ လှည့်ပြေးသွား၏။

"ဟန်"

"ရှင် ဟန့်နောက်ကို မလိုက်နဲ့။ ပြောမရရင် ဒီမင်္ဂလာ အပျက်ပဲ"

"ဟန်ရယ်"

နေခရှေ့က ဟန် ပြေးသွားသည်။

သူ ဟန့်နောက် ပြေးလိုက်သွားချင်သော်လည်း ဟန့်စကား ကြောင့် သူ့စိတ်ကို သူထိန်းပြီး နေရာမှာ ရပ်ကျန်ခဲ့၏။ နေခမျက်လုံး မှာ ဘာမှမမြင်။ ဘာကိုမှမကြား။ ဟန့်မျက်နှာလေးကိုသာ မြင်ယောင် ၍ ဟန့်အသံလေးကိုသာ ကြားနေရသည်။ ဘာဖြစ်လို့များ ဟန့် အပေါ်မှာ ချစ်မြတ်နိုးမိမှန်း သူ့ကိုယ်သူလည်း မသိ။

သူ့ရင်ထဲမှာ ဟန့်ကိုချစ်သည့် အချစ်တွေနှင့် ပြည့်သိပ်နေ၏ မြင်ကွင်းထဲမှ ဟန်ပျောက်သွားသည်အထိ ရပ်နေမိပြီးမှ သက်ပြင်း အသာချကာ ဟန်ရှိနေသည့် အိမ်ကြီးရှိရာဘက်သို့ အိပ်မက်ထဲ လမ်းလျှောက်နေသူတစ်ယောက်လို လျှောက်ပြန်လာခဲ့သည်။





ဟန်က သူ့ဘဝ၊ သူ့နှလုံးသား၊ သူ့ထံမှ ချစ်မြတ်နိုးမှုအားလုံး ကို သူမတစ်ယောက်တည်း သိမ်းပိုက်သွားသူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်ရအောင် ဒါက
ကစားသလို လုပ်ရမယ့်ကိစ္စ မဟုတ်ဘူးနော်မြေး"

"ဟန်တစ်ယောက်တည်း နေလို့ရပါတယ်ဆို အဘွားကလဲ"

"တော်ပါတော့မြေးရယ်… အဘွားမှာ မြေးနဲ့စကားပြိုင်
နေဖို့ အချိန်မရှိဘူး။ တော်ကြာ မော်လီလာခေါ်ရင် အပြင်သွား
မယ်"

"တီ"

"ဟော… ပြောရင်းဆိုရင်း မော်လီလာပြီ မြေးရေ။ အဘွား
သွားလိုက်ဦးမယ်။ လိမ်လိမ်မာမာ နေစမ်းပါကွယ်။ နေရာတ
ကလေးဆိုးကြီးလို လုပ်မနေစမ်းပါနဲ့"

"အဘွား သွားလိုက်ဦးမယ်နော် မြေးလေး"

အဘွားက နှုတ်ခမ်းစူထော်ပြီး စိတ်ကောက်နေသည့် ဟန့်
လေးကို တစ်ချက်နမ်းကာ သူ့သူငယ်ချင်း အဘွားမော်လီ လာ
သည့်ကားနှင့် အခန့်သား လိုက်သွားတာကိုကြည့်၍ ဟန်ငိုချင်လာ





စိတ်ထဲတလှိုက်ပြီး ဝမ်းနည်းနေသော်လည်း မျက်ရည်ကမကျ။ စိတ်ထဲမှာတော့ နေခဆိုသည့်လူကို အမှန့်ကြိတ်ချင်နေသည်။

သိပ်လူ့ပါးဝတဲ့လူ။

ဟန့်နှုတ်ဖျားက ဘယ်နှကြိမ်မြောက်မှန်းမသိ ရေရွတ်ခြင်းဖြစ်ကြောင်းကို ဟန့်ကိုယ်ဟန်လည်း သတိမထားမိ။ ဟန့်အသိထဲစွဲနေသည်က နေခ လူပါးဝလွန်းသည်။ ဟန့်ကို မညှာမတာ နမ်းချင်တိုင်းနမ်းသဖြင့် နေခကို သတ်ပစ်ချင်သည်။ လုံးဝလက်မထပ်တော့ဟုဆုံးဖြတ်သည့်အထိ နာနာကြည်းကြည်းဖြစ်ကာ အဘွားကို သူမ ဆန္ဒကိုတင်ပြခြင်းဖြစ်သည်။ နေခကို ဟန် လက်မထပ်ပါရစေနဲ့ဆိုသည့်စကားကို အဘွားက လက်မခံ။ ဟန့်ကိုပြန်နားချပြီး သူ သွားစရာရှိတာထွက်သွားသည်မှာ အဘွားအပြစ် မဟုတ်။ ဟန်တို့ မင်္ဂလာကိစ္စကနေခမာမီနှင့် အဘွားကြောင့် ဟန်တို့အသိုင်းအဝိုင်းအားလုံးနီးပါး သိထားပြီးကာမှ ထိုမင်္ဂလာပွဲကို ဟန်က ဖျက်ပစ်မည်ဆိုတော့ အဘွားကဟန့်ကို ကလေးဆိုးနှင့်တူသည်ဟု ဆိုသည်။

တကယ်ဆိုးသူက ဟန်မဟုတ်။

နေခဆိုသည့် လူဖြစ်ကြောင်း အဘွားကို ဟန်ပြောချင်ပေမယ့် ဟန့်အပေါ် ဘယ်လိုဆိုးသည့်အကြောင်း ဟန့်ကို အဘွား မေးလာလျှင် ဟန် မဖြေတတ်၍ ထိုစကားကို ဟန့်ရင်ထဲမှာသာ သိမ်းထားရ၏။ မသိမ်းထားလို့လည်း မဖြစ်။ နေခဆိုသည့်လူက အဘွားမြေးကို သူ့သဘောနဲ့သူ နမ်းချင်တိုင်း နမ်းသွားပါသည်ဟုဆိုလျှင် ဟန့်တိုင်ကြားချက်ကို နားထောင်ပြီး အဘွား ရယ်ပေလိမ့်မည်။

ချစ်လို့နမ်းတာ အပြစ်လားကွယ်ဟုဆိုလျှင် ဟန် ဘာပြောရမည်



www.burmeseclassic.com

www.burmeseclassic.com



နည်း။ ဟန်မှသူ့ကို မချစ်ဘဲဟု အဘွားကို ပြန်ပြောလျှင် ဘာဖြစ်မည် ကလေးဆန်နေရတာလဲ မြေးရယ်။ မောင်နေခဆိုတာ ဟန်နဲ့ သူစိမ်း တွေလား။ မကြာခင် လူသိရှင်ကြား အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာဆောင်ကြမည့် မင်္ဂလာမောင်နှံ။ ဟန့်ခင်ပွန်းလောင်းတစ်ယောက် က သူနဲ့လက်ထပ်မဲ့ သတို့သမီးလောင်းဟန့်ကို နမ်းတာလောက်တော့ အပြစ်ဟုမဆိုသာပါဟု ဟန့်ဘက်က မပါဘဲ နေခဘက်က ရှေ့နေ လိုက်ပေးမည့် အဘွားအကြောင်းကို ဟန်အသိဆုံး ဖြစ်သည်။

ဟန့်သူငယ်ချင်းမတွေကိုပြောလျှင် အဘွားပြောတာနှင့် အတူ ဟန့်ကိုသာ ပြန်ဆုံးမကြမည်ဖြစ်ကြောင်း နေခကို မကျေနပ်တိုင်း ဟန် ဒီလိုလူကို လက်မထပ်ဖူးဆိုတာပဲ သူမတစ်ယောက်တည်း မကျေ မနပ် မကြာခဏ ရေရွတ်နေရတာနှင့်ပဲ အဆုံးသတ်နေ၏။

မုန်းစရာကောင်းလိုက်တဲ့လူ။

သူ့လိုလူကို လက်ထပ်ရင် ဟန်ဘယ်တော့မှ နောင်တမရစေ ရပါဆိုတာက ပါသေးသည်။ တွေးရင် ဟန့်မှာ မကျေနပ်။

"တီ... တီ"

အိမ်ရှေ့က ကားသံကြောင့် ဆူဝေနေသော ဒေါသကိုသိမ်းပြီး အိမ်ရှေ့က ကားကိုထွက်အကြည့်။ ကားပေါ်က ဆင်းလာသည့် သတို့ နှင့် လမ်းမှာ ဆုံမိကြသည်။

"ဟန်"

"ဒီအချိန်ကြီး ဘယ်ကနေ မျက်စိလည်လာတာလဲ သတိုး"

ဆေးရုံက ဆရာဝန်ကို သူ့တာဝန်ကျနေသည့် ဆေးရုံမှာ မတွေ့ ရဘဲ ဟန့်မျက်စိရှေ့ ရောက်နေတာကြည့်ပြီး ဟန် ရယ်မောပြောလိုက်





ပေမယ့် သတိုးက သဲ့သဲ့ပြုံး၍ ဟန့်မျက်နှာလေးကို ကြည့်သည်။

"ကိုယ်အခုပဲ ဆေးရုံကို သွားမလို့ပါ။ လမ်းကြုံတာနဲ့ ဟန့်ကို ဝင်ခေါ်တာ"

သတိုးပုံစံက ထုံးစံအတိုင်း တည်ငြိမ်သလို စကားပြောပုံက လည်း ညင်သာသိမ်မွေ့သည်။ ဟန့်မှာ သတိုးစကားကို နားထောင်ပြီး ဘာကိုဆိုလိုမှန်း ရုတ်တရက် နားမလည်။

"သတိုးက ဟန့်ကို ဝင်ခေါ်တာဆိုတော့ ဟန်က သတိုးနဲ့ ဘယ်ကိုလိုက်ခဲ့ရမှာမို့လဲ"

"ကိုယ့်ဆေးရုံကိုပါ"

"ဆေးရုံကို"

"ဟုတ်တယ်ဟန်၊ အဘွား ရှော့ခ်ရလို့ အခု ကိုယ့်ဆေးရုံမှာ ရောက်နေတယ်"

"အဘွား ဟုတ်လား"

အခုမှ သတိုးဆိုလိုရင်းကို သဘောပေါက်ကာ ဟန် မျက်နှာ ပျက်သွား၏။

"အဘွားက ဘယ်လိုဖြစ်ပြီး..."

"လမ်းရောက်မှ ဟန်သိချင်တာကို ကိုယ်ဆက်ပြောပါ့မယ်။ အခု ကိုယ်တို့အဘွားဆီ သွားကြရအောင် ဟုတ်လား"

ဟန်က ယောင်ချာချာနှင့် အိမ်ကို သော့ပိတ်ပြီး သတိုးကားနှင့် အဘွားရှိသည့် ဆေးရုံကို လိုက်ခဲ့ရပေမယ့် အဘွားမျက်နှာ အဘွား အပြုံးတွေက မျက်လုံးထဲက မထွက်။ ခပ်စောစော အချိန်တုန်းက နေခဆိုသည့် လူကို လက်မထပ်ချင်ကြောင်း အဘွားကို ဂျီကျနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဟာန်နှင့်နေရာတကာ ကလေးဆိုးကြီး လုပ်မနေနဲ့ဆိုသည့် အဘွား ရယ်ရယ်မောမော ဟာန့်ကို နှစ်သိမ့်နေသည့်ပုံက ဟာန့်အသည်းမှာ လျက်ကျန်ခဲ့သည်။ သတိုးက အဘွား အချိန်မီဆေးရုံကို ရောက်လာ ပါသည်ဟု ဆိုသော်လည်း ဟာန့်ရင်ထဲမှာ အဘွားအကြောင်းတွေးပြီး ဟာန့်စိတ်တွေ လေးလံထူပူနေ၏။ သတိုးပြောပြ၍ အဘွား အခုချိန် သတိမရသေးပါဆိုတော့ ပိုဆိုးသည်။

"သတိုး"

"ဟာင်"

"ဟာန့်ကို အမှန်အတိုင်း ပြောစမ်းပါ… လက်ရှိ အဘွားအခြေ အနေက စိတ်ချရရဲ့လားဟင်"

"အမှန်အတိုင်း ပြောရရင် စိုးရိမ်ရတယ်ဟာန်။ ဒါပေမဲ့ သိပ် လည်း မစိုးရိမ်ပါနဲ့ ကိုယ်တို့ အစွမ်းကုန် ကြိုးစားနေပါတယ်"

လူတစ်ယောက်ကို ကားနှင့်ဝင်တိုက်မိတော့မလို ဖြစ်သွားသည် အဘွားမော်လီ၏ ကားဒရိုင်ဘာကြောင့် လန့်ပြီး ရှောင်(ခ်)ရသွားသည် အဘွားအခြေအနေကို ဟာန် မတွေးဝံ့ မတွေးရဲပါ။ ဖြစ်သည့်နေရာနှင့် သတိုးအလုပ် တာဝန်ကျနေသည့် ဆေးရုံနီး၍ အချိန်မီသည်ဟုဆို သော်လည်း အဘွားက သတိမရသေး။ ဟာန် ဆေးရုံ ရောက်သွားတော့ အဘွားနားမှာ အဘွားသူငယ်ချင်း အဘွားမော်လီနှင့်အတူ နေခနှင့် နေခမာမီကိုပါ တွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။

"လာ… လာမြေးလေး မောင်နေခတို့ကို အဘွားမော်လီပဲ ဖုန်းဆက် အကြောင်းကြားလိုက်ရတာ"

နေခတို့သားအမိ ဘာကြောင့် အဘွားဆေးရုံကို ရောက်လာ





လဲဆိုတာ ဟာန်အခုမှ နားလည်သွား၏။

"အဘွားမော်လီ ဖုန်းရတာနဲ့ မာမီတို့လည်း ဒီကိုချက်ချင်း ပြေးလာတာပါပဲကွယ်။ ရုတ်တရက်ကြီးဆိုတော့ မာမီဖြင့် ယုံတောင် မယုံနိုင်ဘူး"

နေခမာမီက ဆေးရုံခုတင်ထက်မှာ ဆေးထိုးပိုက် ဆေးထိုးအပ် တွေနှင့် လှုပ်မရလုံးလုံး ဖြစ်သွားသည့် အဘွားကိုကြည့်ပြီး စိတ် မကောင်းဖြစ်နေသလို အဘွားရဲ့တစ်ဦးတည်းသော မြေးဖြစ်သည့် ဟာန့် ကိုလည်း သနားကြင်နာစွာကြည့်ပြီး သက်ပြင်းချသည်။ နေခက ဘာမှ မပြော။ မျက်စိမျက်နှာပျက်နေသည့် ဟာန့်ကို တစ်ချိန်လုံး လိုက်ကြည့် နေပြီး ဟာန်က ဘယ်သူ့ကိုမှ မကြည့်နိုင်သလို ဘယ်သူနဲ့မှလည်း စကားမပြောနိုင်။ အဘွားမျက်နှာကို တစိမ့်စိမ့် စူးစိုက်ကြည့်ရင်း အဘွား ဘာမှမဖြစ်ပါစေနဲ့ဟု ဘုရားမှာသာ တွင်တွင်ဆုတောင်းနေ၏။

"အဘွား"

အဘွား လက်လေးကိုဆွဲပြီးတော့ အဘွားနားကပ်၍ အဘွားကို တိုးတိုးဖွဖွ ခေါ်မိ၏။ အဘွားက အန်မာကျက်စီခေါ် အရေးပေါ် အခန်း ထဲမှာ မလှုပ်မယှက် လှဲလျောင်း၍ ငြိမ်သက်နေဆဲ။

ဟာန့်ကို ခွင့်လွှတ်ပါ အဘွားရယ်။

ဟာန့်ကို သိပ်ချစ်သည့်အဘွားက ဘယ်သွားသွား ဘာလုပ်လုပ် သူ့အချစ်ဆုံး မြေးအတွက် အမြဲသောကရောက်နေခဲ့ရှာသူ။

အဘွားရယ်။

ဟာန်က အဘွားနားက မခွာ။

ဘာမှလည်း မစား၊ ဘယ်သူနဲ့မှလည်း စကားမပြော။ ဟာန့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာသည်။ အ
တွေပြော၍ ဘာတွေလုပ်နေမှန်းမသိ။ နေခက ဟန့်ကိုယ်စား လာသူ
လူတွေကို စကားပြောသည်။ တိုးတိုးကျိတ်ကျိတ် တိုင်ပင်စရာရှိ
တိုင်ပင်သည်။ နေခမာမီ ပြန်သွားသည်။ အန်တီနှင့်သတိုးက ဟန့်
ဝင်လိုက်ထွက်လိုက်။ နေခက ဟန့်နှင့်အသွားကို တစ်လှည့်စီကြည့်
ဟန့်ကို တစ်ခုခုစားဖို့ တိုက်တွန်းသည်။ ဟန့်က လက်မခံ။

တစ်ရက်၊ နှစ်ရက်။

သုံးရက်မြောက်နေ့မှ အသွား သတိပြန်ရသည်။

"အသွား"

ဟန့်က အသွားသတိရလာ၍ ဝမ်းသာနေ၏။

အသွားက ဟန့်ကိုတစ်ချက်ကြည့်ပြီး မျက်ဝန်းတွေ ပြန်မှိတ်သွား
တော့ အသွားနားမှာ တာဝန်ကျဆရာဝန်တွေ ဝိုင်းနေသည်။ နေခမ
ရောက်လာသည်။ အသွားဒုတိယအကြိမ် ပြန်သတိအရမှာ စကားတ
ခွန်းကို အားယူပြောသည်။

"ရွှေနေ"

"ရှင်"

"မောင်သက်ကို ခေါ်..."

အသွားက မောင်သက်ဟု ခေါ်နေသူက အသွား၏ အတိုင်ဝင်
ရှေ့နေကြီးဦးသက်ခိုင်ကို ပြောမှန်းသိ၍ ဖုန်းဆက်ပြီး ပြောရသည်
ဦးသက်ခိုင်က သူကိုင်နေကျ ရုံးသုံးအိတ်မည်းကြီးနှင့် အသွားနား
ချက်ချင်း ရောက်လာပြီး အသွားပြောသမျှကို ရိုသေလေးစားစွာ နား
ထောင်သည်။





"စာ... ချုပ်"

အသွားက သူပြောချင်တာကို အားယူပြောသည်။ ဦးသက်ခိုင်က အသွားဆိုလိုရင်းကို သဘောပေါက် နားလည်စွာ ဟန်နှင့် နေခတို့ လက်ထပ်စာချုပ်ကို အသွားရှေ့ထုတ်ပြတော့ အသွားက ခေါင်းကို သူပ်သည်ဆိုရုံလုပ်ပြီး နေခနှင့်ဟန့်ကို လှမ်းကြည့်သည်။

"ဒီမှာ... မင်းတို့ လက်မှတ်ထိုးပါ"

"ဟုတ်ကဲ့"

ဟန်နှင့်နေခ ဦးသက်ခိုင် ပြောသည့်အတိုင်း လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြရင်း အသွားမျက်နှာကို ဟန် ငိုမလိုမျက်နှာနှင့် လှမ်းကြည့်မိသည်။ အသွားက သူ့ကိုယ်သူ သိနေပြီဟု ဟန်နားလည်လိုက်တော့ ဟန့်ရင်ထဲ နစ်ခနဲ ဖြစ်သွားသည်။

"သူတို့ လက်ထပ်လိုက်ကြပါပြီ အသွား"

အသွားက ဦးသက်ခိုင်စကားကို ငြိမ်သက်စွာ နားထောင်နေပြီးမှ ဟန့်ကို တစ်ချက်လှမ်းကြည့်သည်။ ထိုအကြည့်က ဟန့်အတွက် အသွား၏ နောက်ဆုံးအကြည့်၊ နှုတ်ဆက်ကြည့်ဖြစ်ကာ အသွား မျက်ဝန်းအစုံ ထာဝရစေ့ပိတ်သွားသည်။

"အသွား... အသွား"

"ဟန်"

"အသွား"

ဟန်က အသွားကိုယ်ကို မလွှတ်တမ်းဖက်ပြီး အရူးမလေး တစ်ယောက်လို အော်ဟစ်ငိုယိုရင်း အသွားကိုယ်လေးပေါ်သို့ ဟန့် တစ်ကိုယ်လုံး ပျော့ခွေကျသွားကာ သတိလစ်မေ့မျောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားရဲ့ နောက်ဆုံးခရီးကို ဦးဆောင်စီစဉ်သူက နေခဖြစ်သည်။ ဟန်ကိုယ်တိုင်ကမူ ဘာဆို ဘာမှမသိ။ အသိတရားက ဟန့်ကိုယ်မှ လွင့်စင်ကာ အဘွားနောက်သို့အတူ လိုက်ပါသွားရဲ့။

တစ်နေ့တော့ ဤခရီးလမ်းကို လျှောက်ကြရမည်။ မလွဲမသွေ ခွဲခွာကြရမည်ဟု သိထားသော်လည်း တကယ်လက်တွေ့ ရင်ဆိုင်ကြရသည့်အချိန်မှာ ဟန့်ဘက်က မခံစားနိုင်အောင် ဖြစ်ကျန်ခဲ့သည်။ ဟန့်ဘဝရဲ့ ကိုးကွယ်ရာ၊ တွယ်တာမြတ်နိုးရာက မရှိတော့။ ဟန် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် အထီးကျန်ဆွတ်ပျံ့ လွမ်းမောဖွယ် ခရီးက အဘွားအရိပ်၊ အဘွားအငွေ့အသက်တွေနှင့် ပြည့်လျှမ်းကာ ဘယ်နေရာကြည့်ကြည့် အဘွားကိုချည်း မြင်ယောင်လျက် မျက်ရည်က မဆည်နိုင်။

"ဟန်သိပ်ပင်ပန်းနေပြီ။ အိမ်ထဲမှာချည်း မနေဘဲ ခရီးတစ်ခု ဖြစ်ဖြစ် ထွက်ပစ်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဟင့်အင်း... ဟန်အဘွားနားမှာပဲ နေ သယ်"

အဘွားခေတ်ပုံကြီး ရှေ့ကမခွာသည့်ဟန်က အအိပ်ပျက်၊ အစားပျက် ဖြစ်သည့်ဒဏ်ကြောင့် ဟန်ကိုယ်တိုင် ဖျားနေပြီ ဖြစ်သည်။

ဘယ်သူမှ ဟန့်ကို ဖျောင်းဖျနှစ်သိမ့်၍မရ။ ဘယ်သူ့စကားကိုမှ နားမထောင်သည့်ဟန်က အဘွားအခန်းကို နေ့တိုင်းသွားသည်။ မနား တမ်း ငိုသည်။ အစားအသောက်ကို ဟုတ်တိပတ်တိ မစား။ ဟန့်ကို ကြည့်ပြီး ဟန်နှင့်ထပ်တူ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရသူက နေခ။

"သားမိန်းမကို ဒီအတိုင်း ပစ်ထားလို့ မဖြစ်ဖူးနော်သား...





တော်ကြာ သူ့အဘွားစိတ်နဲ့ သူပါ ဒုက္ခရောက်တော့မယ်"

နေခမာမီက နေခကို သတိမပြတ်ပေးသည်။ ဟန်ဖြစ်နေပုံက သည်း မြင်တွေ့ရသူအပေါင်း ဘယ်သူမှ စိတ်ချမ်းသာစရာ မရှိ။ ဒီ ပုံအတိုင်း ဟန့်အလို ဆက်လိုက်ထားရင် ဟန့်ကိုပါ အဘွားနှင့်အတူ သက်လွှတ်ဆုံးရှုံးရမလို ဖြစ်နေတာကို နေခကိုယ်တိုင် ဒီအတိုင်း လက် ပိုက်ကြည့်မနေနိုင်။ ဟန်ဆိုတာ သူ့မိန်းမ။ နေခရဲ့ တရားဝင်ဇနီး မယား။ ပြီးတော့ နေခ ဘဝ။ နေခ နှလုံးသား။ နေခ အချစ်မြတ်နိုး ဆုံးမိန်းမ။

"အပြင်မှာ သိပ်အေးနေပြီဟန်၊ အိမ်ထဲဝင်ကြစို့နော်"

ဟန်က မလှုပ်။

အေးစက်နေသည့် မျက်ဝန်းတွေနှင့် ခံစားချက်မဲ့နေသူတစ် ယောက်လို မျက်စိတည်ရာကြည့်ပြီး ငြိမ်မြဲငြိမ်နေ၍ ဟန့်အတွက် နေခ စိတ်ပူလာသည်။

"ဟန်... ကိုယ်ပြောနေတာ ကြားလား"

"ဟန်"

ဟန့်ကိုယ်လေးကို ပခုံးကကိုင်ပြီး သူ့ဘက်ကို ဆွဲလှည့်လိုက် တော့ ဟန့်တစ်ကိုယ်လုံး အေးစက်နေ၍ သူလန့်သွားသည်။

"ကြည့်စမ်း... ဒီလောက်အေးနေရက်နဲ့ ဘာလို့ညကြီး အချိန် မတော် အပြင်ဘက် ထွက်ထိုင်နေရတာလဲဟင်"

"ဟန့်ကြောင့် ကိုယ့်ရင်တွေ ဘယ်လောက်ခံစား နာကျင်နေရ တယ်ဆိုတာ မင်းသိရဲ့လား ဟန်"

"မင်းက... ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟန်. . . ဟန်"

ဒေါသနှင့်ဟန်ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲအခါ ဟန့်က နေခရင်ခွင်ထဲ ငိုက်ခနဲ လဲပြိုသွားမှ သူလန့်သွားကာ ဟန့်အမည်ကို အလန့်တကြား ခေါ်ပေမယ့် ဟန်က မထူးနိုင်တော့ နေခရင်ခွင်ထဲမှာ သတိလစ်နေသည်။

ဟန်ရယ်။

ဟန့်မိသားစုဆရာဝန်ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောတော့ အန်တီဦးက သူ့ကားနှင့် ချက်ချင်းရောက်လာသည်။ လိုအပ်တာတွေ စစ်ဆေးပြီး ဆေးထိုးဆေးပေးသည်။

"ဟန့်ကို ဒီအတိုင်း ထားလို့မဖြစ်ဘူး မောင်နေခ။ သူ့စိတ် အပြောင်းအလဲ ဖြစ်သွားအောင် တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"ခရီးသွားရအောင် ဆိုတော့လည်း သူက လက်မခံဘူး အန်တီဦး"

ဟန့်အကြောင်းကို သိနေသည့် အန်တီဦးက နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဟန့်ကိုကြည့်ပြီး သက်ပြင်းချသည်။

"ဟန့်အဖြစ်က သနားစရာပါကွယ်။ မောင်နေခသာ ဟန့်နားမှာ မရှိရင် အန်တီတော့ ဟန့်အကြောင်း တွေးတောင်မတွေးရဲဘူး။ အဘွားကိုယ်တိုင်ကလည်း သူ့မြေးအကြောင်း သူသိလို့ အခုလို မောင်နေခလက်ထဲ ဟန့်ကို သေချာထည့်ပေးသွားရှာတာ"

"ကျွန်တော် ဟန့်ကို ဒီမှာဆက်မထားချင်တော့ဘူး အန်တီ"

နေခက သူ့သဘောထားကို အန်တီဦးကို ပြောတော့ အန်တီဦးက ဟန့်မျက်နှာလေးကို တစ်ချက်လှမ်းကြည့်သည်။





"ကျွန်တော် ဟန့်ကို ကျွန်တော်နေတဲ့ အိမ်မှာပဲ ထားချင်တယ်"

"ဟန်က လိုက်ပါ့မလား"

"မလိုက်လို့ ခက်နေတာပေါ့အန်တီ။ သူ့အဘွားရှိတဲ့ နေရာမှာ နေမယ်ဆိုတာပဲ ပြောနေလို့ ကျွန်တော် စိတ်ညစ်နေတာ"

ဟန်တို့ မြေးအဘွားအကြောင်း အသိဆုံးက အန်တီဦးဖြစ်၍ နေခပြောတာကို ငြိမ်နားထောင်နေသည်။

"ဖြည်းဖြည်းတော့ ဖျောင်းဖျရမှာပေါ့ကွယ်။ သူ့အချစ်ဆုံး အဘွားကို ဆုံးရှုံးလိုက်ရတယ်ဆိုတော့လည်း ပုံမှန်တော့ ဘယ်ဖြစ်ဦးမှာလဲ။ ဟန့်အတွက် အချိန်တော့လိုတယ် မောင်နေခ"

"ကျွန်တော် နားလည်ပါတယ်။ ဟန်အခုလို ဖြစ်နေပုံနဲ့ သူပါ တစ်ခုခုဖြစ်သွားမှာကို ကျွန်တော် အကြောက်ဆုံးပဲ"

မှန်သည့်အတိုင်း ဆိုလိုက်ခြင်းပါ။ ဟန့်ကို ဤမျှခံစားချက် ပြင်းထန်သူ။ အသည်းနုသူဟု မထင်ခဲ့။ အခုတော့ ဟန်က အပေါ်ယံ မာကျောသယောင်နှင့် အင်မတန် နူးညံ့သိမ်မွေ့သော နှလုံးသားပိုင်ရှင်။ အထိအရှမခံသော နှလုံးသားပိုင်ရှင် ဖြစ်နေတော့ ခက်သည်။

"ဟန်ဖြစ်နေတာက စိတ်ထောင်းတော့ ကိုယ်ကျေဆိုတာမျိုးပါ။ သူ့စိတ်သူ ဖြေသိမ့်နိုင်လာတဲ့ အချိန်အထိ အန်တီတို့ စိတ်ရှည်လက်ရှည် စောင့်ကြတာပေါ့"

အန်တီဦးက နေခကို နှုတ်ဆက်ပြန်သွား၏။ ဟန့်ကို ဒီပုံအတိုင်း ဆက်လွှတ်ပြီး စိတ်ရှည်လက်ရှည် စောင့်ရမည်ဆိုတာကို နေခ [illegible] မခံချင်။ ဟန်က သူချစ်သော အဘွားအတွက် လူးနေအောင် ခံစားနေရချိန်မှာ နေခကိုယ်တိုင်ကလည်း သူချစ်သောဟန့် ခံစားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး သူပါ ရှူးချင်နေတာကို သူပဲ သိသည်။ မီးရောင်အောက်မှာ မြင်နေရသော ဟန့်မျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။

လှပသောဟန်။

ချစ်စရာကောင်းသော ဟန့်ကို သူပိုင်ဆိုင်ခဲ့ရပြီဟူသော အသိက နေခရင်ကို နွေးထွေးလှုပ်ခတ်စေသည် မှန်သော်လည်း ဟန်နှင့်သူ့ ကြားက ဝေးကွာမှုကို ပြန်လည်နီးစပ်အောင် ဖန်တီးရဦးမည်။ အေးစက် နေသည့် ဟန့်နှလုံးသားကို သူ့လို နွေးထွေးလာမည်ဆိုလျှင် နေ ဘဝလောက် ပျော်စရာကောင်းတာ မရှိ။

ချစ်တယ် ဟန်ရယ်။

ဟန့်ပါးပြင်ကို ညင်သာစွာ ရှိုက်နမ်းရင်း ဟန့်နားမှာ သူ့ကိုယ် ကြီးကို လှဲချလိုက်သည်။ ဟန်နှင့်နေခတို့ မင်္ဂလာပွဲကို အကြီးအကျယ် အခမ်းနားဆုံးဖြစ်အောင် စီစဉ်ထားသော်လည်း အဘွားကိစ္စကြောင့် မင်္ဂလာဧည့်ခံပွဲကိစ္စကို စီစဉ်လို့မရသေးဘဲ ရက်ရွှေ့ထားရသည်။ ဟန့် ကို ထိုအကြောင်းတွေပြောလို့လည်း ဘာမှမထူး။ ဟန့်အာရုံထဲမှာ သူ့အဘွားပဲ ရှိနေ၍ မာမီကလည်း ဟန့်ကို ဘာမှမပြော။

နေခကတော့ မင်္ဂလာပွဲ ကျင်းပသည်ဖြစ်စေ၊ မကျင်းပရသည် ဖြစ်စေ သိပ်စိတ်မဝင်စား။ သူစိတ်ဝင်စားတာက ဟန်။ ဟန့်ကို သူ တရားဝင် ပိုင်ဆိုင်ခွင့်ရထားပြီးပြီ။ ဘယ်အချိန်ကျမှ မင်္ဂလာဧည့်ခံပွဲ ကျင်းပရမည်နည်း။ အရေးကြီးတာက ဟန်က သူ့ကိုချစ်နေဖို့ ဖြစ် သည်။ ဟန့်မေတ္တာကို အပိုင်ရချင်သော်လည်း သူ့စိတ်ကူးကို လက်တွေ့ အကောင်အထည် ဖော်ခွင့်မရ။ သူလက်ရှိ တာဝန်ထမ်းဆောင်နေရ သည်က ဟန်သွားရာနောက် တကောက်ကောက် လျှောက်လိုက်ပြီး





...န်အန္တရာယ်မဖြစ်အောင် အရိပ်ကြည့် ကာကွယ်စောင့်ရှောက်နေရ ...င်းဖြစ်သည်။

အခန်းမီးကို ငြိမ်းလိုက်တော့ အိပ်ခန်းထဲမှာ ညအိပ်မီးရောင် ...ာလဲ့လဲ့လေး ကျန်ခဲ့သည်။ အိပ်မပျော်နိုင်၍ နေခအတွေးတွေ ဟို ...ောက်ဒီရောက် ဖြစ်နေချိန်မှာ ဟန့်ထံမှ ငိုရှိုက်သံသဲ့သဲ့နှင့်အတူ သူ့ ...ဘွားကို တမ်းတမ်းတတလေး ခေါ်ညည်းသံလေးကို ကြားလိုက် ...ေ၏။

ဟန့်မျက်နှာလေးကို စိတ်မကောင်းစွာ စူးစိုက်ကြည့်နေရာမှ ...သက်ပြင်းချသံက တိတ်ဆိတ်သော အခန်းထဲ ရင်မောပမ်းလျစွာ ...ေမျောပျံ့လွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အို… ဒါက ဘယ်လိုဖြစ်တာလဲ"

ဟန်အိပ်ပျော်ရာက နိုးလာချိန်။ သူမနှင့်တစ်အိပ်ရာတည်း အ… ရှိနေသည့် လူတစ်ယောက်ကြောင့် ဟန့်မျက်နှာလေး ထူပူသွား… သူမအဖြစ်ကို သူမ သတိထားလျက်သား ဖြစ်သွားသည်။ ဘာ… ဘယ်လိုဖြစ်သည်ကိုတော့ ဟန်လည်း သေချာစွာ မမှတ်မိ။ ဟန်… ဖြစ်နေတာက နေခဆိုသူရဲ့ ရင်ခွင်ထဲ သူမကိုယ်လေးတိုးဝင် … ရှိနေခြင်းနှင့် ဟန့်ခါးလေးပေါ် လက်တင်ပြီး နှစ်ခြိုက်စွာ အိပ်နေသ… နေခ၏ အသွင်သဏ္ဍာန် ဖြစ်သည်။

နေခ အသက်ရှူသံက ဟန့်ပါးပြင်နှင့် လည်တိုင်မှာ တိုး… နေသလို သူမခါးပေါ်က နေခလက်ကြီးကြောင့် မလှုပ်ရဲ။ ဖြစ်ပျက်ပုံ… စဉ်းစားသော်လည်း အဖြေက မရ။ ဟန် အိပ်ရာပေါ် အခန့်သ… ဝင်အိပ်နေသည့် နေခနှင့် ဟန့်ကိုယ်လေးကို ဖက်ထားသည့် နေခလ… ကို အရင်ဖယ်ချပစ်ရန် အပြေးအလွှား အကြံထုတ်သည်။ ဘ… အချိန်က ဒီလူ ဟန့်အိပ်ရာပေါ် ရောက်နေသည်မသိ။ နေခလက်ကြီး…





…ကိုယ်ပေါ် အသာလေး ဖယ်ရှားနေချိန်မှာ အအိပ်ဆတ်သည့် နေခ …လုံးတွေ ဖျတ်ခနဲ ပွင့်လာတာနှင့် ကြုံသည်။

"နိုးပြီလားဟန်"

"အင်း"

သူက ဘာမှမဖြစ်သလို ဟန့်မျက်နှာလေးကိုကြည့်ပြီး နှုတ်ဆက် …တော့ ဟန်ကလည်း ဘာမှမဖြစ်သည့်ပုံနှင့် နေခကို ခေါင်းညိတ်ပြ …ိုက်တော့ သူ့လက်က ဟန့်ပေါ်က အလိုလိုဖယ်ပြီးသား ဖြစ်သွား …သည်။

"နေလို့ကောင်းရဲ့လား ဟန်"

"အင်း"

သူထံမှ ဒုတိယအမေးကို ဟန်က ဒုတိယအကြိမ် ခေါင်းညိတ် …ခြင်းဖြင့် အဆုံးသတ်ပြီး ခုတင်ပေါ်ကဆင်းတော့ သူက ဟန့်ကို …အိပ်ရာပေါ်က လှမ်းကြည့်သည်။ နေခရှေ့က ရေချိုးခန်းထဲ ရောက် …သွားမှ ဟန့်အဖြစ် ဟန်တွေးပြီး ရင်လေးကို ဖိလိုက်သည်။

ဒီလူ နေခဆိုသည့် လူနဲ့ဟန်ကြားမှာ ဖြေရှင်းရမည့် ကိစ္စတွေ …ရှိနေတာ ဟန် မေ့နေသည်။ အတွေးကလွဲပြီး ဟန့်အာရုံထဲ ဘာဆိုဘာမှ …မရှိသည့်အချိန်မှာ နေခဆိုသည့်လူက ဟန့်အိပ်ရာပေါ် ရောက်နေခြင်း …သား။

ဟန်တို့ ဘာမှမဖြစ်ကြသေး။

သန့်စင်သည့် ဟန်ကို ဒီလူအခွင့်အရေး မယူတာ ကျေးဇူးတင် …သော်လည်း ဟန့်အိပ်ရာပေါ်အထိ ဟန်ခွင့်မပြုဘဲ ရောက်နေတာကို …တော့ သဘောမကျ။ အရင်ရက်တွေက ဟန်တစ်ယောက်တည်း လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ကျယ်ပြန့်စွာ အိပ်စက်အနားယူခဲ့သည့် ဟန့်အိပ်ရာပေါ် သူ့သ[illegible]
နှင့်သူ ရောက်နေတာက လွန်သည်။ ကျေနပ်စရာမရှိ သူနဲ့ဟန် [illegible]
စာတမ်းနှင့် တရားဝင် လက်ထပ်ထားတာပါလားလို့ တွေးမိ[illegible]
ဟန်တစ်ကိုယ်လုံး ရေချိုးကန်ဘေးမှာ ပုံရက်လေး ဖြစ်သွား၏။

အဘွား။

မျက်ရည်တွေ စီးကျလာသည်။ အဘွားရဲ့ အစီအမံ၊ အဘွား[illegible]
နောက်ဆုံးဆန္ဒ၊ မျက်ရည်တွေကြားက ဟန့်တစ်ကိုယ်ရေ သန့်ရှ[illegible]
လုပ်ပြီး ရေတဝချိုးပစ်သည်။ အခု အဘွားဖြစ်စေချင်တဲ့အတိုင်[illegible]
ဖြစ်ခဲ့ရပြီပဲ။ အဘွား ကျေနပ်မှာပါဟု တွေးနေတုန်း ဟန်ရေချိုး[illegible]
တံခါးကို အပြင်က တခေါက်ခေါက် ခေါက်သံပေါ်လာ၏။

"ဟန်"

"ရေချိုးနေတာလား"

စိုးရိမ်သံမှန်း သိပေမယ့် ဟန်မဖြေ။

ချုပ်ချယ်တားဆီးခြင်းကို ဟန်ဘယ်လောက် မုန်းလဲဆိုတာ[illegible]
ဟန်မှလွဲ၍ ဘယ်သူမှမသိ။ ဟန့်ကို ချုပ်ချယ်မှုတွေ လုပ်ဖို့ အဘွား[illegible]
နေခဆိုသည့်လူကို ဟန့်ဘေးမှာ ထားခဲ့သည်။

"ဟန်… ကိုယ်ပြောနေတာ ကြားလား၊ ရေအကြာကြီး ချိုး[illegible]
မဖြစ်ဘူး။ ရေချိုးခန်းထဲက အခုထွက်ခဲ့တော့ ဟန်"

အထဲက မလှုပ်။

အပြင်မှာ ရပ်နေသည့် နေခရင်ထဲ စိုးရိမ်မှုတွေနှင့် ထန့်[illegible]
စိတ်မချ ဖြစ်လာ၏။

"ဟန်"





"ကျွိ"

နောက်တစ်ကြိမ် ဟန့်အမည်ကို ခေါ်မည်အပြု ရေချိုးခန်းတံခါး
ပွင့်လာပြီး ရေချိုးပြီးစအသွင်နှင့် ရေချိုးခန်းထဲက ဟန် ထွက်လာ၏။

"ကျေးဇူးပြုပြီး ဒီမှာ ဟန်တစ်ယောက်တည်း နေပါရစေ"

"အိုကေ"

ဟန်က နေခကို မကြည့်။

သူပြောစရာရှိတာပြောပြီး နေခနားက ချာခနဲ လှည့်ထွက်သွား၍
နေခက ဟန့်ကိုတစ်ချက် စိုက်ကြည့်ပြီး ဟန်ပြောသည့်အတိုင်း သူမ
အခန်းထဲက ထွက်ခဲ့၏။ ပထမဆုံး ဟန့်ဘက်က သူ့ကို အသိအမှတ်ပြု
စကားပြောလာတာကို ကျေနပ်နေသည်။ သူစိတ်ကြိုက် ရွေးယူထား
သည့်အခန်းမှာ ကိုယ်လက်သန့်စင် ရေချိုးရင်း နေခ နှုတ်ခမ်းမှာ
အပြုံးသဲ့သဲ့ ထင်လာ၏။ အရင်က သူ့ကို ရှိနေမှန်းပင် ဟန် မသိ။
တွေးချင်ရာတွေး ငေးချင်ရာငေးပြီး နေခကို ကျော်ဖြတ်သွားလာနေပုံက
ဟန့်ကမ္ဘာထဲမှာ ဟန်တစ်ယောက်တည်း ရှိနေပုံ ဖြစ်သည်။ အခု
ဟန် ပြောင်းလဲလာသည်။ ဘယ်အရာက ဟန့်ကို ပြောင်းလဲစေ
သနည်း။

ရေချိုးကန်ထဲမှာ စိမ်နေရင်း စဉ်းစားလို့ ရလာသည့် အဖြေက်
တစ်ခုတည်း။ ဒီည ဟန့်အိပ်ရာပေါ်မှာ ဟန်နှင့်အတူ သူ အိပ်ခဲ့သည်။
ထိုအရာကို ဟန် မနှစ်သက်။ ပြီးတော့ နေခနှင့်ဟန် အိပ်ရာပေါ်က
အနေအထားအရ သူ့ရင်ခွင်ထဲ ဟန့်ကိုယ်လေး ရောက်နေသလို၊ ဟန့်
ကိုယ်လေးကို ကြင်နာစွာ ထွေးပွေ့ထားသည့် နေခလက်များ၊ ဒီလို
အနေအထားမှာ ဟန် နေခကို သတိမထားမိ မနေနိုင်ဖြစ်ခဲ့ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ချစ်မြတ်နိုးစွာ နေခပြုံးသည်။

အသွားကိစ္စ ဖြစ်ကတည်းက ဟန့်အိမ်ရာပေါ် နေခရောက်သွားသည်။ မင်္ဂလာဆောင်ခံပွဲ မလုပ်ရသေးတာကလွဲပြီး ဟန်နှင့်သူ လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုး လက်ထပ်ပြီးကြောင်း ဟန့်ပတ်ဝန်းကျင်မှာရော နေခပတ်ဝန်းကျင်မှာပါ သိထား၏။ နေခဆိုတာ ဟန့်ခင်ပွန်းဖြစ်သလို ဟန်ဆိုတာကလည်း နေခဇနီးမယားအဖြစ် အားလုံးက အသိအမှတ်ပြုထားပေမယ့် နေခနှင့် ဟန်က အခုချိန်ထိ ဘာမှ မပတ်သက်သည့် တစ်မိုးအောက်တည်း အတူရှိနေသည့် အပျို၊ လူပျိုဖြစ်သည်။

နေခက ဟန့်သောကကို မျှဝေခံစားပြီး ချစ်သူမျက်နှာကို အရိပ်တကြည့်ကြည့် ကြည့်နေတာပဲ ရှိသည်။ ဟန့်ကို ဘာတစ်ခုမှ မနှောင့်ယှက်။ ဟန့်နားမှာ အရိပ်လိုနေပေမယ့် ဟန် မသိမမြင်သလို ဖြစ်နေသည့်အပေါ်မှာလည်း ဘာတစ်ခုမှ မခံစား။ ထိုပုံစံအတိုင်း ဟန့်နားမှာ နေခဲ့သည့် နေခကို ဟန် သတိပြုမိတာက ဒီနေ့မှပါ။ ဒါတောင် ဟန် အိပ်ရာကနိုးတော့ နေခရင်ခွင်ထဲ သူမရောက်နေပြီး ဟန့်အိပ်ရာထဲ ကျူးကျော်ဝင်ရောက်လာသည့် နေခကို သတိမထားမိ မနေနိုင် ဖြစ်ရခြင်းကြောင့် သုံ့ နားလည်၏။

နေခ အခန်းပြင် ထွက်လာတော့ ဟန့်ကို ညှော်ခန်းမှာ ဘာတစ်ခုမှ မပြင်မဆင်ဘဲ သဘာဝအတိုင်း လှပစွာ တွေ့လိုက်ရသည်။

"ဟန် ဘာစားချင်လဲ၊ ကိုယ်ဘာလုပ်ပေးရမလဲ၊ ဘာဝယ်ပေးရမလဲဟန်"

သူ ဟန့်နားရောက်သွားပြီး မေးလိုက်တော့ ဟန်က နေခကို





စူးစူးခနဲ မော့ကြည့်သည်။

"ရှင့်ကို ဟန် ပြောစရာ ရှိတယ်"

ဟန့်အသံက တည်ငြိမ်သဖြင့် ဟန့်မျက်နှာလေးကို သူစိုက်ကြည့်လိုက်သည်။ ဟန်က သူ့ကိုမကြည့်။

"ကိုယ့်ကို ဘာပြောချင်လို့လဲ ဟန်၊ ပြောလေ"

"ရှင် နောက်ကို ဟန့်ခွင့်ပြုချက်မရဘဲ ဟန့်အိပ်ရာပေါ် ပိုင်စိုးပိုင်နင်း ဝင်မအိပ်ပါနဲ့"

"ကိုယ်တို့က သူစိမ်းတွေလားဟန်"

"အို… ဘာဖြစ်ဖြစ်၊ ဟန်ပြောတာ နားမထောင်နိုင်ရင် ရှင်ဟန့်ကို ကွာရှင်းချင်လည်း ရတယ်"

ဟန့်အသံ၊ ဟန့်ရုပ်သွင်မှာ မကျေမနပ် ဒေါသလေးတွေ ထွက်လာ၍ နေခ ပျော်သွားသည်။ သူလိုချင်သည့် အပြောင်းအလဲ ဟန့်မှာ တွေ့နေရ၏။ သူ ကျေနပ်သည်။

"မဖြစ်နိုင်တာ မပြောပါနဲ့ဟန်၊ ကိုယ်ဟန့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ…"

"ရှင့်ကို ဘယ်သူမေးလို့ ဒါတွေပြောနေတာလဲ"

"ကိုယ်က ပြောချင်တယ်ဆိုရင်ရော"

"ရှင့်ဘာသာ တစ်ယောက်တည်း ပြောနေပေါ့"

"ဆောရီး… ဟန်၊ ဟန်မကြိုက်တာ ကိုယ်မပြောတော့ဘူးနော်လား။ အခု ကိုယ်ဗိုက်ဆာနေပြီ။ ကိုယ်တို့ တစ်ခုခုစားကြရင် ကောင်းဘူးလား"

"ဟန် မဆာဘူး"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဟန် စားချင်သောက်ချင်စိတ်မရှိ၊ ဟန်က အ အတိုင်း သူမ ဖြစ်နေတာကို ပြောပေမယ့် နေခဘက်ကျတော့ သူကို စိတ်ဆိုးဒေါသဖြစ်ပြီး ရွဲ့ပြောသည်ဟုထင်၍ ဟန့်ကိုကြည့် ချစ်စနိုးပြုံးသည်။ ဒီလိုပုံစံတွေက ဟန်နဲ့နေခကြားမှာ အရင်ကတည် ဖြစ်နေကျပါ။ အဘွားကြောင့် အချိန်အတော်ကြာ ပျောက်သွားရော အခုပြန်ရောက်လာခြင်း ဖြစ်သည်။

"ကော်ဖီဖြစ်ဖြစ် သောက်ပါ။ ကိုယ်ဖျော်ပေးမယ်"

ဟန် မတားနိုင်။

နေခလက်ရာကော်ဖီကို ဟန်ကိုယ်တိုင် အရင်ကတည် သဘောကျ ကြိုက်နှစ်သက်ပြီးသားဖြစ်၍ နေခလုပ်သမျှ ငြိမ်ကြ နေသည်။ နေခမာမီက ဟန့်အိမ်ကို အိမ်ဖော်လွှတ်ပေးပေမယ့် နေ လက်မခံ။ ဟန်နဲ့သူနှစ်ယောက်တည်း ဖြစ်သည်ဆိုတာနှင့် လက်ရေ သွားသည်။ ဟန့်နားက နေခ ထွက်သွားသည်နှင့် ဟန့်အတွေးရေ ပြန့်လွင့်သွား၏။ အရင်က ဒီအိမ်ကြီးမှာ ဟန်နှင့်အဘွားနှစ်ယော တည်း နေသည်။ အခု အဘွားမရှိတော့ နေခဆိုသည့်လူက ဟန့်အိ ပေါ် ရောက်လာသည်။

ရိုးရိုးရောက်လာခြင်း မဟုတ်။

ဟန့်ကို ပိုင်ဆိုင်သူ၊ ဟန့်ခင်ပွန်းအဖြစ် ရောက်လာခြင်း ဖြ သည်။ သွားပါဟု နှင်၍မရ။ ကွာရှင်းပါဆိုတော့လည်း လက်မခံ ဟန်သွားရာနောက် တကောက်ကောက်ပါနေသည့် ဟန့်အရိပ်အ ဟန်နှင့်အတူ ရှိနေမည့်အရေးတွေးပြီး ဟန် စိတ်ညစ်လာ၏။ တစ်အိ တည်း အတူနေရသည့်အပေါ်မှာလည်း ဟန် အပြစ်မဆို။ ထမင်





အတူစား၊ ဈေးအတူသွားရ၍လည်း ဟန်မမှု။

သို့သော် ဟန့်အိပ်ရာပေါ်အထိ ကျူးကျော်လာတာမျိုးကိုတော့ ဟန် လက်မခံ။ ဟန့်အသားကို ဟန့်သဘောမပါဘဲ ထိကိုင်လာတာ မျိုးက ဟန် အမုန်းဆုံး ဖြစ်၏။

"ကော်ဖီရပြီ ဟန်"

အသံနှင့်အတူ ကော်ဖီထည့်ထားသည့် ဇန်းတစ်ချပ်၊ ကြက်ဥ ကြော်၊ ပေါင်မုန့်မီးကင် ထောပတ်သုတ် အစုံပါလာ၏။

"ဒီနေ့ ဟန့်ကိုကြည့်ရတာ ကိုယ်တော့ သိပ်ပျော်တာပဲ။ ဟန် ဆော်တော်နေကောင်းလာပြီ"

ဟန်က နေခကို ဘာမှမပြော။

သူမရှေ့ချပေးသည့် ကော်ဖီကို အသံတိတ် ယူသောက်တော့ နေခက ဟန်ငြိမ်နေတာကို အကဲခတ်နေသည်။ အရင်လိုပုံစံ ပြန်ဖြစ် သွားမှာတွေးပြီး ကြောက်နေပေမယ့် ဟန့်ရှေ့ကို ပေါင်မုန့်ထောပတ် သုတ်ပန်းကန် ထိုးပေးသည်။

"ဗိုက်ထဲ အစားမရှိရင် ပိုဆိုးတယ်ဟန်၊ ဒီမုန့်လေးတော့ ကုန် အောင်စားနော်"

"ဟန် မစားတော့ဘူး၊ ရှင်ပဲစားပါ"

"တစ်ခုဖြစ်ဖြစ်စားပါ၊ ဒါမှမဟုတ် နည်းနည်းပါးပါး စားလည်း ရတယ်"

"ရှေ့… စားနော်"

နေခက ကလေးတစ်ယောက်ကို ချော့မော့ပြောနေသလိုပြောရင်း ဟန့်လက်ထဲ ပေါင်မုန့်မီးကင်တစ်ချပ် ဖွတ်လာထည့်သည်။ ဟန်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းမရ၍ ယူထားလိုက်ရပေမယ့် စားချင်စိတ်က မရှိ။

"ကိုယ့်လက်ရာကို နည်းနည်းဖြစ်ဖြစ် အားပေးပါဦး ဟန်ရယ် ဒါမှ ကိုယ်လည်း အမောပြေမှာပေါ့"

နေခက ဟန် မစားစားအောင် ဇွတ်တိုက်တွန်းသည်။

သူ့သဘောက ဟန့်ကို အစား စားစေချင်သည်။ အစားစားမှ အားရှိမည်။

အားရှိမှ ဟန် နေကောင်းမည်။ ဟန် နေကောင်း၍ ကျန်းမာလျှင် သူစိတ်ချမ်းသာရမည်။ နေခအတွေးက ဒါပဲ ဖြစ်သည်။ ဟန်က ဖြစ်နိုင်ရင် လက်ထဲက ပေါင်မုန့်ကို ဖြစ်ချင်ရာဖြစ် ပစ်ချချင်နေ၏။ နေခက ဇွတ်အတင်းစားခိုင်းတော့ စိတ်ကျေနပ်အောင် တစ်ကိုက် နှစ်ကိုက်စားပြီး ကော်ဖီနှင့် မျှောချသည်။ သို့သော် ဟန့်ကြိုးစားမှုက သိပ်မကြာလိုက်။

"ဝေါ"

"ဟာ... ဟန် ဘာဖြစ်တာလဲ"

ဟန်က နေခကို စကားမဆိုနိုင်။

လှိုက်ခနဲ ပျို့တက်လာ၍ ရေချိုးခန်းမှာ အန်မချခင် သောစင်ရှိရာ ပြေးသွားကာ ဝေါခနဲ အန်ပစ်တော့ နေခက ဟန့်နားမှာ ပျာယာခတ်ပြီး ပါလာသည်။

"ဝေါ့... အဝေါ့"

"ကိုယ် ဟန့်ကျောကို ဖိပေးမယ်နော်၊ ရေ့ဒီမှာ...ရေ-ဒါနဲ့ ပလုတ်ကျင်းလိုက်"

စားသမျှ အကုန်ပြန်အန်ချလိုက်မှ ဟန် နေရတာ သက်သာသွား





ဟုလို လူက ပျော့ခွေသွားသည်။

"လာ...ဟန်... ကိုယ့်ကိုတွဲ ဟန့်အိပ်ရာကို ကိုယ်လိုက်ပို့မယ်"

"ရှင်ဖယ်ပါ... ဟန့်ဘာသာ သွားမယ်"

ပါးစပ်ကပြောနေပေမယ့် လူက မဟန်နိုင်။ အခုပဲ လဲပြိုတော့မလို ဟိုယိုင်ဒီယိုင် ဖြစ်နေသည့် ဖြူဖျော့သွားသည့် ဟန့်ကိုကြည့်ပြီး နေခရင်ထဲ ပူနေသည်။

"ကိုယ်ဆရာဝန် ခေါ်လိုက်မယ်နော်ဟန်"

"မခေါ်ပါနဲ့"

"ဟန်မှ နေမကောင်းပဲ"

"အို... မခေါ်နဲ့ဆို မခေါ်နဲ့ပေါ့"

"ဖယ်ပါ"

ဟန့်မျက်နှာလှလှလေးမှာ ချွေးစေးပြန်နေ၏။ လူက ဖြူဖျော့နေပေမယ့် နေခ တွဲထားသည့်လက်ကို ဖယ်ချသည်။ နေခက မဖယ်။

"ကိုယ်ဟန့်ကို ပွေ့ခေါ်သွားမယ်နော်"

"အို... ဘာလုပ်တာလဲ ဟန့်ကို အခုအောက်ချပေး"

နေခလက်ထဲ ဟန့်ကိုယ် ပေါ့ပါးစွာ ပါသွားသည်။ ရုန်းပေမယ့် မရ။ နေခက ဟန့်အကြောင်းကောင်းစွာသိပြီးဖြစ်၍ သူမ ဖြစ်ချင်တိုင်း ဘာတစ်ခုမှ ဖြစ်ခွင့်မပေးဘဲ ဟန့်ကိုယ်လေးကို သူမအခန်းထဲ ပွေ့ချီမလာပြီ။ ဟန့်အိပ်ရာပေါ်ကျမှ အသာချပေးသည်။

"ရှင် သိပ်လွန်နေပြီနော်။ ဘယ်သူ ရှင့်ကို ဒီလိုလုပ်ခိုင်းလို့လဲ"

"ကိုယ့်နှလုံးသားက လုပ်ခိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



နေခစကားကြောင့် ဟန်နှုတ်ခမ်းကို တင်းတင်းစေ့ပြီး နေခ မျက်နှာကို မကျေမနပ် ကြည့်သည်။

"အခုမှ တော်တော်ချစ်တတ်၊ ခံစားတတ်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်။ ဟန်နဲ့ကျမှ ကိုယ်က ချစ်တတ်ခံစားတတ်သွားတာ"

ရွှန်းလက်သောအကြည့်။ နူးညံ့သိမ်မွေ့သော မျက်နှာမှာ ချစ်ခြင်းမြတ်နိုးခြင်းတို့ ပြည့်လျှမ်းနေတာကို မကြည့်ချင်ပဲ မြင်နေရတာတို့ပဲ ဟန် မုန်းသည်။

"တော်ပြီ ရှင်နဲ့စကားဆက်မပြောတော့ဘူး။ ဟန့်အခန်းထဲက ရှင်အခု ထွက်သွားပါ"

"ဟန်တစ်ယောက်တည်း ဖြစ်ပါ့မလား"

"အစကတည်းက ဟန်ဆိုတာ တစ်ယောက်တည်း နေလာခဲ့တာ အခုမှ အထူးအဆန်း လုပ်မနေနဲ့"

"အရင်ကနဲ့ အခု တူမှမတူပဲ"

"ရှင်မသွားဘူးလား၊ ရှင်မသွားရင် ဟန်သွားမယ်"

"ကောင်းပြီ ဟန့်ကို ကိုယ်အရှုံးပေးတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လက်ထပ်တဲ့ ကိုယ့်မိန်းမကို ချစ်လို့"

မျက်ဝန်းအစုံကို ဟန် တအားမှိတ်ပစ်သည်။ ရှေ့ဆက်ပြောမိလျှင် ဒီထက် အခြေအနေဆိုးတော့မည်။ နေခ ပြောသည့်စကားက အမှန်တရားဆိုတာ သိပေမယ့် ထိုအမှန်တရားကို ဟန်ကိုယ်တိုင် ရှတ်တရက် မကြားချင်။





"ကိုယ် အပြင်မှာ ရှိနေမယ်။ ဟန် ခိုင်းချင်တာရှိရင် ကိုယ့်ကို ခေါ်လိုက်နော်"

ဟန်က အင်းအဲပင် မလှုပ်။

မျက်စိမှိတ် ငြိမ်နေသည့် ဟန့်မျက်နှာလေးကို စိုက်ကြည့်ပြီး ဟန့်အခန်းထဲက နေခထွက်ခဲ့သည်။ သူကြောင့် ဟန် ဒေါသဖြစ်နေတာသိသည်။ ဟန့်စိတ်ကို အစကတည်းက ဒီလိုပုံစံနဲ့ အပြောင်းအလဲလုပ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲဟု နေခ တွေးနေချိန်မှာ ဟန်က သူမအိပ်ရာထဲ တခြားအတွေးနှင့် ငြိမ်နေ၏။

ထိုအတွေးက တခြားမဟုတ်။ သူမ အချိန်တော်ကြာ မေ့နေခဲ့သော အတွေးဖြစ်သည်။

"အန်ကယ်အဲဘတ်"

ဟန့်နှုတ်ဖျားက ဦးအဲဘတ်အမည်ကို အလန့်တကြား ရေရွတ်ရင်း ဟန့်ကိုယ်ဟန် လန့်သွားသည်။

ဘုရားရေ။

ဟန့်မှာ… ဟန့်မှာ…

ဟန့်အတွေးက ရှေ့ကိုမဆက်။ ထိုနေရာမှာ ရပ်တန့်ပြီး သူမအကြောင်း သူမ သေချာစဉ်းစားသည်။ ဟန့်ဆီမှာ လာနေကျ ဧည့်သည်ရောက်မလာတာ ဘယ်နှလရှိပြီနည်း။ အတွေးနှင့် ဟန့်ဦးခေါင်း ချာလည်သွား၏။ ပြီးတော့ ပို၍ သေချာသည်ထက် သေချာအောင် ဟန့်အိပ်ရာပေါ်က ဆင်းပြီး သူမအိပ်ခန်းတံခါးကို သော့ပိတ်သည်။

ရေချိုးခန်းထဲမှာ ဟန့်ကိုယ်ဟန် စစ်ကြည့်လိုက်တော့ ဟန့်ရင်သွေး တဒိုင်းဒိုင်း ခေါင့်ခုန်သွားကာ လူကလည်း ပြိုတော့မလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူမ မျက်စိရှေ့ တည့်တည့်က စက္ကူမှုန်များလေးမှာ [illegible] နေသည့် အဖြေက ဟန် မယုံနိုင်သလို ကြည့်နေ၏။ ထိုအဖြေ[illegible] ဟန် သိပ်လိုချင်တောင်းတနေသည့် အဖြေ။ ဟန့်မှာ ရင်သွေးလေး ရှိနေပါရောလား။ ကိုယ့်ကိုကိုယ် မယုံ။

နောက်ထပ် စက္ကူမှုန်များဖြင့် ထပ်စစ်သည်။ တစ်ခု... နှစ်ခု[illegible] အဖြေက တိတိကျကျ တစ်ခုတည်းဖြစ်၍ ဟန်တစ်ကိုယ်လုံး ရှိန်း[illegible] အေးခဲ နွေးခဲ ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ခံစားချက်ပေါင်းစုံနှင့် တ[illegible] ယောက်တည်း ယောက်ယက်ခတ်နေသည်။

အဘွား...

ပထမဆုံး အဘွားကို ဟန့်နှုတ်ဖျားက အားကိုးတကြီးခေါ်မိ[illegible] ဒီကိစ္စကို အဘွားသိရင် ဟန့်ကို ဘာပြောမည်နည်း။ ဟန့်ပါးပြင်ပေါ် မျက်ရည်တွေ လိမ့်ဆင်းလာသည်။ ဒီတစ်ခါ ဟန် မထိန်းတော့[illegible] အားပါးတရ ရှိုက်ကြီးတငင် ငိုချပစ်လိုက်သည်။

အဘွား... အဘွားရယ်။

ဟန်အလိုချင်ဆုံးဆု၊ ဟန်အဖြစ်ချင်ဆုံးဘဝကို ဟန်ပိုင်ဆိုင်ခွင့် ရခဲ့၍ ဟန့်ကိုယ်တိုင် ထိန်းမနိုင်သိမ်းမရဖြစ်ကာ ငိုလိုက်၊ ရယ်လိုက် အချိန်အတော်ကြာဖြစ်နေပြီး ဟန် စိတ်ကို ပြန်တည်ငြိမ်အောင် ကြိုး စားသည်။ အခုကိစ္စက ဟန်ငိုနေ ရယ်နေရုံနှင့်မပြီး။ ဟန့်မှာ တာဝ[illegible] စာတမ်းနှင့် တရားဝင် လက်ထပ်ထားသည့် ယောကျ်ားက ငုတ်တုတ် ရှိနေသည်။

ဒီကိစ္စကို နေခ သိရင် ဘာတွေဖြစ်ဦးမည်မသိ။ ဟန်ကလေး[illegible] ဘာဖြစ်ဖြစ် အရေးစိုက်နေမည့်သူမျိုး မဟုတ်သော်လည်း နေခကျော[illegible]





ဟန်နှင့်မတူ။ ဟန့်မျက်နှာကို ရေအေးအေးလောင်းချပြီး အချိန်အကြာကြီး သတိနေ၏။ မှန်ရှေ့မှာ ဟန့်ကိုယ်ဟန် သေချာကြည့်ရင်း ဟန့် အကြည့်တွေက သူမဝမ်းဗိုက်ထဲမှာ ကလေးလေးတစ်ယောက် ရောက် နေပြီလို့ တွေးလိုက်တော့ ဟန့်တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွား သည်။

ကလေး...

ဟန့်ရင်သွေး၊ ဟန့်ရဲ့ကလေးလေး။ ဗိုက်ရှပ်ရှပ်လေးပေါ် ဟန် လက်လေးတွေ ရောက်သွားသည်။ မင်းလေးဟာ သားလေးဖြစ်ဖြစ် သမီးလေးဖြစ်ဖြစ် ဟန့်ရင်က ဖြစ်လာတဲ့ သွေးသားကို ဟန်အသက်နဲ့ ထပ်တူထားပြီး ချစ်မှာပါ။ မြတ်နိုးနေမှာပါ ကလေးလေးရယ်။

ကလေးကို ဟန်ချစ်တယ်။

အိုး... မဟုတ်ဘူး။

မေမေက... ဟုတ်တယ်။

အခု ဟန်မဟုတ်တော့ဘူး... မေမေဖြစ်သွားပြီ။

“ဒေါက်... ဒေါက်”

“ဟန်”

“ကိုယ်ပါ... ဘယ်လိုနေသေးလဲ၊ သက်သာသွားပြီလားဆိုတာ ကိုယ့်ကိုပြောပါဦး”

နေခအသံကြောင့် ဟန့်အတွေးက ထိုနေရာမှာ ထိခနဲ ရပ်သွားပြီး အိပ်ခန်းတံခါးရှိရာဘက် တစ်ချက်လှမ်းကြည့်သည်။ ဒီကိစ္စကို နေခနှင့် ဆွေးနွေးရမည်။ ဘာအတွက်နဲ့မှ ဟန့်ဘက်က ဟန်ဆောင် ဖုံးကွယ် စရာ မရှိ။ ဟန့်ကလေးကို နေခ လက်ခံနိုင်မလား။ လက်မခံဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်မှာလားဆိုတာ ဟန်သိချင်သည်။

"ဟန်ရေ"

"ကျွီး"

ဆုံးဖြတ်ချက်ချပြီးနောက်မှာ အိပ်ခန်းတံခါးကို ဟန် ဆွဲဖွင့်လိုက်တော့ အခန်းအပြင်မှာ ရပ်နေသည့် နေခမျက်နှာချောချောကို ယောက်ျား ပီသစွာ တည်ကြည်ခန့်ညားသော အသွင်ဖြင့် မြင်လိုက်ရ၏။

"နေကောင်းရဲ့လားဟန်"

"ကောင်းပါတယ်"

ဟန့်အသံက ခပ်တိုးတိုး။

"တော်ပါသေးရဲ့ကွာ၊ ကိုယ်ဖြင့် ဟန့်အတွက် စိတ်ပူလိုက်ရတာ"

ချစ်ခြင်းမြတ်နိုးခြင်းတို့ဖြင့် ထုံမွမ်းနေသော အကြင်နာမေတ္တာဖြင့် ဟန့်မျက်နှာလေးကိုကြည့်၍ ဆိုလာသူကို ဘယ်တုန်းက စိတ်ဝင်စားခြင်း မရှိသော အကြည့်အမျိုးဖြင့် ဟန်ကြည့်လိုက်သည်။

သူတကယ်ပဲ ဟန့်ကို ချစ်တာလား။

ဟန်ဘာဖြစ်ဖြစ် ဆိုပါတော့။

ဥပမာ… ဟန်ကိုယ်ထဲမှာ ဟန့်ကိုယ်ပွား ဟန့်ရင်သွေးလေး ရှိနေပြီဆိုတာကို သိပြီး ခွင့်လွှတ်စိတ်နဲ့ အမြတ်တနိုး ချစ်နိုင်နေတုန်း ပဲဆိုရင်…

"ဟန်"

"ဟင်"

"ဘာဖြစ်လို့လဲဟင်… ဗိုက်ထဲက နာလို့လား"





"အို"

သူပြောမှ ဟန့်ဗိုက်ရပ်ရုပ်လေးပေါ် ဖိကိုင်အုပ်မိုးထားသော ဟန့်လက်လေးနှစ်ဖက်ကို ဟန် အလန့်တကြား လွှတ်ချလိုက်၏။

"ဟင့်အင်း… ဟန် ဘာမှမဖြစ်ပါဘူး"

"ဟန့်ကို ကြည့်ရတာ တစ်မျိုးပဲ… ဟန် နေတကယ်ကောင်းရဲ့လား ဘာမှ ဟုတ်ရဲ့လားဟင်"

ထူးခြားနေသည့် ဟန့်အသွင်ကို နေခ သတိထားမိသွား၍ ဟန် နည်းနည်းတော့ အနေခက်သွားသည်။

"ဟန် ရှင့်ကို ပြောစရာရှိတယ် နေခ"

"ဘာလဲဟန်၊ ကိုယ့်ကို ကွာရှင်းပေးပါလို့ ပြောဦးမလို့လား"

ဟန်ပြောမှာကို ကြိုသိနေပုံနှင့် ဆိုလိုက်တော့ နေခမျက်နှာမှာ အပြုံးတစ်ချက် ထင်သွား၏။

"ရှင်ပြောတဲ့အတိုင်းပဲ၊ ရှင် ဟန့်ကို ကွာရှင်းပေးပါလား နေခ။ ဟန်ရှင့်ကို တကယ်ပြောနေတာပါ"

ဟန့်အသွင်က တည်ငြိမ်နေသလို ဟန်စကားက လေးနက်နေ၏၊ ဟန်က အရင်ဟန် မဟုတ်တော့။ ဟန့်မှာ လှပသည့် အနာဂါတ် ရှိနေပြီ။ လောကကြီးထဲမှာ ဟန်တစ်ယောက်တည်း အဖော်မဲ့ အထီးကျန် မဟုတ်တော့။ ဟန်နှင့်အတူ ဟန့်ဘဝကို ရဲရင့်စွာ ရင်ဆိုင်မည့် ဟန့်ရင်သွေး၊ ဟန့်သားလေး ဟန့်မှာ ရှိနေသည့်အတွက် ဟန့်မှာ သတ္တိတွေ ခွန်အားတွေ အလိုလို ရှိနေ၏။

"ကိုယ်တို့တခြားအကြောင်း ပြောကြရအောင်လား ဟန်"

"ဟင့်အင်း… ရှင် ဟန့်ကို ကွာရှင်းပေးနိုင်မလားဆိုတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါ"

"ကိုယ်က မိန်းမတစ်ယောက်ကို အလွယ်ချစ်ပြီး အလွ
လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူးဟန်။ ကိုယ် ဟန့်ကို ရယူ
ဆိုင်ချင်လို့ လက်ထပ်ခဲ့တာ။ ကိုယ့်ဘဝထဲက ဟန် ထွက်သွား
မဟုတ်ဘူး"

"ဒါဆို ရှင်ဟန့်ကို ဘယ်တော့မှ ကွာရှင်းခွင့်မပေးဘူး
ဟုတ်လား"

"မင်းကို ကိုယ်ချစ်တယ်ဟန်"

"အို… ဟန်မေးတာကိုပဲ ဖြေပါ။ ရှင်ဟန့်ကို ဘယ်တော့
ကွာရှင်းမပေးတော့ဘူးလား။ ဟန်သိချင်တာ အဲဒါပဲ"

"ဟုတ်တယ်။ ကိုယ့်ရင်ခွင်ထဲမှာ ဟန်နေရမယ်။ ကိုယ့်ဆီ
ကွာရှင်းခွင့်ကို ဒီတစ်သက် ဟန် ဘယ်တော့မှ မမျှော်လင့်နဲ့"

ဟန့်ဘက်က သိချင်သည့် အဖြေကို သူ့ဘက်က တိကျ
ပေးလိုက်တော့ ဟန် နေခမျက်နှာကို တစ်ခါမှ မမြင်ဖူးသလို စူးစိုက်
ကြည့်လိုက်၏။ နေခကလည်း ဟန့်အကြည့်ကို မလွှဲ။ ဟန့်မျက်
ထဲမှာ ဒီနေ့မှ နေခက တစ်မျိုးထူးခြားနေသည်ဟု ထင်သည်။ ဘယ်
ထူးခြားနေသည်ကို ဟန်မသိ။ ဟန်သိသည်က ဟန့်ရင်သွေး၊ ဟ
သားလေးရဲ့ ဒယ်ဒီဟာ နေခကိုယ်တိုင်သာ ဖြစ်ခဲ့ရင်ဆိုသည့် အတွေး
ဖြစ်ပြီး တစ်ပြိုင်နက်တည်းမှာ ထိုအတွေးကို ဟန့်အာရုံထဲ ချက်ချ
မောင်းထုတ်ပစ်သည်။

"ဟန့်မှာ ရင်ခွင့်လွှတ်လို့ မရတဲ့အပြစ်မျိုး ရှိနေခဲ့ရင်တော
ရှင်က ဟန့်ကို ကွာရှင်းမပေးဘူးဆိုတဲ့ သဘောလား"





"ဟန် ဘာကိုဆိုလိုတာလဲ ကိုယ်နားမလည်ဘူး"

ဒီတစ်ခါ ဟန် ပြတ်သားရမည်။ အခုရှုပ်မှ နောင်ရှင်း။ ဟန့်မှာ
ဒီတာကို အရှိအတိုင်း ဖွင့်ဟဝန်ခံဖို့ အချိန်ကျလာပြီဟု ဟန်တွေးလိုက်
ပြီး နေခမျက်နှာကို မော့ကြည့်လိုက်သည်။

"အရှင်းဆုံးနဲ့ နားအလည်ဆုံးဖြစ်အောင် ပြောရရင် ဟန့်မှာ
ဟန့်မှာ ကိုယ်ဝန်ရှိနေပြီ နေခ"

"ဘာ… ဘယ်လို၊ ဟန် ကိုယ့်ကို ဘာပြောလိုက်တယ်"

"ဟန့်မှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတာပါ နေခ"

"မဖြစ်နိုင်တာ၊ ဟန်က ဘယ်လိုလုပ်ပြီး ကိုယ်ဝန်ရှိရမှာလဲ…
ကိုယ်သိသလောက် ဟန့်မှာ ချစ်သူရည်းစားလည်း ရှိခဲ့တာ မဟုတ်ဘူး။
ကိုယ့်ကို ဟန် ညာပြောနေတာ မဟုတ်လားဟန်"

"ဒီကိစ္စမျိုးက လိမ်ညာပြောနေရမှာမျိုး မဟုတ်ဘူး နေခ။
ရှင် ယုံချင်ယုံ မယုံချင်နေ ဟန်မှာတော့ ဟန့်ရင်သွေးလေး ရှိနေပြီ"

"ဟန်… မင်းကိုမင်း ဘာတွေပြောနေလဲဆိုတာ သိရဲ့လား
ဟင်"

နေခမျက်နှာချောချောမှာ စိတ်ရှုပ်ထွေးခြင်း၊ အံ့ဩမယုံနိုင်ခြင်း
တွေ ထင်းခနဲ ပေါ်လာကာ ဟန့်တစ်ကိုယ်လုံးကို သေချာစူးစိုက်
ကြည့်သည်။ ဟန့်လို ဘယ်ယောကျ်ားမှ စိတ်မဝင်စား။ လက်မခံနိုင်
သည့် မိန်းကလေးမျိုးမှာ တခြားသူတစ်ယောက်ရဲ့ ကိုယ်ဝန်ရှိနေသည်
ဆိုတာက မယုံရခက်၊ ယုံရခက်ပါ။

"ဟန့်ကိုယ်ဟန်သိလို့ ဒီစကားတွေ ပြောနေတာနေခ၊ ဟန့်
ဘက်က ပြောစရာကုန်ပြီး ကျန်တာ ရှင့်အပိုင်း ရှင်ကြိုက်သလို ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပါ''

''မင်းကိုယ့်စိတ်ကို စမ်းနေတာလား ဟန်''

''ရှင် ကြိုက်သလိုထင်ပါ''

''မင်းတကယ် ပြောနေတာလား''

''ဟန့်ဂုဏ်သိက္ခာကို အထိနိုက်ခံပြီး ရှင့်ကို လိမ်ညာပြောစရာ အကြောင်းမရှိပါဘူး နေခ''

''ကိုယ်မယုံဘူး၊ မင်းလိမ်နေတာ''

ဟန်က မတုန်မလှုပ်။

နေခမှာသာ ဟန့်ထံမှ အေးစက်စက် အမူအရာကိုကြည့်ပြီး တုန်လှုပ်လာသည်။ သူ ဟန့်ကိုချစ်သည်။ မြတ်နိုးသည်။ တန်ဖိုးထားသည်။ သူချစ်သည့်မိန်းမ၊ သူမြတ်နိုးသည့် မိန်းမကိုယ်တိုင်က သူ့မှာ ကိုယ်ဝန်ရှိနေပါပြီဆိုတော့ နေခ ဘာလုပ်ရမှန်းမသိ။ ဟန်ပြောသလို ဟန့်ကို ကွာရှင်းပေးနိုင်လားဟု သူ့ကိုယ်သူ မေးကြည့်သည် မဖြစ်။

သူ့ကို ဟန်က မချစ်ပေမယ့် သူက ဟန့်ကို အသည်းနှစ်အောင် ချစ်မိနေပြီ။ သူ့ဘဝထဲက ဟန်ထွက်သွားလို့မဖြစ်။ သူကလည်း ထွက်သွားခွင့်မပြုပါ။

ကောင်းပြီ…

ဒီလိုဆို ဟန့်ရင်ထဲမှာ လွယ်ပိုးထားနေရပါပြီဟု သူမကိုယ်တိုင် ဝန်ခံထားသည့် ဟန့်ရင်သွေးကို ဖြစ်ချင်ရာဖြစ်။ သူမျက်စိစုံမှိတ်ပြီး ကလေးအဖေ။ လှည်းကျိုးထမ်းပြီး နွားကျပစ်လိုက်ရမည်လား။ ဒီလို ဆိုပြန်တော့လည်း နေခရင်ထဲက ယောကျ်ားမာနက ဝုန်းခနဲ ကြွတတ် လာသည်။





ဘယ်လိုလူနဲ့ ဘယ်အချိန်က ဘာဖြစ်ခဲ့မှန်းမသိသည့် မိန်းမက နေခဆိုတဲ့ ယောကျ်ားက အသည်းနှစ်အောင် ချစ်နေသည့် မိန်းမဖြစ်နေပါလား။

''ကိုယ် အပြင်ခဏ သွားဦးမယ် ဟန်''

ဟန်က မတား။

ရှေ့ဆက်နေလျှင် ဘာတွေဆက်ဖြစ်လာနိုင်သည်ကို နေခကိုယ်တိုင်မသိ။ အကောင်းဆုံးက အခုချိန် ဟန့်နားမှာ သူရှိမနေခြင်းဖြစ်သည်။ ကားကို အကြမ်းရမ်းဆုံး မောင်းထွက်လိုက်သည်။ လောကကြီးတစ်ခုလုံး ဘာတွေဘယ်လို ဖြစ်ကုန်သည်မသိ။

နေခဆိုသည့် သူ့လိုယောကျ်ားနှင့်ကျမှ ထင်မထားတာတွေ တစ်ခုပြီးတစ်ခု လာဖြစ်နေ၏။ သူ့မျက်လုံးထဲ ချစ်စရာကောင်းသော၊ မြတ်နိုးစရာအတိ ပြီးသော ဟန့်ပုံရိပ်တွေ တစ်ခုပြီးတစ်ခု ပေါ်လာ၏။

သူ ဟန့်ကိုချစ်ပေမယ့် ဟန့်က နေခဆိုသည့် သူ့လိုလူကို မချစ်။ အစတုန်းက ထိုအဖြေကို နေခ စိတ်နှင့်နှိုင်းစာပြီး ဟန့်ကို ချစ်တတ်သည့် မိန်းမအဖြစ် ပိုချစ်ပိုမြတ်နိုးခဲ့သည်။ အခုတော့ ဟန်က နေခထင်သလို မဟုတ်။ နေခချစ်သော မြတ်နိုးသော မိန်းမက နေခမဟုတ်သော တခြားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ဖြစ်ချင်တိုင်းဖြစ်၊ ချစ်ချင်တိုင်း ချစ်ခဲ့ပြီးမှ နေခက ဘဝရဲ့ရင်းပြီး ဟန့်ကို အသည်းနှစ်အောင် ချစ်ခဲ့သည့် ဒုတိယလူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေ၏။

မင်းသိပ်ရက်စက်တဲ့ မိန်းမပါလား ဟန်။ တခြားယောကျ်ား တစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ပျော်ချင်တိုင်း ပျော်ခဲ့ပြီးမှ မင်းက ကိုယ့်လို လူတစ်ယောက်နဲ့ အသားချင်းထိတာကိုပဲ ခါးခါးသီးသီး တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြနေတာ မင်းကိုယ်မင်း သိပ်ပြီးရိုးသားသန့်စင်တယ်လို့ ပြချင်လို့ မဟုတ်လား။

တွေးရင်း ဒေါသတွေကို မထိန်းနိုင်ဘဲ ကားကို လူရှင်းသည့်နေရာမှာ ထိုးရပ်ပစ်သည်။ သူ့မှာတော့ ဟန့်ကို ချစ်လိုက်ရတာ ရိုးရိုးချစ်တာတောင် မဟုတ်။ အရူးအမူး စွဲလမ်းစိတ်နဲ့ ဟန်မှမရှိရင် သူ့ဘဝကြီးတစ်ခုလုံး မရှိနိုင်တော့။ မရပ်တည်နိုင်တော့ဟု ပြင်းထန် နက်ရှိုင်းစွာ ချစ်မိသူ။

အခု သူ့အချစ်တွေကို ဘယ်လိုအသွင် ပြောင်းရမည်နည်း။ ဟန့်ကို မုန်းမေ့လိုက်ရမည်လား။ ကွာရှင်းပြတ်စဲခြင်းဆိုတာနှင့် အဆုံးသတ်နိဂုံးချုပ်ပစ်လိုက်ရမည်လား။ သူ အမျိုးမျိုး တွေးသည်။ စဉ်းစားသည်။ ဆုံးဖြတ်သည်။ ရလာသည့် အဖြေက တစ်ခုတည်း။ သူ ဟန့်ကို ဘယ်လိုမှ မုန်းလို့မရခြင်း ဖြစ်သည်။ ဟန့်ကို ကွာရှင်းပြီး တခြားတစ်ယောက်ရင်ခွင်ထဲ လွယ်ကူကြည်ဖြူစွာ ထည့်လိုက်ဖို့ ဆိုသည်က တွေးမိမတွေး။ မိန်းမတွေကို ရယ်မောစရာ အထင်သေး စရာ။ သူ့စိတ်ကြိုက် ဆော့ကစားစရာအဖြစ် သဘောထားခဲ့သောနေ

သူ့ကို ဟန်ဆိုသည့် မိန်းမက အပျင်းပြေ ဆော့ကစားစရာ ဖြစ်နေခြင်းကို မခံချင်။ သို့သော် သူ ဟန့်ကို အနိုင်ယူချင်၍မ အချစ်ဆိုသည့်အရာက သူမှာရှိနေသည့် ယောကျ်ားတစ်ယောက်၏ မာန်မာန ဂုဏ်သိက္ခာအားလုံးကို ပျောက်ဆုံးစေခဲ့သည်။ ဆိုင်တစ်ဆိုင် ဝင်ပြီး အရက်သောက်သည်။ သောက်ရင်း ဟန့်အကြောင်းတွေးသည်။

သူ့ကို ဟန် အနိုင်ယူပုံကို သူ လက်မခံ။

ဟန် သူ့ကို အနိုင်ယူသလို ဟန့်ကို သူဘာလို့ အနိုင်မယူနိုင်





ရမည်နည်း။ အရက်ဖိုးရှင်းပြီး ကားကို ချက်ချင်းအိမ်ဘက်ကို ဦးတည်လိုက်သည်။

အိမ်ရှေ့မှာ ကားရပ်ပြီး အိမ်ထဲ လှမ်းဝင်လိုက်သည့်အထိ သူ ဟန့်ကို မတွေ့။

"ဟန်"

သူ ဟန်အခန်းရှေ့မှာရပ်ပြီး ဟန့်အမည်ကိုခေါ်တော့ ဟန် တံခါးဖွင့်ပြီး ထွက်လာသည်။

"မင်းကိုယ့်ကို ဘယ်လိုလုပ်လိုက်တာလဲ ဟန်"

"ကြည့်စမ်း… ရှင်အရက်တွေ သောက်လာတယ်"

"ကိုယ်မေးတာကိုဖြေ"

"ဘာကိုဖြေရမှာလဲ၊ ရှင်ကြိုက်သလိုလုပ်လို့ ရှင့်ကို ဟန်ပြောပြီးပြီမဟုတ်လား"

အရက်သောက်ထားသူနှင့် စကားပြောရ၍ ဟန် ဒေါသဖြစ်နေသလို ဟန့်ထံမှ သူ့အချစ်ကို ဂရုမစိုက်သလို တုံ့ပြန်လာသည့် ဟန့်အမူအရာ၊ ဟန့် စကားကြောင့် နေခရင်ထဲက ယောကျ်ားမာနက ဝုန်းခနဲ ကြွတက်လာ၏။

"ကောင်းပြီ၊ မင်းပဲ ကိုယ်ကြိုက်သလိုလုပ်လို့ ပြောတာနော်၊ ကိုယ့်အကြိုက်ဆိုရင် ဒါပဲ ဟန်"

"ရှင်ဘာလုပ်တာလဲ ဟန်ပြောတာ ဒါမဟုတ်ဘူး… ဟန့်ကို လွှတ်"

"မလွှတ်ဘူး။ မင်းကိုယ်တိုင် လက်မထပ်ရသေးတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဖြစ်ချင်တိုင်း ဖြစ်လာတာ၊ ကိုယ်က မင်းလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ တရားဝင်ယောကျ်ား… ဒီတော့ မင်းကို ကိုယ်ပိုင်တယ်"

"လာခဲ့"

"အို… အမေ"

နေခရင်ခွင်ထဲ ဟာန့်ကိုယ်လေး တွေးခနဲ ပါသွားသည်။ စကား ပြောကြမ်းသလို သူ့ထံမှ မွှးမွှးရှူးရှူး နမ်းနေသည့် ချစ်အနမ်းတွေက လည်း ရမ်းရမ်းကားကား ဖြစ်ချင်တိုင်း ဖြစ်နေ၏။ အရက်နံ့ကြောင့် ဟာန် မူးနေသလို သူ့ထံမှ အချစ်ကြမ်း အချစ်သရမ်းမှုကြောင့်လည်း နေခရင်ခွင်ဟဲ ဟာန့်မှာ သူပြုသမျှ နုရတာကို ဘယ်လိုမှ သည်းမခံနိုင် သည့်အဆုံး ဟာန့်စားပွဲပေါ် အလှတင်ထားသည့် ပန်းအိုးကို ဆွဲယူပြီး သူ့ခေါင်းကို ဟာန် ရိုက်ချလိုက်၏။

"ကဲဟယ်"

"ခွမ်း"

"ဟာန်… မင်း… မင်းကိုယ့်ကို ရိုက်တယ်"

"ရှင့်လိုလူကို ဒီလိုဆုံးမမှရမှာ"

"ဒီလောက် သတ္တိရှိနေတဲ့ မိန်းမ… လာစမ်း"

ဒီတစ်ခါ ဟာန် အညံ့မခံ။

ဒေါသဖြစ်ပြီး မူးရူးနေသည့် နေခနားမှ သူနှင့် အဝေးဆုံးသို့ လှစ်ခနဲ ပြေးသွားကာ နေခမာမီရှိရာ ချက်ချင်း ဖုန်းဆက်လိုက်သည်။



## အခန်း (၁၆)

"ဘာလို့ အရက်တွေ ဒီလောက်ကြီး သောက်ရတာလဲ သား ရယ်။ ပန်းအိုးတစ်ခုလုံး ကိုယ့်ခေါင်းပေါ် ကျကွဲတဲ့အထိ ဖြစ်ရတယ်လို့ မာမီဖြင့် ယုံတောင်မယုံနိုင်အောင်ဘဲ။ အိမ်ထောင်ဦးစီးဖြစ်တဲ့သားက ဒီလိုဖြစ်နေမှတော့ သမီးလေးခမျာ ဘယ်လောက် စိတ်ဆင်းရဲရှာမလဲ။ သူ့ခမျာ နဂိုကတည်းကမှ စိတ်ထိခိုက်နေရှာတာ သားလုပ်ပုံနဲ့ သမီးလေးကို မာမီဖြင့် သိပ်သနားတာပဲကွယ်"

မာမီက တပျစ်တောက်တောက်၊ နေခကို ပြောလည်းပြော၊ ခေါင်းက ဟာန့် လက်ချက်ဟု မသိရှာသော အာလူးဘုကို ကျပ်ထုပ် ထိုးမပျက် နေခကို ဆူပွက်နေ၏။ နေခမှာသာ မာမီပြောသမျှ ကျိတ် ခံရင်း စိတ်ထဲက သူ့ရင်ထဲက ခံစားချက်အစစ်အမှန်ကို မာမီ မသိလေ ခြင်းဟု တွေးပြီး ဟာန် ရှိရာကိုသာ လှမ်းလှမ်းကြည့်နေ၏။ ဟာန်ကို နေခမာမီက သိပ်သနားနေသည်။ သမီးဆိုတာကလည်း နူတ်ဖျားက မချ။ ကျွန်တော့်ခေါင်းက အာလူးဘုက ပန်းအိုးပြုတ်ကျတာမဟုတ်။ မာမီ့ချွေးမ အချောအလှ လက်ချက်ပါဟုဆိုလျှင် မာမီ ဖြစ်သွားမည့် ပုံစံကို မြင်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ… ရေနွေးနည်းနည်း ထည့်ပါဦးကွယ်"

"ဟုတ်ကဲ့ မာမီ"

ဟန် သူတို့နား ရောက်လာသည်။

သို့သော် နေခကို မကြည့်။ မာမီ ခိုင်းသည့်အတိုင်း ရေနွေးဇလုံထဲ ရေနွေးထပ်ဖြည့်ပြီး နေရာက ထွက်သွားသည်။ နေခ ဘယ်လိုနေလဲ။ ခေါင်းက နာသေးလား။ ဒဏ်ရာသက်သာပြီလား ဘာညာဘာမှမမေး။ နေခ ဖြစ်နေတာ သူနဲ့မဆိုင်သလို နေပဲနေနိုင်လွန်းသည်။ ဟန့်ကိုကြည့်ပြီး နေခ အသည်းယားနေသည်။ သူ့စိတ်ထဲက အမှန်တရားကို မာမီသိအောင် ရင်ဖွင့်ပြချင်နေသည်။

"နောက်တစ်ခါ ဒီလိုအရက်သောက်နေဦးမယ်ဆိုရင် သမီးကိုသားနဲ့အတူ မထားတော့ဘူး။ မာမီနဲ့အတူ ခေါ်ထားလိုက်မှာနော်သား"

"မာမ့်သမီး လိုက်မှာလားဆိုတာ အရင်မေးဦး"

နေခအသံက ခပ်ငေါ့ငေါ့။ ဟန်လုပ်နေပုံကိုက သူ့ကို လာချွဲနေသလို ဖြစ်နေတာကို မခံချင်။

"ဘာလို့ ဟန်က မလိုက်ရမှာလဲ ရှင်ဒီလို အရက်ဆက်သောက်နေရင် ရှင်နဲ့မနေဘူး။ မာမီနဲ့ပဲ နေမယ်"

ကြည့်စမ်း…

နေခကို ပြန်ဖွာပြနေလိုက်တာ။ နေခ အရက်ဆက်သောက်နေရင် သူကလည်း နေခနဲ့ မနေဘူးဆိုပါလား။

"တွေ့လားသား၊ သမီးလေးခမျာ သနားစရာ"

မာမီက အရေးထဲ ဟန့်ကို ဝင်သနားနေသည်။

"နောက်မသောက်တော့ဘူးလို့ ပြောလိုက်လေ သား"





ပြုံးနေသည့် မာမ့်မျက်နှာက သားဆိုတာကို ခပ်ပြုံးပြုံး အလိုလိုက်တတ်သော မိခင်၏ အနိုင်းမဲ့အပြုံး ဖြစ်သည်။ နေခကြောင့် မာမ့်စိတ်ကို မထိခိုက်စေချင်၍ သူ ခေါင်းညိတ်လိုက်၏။

"နောက်မသောက်တော့ပါဘူး မာမီ"

"ကြားတယ်နော် သမီးလေး၊ နောက်မသောက်တော့ဘူးတဲ့။ မာမီက သမီးကို ခေါ်သွားမယ်ဆိုတာနဲ့ လိမ္မာသွားတာ"

"ကဲ… မာမီ ပြန်ဦးမယ်။ ကိစ္စရှိရင် ဖုန်းဆက်နော် သမီး"

"ဟုတ်ကဲ့ မာမီ"

"သမီးကို ဂရုစိုက်နော်သား"

"ဟုတ်ကဲ့"

နေခမာမီ ပြန်သွားသည်။

ဘယ်အချိန်က မာမ့်ကို ဟန် ဖုန်းဆက်လိုက်မှန်း နေခ မသိ။ နေခသိသည့်အချိန်မှာ မာမီက သူတို့နေသည့် အိမ်ကို ရောက်နေပြီ။ ထိုအခါကျမှ မာမ့်ကို ဖုန်းဆက်သူက ဟန်မှန်းသိရခြင်း ဖြစ်သည်။ စိတ်ထဲမှာ ဒေါသဖြစ်နေပေမယ့် မာမီရှေ့မှာ သူ့ရင်ထဲက ခံပြင်းဒေါသကို မျိုသိပ်ထားသည်။ သူ အခုလို အရက်သောက်ချင်လာအောင် သူ့စိတ်တွေ ပေါက်ကွဲလာအောင် လုပ်သည့်အဓိက တရားခံက ဟန်။ အပြစ်ကြီးတစ်ခုလုံး ကျူးလွန်ထားသူက အရင် နေခကို မာမီနဲ့ မရင်းနှီးအောင် လှမ်းတိုင်ပုံက ကောင်းသည်။ မာမီရောက်လာမှတော့ နေခခေါင်းက အာလူးဘု ထွက်တာကို ဟန့်လက်ချက်ဟု မပြောချင်၍ လိမ်ရသည်။ မာမီ ဆုံးမသမျှ ငြိမ်နာခံရသည်။ အခု မာမီပြန်ပြီ။ နေခ ချက်ချင်း ဟန့်ရှေ့ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဒါဘာလုပ်တာလဲ ဟန်”

“ရှင် ဘာကိုပြောတာလဲ”

“မာမီကို ကိုယ်မသိအောင် ခေါ်လိုက်တာကို ပြောတာ”

“ရှင် အရက်မူးပြီး သောင်းကျန်းနေမှတော့ ရှင့်မာမီကို မခေါ်လို့ ဘယ်သူ့ကို သွားခေါ်ရမှာလဲ”

“ကိုယ်အရက်သောက်ပြီး သောင်းကျန်းချင်အောင် စလုပ်တာကရော ဘယ်သူလဲ ပြောပါဦး”

“အိုး… ဒါကတော့ အဖြစ်မှန်ကို အမှန်အတိုင်းပြောတာ ရှင့်ဘာသာ ခံနိုင်ရည်မရှိတာတော့ မတတ်နိုင်ဘူး”

ဟန်က တစ်စက်ကလေးမှ နေခကို မလျှော့။

နေခမှာတော့ အဖြစ်မှန်ဟု ဟန် တွင်တွင်သုံးနေသော သူ့ဇ ဗိုက်ပြဿနာကို ဘယ်လိုမှ ခံစားနားလည်၍ မရတိုင်း ဘယ်သူ့ကို သတ်ပစ်ရမှန်းမသိ ဒေါသတွေ လှိမ့်ထွက်နေ၏။

“သြော်… မင်းပဲ အပြောကောင်း၊ ကိုယ်နဲ့လက်ထပ်ထားတာ မကြာသေးဘူး၊ တခြားလူတစ်ယောက်နဲ့ ဖြစ်ချင်တိုင်းဖြစ်ပြီး…”

“ရှင့်စကားတွေ သိပ်လွန်နေပြီနော်၊ ရှင် ဟန့်ကို ဒီလောက် နှစ်နှစ်နာနာ ပြောစရာ အကြောင်းမရှိဘူး၊ ရှင် မကျေနပ်ရင် အခု ကွာလိုက်”

နေခ နှုတ်ဖျားက ထွက်လာသည့် စကားလုံးရင့်ရင့်သီးသီးတွေကို မခံနိုင်စွာ ဟန် အော်ပစ်လိုက်သလို နေခကလည်း အပြစ်ကြီးတစ်ခုလုံး ကျူးလွန်ပြီးမှ သူပြောတာကို မခံမရပ်နိုင်ဖြစ်နေသော ဟန့် အကဲဆတ် နေပုံကိုကြည့်ပြီး သူမကို ဒီထက်ပြီး ခံစားနာကျင်စေချင်လာသည်။





ကာယကံရှင်ကိုယ်တိုင် ကိုယ့်အကြောင်း ကိုယ်ပြန်မကြားချင်မှတော့ နေခလို အပြင်လူတစ်ယောက်ရင်ထဲ ဘယ်လိုဖြစ် နေမည်ဆိုတာ သူမ သဘောပေါက်သင့်သည်။

“မင်းလိုချင်တာ ဒါပဲဆိုတာ မင်းမပြောလည်း သိပါတယ် ဟန်”

“သိရင်လည်း အခုတစ်ခါတည်း ကွာရှင်းလိုက်ပါလား။ ရှင် က ဘာကို စောင့်နေချင်သေးလို့လဲ”

သူမ ဖြစ်စေချင်သည့်အတိုင်း ဟန်ပြောလိုက်သည့်အတွက် ဟန့် ရင်ထဲ ဘာခံစားချက်မှ မရှိသော်လည်း ဟန့်လို မိန်းမကိုမှ အသည်း နစ်အောင် ချစ်မိနေသော နေခအတွက် ဟန့်စကားက သူ့နှလုံးသား ရက်စက်စွာ အဆုံးစီရင်လိုက်သော စကားဖြစ်နေ၏။

နေခ အသည်းတွေ နာနေသည်။

အရင်လိုမာနနဲ့ ပြောသလို ဘာကိုမှ ဂရုမစိုက်ဘဲ နေပြလုပ်ပြ လိုက်ချင်ပေမယ့် လက်တွေ့မှာ ဟန့်ကို သူ မစွန့်လွှတ်နိုင်။ ချစ်နေ သည်။ မြတ်နိုးနေသည်။ သူချစ်သော မိန်းမက သူနဲ့ကွာရှင်းပါဟု ခိုင်ခိုင်မာမာ စိန်ခေါ်နေချိန်မှာ သူမ စိန်ခေါ်သလို သူ မလုပ်နိုင်အောင် ညံ့ဖျင်းအသုံးမကျ ဖြစ်နေရတာကိုလည်း သူ မကျေနပ်။

လောကကြီးမှာ မိန်းမတွေ သိပ်ကိုပေါပါသည်။ ဟန့်လို လှသည့် လူတွေရော၊ ဟန့်ထက် ပိုလှပိုငယ်ပိုချမ်းသာ ပို၍တော်သည့် အတတ်သည့် မိန်းမတွေ အများကြီး ရှိသည်။ နေခကသာ ချစ်ပါရစေ ဟုဆိုလျှင် ငြင်းမည်သူ မရှိ။ အားလုံး နေခသဘောအတိုင်း၊ နေခ အလိုကျ ဖြစ်စေရမည်ဆိုသည့် မိန်းမတွေကို ပစ်ပယ်ပြီး နေခကို



www.burmeseclassic.com

www.burmeseclassic.com



အလိုမရှိ။ နေခကို ကွာရှင်းခွင့် အကြိမ်ကြိမ် တောင်းနေသော သူ့မျက်စိရှေ့က သူနှင့်တရားဝင် လက်ထပ်ထားသည့် မိန်းမကို သူ စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

"ဟန့်ကို ခွင့်လွှတ်ပါ နေခ"

စူးရဲသော သူ့အကြည့်ကြောင့် တစ်စုံတစ်ရာကို သတိရသွားသည် ဟန့်ထံမှ တောင်းပန်သံတိုးတိုး ထွက်လာ၏။ တကယ်ဆို ဒီကိစ္စမှာ နေခဘက်က လွန်တာ ဘာတစ်ခုမှမရှိ။ ဟန်သာအလွန် ဟန်ကသာ အမှား။ ဒါကို ဟန်သိသည်။ သိလို့လည်း ဟန့်အပြစ်နဲ့ဟန် နေခ ကွာရှင်းခွင့်တောင်းနေခြင်း ဖြစ်သည်။ ဒါကို နေခက နားမလည် ဟန့်စကားလုံးတွေ ဟန့်အပြုအမူတွေက နေခရဲ့ ယောကျ်ားမာ ယောကျ်ားဂုဏ်သိက္ခာကို ထိပါးစော်ကားနေပြီဟု ဟန်ပြန်တွေး မိလိုက် တော့ သူ့မျက်စိရှေ့က နေခကိုကြည့်ပြီး ဟန် စိတ်မကောင်းဖြစ်သွား တောင်းပန်စကား ဆိုလိုက်ခြင်း ဖြစ်သည်။

"အခုချိန်ကျမှ တောင်းပန်လည်း အလကားပဲဆိုတာ ဟန် သိပါတယ် နေခ"

"သိရက်နဲ့ ဘာလို့ တောင်းပန်နေရတာလဲ ဟန်"

"အားလုံးဟာ ဟန့်အပြစ်တွေပါ။ ဒါကို ဟန် သိပါတယ် နေခမှာ ဘာအပြစ်မှ မရှိပါဘူး။ ဒါကြောင့် ခွင့်မလွှတ်နိုင်စရာ အပြစ် ကျူးလွန်ထားတဲ့ ဟန့်မိုက်ပြစ်အတွက်…"

'ဟန့်ကို ကွာရှင်းပေးပါလို့ ပြောဦးမလို့လား"

"ဟုတ်ပါတယ်"

ပြောရင်း ဟန် ခေါင်းငုံ့သွား၏။





"မင်းဟာ ဘယ်လိုမိန်းကလေးလဲ ဟန်၊ ဒီအခြေအနေအထိ ဖြစ်ပြီးမှ ဘာဖြစ်လို့ မင်းလူကို လက်မထပ်ရတာလဲ"

"လက်ထပ်စရာ အကြောင်းမှ မရှိဘဲ"

"ဘာပြောတယ်"

နေခ ဒေါသဖြစ်သွားကာ ဟန့်ကို စိုက်ကြည့်သည်။

ဟန်က အမှန်စကား ပြောခြင်းဖြစ်၍ သူမကို စိတ်ဆိုးဒေါသ ဖြစ်နေသော နေခကိုကြည့်ပြီး သက်ပြင်းချသည်။ ဒီကိစ္စ ရှင်းလေ ရှုပ်လေ ဖြစ်ရမည့်ကိစ္စဆိုတော့ နေခ မသိ။ သိစရာလည်း မလို။

"ဟန့်တို့နောက်မှ ဒီကိစ္စကို ဆွေးနွေးရအောင်။ အခု ဟန် ခေါင်းမူးလို့ အနားယူပါရစေ"

နေခထံမှ ဘာသံမှ ထွက်မလာခင် ဟန် သူ့နားက ထွက်ခဲ့သည်။ အိပ်ရာပေါ်မှာ လူးလိမ့်နေပေမယ့် ဟန် အိပ်မပျော် ရှုပ်ထွေးနေသော ခံစားချက်မျိုးစုံကြားက သူမဝမ်းဗိုက်ကို မကြာခဏ ထိကိုင်ကြည့် သည်။

သားလေး။

ဟန့်ကိုယ်ထဲမှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိ သည့် ကလေးလေးတစ်ယောက်။ ဟန့်လို ချောမောလှပပြီး ဉာဏ် ညာထက်မြက်၊ သွက်လက်ချက်ချာသော ကလေးလေးကို ဟန်စိတ် ထားဖြင့် မြင်ယောင်ကြည့်ရင်း ဟန့်ရင်တွေ တသိမ့်သိမ့် လှုပ်ခပ်နေ သည်။

ကလေးလေး။

ဟန့်ရဲ့ ကလေးလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကျမှ ဟန် အိပ်ပျော်သွားမှန်း မသိ။ ဟန်အိပ်ရာ နိုးတော့ နေအတော် မြင့်နေသည်။ အိပ်ရာက ထထခြင်း နေခအကြော ဟန့်အတွေးထဲ ဖျတ်ခနဲ ရောက်လာသည်။ သူနဲ့ဟန်ကိစ္စကလည်း မလွယ်။ သူနားလည်လာအောင်လည်း ဟန်ဘယ်လိုပြောရမှန်း ဟန့်ကြောင့် သူခံစားနေရတာ ပြန်တွေးမိတော့ စိတ်မကောင်း။ သူ ဟန့်အကြားမှာ ဒီကိစ္စသာ ရှိမလာရင်… ဟန်တွေးသည်။

သို့သော် ဟန့်အတွေးက မဆုံး။

ရေချိုးခန်းထဲမှာ ရေတဝကြီးချိုး၊ အဝတ်လဲပြီး အိမ်ရှေ့ ထွက်လာသည့်အထိ ဟန့်စိတ်တွေ ကြည်လင်လန်းဆန်းနေသည် လောလောဆယ် ဟန်ဆိုတာ မိခင်လောင်း ဖြစ်သည်။ သိပ်မကြာ ကလေးတို့အမေ ဖြစ်တော့မည်။ အရင်လို နေချင်သလိုနေ၊ စား သလိုစား၊ သွားချင်သလို သွားနေလို့ မဖြစ်တော့။ ဟန့်ရင်သွေးလေး ဟန်စောင့်ရှောက်ရမည်။ ကာကွယ်ထိန်းသိမ်းရမည်။

ဟန့်မှာ လုပ်စရာအလုပ်တွေက အများကြီး ဖြစ်သည်။

"ဟန်"

"ဩော်… နေခ"

နေခအသံကြားမှ ဟန့်အတွေးကို ရပ်တန့်သွားပြီး အသံ ရာကို လှမ်းကြည့်သည်။ ဟန့်ကို တုံ့ပြန်ကြည့်နေသည့် နေခအသွင် တည်ငြိမ်ချောမွေ့နေသည်။ ယောကျ်ားပီသစွာ ခန့်ညားနေသည်။

"ကိုယ် ဟန့်ကို နှုတ်ဆက်မလို့ စောင့်နေတာ"

အခုမှ နေခနားမှာ ရှိနေသည့် ခရီးဆောင်အိတ်ကို မြင်သည် သူသွားတော့မည်ပေါ့။ ဟန့်ဘက်က ဘာတစ်ခုမှ ပြောစရာ





သူ့ကိုသာ ငေးကြည့်နေမိသည်။

"ကိုယ်တစ်ညလုံး စဉ်းစားပြီးပြီဟန်၊ ကိုယ် ဒီမှာဆက်နေရင် ဘာတွေဖြစ်လာမလဲဆိုတာ ကိုယ်လည်း မသိဘူး။ ကိုယ်သိတာက ကိုယ် မင်းကိုချစ်တယ် ဟန်"

ဟန် ခေါင်းလေးငုံ့သွားသည်။

နူးညံ့ရွှန်းလက်နေသည့် ချစ်ခြင်းကို ထုံမွှန်းနေသည့် သူ့အကြည့် ကို ဟန် ရင်မဆိုင်ချင်။ ရင်ဆိုင်လိုစိတ်လည်း မရှိပါ။ နေခက သူ့ ချစ်စကားကြောင့် ဘာတစ်ခုမှ အပြောင်းအလဲ ဖြစ်မသွားသည့် အေး တိသည့် ဟန့်အသွင်ကိုကြည့်ပြီး ပြုံးသည်။

သူချစ်တဲ့ ဟန်ဆိုတဲ့ မိန်းမမှာ အချစ်မရှိတဲ့ မိန်းမ။ အချစ်နဲ့ ပတ်သက်ပြီး ဘာခံစားချက်မှ မရှိတဲ့ မိန်းမပဲ။ ဒီလိုမိန်းမတစ်ယောက် ဆီက သူကိုယ်တိုင် ဘာကို မျှော်လင့်ချင်နေတာလဲ။ ဒါပေမဲ့ သူ့ ရင်ထဲက ခံစားချက်ကိုတော့ သူမသိအောင် ပြောပြချင်သည့်အတွက် သူပြောစရာရှိတာကို ဆက်ပြောလိုက်၏။

"ကိုယ်မင်းကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်မြတ်နိုး ဘယ်ဆိုတာ ကိုယ့်ကိုကိုယ်လည်း မသိဘူး ဟန်။ ဒါပေမဲ့ မင်းဟာ ကိုယ့်နှလုံးသားထဲက အချစ်ဆိုတဲ့အရာကို ပထမဆုံး နိုးကြားရှင်သန် စေခဲ့တဲ့ မိန်းကလေးဆိုတာတော့ မင်း သိထားစေချင်တယ်"

"ကိုယ်သွားတော့မယ်"

"နေခ"

"မင်းကို ကိုယ်ဘယ်တော့မှ ကွာရှင်းမပေးဘူးဆိုတာကိုလည်း မင်းတစ်ခါတည်း မှတ်ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို တစ်ချက်လှည့်မကြည့်။ သူပြောချင်တာတွေပြော
သူ့ကားနှင့် နေခ ထွက်သွားတော့ ဟန်တစ်ယောက်တည်း တိတ်ဆိတ်
စွာ ကျန်ခဲ့သည်။

သူသွားပြီ။

ဘယ်တုန်းကမှ မခံစားဖူးသည့် ခံစားချက်တစ်မျိုးဖြင့် ဟန့်ရင်
လှိုက်မောသွားကာ သူ့အလိုလို ငိုချင်လာ၏။ ဟန်ကိုယ်ဟန် ဘာဖြစ်
မသိ။ ရှိသမျှ အားအင်တွေ ဆုံးရှုံးသွားသလိုဖြစ်ကာ နေရာမှာ ဆ
ရပ်မနေနိုင်တော့ပဲ နီးရာခုံမှာ ထိုင်ချလိုက်၏။

သူဘယ်ကိုသွားတာလဲ။

ဟန့်ကို ဘယ်တော့မှ ကွာရှင်းခွင့်မပေးသလို ဟန့်ဆီကို ဘယ်
တော့မှ ပြန်မလာဘဲ နေတော့မှာလား။

ဟန့်ကိုဟန် သတိမထားမိခင် ဟန့်ပါးပြင်ပေါ် စီးကျလာသော
မျက်ရည်တို့ကြောင့် ဟန့်ကိုယ်ဟန် အံ့သြသွားသည်။ ဟန်ငိုနေမိ
ပါလား။ ဟန် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သည့် ယောကျ်ား
တစ်ယောက်အတွက် ဟန်မျက်ရည်ကျနေရတာ ဘာကြောင့်များလဲ

သူ့ပါးစပ်က ပြောတော့ဖြင့် ဟန့်ကို ချစ်သည်တဲ့။ အခု
သူအင်မတန် ချစ်ပါသည်၊ မြတ်နိုးပါသည်ဆိုသည့် မိန်းမကို ဖြစ်
ရာဖြစ် ပစ်ထားခဲ့တာ ဟန့်ကို ချစ်လှပါသည်လို့ အမြဲပြောနေတာ
ယောကျ်ားတစ်ယောက်ရဲ့ အချစ်လား။

ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ဟန်ငိုချလိုက်သည်။ ဟန်
ဟိုတုန်းကလည်း တစ်ယောက်တည်း အထီးကျန်။ အခုလည်း ဆက်
အထီးကျန်နေရတုန်းပါပဲဟု တွေးမိပြီးမှ ဟန့်ဝမ်းဗိုက်လေးကို လက်





သာဖိကိုင်လိုက်သည်။

ဟန့်ကို ခွင့်လွှတ်ပါ ကလေးရယ်။ ဒီတစ်ခါတော့ ဟန် ငိုပါ
စေ။ ဘယ်လောက်ကြာအောင် ဟန် ငိုနေမိသည်မသိ။ အိမ်ရှေ့မှာ
ားရပ်ပြီး အိနဲ့ ရွှေစင်တို့ ကားပေါ်က ပြေးဆင်းလာတာ မြင်လိုက်မှ
ဟန့်မျက်ရည်က အလိုလို ကျလာ၏။

"ဘယ်လိုဖြစ်ကြတာလဲ ဟန်ရယ်၊ ကိုနေခ ဖုန်းလှမ်းဆက်ပြီး
ဟန်တစ်ယောက်တည်း ဖြစ်နေလို့ ဟန့်ဆီကို သွားလိုက်ပါဦးဆိုတော့
အိဖြင့် လန့်သွားတာပဲ၊ ဟန်တို့နှစ်ယောက် စိတ်ဆိုးပြီး စကားများကြ
သို့ဆို ဟုတ်လားဟန်"

"လင်နဲ့မယား ရန်ဖြစ်ကြ ပြန်ချစ်ကြတာ ဆန်းလို့လား အိ
ရယ်၊ ဟန် အခုချိန်ထိ ဘာမှမစားရသေးဘူး မဟုတ်လား၊ ရွှေစင်တို့
ယ်လာတာတွေ အရင်ပြင်ဆင်ပြီး ကျွေးရမွေးရအောင်"

"အမယ်လေး ကျွေးတာတော့ ရပါတယ်၊ မွေးတဲ့ အလုပ်တော့
လုပ်ပါရစေနဲ့"

"ဟွန်းနော် မိန်းမ တော်တော် အူမြူနေ"

အိက ရွှေစင်ပြောတာကို ဂရုမစိုက်ဘဲ ထုံးစံအတိုင်း တခစ်ခစ်
ရယ်သည်။ ဟန်ကတော့ အိနဲ့ရွှေစင် ပြောသမျှ လုပ်သမျှ လိုက်ကြည့်
နားထောင်ရင်း နေခ ဘာလို့ အိတို့ဆီ ဖုန်းဆက်တာလဲဟု တွေးနေ၏။
သူကိုယ်တိုင် ဟန်နဲ့အတူ မနေနိုင်လို့ ဖြစ်ချင်ရာဖြစ် သွားပြီးမှ အိတို့ဆီ
ဖုန်းဆက်အကြောင်းကြားပေးတာ သူ့ကိုယ်သူ လိပ်ပြာလုံချင်လို့လား။
ဟန့်ကို ဂရုစိုက်ပါသည်လို့ ပြောလိုခြင်းလား။

"ဟဲ့… ဒီမှာလည်း ကော်ဖီတွေ မုန့်တွေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မနက်စာတောင် မစားနိုင်ဘဲ ဘာတွေဖြစ်ကြတာလဲဟယ်"

"ကဲ… အိ ဟန့်ကိုခေါ်၊ ရွှေစင်လည်း အိမ်က ဘာမှမစားရသေးဘူး၊ အတူစားရအောင်"

"လာ… ဟန်၊ စားရင်းသောက်ရင်း ကိုနေခရဲ့ ဘာဖြစ်လဲဆိုတာ အိတို့ကို ပြောပြ"

"ဟန် ဘာမှမစားချင်ပါဘူး အိရယ်၊ အိတို့ပဲ စားပါ"

"လာစမ်းပါဟယ်… ဒီလိုတစ်ယောက်တည်း ငြိမ်နေရုံနဲ့ ကိစ္စတွေက ပြီးသွားမှာ မဟုတ်ဘူး"

"ဟုတ်တယ်ဟန်… လာ… လာ ဗိုက်ထဲ တစ်ခုခု အရင်ဝင်အောင် စားလိုက်ဦး"

ဟန် ငြင်းလို့လည်း မရ။

အိနဲ့ရွှေစင်က ဖွတ်ဆိုတော့ သူတို့နဲ့အတူ ထိုင်ဖြစ်သည်။ ဟင်းနံ့တွေရတော့ ဟန် မခံနိုင်။ တစ်ဇွန်းနှစ်ဇွန်း ကျိတ်မျိုချအပြီးမှာ ဝေါ့ခနဲ ပျို့တက်လာတော့ ဘေစင်ကို ပြေးသွားပြီး ထိုးအန်သည်။

"အစာမကျေလို့ ထင်တယ်၊ ကိုနေခကတော့ ဟန် နေမကောင်းဘူးလို့တော့ ပြောသား… ဆရာဝန်ခေါ်မလား ဟန်"

"ဟင့်အင်း… ဟန် ဘာမှမဖြစ်ပါဘူး ခေါင်းမူးခေါင်းကိုက်ဖြစ်တာလောက်ပါ"

"ခေါင်းမူးတာနဲ့ အန်တာဆိုတော့ အထဲမှာ တစ်ခုခုဖြစ်လို့များလားဟယ်"

ရွှေစင်က သူထင်တာကို မုန့်စာရင်းက လှမ်းပြောသည်။ အိက ဟန်ဖြစ်နေပုံကို ဘာမှမပြောဘဲ ငြိမ်ကြည့်နေ၏။ သူငယ်ချင်းတွေက





ဟန့်အကြောင်း မသိပေမယ့် ဟန့်က ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသလို သူမဖြစ်နေတာကို သူငယ်ချင်းတွေကို မပြောရဲ။

"ခေါင်းမူးနေရင် ဒီမှာထိုင်နေဟန်၊ အိ သံပရာရည် ဖျော်လိုက်မယ်"

အိက ဟန့်အကြိုက် သံပရာရည် ချိုချိုချဉ်ချဉ်လေး လုပ်ပေးသည်။

"အိပ်ရာထဲ လှဲချင်လှဲနေ ဟန်၊ အိလိုက်ပို့မယ်"

ရွှေစင် ဖုန်းပြောနေတုန်း အိက ဟန့်ကို အိပ်ရာထဲ လိုက်ပို့သည်။ သူကိုယ်တိုင် စောင်ခြုံပေးသည်။ ဂရုတစိုက် ကြင်ကြင်နာနာဖြစ်၍ ဟန့်ရင်ထဲ အားငယ်စိတ်နှင့် ဝမ်းနည်းလာကာ ငိုချင်လာသည်။ အရင်တုန်းက ဟန်နှင့်အခု ဟန်က မတူတော့။ ဘာမှမဟုတ်ပဲ ငိုချင်နေသည့် အဖြစ်ကို သူမဘာသာလည်း နားမလည်။ မျက်ရည်ဝေ့လာသည့် မျက်ဝန်းအစုံကို အိ မမြင်အောင် မှိတ်ထားလိုက်မှ စိတ်သက်သာရာရသွား၏။

သို့သော် ထိုအချိန်လေးက ဘာမှမကြာလိုက်။

အိထံမှ ဟန့်အမည်ကို အလန့်တကြား ခေါ်လိုက်သံနှင့်အတူ ရေချိုးခန်းထဲက ဟန့်နား အပြေးရောက်လာ၍ မှိတ်ထားသည့် မျက်ဝန်းအစုံကို အလန့်တကြား ပြန်ဖွင့်လိုက်ရ၏။

"ဘာဖြစ်တာလဲ အိ"

"ဒီမှာလေ… ဒါ… ဒါတွေက ဘာတွေလဲ၊ ဟိုဒင်း… ဟန့်မှာ… ဟန့်မှာ ကိုယ်ဝန်ရှိနေတာလား"

အိလက်ထဲက စက္ကူမြားတွေကို ဟန် ငြိမ်ပြီးကြည့်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အိက ဟန့်နား အပြေးရောက်လာကာ ဟန့်ကိုယ်လေးကို သူ့မလက်နှင့် တအားဖက်ထားသည်။

"ဝမ်းသာလိုက်တာဟန်ရယ်၊ အခု ဟန်တစ်ယောက်တည်း မဟုတ်တော့ဘူးပေါ့နော်"

"ဟုတ်တယ်အိ၊ ဟန့်မှာ ကိုယ်ဝန်ရှိနေပြီ"

ဟန် ဝန်ခံလိုက်သည်။

အနေးနဲ့အမြန် သိကြရမည့် ကိစ္စမှာ ဟန့်နှုတ်ဖျားက တဖွားတက ထုတ်ဖော်ပြောနေစရာ မလိုဘဲ အိဘာသာ သိသွားတာကို ဟန့်မှာ ကျေးဇူးတင်နေ၏။

"ဒီကိစ္စ ကိုနေခ သိပြီလားဟင်။ သူသိရင် သိပ်ပျော်သွားမှာပဲ"

အိအမေးကို ဟန်ဘယ်လို ဖြေရမှန်းမသိ ဖြစ်နေတုန်း အခန်းထဲကို ရွှေစင်ရောက်လာ၏။

"ဘာတွေ ပျော်နေတာလဲ အိ၊ ရွှေစင်ကိုလည်း ပြောပါဦး"

"ဟန့်မှာ ကိုယ်ဝန်ရှိနေပြီ ရွှေစင်ရဲ့၊ ဒါကြောင့် ဟန် အခုလို ဖြစ်နေတာ"

"ဟယ်… ဟုတ်လို့လား။ လက်ထပ်တာဖြင့် မကြာသေးဘူး ဘယ်လိုလုပ် ကိုယ်ဝန်ရှိတာလဲ"

"ရွှေစင်"

အိက ရွှေစင်နာမည်ကို အလန့်တကြား လှမ်းခေါ်သတိပေးလိုက်ပေမယ့် ရွှေစင်က သူမစိတ်ထဲရှိတာကို ထုတ်ဖော်ပြောပြီးဖြစ်၍ ဟန့်မျက်နှာကို အားနာသလို ကြည့်သည်။

"ဆောရီး… ရုတ်တရက်ဆိုတော့ ရွှေစင် အံ့သြပြီး ပြော





ပြောရာ ပြောလိုက်မိတာပါဟယ်။ ရွှေစင်ကို တစ်မျိုးမထင်နဲ့နော် ဟန်"

"မထင်ပါဘူး ရွှေစင်ရယ်။ ရွှေစင်ပြောတာလည်း မှန်ပါတယ်"

"အဲဒီ ရွှေစင်ကြောင့် ခက်သေးတယ်။ ကိုနေခနဲ့ ဟန်ချစ်သူတွေ ဖြစ်နေကြတာ ဘယ်လောက်ကြာပြီလဲဆိုတာ ရှင်သိလို့လား ဟွန်း"

"အေးပါ… ရွှေစင် မေ့သွားလို့ပါ၊ အခု အိမ်ကို ညှော်သည့်သာတော့မယ်။ ဒီမင်္ဂလာသတင်းကို ကိုနေခ မသိသေးသလို ဟန့်ကို တစ်ယောက်တည်း ထားသွားတာ မဟုတ်လား။ ဟန့်မှာ သားသားလေးရှိနေပြီဆိုတာသိရင် ချက်ချင်း ပြေးလာမှ မြင်သေးတယ်"

"ကိုနေခကြီး ပျော်သွားအောင် ဖုန်းဆက်လိုက်လေ ဟန်"

အိနဲ့ရွှေစင်က နေခကိုယ်စား ရင်ခုန်စိတ်လှုပ်ရှားနေပေမယ့် ဘာယက်ရှင် ဟန်က မလှုပ်။ တည်ငြိမ်နေတာ မြင်ရတော့ အိနဲ့ ရွှေစင်က နားမလည်။

"နောက်မှ ပြောပါမယ်၊ အခု သူနဲ့ မခေါ်သေးလို့ မပြောချင်သေးဘူး"

"ဟန်က သူ့ယောကျ်ားကို စိတ်ကောက်နေတုန်း အိရေ၊ ထားလိုက်… ထားလိုက်… လောလောဆယ် ဟောဒီက မဗိုက်စားရအောင် အသီးအနှံလေး ပြေးဝယ်ပြီး ရေခဲသေတ္တာထဲ ထည့်ပေးရဦးမယ်။ အဲဒီမှာနေခဲ့၊ ရွှေစင် ဈေးဘက် ခဏသွားလိုက်မယ်"

"အေးပါ တွေ့တဲ့လူကို ဟန့်အကြောင်း လိုက်ပြောမနေနဲ့ဦးနော် ရွှေစင်၊ ဒီလိုကိစ္စဆိုတာ သူတို့လင်မယားချင်း အရင်သိပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တခြားသူကို အသိပေးရမှာ”

“ဒီလောက်တော့ ရွှေစင်သိပါတယ်ဟဲ့… ကဲရွှေစင် သွားပြီ”

အလွန်စကားများ၍ အလွန်စပ်စုသော ရွှေစင်အကြောင်း သိထား၍ အိက ရွှေစင်ကို လှမ်းနှုတ်ပိတ်လိုက်ခြင်း ဖြစ်သော ရွှေစင်က သူ့ကားပေါ် ရောက်တာနှင့် ဖြူ့ထံ ချက်ချင်း ဖုန်းဆက်ပြီး ဟန့်ရှေ့ ကိုယ်ဝန်ရှိနေကြောင်း နှုတ်လုံစွာပြောပြီး ဖြစ်သည်။



## အခန်း (၁၇)

မျက်ဝန်းကို မှိတ်ပေမယ့် နေခ မျက်လုံးထဲ ဟန့်အသွင်ကိုပဲ မြင်နေသည်။ ဟန့်တစ်ယောက်တည်းတော့ မဟုတ်။ ဟန်နှင့် ဟန့် ချစ်သူဖြစ်သော တခြားယောက်ျားတစ်ယောက်၏ ပြုံးရွှင်ရယ်မောစွာ ကြည်နူးနေပုံ။ အိပ်ရာက ဝုန်းခနဲ ခုန်ထမိသည့်အထိ ဟန်က သူ့ကို အချိန်ပြည့် စိုးမိုးထားတာတော့ တစ်ဆိတ်လွန်လွန်းသည်။ ဖြစ်နိုင်ရင် ဟန့်ကို သူမေ့ချင်သည်။ ဟန်နဲ့ပတ်သက်တာ မှန်သမျှ ဘာဆိုဘာမှ သတိမရအောင် နေပေမယ့်မရ။

ဟန်နှင့်အဝေးဆုံးကို သူထွက်လာတာကိုက ဟန့်ကို မေ့ရန် ဖြစ်သည်။ သူ့ဘဝထဲ ဟန်မရှိလျှင် ဟန်နဲ့ပတ်သက်သမျှ သူလိုက် ခံစားနေစရာ အကြောင်းမရှိ။ သူပစ်ပယ်ထားသည့် အလုပ်တွေကို တစ်ခုပြီးတစ်ခု လုပ်သည်။ အရင်က တွဲခဲ့သည့် မိန်းကလေးတွေနှင့် ဖန်တွဲကြည့်သည်။ ဟန့်ကိုမမေ့။ တစ်ခုခု လုပ်လိုက်တိုင်း တစ်ခုခု တိုမြင်တိုင်း ဟန်သာဆိုရင် ဆိုတာက သူ့အလိုလိုတွေးပြီး သွားမြဲ နေတာကို သူအခံရ အခက်ဆုံး ဖြစ်သည်။ ဟန့်တိုမေ့ဖို့ ကြိုးစားမှ ဟန့်ကို ပိုသတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းဖို့ ကြိုးစားရာမှာ ပိုချစ်မိနေသည့် သူ့အဖြစ်ကို သူကိုယ်တိုင် လည်း မထိန်းချုပ်နိုင်။ သူ့စိတ်ကို အမျိုးမျိုး လှည့်စားပြီး ပျော်အောင် ကြိုးစားတော့ သူ့ဇာင်သလို ဖြစ်မလာလည်း ဗိုပင်ပန်းတာ အထပ် တင်သည့်အတွက် ဖွတ်အတင်း လုပ်ကြံဖန်တီးပြီး ဟန့်ကို မေ့ဝအောင် မလုပ်တော့။

အချစ်ဆိုတာ ဒါပဲဆိုရင် ထိုလှပတဲ့ ဝဋ်ကြွေးအတွက် သူ့ဆေး ဆပ်ရုံအပြင် တခြားမရှိ။

ဟန်။

သူ့နှုတ်ဖျားက ဟန့်အမည်ကို အလိုလိုခေါ်နေတာကိုလည်း နေခ မတားနိုင်။ ပညာတတ်ယောကျ်ားတစ်ယောက်။ အသိဉာဏ် မြင့်မား၍ ထိန်းချုပ်နိုင်စွမ်းရှိသူ။ သူမတူအောင် မာန်မာနဖြင့် ပြင်း ထန်သူက အချစ်ဆိုသည့် အရာအောက်မှာ ထိုအရာတွေ အားလုံး ပျောက်ဆုံးကုန်သည့်မှာ ဆန်းသည်။

ကိုယ်မင်းကို မုန်းချင်တယ် ဟန်ရယ်။

မင်းလို မိန်းမကို ကိုယ်မချစ်ဘူး။

ကိုယ့်လို ယောကျ်ားတစ်ယောက်ကို မင်းလို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်တများ… ထိုနေရာမှာ သူ့အတွေးက ရပ်သွားသည်။ ဟန့်ကို ရုတ်တရက် မြင်ချင်တွေ့ချင်စိတ်က သူ့နှလုံးသားကို ပြင်း ထန်စွာ ရိုက်ပုပ်လာ၍ သူ့ကိုသူ ထိန်းနေသည့်ကြားက လူက ရောက်သွားသည်။

မင်းဟန့်ဆီ မသွားနဲ့။

သူ့ကို မင်းမချစ်တော့ဘူး။





ဘာကိစ္စ သူ့မျက်နှာကို မြင်ချင်တွေ့ချင်ရတာလဲလို့ သူ့စိတ်သူ အမိန့်ပေးနေရင်း ဟန့်အိမ်ရှေ့ကို ရောက်မှန်းမသိ ရောက်လာမိသော သူ့အဖြစ်သူ ရင်နာရပြန်သည်။ ညအမှောင်အောက်မှာ မီးရောင်လင်း နေသည့် ဟန့်အိပ်ခန်းကို လှမ်းမျှော်ကြည့်ရင်း ဟန်ရှိရာ ပြေးသွား ချင်စိတ်ကတော့ နေခအတွက် တဆိတ် လွန်လွန်းသည်။

မင်းကို သူဘယ်တုန်းက မချစ်ဘူး နေခ။

ဟန်ချစ်တာ မင်းမဟုတ်တဲ့ တခြားတစ်ယောက်ပဲ ပြီးတော့ ဟန့်ရင်မှာ လွယ်ပိုးထားတဲ့ ဟန့်ကိုယ်ပွား ဟန့်သွေးသားဆိုတာက လည်း မင်းနဲ့ဘာမှမဆိုင်တဲ့ ကိစ္စ။

ဟန့်ဘဝထဲမှာ မင်းမရှိဘူး နေခ။

အခုလည်း မရှိဘူး။ နောင်ကိုလည်း ရှိလာစရာ အကြောင်း မရှိဘူးဆိုတာ မင်းသိရက်နဲ့ ဟန့်ကို မင်းဘာလို့ မမုန်းနိုင်ရတာလဲ။ သူ့ကိုယ်သူ နာကြည်းစွာ တွေးသည်။ စိတ်ပျက်စွာ လှောင်ပြောင် သရော်သည်။ အထင်မြင်သေးစွာ ပြစ်တင်ဝေဖန်သည်။ သို့သော်မရ။ နေခ နှလုံးသားက ဟန့်ကိုပဲ တမ်းတနေသည်။ ဟန့်ကိုပဲ လှမ်းဆွတ် နေသည်။

ဟန့်ကို ချစ်နေသည့် အချစ်က ဟန့်အတွက် အမုန်းဖြစ်မလာ ၍ သူ သက်ပြင်းချလိုက်သည်။ ကိစ္စအားလုံးကို သူဖြေရှင်းနိုင်သည်။ အသိပညာ ဉာဏ်ရင့်သန်စွာ မှန်ကန်စွာ ဆုံးဖြတ်နိုင်သည်။ အခုကိစ္စ မှာတော့ ဘယ်အရာကမှ နေခကို မဖြေရှင်းနိုင်သလို ကြိုသင့်ကြောင်း သင့်လည်း မစဉ်းစားနိုင် ဖြစ်နေတာ တော်တော်ဆိုးသည်။

ဟန့်ကို ဘာကြောင့် ချစ်မှန်းမသိ။ ပြီးတော့ ဘာကြောင့် အလွယ်



www.burmeseclassic.com

တကူ မမုန်းနိုင်၊ မမေ့နိုင် ဖြစ်နေရသည်ကိုလည်း သူနားမလည် စီးကရက် အတိုအစတွေ သူနားမှာ ပြန့်ကျဲနေသော်လည်း အဖြေ မရ။ မီးလင်းနေသည့် ဟန့်အခန်းကိုကြည့်ကာ ဟန် အိပ်မပျော်သေး တာကို သူသိသည်။

ဒီလိုအချိန်မှာ ဟန်တွေးနေမှာ ဘယ်သူ့အကြောင်း ဖြစ်မလဲ နေခဆိုသည့် သူ့အကြောင်း မဟုတ်နိုင်တာ သိလိုက်ရတော့ နှလုံး သားထဲ ဘယ်နေရာကမှန်းမသိ ဆစ်ခနဲ နာသွား၏။ ပြီးတော့ သူ့ကိုယ် သူ ခပ်လှောင်လှောင် ရယ်လိုက်သည်။ နေခဆိုတဲ့ ယောကျ်ားဟာ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်သူမှ ကြိုမသိခဲ့သလို နေ ကိုယ်တိုင်လည်း မသိခဲ့။

သူ့ကိုယ်ထဲမှာ စီးဆင်းလှည့်လည်နေသည့် ဟန့်ကို ချစ်မိသည့် အချစ်တွေကို ရေနှင့်ဆေးချပစ်ချင်သည်။ ဘရပ်ရှ်နဲ့ တိုက်ချပစ်ချင် သည်။ ဘယ်နေရာက ဟန့်ကိုချစ်တာလဲ သူတစ်ခုချင်း စစ်ဆေး အဖြေရှာသည်။

ဘယ်နေရာမှာမှ အဖြေကို မတွေ့။

နေခ အသွေးအသား၊ နေခ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဟန့်ကို ချစ်သည့် အချစ်တွေနှင့် ပြည့်နေသည်။ ဘယ်နေရာကမှ ဟန့်ကို မချစ်သည့် နေရာမရှိတော့ ဟန့်ကို မချစ်စေချင်ရင် သူကိုယ်တိုင် မရှိတော့မှ ဖြစ်မည်။ ထိုအဖြေကို ရှာတွေ့ပြီးကတည်းက ဟန့်ကို သူလက်မြောက် အရှုံးပေးရတော့မည်ကို သိရက်နှင့် တစ်ဖက်ကလည်း ထိုအရှုံးကို ရမှာကိုပဲ တင်းခံထားချင်နေသည်။

"ဟော့တော်… ဟိုမှာ ရပ်နေတာ ဟန့်ချစ်ချစ်ကြီးပါလား





ဟန်ရေ"

"ဘယ်မှာလဲ ဖြူ… ဘယ်မှာလဲ"

ဖြူက ပြတင်းပေါက်နား ထွက်အရပ် အိမ်ရှေ့က မလှမ်းမကမ်း မှာ ကားရပ်ပြီး ဟန်ရှိရာ လှမ်းမျှော်ကြည့်နေသည့်အသွင်ဖြင့် ကား နားမှာရှိနေသော နေခကိုမြင်ပြီး ဖြူ အလန့်တကြား လှမ်းအော်တာက ဟန့်ကိုဖြစ်ပေမယ့် ဖြူအနားကို စပ်စပ်စုစု အပြေးရောက်လာသူက ရွှေစင်ပါ။

"ဟယ် ဟုတ်ပါရဲ့ ဟန့်ကိုလွမ်းလို့ ဟန့်ယောကျ်ား ပြန်လာ ပြီဟန်ရေ၊ ဒီမှာ လာကြည့်ပါဦး… ဟန်စိတ်ဆိုးနေမှန်းသိလို့ အိမ် ထဲမဝင်ဘဲ အပြင်က ရပ်ကြည့်နေတာ ထင်တယ်"

ရွှေစင်က သူ့စိတ်ထဲထင်ရာပြောပြီး ဟန့်ကိုယ်လေး ဖွတ်ဆွဲယူပြီး ဖြူရှိနေသည့် ပြတင်းပေါက်ရှိရာ အတင်းတွန့်ပို့သည်။

"လာ… ဟန်၊ ကိုနေခကြီး သနားပါတယ် မြန်မြန်ပြန်ခေါ် လိုက်ပါဟယ်။ သူသာ ဟန့်မှာ သားသားလေး ရှိနေပြီဆိုတာသိရင် သိပ်ပျော်မှာ…"

ဖြူကတစ်မျိုး။

နေခ ပြန်လာတာကို ဟန့်ထက် အဆပေါင်းများစွာ ပျော်နေ သည်။ ဖြူနဲ့ရွှေစင် တခစ်ခစ် ဘာတွေ ပြောနေမှန်းမသိ။ ခေါင်းချင်း ဆိုင်နေချိန်မှာ ဟန်က ညအမှောင်ထဲ အိမ်ရှေ့တည့်တည့်မှာ ကားရပ်ပြီး ဟန်တို့ရှိရာ လှမ်းကြည့်နေသည့် နေခကို ငေးကြည့်ကာ အသက်ရှူ မဝသလို ဖြစ်လာ၏။

ညကြီးအချိန်မတော် သူ ဒီကို ဘာလာလုပ်တာလဲ။

www.burmeseclassic.com



ရွှေစင်ပြောသလို ဟန့်ကိုလွမ်းလို့ ပြန်လာတာလို့တော့ ယော
ချင်ပါ။

"ဟဲ့… ခေါ်လိုက်တော့လေ ဟန်။ ဟိုက ဘယ်အချိန်ထိ
နေရာမှာ လာရပ်နေမှန်းမသိဘူး။ သနားပါတယ်ဟယ်"

ဖြူက သည်းသည်းလှုပ်နေသလို ရွှေစင်က သွားမစေ့တော့
ဟန်နှင့်နေခ ဖြစ်နေပုံကို ကြည့်နေ၏။ ဟန်ကတော့ ကိုယ့်အကြောင်း
နှင့်ကိုယ် နေခကို ခေါ်လည်းမခေါ်၊ နေရာကလည်း မရွှေ့။ မျော
မယှက် ကျောက်ရုပ်ချထားသလို နေရာမှာ ရပ်နေ၍ ရွှေစင်က အား
မလိုအားမရ ဟန်နှင့်နေခကိုတစ်လှည့် ဟန့်ကိုတစ်လှည့်ကြည့်ပြီး ဖု
ဖုန်းကို သွားယူသည်။

"နေဦး… နေဦး ဟန်အခေါ်ရခက်နေရင် ရွှေစင်အရင် ကိုနေ
ဖုန်းကို လှမ်းခေါ်လိုက်မယ်"

"မခေါ်နဲ့ ရွှေစင်"

ဟန်က လှမ်းတားပေမယ့် ရွှေစင်က နားမထောင်။

"ဘာလို့ မခေါ်ရမှာလဲ ဟန်ရဲ့ လူတစ်ယောက်လုံးတောင်
အိမ်ရှေ့ရောက်နေမှတော့ ဟန့်ကို ချော့ချင်လို့ဆိုတာ ရှင်းနေတာပဲ"

"ဟဲလို… ကိုနေခ ရွှေစင်ပါ။ ခဏလေးကိုင်ထားနော်…
ဒီမှာ ဟန်က စကားပြောမလို့…"

"ရွှေစင်"

"ရော့ပါဟယ်… ပြောလိုက်စမ်းပါ။ တွေ့လား ဟိုမှာ ဟန့်ကို
လှမ်းကြည့်နေပြီ"

တွန်းတွန်းတိုက်တိုက်နှင့် ဟန့်လက်ထဲကို ရွှေစင်က သူ့ဖုန်းလာ





ထည့်ပေး၍ မယူ၍ မရသဖြင့် ယူလိုက်ရသည်။

"ဟန်"

နေခအသံကို ဖုန်းထဲက ခပ်တိုးတိုး ကြားရတော့ ဟန့်ရင်ထဲ
လှိုက်ခနဲဖြစ်ကာ ငိုချင်လာ၏။

"ရှင်… ဒီကို ဘာလာလုပ်တာလဲ"

ဟန့်နားမှာ မနေချင်လို့ ထွက်သွားသည့်လူက ညကြီးအချိန်
မတော် ဟန့်အိမ်ရှေ့ ရောက်လာတာကို ဟန် ခွင့်မလွှတ်ချင်။

"ကိုယ် ဟန့်ကို လာကြည့်တာ"

"သြော်… ရှင်အခု ဟန့်ကိုမြင်ပြီး မဟုတ်လား၊ ရှင်ပြန်လို့
ရပြီ"

"အို… ဘယ်လိုတွေ ပြောနေတာလဲ ဟန်ရယ်၊ ဟန့်မှာ
သားသားလေးရှိနေတဲ့ အကြောင်းပြောရမှာကို ဘယ်နှယ့်ပြန်ခိုင်းနေရ
တာလဲ ဟန်ရဲ့"

ဖြူက ဟန့်နားမှာရပ်ပြီး အားမလိုအားမရ ပြောနေသံကို နေခ
ကြားနေမှာကို ဟန်သိသည်။

"ပြောလိုက်လေဟန်"

"ဖြူပြောနေတာကို သူကြားမှာပါ ဖြူ"

ဟု ဒီလောက်ပဲ ပြောလိုက်သည်။

နေခ ဘာလို့ ဟန်မျက်စိရှေ့က ထွက်သွားရတာလဲဆိုတာ ဖြူ
တို့မသိပေမယ့် နေခ သိသည်။

"ခက်လိုက်တာ ဟန်ရယ်။ ကိုနေခဆိုတာ ဟန့်ကလေးရဲ့
အဖေလေ။ ဒီအချိန်မှာ ဟန်နဲ့ဟန့်ရင်သွေးလေးကို စောင့်ရှောက်ဖို့



www.burmeseclassic.com

ကလေးအဖေက ဟန့်နားမှာ ရှိနေရမှာ မဟုတ်လား''

''ရှင်မခေါ်ချင်လည်းနေ… ရွှေစင်ပဲ ကိုနေခကို ဟန့်နား လာဖို့ ခေါ်လိုက်မယ်။ ဒါမှ ကလေးအဖေ အသစ်စက်စက် ဘယ် လဲဆိုတာ ရွှေစင်တို့ မြင်ရမှာ''

''ရှင်ကြားမှာပါ နေခ၊ ဟန့်သူငယ်ချင်းတွေ ရှင် ဘယ် ကလေးအဖေလဲဆိုတာ သိပ်သိချင်နေကြတယ်''

ပြောပြီး ဟန် ဖုန်းချလိုက်သည်။

သူငယ်ချင်းတွေရှေ့မှာ ဒီထက်လည်း ပိုပြောလို့မဖြစ်။ အ အမြင်မှာ ဟန့်ရဲ့ယောကျ်ားဆိုတာ နေခဖြစ်သလို ဟန့်ရင်မှာ ပိုးထားရသည့် ကလေး၏ ဖခင်မှာ နေခဟုသာ သိထားကြသည် မလွဲ။ အဖြစ်မှန်အတိုင်းဆိုရင်လည်း သူတို့တွေးသလိုပဲ ဖြစ်မှာ

အခုဟာက ဟန်ကိုယ်တိုင် ဘယ်သူ့ကိုမှ အသိပေး ရှင်း နိုင်သည့် အနေအထားမှာ ဟန့်ဘက်က ချော်လဲရောထိုင် ရောင်း ဆိတ်နေရုံကလွဲပြီး တခြားမရှိ။

နေခကတော့ ဟန်နှင့်သူ့သူငယ်ချင်းတွေ ပြောတာကို နား ပြီး သူ့အနေအထားကို မစဉ်းစားဘဲ နေလို့မရ ဖြစ်နေသည်။ ဟ ရင်သွေးလေး ရှိနေတာကို ဟန့်သူငယ်ချင်းတွေ သိသွားသည်။ က အဖေကိုလည်း သူလို့ပဲ ထင်ကြသည်။ ဟန်ကလည်း ထိုကိစ္စနဲ့ သက်ပြီး ဘာတစ်ခုမှ ဖြေရှင်းချက် မထုတ်တော့ အများအမြ နေခဘက်က မတုန်မလှုပ်ပုံစံက အထင်အမြင်လွဲစရာ ဖြစ်တော့

ဟန့်ရင်က ရင်သွေးသာ နေခကလေးလေးဆိုရင် အဖေ မည့် နေခ ဒီလိုနေနိုင်မှါမလား။





''ကိုနေခ''

''ဖြူ''

နေခနားကို ဖြူရောက်လာ၍ နေခ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဟန့်သူငယ်ချင်းတွေအားလုံး ကိုနေခ ခင်သလို ဟန့်ခင်ပွန်းဖြစ်သော နေခကိုလည်း ဟန့်သူငယ်ချင်းတွေက ဟန့်လိုပဲ သဘောထားကာ ရင်ရင်းနှီးနှီး ဆက်ဆံကြတာ သူသိသည်။ ဟန့်အိမ်ရှေ့ကို အခုလို မရောက်ပေမယ့် ဟန့်အနီး ဟန့်ပတ်ဝန်းကျင်မှာ ဟန် မသိစေရဘဲ အရိပ်လေးလို အမြဲရှိနေတတ်၍ ဟန့်ကို သူ့သူငယ်ချင်းတွေ တစ်ယောက်တစ်လှည့်ဆီ အဖော်လုပ် စောင့်ရှောက်ပေးနေတာကိုလည်း နေခ သိသည်။

''ဟန့်ကို ပစ်မထားပါနဲ့တော့ရှင်။ အခုချိန်က ဟန့်မှာလည်း ကိုနေခ ရင်သွေးလေး ရှိနေပြီဆိုတော့ ဟန့်နားမှာ ကိုနေခ မရှိလို့ မဖြစ်ဘူး။ ဟန် နေ့တိုင်း ကိုတ်မျက်ရည်ကျနေတာ ဖြူတို့ပဲ သိတယ်''

''ဘယ်သူ့ကိုမှ ဘာမှဖွင့်မပြောပေမယ့် ဟန် အားငယ်နေတာ၊ ကြေကွဲဝမ်းနည်းနေတာ ဖြူတို့သူငယ်ချင်းတွေ အားလုံး သိနေတော့ ဟန့်အတွက် စိတ်မကောင်းဘူး ကိုနေခရယ်''

''အိမ်ရှေ့တောင် ရောက်နေပြီပဲ ဟန့်ကို ဝင်ချော့လိုက်ပါ။ ကိုနေခ ဟန့်နား ပြန်ရောက်မှပဲ ဖြူတို့လည်း ကိုယ့်အိမ်ကိုယ် စိတ်ချလက်ချ ပြန်လို့ရမယ်''

''လာပါရှင်… ဟန့်နားကို သွားရအောင်ပါ။ အိမ်ထဲမှာ ကိုနေခ သားနဲ့ ကိုနေခမိန်းမက ကိုနေခ ပြန်အလာကို မျှော်နေကြပါတယ်''

အကြောင်းပြစရာ ငြင်းစရာ နေခမှာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆိုတာ သူချစ်လို့ မြတ်နိုးလို့ လက်ထပ်ယူထားသည့်မိန်း
အခုဟန့်မှာ သူ့ရင်သွေးလေး ရှိနေပြီဆိုတာ အခုမှ သိခွင့်ရသ
ကလေးအဖေ အသစ်စက်စက်ဟု ဖြူတို့ ထင်ထားသည့်သူက 
ခေါ်ရာနောက်ကိုမှ မလိုက်ရင် နေခလောက် ရက်စက်သူ၊ နေခလေ
အသည်းနှလုံး ကင်းမဲ့သူရှိတော့မည် မထင်။

"ယော… ဟိုမှာ ကိုနေခကား ခြံထဲဝင်လာပြီ ဟန်ရေ၊ သူ့သ
သတင်း ကြားသွားတာနဲ့ အပျော်လွန်ပြီး ဘာကိုမှ မမြင်တော့
ထင်တယ်"

ရွှေစင့်အသံက ချိုလွင်နေသည်။ မြူးသွက်နေသည်။ နေ
ဟန် အဆင်မပြေ၍ ရွှေစင်တို့ သူငယ်ချင်းတတွေ မိသားစုကို
အိုးပစ်အိမ်ပစ်လုပ်ပြီး ဟန့်ကို တစ်လှည့်စီ စောင့်ရှောက်နေရ
တစ်ပတ်တိတိ ရှိပြီဆိုတော့ ကိုယ့်အိမ်ကိုယ် သေချာပြန်မကြည့်ဖြစ်
ကြာပါပြီ။ အခုနေခ ပြန်ရောက်ပြီဆိုတော့ ပစ်ထားသည့်အိမ်ကို 
ရတော့မည်အတွက် စိတ်တွေ ပေါ့ပါးနေ၏။

ဟန်ကတော့ မတုန်မလှုပ်။ ကျောက်ရုပ်ချထားသလို ငြိမ်သ
တိတ်ဆိတ်နေသည်။ ဟန့်မှာ ပြောစရာစကား မရှိ။ ဟန့်ဒု
ဝိုင်းသည်းခံပေးကြသည့် သူငယ်ချင်းတွေလည်း အားနာလှပြီ။ 
ပြန်လာပြီဆိုတာနှင့် ရွှေစင်က ချက်ချင်း သူ့အိမ်ကို ဖုန်းလှမ်းဆက်
လာခေါ်ခိုင်းနေသံကို ကြားရသည်။

"ကိုနေခ ပြန်လာပြီဆိုတော့ ရွှေစင်တို့လည်း ပြန်ဦးမယ် 
နောက် ဟန်တို့လင်မယား အဆင်ပြေသွားပြီဆိုမှ ပြန်လာခဲ့မယ် 
လား"





"ဩော်… ကိုနေခလာ… လာ။ ဒီမှာ ဟန့်ကိုချော့လိုက်ဦး
ရွှေစင်တို့တော့ အိမ်က ကားလာခေါ်တာနဲ့ ပြန်တော့မှာ"

"လာ… ဖြူ၊ ရွှေစင်တို့ အောက်ထပ်မှာ ကားသွားစောင့်ရ
အောင်"

ဖြူနှင့်ရွှေစင်က ဟန်နှင့်နေခကိုထားပြီး အခန်းထဲက အလိုက်
တသိ ရှောင်သွားကြသည်။ နေခက အခုချိန်ထိ သူ့ကို လုံးဝမကြည့်ဘဲ
တခြားကို ကြည့်နေသော ဟန့်မျက်နှာလေးကို ချစ်စိတ်ဖြင့် ငေးစိုက်
ကြည့်မိသည်။ မတွေ့ရသည့် တစ်ပတ်အတွင်း ဟန့်မျက်နှာလေး
သွယ်ဆင်းသွားကာ ပိုလှပြီး ပိုချစ်စရာကောင်းသည်ဟု ထင်သည်။
ဟန်နဲ့သူ့ကြားမှာသာ ဒီလိုကိစ္စတွေ မရှိဘူးဆိုရင် အခုအခြေအနေမှာ
ဟန်နဲ့သူ ပျော်နေကြမှာ သေချာသည်။

"နေကောင်းရဲ့လား ဟန်"

"ရှင်က ဘယ်လိုမြင်နေလို့လဲ"

ဟန့်ထံမှ အငေါ့တူးသံလေးကြောင့် နေခ မျက်နှာမှာ အပြုံး
တစ်စ လက်ခနဲ ဖြစ်သွားသည်။ သူကြားချင်သော အသံ။ သူမြင်ချင်
တွေ့ချင်လွန်း၍ အချိန်တိုင်း တမ်းတလွမ်းဆွတ် သတိရနေသည့်
မျက်နှာလေးက နေခမျက်စိထဲမှာ ကြည့်မဝနိုင် ဖြစ်နေ၏။

"ကိုယ်မြင်တာကတော့ ဟန် ပိုလှပြီး ပိုချစ်စရာကောင်းနေ
တယ်"

"ရှင်ဘာဖြစ်လို့ ဟန့်အိမ်ရှေ့ကို လာရတာလဲ"

"ဟန့်ကို လွမ်းလို့"

"လူကြားကောင်းအောင် အပိုတွေ ပြောမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဟန်က လက်မခံ။

သူဘာပြောပြော ခံစားချက်မဲ့ မျက်နှာနှင့် ဘာမှမဖြစ်သလို ဘာမှမခံစားရသလို နေနေတာကို နေခ အသည်းအယားဆုံး ဖြစ်သည်။

"ဒါဖြင့် ကိုယ်ဘယ်လိုပြောမှ အပိုလို့ ဟန်က မထင်မှာလဲ"

ဟန်က မဖြေ။

"မနက်ဖြန် ဆေးခန်းသွားမယ်"

နေခစကားကြောင့် ဟန် လန့်ပြီး သူ့မျက်နှာကိုကြည့်သည်။ တစ်ပတ်အတွင်း မရိတ်မသင် ဖြစ်ချင်တိုင်းဖြစ် ပစ်ထားသည့် နေခ မျက်နှာပေါ်က နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးတွေကို တစ်ခါမှ မမြင်ဖူးသဖြင့် ဟန် ကြောင်ပြီး ကြည့်နေသည်။ အမြဲသန့်ရှင်းသပ်ရပ်စွာ နေတတ်သည့်လူက ဘယ်လိုဖြစ်သွားတာလဲ။ ဟန့်အတွေးကို သိသည့်ပုံဖြင့် နေခ ပြုံးလိုက်တော့ ဟန်က အကြည့်လွဲသွား၏။

"ဟန် နေကောင်းပါတယ်"

"ဟန့်ကို ဆေးခန်းသွားပြမှာ မဟုတ်ဘူး။ ဟန့်ဗိုက်ထဲက ကိုယ့်ကလေးကို ဆေးခန်းသွားပြမှာ"

"ရှင် ဟန့်ကို မလှောင်ပါနဲ့"

သူ့ကလေး မဟုတ်ဘဲ သူ့ကလေးဟု ပြောနေသည့် နေခစကားက ဟန့်ကို လှောင်သလိုဖြစ်နေ၍ လှပသော ဟန့်မျက်နှာလေး သွေးရောင်လွှမ်းသွားကာ နေခမျက်နှာကို မကျေမနပ် ကြည့်သည်။ နေခက ဟန့်ကို လှောင်ခြင်းမဟုတ်။ ဟန့်ဗိုက်ထဲက ကလေးကို အားလုံးက သူ့ကလေးအဖြစ်သာ သိထား၍ သူကလည်း ဟန့်ဗိုက်ထဲက ကလေးကို သူ့ကလေးဟု သုံးနှုန်းပြောဆိုလိုက်ခြင်း ဖြစ်သည်။





"အဖြစ်မှန်းကို ပြောနေတာဟန်၊ မင်းက ကိုယ့်မိန်းမ၊ ကိုယ့်မိန်းမဗိုက်ထဲက ကလေးဟာ ကိုယ့်ကလေးမဟုတ်ဘူး၊ တခြားသူကလေးပါလို့ မင်းက သူများတွေသိအောင် ပြောစေချင်လို့လား"

ဒီလိုဆိုတော့ ဟန့်ဘက်က ပြောစရာ မရှိသလို ငြိမ်သွားသည်။ အကယ်တော့ နေခပြောတာ မလွန်။ ဖြစ်သင့်တာက ဒီအတိုင်းပဲဆိုတာ ဟန် လက်ခံသည်။ ဒါပေမဲ့ ကလေးက သူ့ကလေး မဟုတ်။

"ဒီအကြောင်း ရှင့်အမေသိလို့ မဖြစ်ဖူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"အို… ကလေးက ရှင့်ကလေးမှ မဟုတ်တာ"

ဒီစကားကိုတော့ ဟန် ခပ်လွယ်လွယ်ပဲ ပြောချပစ်လိုက်သည်။ ဆက်ကြာ နေခမာမီက သူ့သားနှင့်ရသည့် သူ့မြေးဟုထင်ပြီး သည်းသည်းလှုပ်ပြနေလျှင် ဟန်ပဲ မျက်နှာပူရ အနေရခက်ရမှာကို သိသည်။

"အလျှုရှင်မှန်းသိအောင် မဏ္ဍပ်တိုင် ခထာခဏ တက်ပြမနေပါနဲ့ဟန်၊ ဒီကလေး ဘယ်သူ့ကလေးဆိုတာ မင်းသိသလို ကိုယ်လည်း သိပြီးသားပါ"

နေခအသံက ရင်နာသံနှင့်ဆိုတော့ ဟန်ပြောမိတာ အားနာသွားသည်။

"ဟန်ပြောချင်တာ အဲဒါမဟုတ်ဘူး။ ရှင့်မာမီက ဟန့်ကလေးကို သူ့မြေးလို့ထင်ပြီး…"

"ထင်တော့ ဘာဖြစ်လဲ"

"ရှင်"

"ကိုယ်လက်ထပ်ထားတဲ့ မိန်းမမှာ ရှိနေတဲ့ ကလေးကို ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးလို့ ကိုယ့်မာမီက မထင်သင့်ဘူး ထင်လို့လား"

ရင်နာပေမယ့် ထိုမေးခွန်းကို မေးလိုက်ရသည့်အပေါ်မှာ ဘာနောင်တမှမရ။

"ဟန်ရေ… ရွှေစင်တို့ ပြန်တော့မယ်"

"လာပြီ ရွှေစင်"

ဟန်ကိုယ်တိုင် အိန့်ရွှေစင်ကို ကားနားအထိ လိုက်ပို့သလို နေခကလည်း အိတို့ကို ကျေးဇူးတင် စကားဆိုသည်။ ရွှေစင်တို့ကား မြင်ကွင်းက ပျောက်သွားတော့ အိမ်မှာ ကျန်ခဲ့သည့် နေခက ဟန့်ကို လှမ်းကြည့်သည်။ အဖြူရောင်ညဝတ် ဂါဝန်ရှည်နှင့် အလှကြီး လှနေသော ဟန်က နေခကို မကြည့်။ သူမ အိပ်ခန်းရှိရာ လျှောက်သွား၍ သူမနှင့်အတူ နေခပါ အတူပါလာသည်။

"ဟန်"

"ရှင့်အခန်းက ဟိုဘက်မှာလေ ဘာဖြစ်လို့ ဟန့်အခန်းထဲ ဝင်လာတာလဲ"

သူမအခန်းထဲအထိ လိုက်လာသော နေခကို သဘောမကျသလို ကြည့်ပြီး ပြောလိုက်သည့် ဟန့်စကားက သူ့ရင်ကို ဒုတ်ခနဲ လာထိသည်။

"မင်းကို ကိုယ်ပိုင်သလို ဒီအခန်းကို ကိုယ်ပိုင်တယ်ဆိုတာ မင်းနားလည်အောင် ကိုယ်က ပြန်ရှင်းပြနေရဦးမှာလားဟန်"

"ရှင်ပြသနာ မရှာနဲ့နော်နေခ၊ ရှင်ကျေနပ်အောင် ဟန်ဘာလုပ်ပေးရမလဲဆိုတာပဲပြော"

"မင်းလုပ်ပေးရမှာက တစ်ခုတည်းပါ ဟန်၊ အဲဒါက ကိုယ့်





ရင်ခွင်ထဲမှာ မင်း အမြဲရှိနေဖို့ပဲ"

"အဓိပ္ပာယ်မရှိတာ၊ အခု ဟန်နေမကောင်းဘူးရှင်"

"ကိုယ်လည်း မင်းမရှိလို့ ဘယ်လိုမှ နေလို့မကောင်းဘူး ဟန်"

"အိုး…"

နွေးထွေးသန်မာသော နေခရင်ခွင်က ဟန့်ကိုယ်လေးကို အနူးညံ့အညင်သာဆုံး အိပ်စက်စေသော ရင်ခွင်တစ်ခုအဖြစ် ပြောင်းလဲသွားသည်။

"သိပ်ချစ်တယ် ဟန်ရယ်"

ဟန့်ပါးပြင်နုမှာ တိုးဝှေ့ရှိုက်နမ်းသွားသည့် ချစ်အနမ်းတွေက ဟန်နှုတ်ခမ်းလေးထက်မှာ အဆုံးသတ်သွားကာ ချစ်အနမ်းရှည်ကြီးတစ်ခုကို ဖြစ်တည်စေသည်။ နေခရင်ခွင်ထဲမှာ ရှိနေပေမယ့် အရင်လို သူ့ကို ထုရိုက်တာမျိုး မလုပ်မိတော့ပါ။ ဒါကို နေခကိုယ်တိုင် သတိထားမိတာ ဟန့်မျက်နှာလှလှလေးကို အုပ်မိုးစူးစိုက်ကြည့်ပြီး ဟန့်မျက်လုံးလေးတွေထဲ အဖြေရှာသလို ရွှန်းရွှန်းလက်လက် စူးစိုက်ကြည့်သည်။

"ကိုယ့်ကိုချစ်လား ဟန်"

တိုးရှိုက်နှင့်မောနေသော နေခအသံက ခပ်ဖွဖွ။ ဟန် သူ့ကို ချစ်နေပြီလားဆိုတာကို ဟန်ကိုယ်တိုင် သေချာမသိ။ သူက ဟန့်နှုတ်ခမ်းကို ငုံနမ်းပြီး ဟန့်ကိုယ်လေးကို ဖျစ်ညှစ်သည်။

"ကိုယ်မေးတာ ဖြေပါဦး၊ ဟန် ကိုယ့်ကိုချစ်လား"

"ဟန် မသိဘူး"

အမှန်အတိုင်း ဟန်ဖြေတော့ သူက ရယ်သည်။

"ကိုယ်တော့ ဟန် ကိုယ့်ကို ချစ်လာပြီလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ထင်သလို ဖြစ်ချင်လည်း ဖြစ်မှာပါ"

"ကိုယ့်ကို ဟန်ချစ်နေပြီဆိုတာ ဟန့်ကိုယ်ဟန် မသိဘူးလား ဟင်"

"ဟန်က ဘာကိုသိရမှာလဲ… ဖယ်ပါ"

"မဖယ်ဘူး"

"ကိုယ် ဟန့်ကို လွမ်းခဲ့သမျှ အခုမှ အတိုးချ အလွမ်းဖြေရမှာ"

"ရှင်နော်… ဟန်မကြိုက်တာ မလုပ်နဲ့ဆို"

"အို"

ဟန့်မျက်ဝန်းအစုံ ရုက်လန့်တကြား မှေးမှိတ်သွားသလို သူမပေါ် ပြုဆင်းလာသည့် ချစ်အနမ်းတွေကို ချိုမြိန်စွာ မတားဆီးနိုင်သူ ဖြစ်သွား၏။ အချစ်ဆိုတာ ဘယ်လိုအရာဟု ဟန်ကိုယ်တိုင် တိကျရေရာစွာ မသိသော်လည်း သူမနားက နေခထွက်သွားချိန် တိတ်ဆိတ်နေသော အိမ်ကြီးထဲ သူမတစ်ယောက်တည်း ကျန်ခဲ့ရသည့်အဖြစ်လောက် ဝမ်းနည်းကြေကွဲစရာ မရှိတာကို ဟန် ခံစားတတ်လာသည်။

နေခဆိုသည့် အမည်ကို ဟန့်ဘာသာ မသိဘဲ တမ်းတတတ်လာ၏။ သတိရနေတတ်သည်။ သူပြန်လာရင်ဆိုတာမျိုး တွေးမိတာက အလွမ်းဆိုရင် ဟန် နေခကို လွမ်းတတ်ပြီဟုဆိုလျှင် ဟန် နေခကို ချစ်မိနေသည်မှာ သေချာသည်။ ဒီတစ်ခါ ဟန့်နားက နေခပြန်ထွက်သွားခဲ့ရင် ဟန် ဘယ်လိုနေရမလဲ။ အရင်လို ဖြစ်ချင်ရာဖြစ် ဟန် တစ်ယောက်တည်း သတ္တိအားမာန်အပြည့်နဲ့နေမှ နေနိုင်ပါဦးမည်လား။ ဟင့်အင်း… ရှင် ဟန့်နားက ဘယ်ကိုမှ မသွားပါနဲ့တော့ နေခရယ်။

"ဟန့်ကို လွှတ်ပါဦး"





"ချစ်တယ်ပြောမှ"

"ရှင် ဟန့်ကို မမုန်းဘူးလား"

"မုန်းချင်သားပဲ"

ပြုံးနေသည့် နေခမျက်နှာပေါ်က ဟန့်အပေါ်ထားသည့် ချစ်ခြင်းမေတ္တာတို့ ရွှန်းစက်ဝင်းလက်နေတာကို ဟန့်နှုတ်ခမ်းမှာ အပြုံးရိပ် ဆင်လာ၏။

"မင်းက ကိုယ့်ကိုရယ်တာလား"

"ရှင် ဟန့်ကို မမုန်းတာကို ကျေးဇူးတင်တာပါ"

"ပါးစပ်က ကျေးဇူးတင်တာကို လက်မခံဘူး"

သူက ဟန့်မျက်လုံးထဲကို အကြည့်တစ်မျိုးနှင့် စိုက်ကြည့်ပြီး ဆိုတော့ ဟန့်ပါးလေးတွေ နွေးသွားသည်။

"ဒါဖြင့် ရှင့်ကို ဟန်က ဘယ်လိုကျေးဇူးတင်ရမှာလဲ"

"ဒီလို တင်မှရမယ်"

"နေခရယ်"

ချစ်သူရင်ခွင်ထဲမှာ ဟန့်မျက်နှာလေးကို မှီအပ်လိုက်တော့ သူက ဟန့်တစ်ကိုယ်လုံး သိမ်းကျုံးပွေ့ဖက်ပြီး ချစ်အနမ်းတွေ မဆုံးနိုင်အောင် သိုကုံးသည်။

"ကိုယ့်ကိုချစ်လား ဟန်"

"အင်း"

"ကိုယ်လည်း ဟန့်ကိုချစ်တယ်"

"ဟန့်ကိုချစ်ရင် ဟန့်အကြောင်းကို နေခမာမီကို အသိမပေး ပါနဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လိုချင်တဲ့ကတိကို ကိုယ်ပေးစေချင်ရင် ဟန်လည်း ကိုယ့်ကို ကတိတစ်ခု ပြန်ပေးမှရမယ်"

"ဘာကတိလဲဟင်"

"ကိုယ့်ကို မောင်လို့ခေါ်ပါမယ်ဆိုတဲ့ ကတိ"

ဟန်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စူးစိုက်ကြည့်လိုက်သည်။ စာထဲမှာ ဖတ်ဖူးသည်။ သူများတွေခေါ်တာ ကြားဖူးသည်။ သို့သော် ဟန်ကိုယ်တိုင် မည်သူကိုမှ မခေါ်ဖူးတော့ စိတ်ထဲတစ်မျိုး ဖြစ်နေသည်။ အရင်က သူ့ကို တခြားမိန်းမတွေ ခေါ်နေကျအမည်ဆိုလျှင်တော့ သူမ မခေါ်ချင်။

"ရှင့်ကို..."

"မောင့်ကိုလို့ပြော..."

"အရင်က ရှင့်ရည်းစားတွေ ခေါ်နေကြနာမည်ဆိုရင် ဟန်မခေါ်နိုင်ဘူး"

"မနာလိုတာလား သဝန်တိုတာလား"

"သူတို့က ရှင့်ကို ဘယ်လိုခေါ်လဲဆိုတာပဲ ပြောပါ"

တကယ်ချစ်တတ်သူမှ မနာလိုဝန်တိုဖြစ်ခြင်းဟု နားလည်ထား၍ နေခမျက်နှာ ကျေနပ်စွာ ပြုံးနေပုံကိုကြည့်ပြီး ဟန်က မသင်္ကာသလို မေးတော့ သူက ရယ်သည်။

"စိတ်ချပါ၊ ဘယ်မိန်းမမှ ကိုယ့်ကို မောင်လို့မခေါ်ဘူး။ ကိုယ်ကလည်း ခေါ်ခွင့်မပြုဘူး"

"ဘာဖြစ်လို့ ခေါ်ခွင့်မပြုရတာလဲ"

"ဟန်ခေါ်တာကိုပဲ ကြားချင်လို့နေမှာပေါ့"





"အပိုတွေ"

"ဘယ်လောက်ပိုလဲဆိုတာ သိချင်ရင် လက်တွေ့ပြမယ်"

"မောင်နော်"

မရည်ရွယ်ပဲ ခေါ်ဖြစ်သွား၍ နှစ်ယောက်အတူ ကြည်နူးစွာ ရယ်မိသည့်အခိုက်မှာတော့ အချစ်ကလွဲပြီး အရာအားလုံးကို မေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ကိုယ်ဝန်နှစ်လဆိုသည့် အဖြေကြောင့် နေခကို အားနာသ လှမ်းကြည့်သည့် ဟန့်အကြည့်ကို နားလည်သလို ကိုယ်နဲ့ ဘာမှမဆိုင် သည့် ကိစ္စကို ကိုယ်နဲ့ဆိုင်သလို သဘောထားကြီးကြီးလုပ်ပြီး ဟ ကျေနပ်အောင် ပြုံးနေရသည့် သူ့အဖြစ်ကို သူကိုယ်တိုင် နားမလည်

ဟန့်ကိုချစ်သည့်စိတ်နှင့် ဟန်ကျေနပ်အောင် ဟန် စိတ်ချမ်းသ အောင် နေပြနေရပေမယ့် နေခ ရင်ထဲမှာ ဒီကလေးရဲ့အဖေ ဘယ်သူ ဆိုတာ သိချင်စိတ်က ထိန်းချုပ်မရ ဖြစ်နေ၏။ လိုအပ်သည့် ဆေးတွေ ဆရာဝန်က ရေးပေးလိုက်သလို နေနည်းထိုင်နည်း ကျန်းမာရေး ဆေ ရှောက်မှု နည်းအသွယ်သွယ်ကို ညွှန်ကြားသည်။ ဟန်က စိတ်လှုပ်ရှ တက်ကြွနေသော်လည်း နေခက ဟန် ရယ်၍လိုက်ရယ်ရသည်။ ဟ ပြုံး၍ လိုက်ပြုံးရသည်မှတစ်ပါး သူသိချင်သည့် အဖြေကိုပဲ စဉ်းစ နေသည်။

အပြန်ခရီးမှာ သူ့ကိုယ်သူ ဘာမှမပြောမိအောင် ကြိုးစား ဟန်ပြောသမျှ အလိုက်သင့် နားထောင်ပြန်ပြောသည်အထိ အားထု





အခင်ပြေပေမယ့် အိမ်ပြန်ရောက်ပြီး ညအိပ်ရာဝင်ချိန်၊ ဟန် ဖတ်နေ သည့် သားကောင်းမိခင် ကိုယ်ဝန်ဆောင် လက်ဆွဲစာအုပ်ကို မြင်နေ ရသည့်အချိန်မှာတော့ နေခ ဘယ်လိုမှ စိတ်ထိန်းမရ ဖြစ်လာ၏။

"ဟန်"

"ဟင်... ဘာလဲမောင်"

စာအုပ်ကိုပိတ်ပြီး သူ့နားလာထိုင်သည့် နေခကို ဟန်က အရေး တယူ လှမ်းကြည့်ပြီး ကြင်နာစွာ မေးပေမယ့် နေခက မပျော်။ သူနဲ့ ဟိုလူကို ဟန် ဘယ်သူ့ပိုချစ်လဲဆိုတာ သိချင်စိတ် ပြင်းပြနေသလို ဒီလိုအချိန်မှာ ဟန့်ကို အသည်းအသန် ချစ်နေမြတ်နိုးနေသည့် နေခ ထက်၊ ဟန့်ဗိုက်ထဲက ကလေးအဖေကို ပိုတမ်းတ၊ ပိုသတိရ၊ ပို ချစ်နေမလားဆိုတာတွေးပြီး နေခ ရင်ထဲပူနေသည်။

"မောင်မေးတာကို ဟန် အမှန်တိုင်း ဖြေမလား"

"မောင်က ဘာမေးချင်လို့လဲ"

သူဖြစ်နေတာကို ဟန်မသိ။

မနာလိုခြင်းတွေ၊ သဝန်တိုခြင်းတွေနှင့် ပူလောင်နေသည့် နှလုံး သားတစ်စုံကိုလည်း ဟန် မမြင်။ သူသက်ပြင်းချပြီး နှမွတ်သန့်စင်စွာ အလှကြီးလှနေသည့် ဟန့်မျက်နှာကို မျက်လုံးလက်လက်တွေ ချစ် မြတ်နိုးစွာ စူးစိုက်ကြည့်လိုက်သည်။

"မောင်မေးချင်တာက... ဟန့်ရဲ့ အရင်လူအကြောင်း"

"အရင်လူဟုတ်လား မောင်"

အရင်လူလည်းမရှိ နောက်လူလည်းမရှိ။ နေခကလွဲပြီး တခြား ဘယ်ယောကျ်ားနှင့်မှ အနီးကပ် မနေဘူး၊ မချစ်ဖူးသည့် ဟန့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



နေခစကားကို ရုတ်တရက် နားမလည်။

ကလေးလေးရဲ့ အဖေအကြောင်းဆိုမှ ဟန့်လက်ထဲက စာအုပ် လွတ်ကျသွားကာ နေခမျက်နှာကို လှပဝိုင်းစက်သော မျက်ဝန်းအစုံ ဖြင့် ငေးစိုက်ကြည့်၍ ဟန် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

"သူက ဘယ်သူလဲဟန်၊ ပြီးတော့ ဘာအလုပ်လုပ်လဲ၊ ဟန့်ကို ဘာဖြစ်လို့ လမ်းခွဲသွားတာလဲ"

မေးခွန်းတွေက တသီကြီး ဖြစ်သည်။ ဘယ်အမေးကိုမှ ဟန် မဖြေနိုင်။ ဖြေစရာလည်း ဟန့်မှာ မရှိ။ နေခ သိချင်သည့် အဖြေ ဟန်ကိုယ်တိုင်လည်း သိချင်ပါသည်ဟုဆိုလျှင် ဘာတွေဖြစ်မည်မသိ။

"ဟန်ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့လူဆိုတော့ တော်ရုံအနေအထား ကလူ မဟုတ်ဘူးဆိုတာလောက်တော့ မောင် သိထားပါတယ်"

အင်း… ဟန်လည်း ဒီလိုပဲဖြစ်ပါစေဟု ဆုတောင်းထားကြောင်း နေခမသိလေခြင်းဟု ဟန့်စိတ်ထဲက တွေးဖြစ်အောင် တွေးလိုက်မိသည့် အတွေးပါ။ အပြင်မှာတော့ ဟန့်ကို သူမေးချင်တာတွေမေးပြီး မျက်နှာ ခပ်လွှဲလွှဲလုပ်ကာ စီးကရက်တစ်လိပ်ကို မီးညှိဖို့ ကြိုးစားနေသည့် နေခမျက်နှာကို ဟန် အသက်မရှူနိုင်ဘဲ ပြန်ငေးနေမိ၏။

ဟန် မောင့်ကို ဘယ်လိုပြောရမှာပါလိမ့်။

အမှန်အတိုင်း ပြောလိုက်ရတာက အရေးမကြီး။ သူထင်မြင် ယူဆထားသလို ဟန့်ဗိုက်ထဲက ကလေးလေးရဲ့ အဖေဟာ တော်ရုံ အဆင့်အတန်းထဲက လူလည်းမဟုတ်၊ ဘယ်သူဘယ်ဝါမှန်း မသိ ဘယ်လိုအနေအထား ဘယ်လိုအကျင့်စာရိတ္တမှန်း မသိရသော ယောက်ျား တစ်ယောက်ရဲ့ ရင်သွေးပါ သိသွားလျှင် ဟန့်ကိုသာမက ဟန့်ဗိုက်ထဲ က ရင်သွေးလေးကိုပါ အထင်သေး မုန်းတီးသွားမှာကိုတော့ ဟန်အလို မရှိ။ အဖြစ်လည်း မခံနိုင်။

"အဲဒီအကြောင်းတွေ ဟန် မေ့လိုက်ပြီမောင်၊ အဲဒီလူအကြောင်း ဟန်သိလည်း မသိချင်ဘူး ပြောလည်း မပြောနိုင်ဘူး"

ထုတ်ပြော၍ နှစ်ဦးနှစ်ဖက် အကျိုးမရှိနိုင်မှန်းသိပြီးနောက်မှာ ဟန် ပြတ်သားစွာ ငြင်းလိုက်သည်။ သူဘယ်သူဘယ်ဝါဆိုတာ ဟန် မသိသလို မောင်လည်းသိစရာ မလိုဟု ထင်သည်။

"ဟန့်ရင်ထဲက ရင်သွေးလေးက ဟန့်သွေး၊ ဟန့်ရဲ့သားပဲ တခြားဘယ်သူ့ရဲ့ သားမှမဟုတ်ဘူး မောင်"

ထိုအတိုင်းလည်း ခံယူထားသည်။ ဟန့်ဘဝထဲ မောင်ရောက် မလာခဲ့ရင်လည်း ဟန်ဆိုတာ ဟန့်ရင်ကဖြစ်တဲ့ ရင်သွေးလေးနဲ့အတူ လှပတဲ့ အနာဂတ်ကို လျှောက်လှမ်းဖို့ အသင့်ပြင်ဆင်ထားသူဖြစ် ကြောင်း မောင့်ကို သိစေချင်သော်လည်း ဖွင့်မပြောတော့ပါ။

"သားကို ဟန်ချစ်တယ်။ သားဘဝ လုံခြုံအောင် စိတ်ချမ်း သာပျော်ရွှင်အောင် ဟန့်မှာရှိတဲ့ ချစ်ခြင်းမေတ္တာချမ်းသာ စည်းစိမ် အားလုံးကို ဟန့်သားအတွက် ပုံပေးထားပြီးပါပြီ"

ဟန့်အသံက မိခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာ။ မိခင် တစ်ယောက်၏ အားမာန်သတ္တိအပြည့်ဖြင့် ဝင်းလက်တောက်ပလျက် သားအကြောင်း ပြောရသည့်အချိန်မှာ ဟန့်အသွင်က ဝင့်ထယ်နေ သည်။

"သားကိုချစ်တာက ဟုတ်ပါပြီ၊ သားအဖေကိုရော ဘယ်လောက် ချစ်လဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ သူ့ကို ဟန် မချစ်ဘူး"

"ဒါဖြင့် ဘယ်သူ့ကိုချစ်လဲ"

"မောင့်ကို"

"မညာနဲ့နော် ကောင်မလေး"

ပြုံးနေသည့် နေခမျက်နှာမှာ ပျော်ရွှင်ကျေနပ်မှုကို မြင်လိုက်ရသလို ဟန်ကိုယ်တိုင်လည်း သူမဘဝမှာ တစ်ဦးတည်း ချစ်ခဲ့ရသော ယောကျ်ားမှာ နေခဖြစ်ခွင့်ရသည့်အပေါ်မှ ကျေနပ်ကြည်နူးနေသည်။

"ဟန့်ဘဝမှာ မောင်တစ်ယောက်တည်းကို ချစ်ခဲ့တာပါကွယ်။ ဒီကမ္ဘာပေါ်မှာ မောင်ကလွဲပြီး တခြား ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဘူးဆိုတာ ဟန် ကျမ်းကျိန်ဝံ့ပါတယ်"

"မောင့်ကို ဟန် ချစ်တယ်"

"ဘယ်တော့မှ မောင့်ကို ခွဲမသွားပါဘူးလို့ပြော"

"ဟန်က မောင့်ကို ဘယ်တော့မှ ခွဲမသွားပါဘူး၊ မောင်ကသာ ..."

"ဘာဖြစ်လဲ"

"တစ်နေ့ ဟန့်ကို ခွဲမသွားပါစေနဲ့လို့ ဟန်ဆုတောင်းပါတယ်"

"ဟန်ဆုတောင်းပြည့်စေ၊ မောင်က ဟန့်ကို အခုလည်း မခွဲဘူး နောင်ကိုလည်း မခွဲဘူး...။ တစ်သက်လုံး ရိုးမြေကျ အသက်တစ်ရာ နှစ်ဆယ်အထိ အတူနေသွားမှာ"

"ပျင်းစရာကြီး"

"ဘာပြောတယ်"

"အသက်တစ်ရာနှစ်ဆယ်အထိ မနေချင်လို့ ပြောတာ"





နှစ်ယောက်အတူ ရယ်မိကြသည်။

အခုတော့လည်း ကမ္ဘာလောကကြီးက ပျော်စရာတွေချည်းပါပဲလား။ နေခက ဟန့်ကိုချစ်ပုံက သည်းသည်းလှုပ်။ ဟန့်သူငယ်ချင်းတွေပင် အားကျရသည့်အထိ ဟန်က ချစ်ကံကောင်းသည့် မိန်းကလေးအဖြစ် ဟန့်ရှေ့မှာရော ဟန့်ကွယ်ရာမှာပါ သတင်းတွေ ပျံ့နေသည်။ ဟန်က ပျော်မဆုံး။ မော်မဆုံး။ နေခအချစ်တွေထဲမှာ ကြည်နူးချမ်းမြေ့နေပေမယ့် တစ်ခါတစ်ခါ နေခမျက်နှာမှာ အပြုံးတွေ ကွယ်ပျောက်ပြီး ဟန့်ဝမ်းဗိုက်ရှိရာ စူးစူးငေးငေးကြည့်၍ ငြိမ်တွေသွားတတ်တာမျိုးကို ဟန်ကိုယ်တိုင် သတိမထားမိ။

ဟန့်ကို ချစ်သည်။ မြတ်နိုးသည်။ ဂရုစိုက်အလိုလိုက်ကာ ဟန် မျက်နှာတစ်ချက် မညိုးအောင် အရိပ်တကြည့်ကြည့် ချစ်နေမိတာမှန်ပေမယ့် နေခရင်ထဲမှာ ဆူးလေးတစ်ခုထဲ အမြဲရှိနေသည်။ ဟန်က သူမသားကို သူမဘယ်လိုချစ်ကြောင်း၊ မြတ်နိုးကြောင်းပြောတိုင်း ဗိုက်ထဲက ကလေးကို သူ့ထက်ပိုချစ် ပိုဂရုစိုက်တိုင်း နေခအသည်းနှလုံးတို့ နာကျင်သလို အခံရလည်း ခက်၏။

အရင်လူအကြောင်း မပြောချင်ပါဟု ဟန်က သူ့ကို ပိတ်ပြောထားပေမယ့် ဘယ်အချိန် အရင်လူက ဟန်အတွေးထဲ ရောက်လာမလဲ။ ဘယ်လိုအချိန်မှာ သားရဲ့အဖေကို သတိရနေမလဲဆိုတာကို နေခမတွေးဘဲမနေနိုင်။ အကြောင်းတစ်ခုခုကြောင့် ဟန်ငြိမ်နေလျှင် နေခစိတ်ထဲ ထိုကိစ္စကို ပိုသတိရသည်။ ဟန်ငြိမ်နေတာ အရင်လူကြောင့် အရင်လူကို သတိရနေလို့ဟု ပါးစပ်က ထုတ်မပြောသော်လည်း သူ့စိတ်ထဲက အတတ်ခွဲပြီးဖြစ်နေတတ်သည့် သူ့ဒုက္ခကလည်း မသေး။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း ထူးထူးခြားခြား ဟန်တစ်ယောက်တည်း ငြိမ်ငြိမ် အခန်းထဲမှာ နေနေတာကို မသင်္ကာ။ ဒီကြားထဲ ဟန့်ဖုန်းက ခဏခဏ လာနေ၍ နေခ စိတ်ထင်သလို ဖြစ်နေမလားဟု တွေးပူနေ၏။ ကလေး အဖေကများ ဟန့်ကို ဆက်သွယ်နေတာလား၊ ဟန့်ကလေးနဲ့အတူ ဟန့်ကိုပြန်ခေါ်ရင် သူဘာလုပ်ရမလဲ… လျှောက်တွေးနေမိတာ လည်း ရှိသည်။ နေခသဘောကတော့ ရှင်းသည်။ ပြတ်သည်။ ဟန့်ကလေးကို သူ့အဖေလာတောင်းလျှင် ထည့်ပေးလိုက်မည်။ သူ့ အတူ ဟန်ရှိနေရင် သူ့ဘဝက ပြီးပြည့်စုံသည်။

နောက်မှ သူ့ရင်သွေး သားသမီးတွေ ဟန့်ကိုအများကြီး မွေး ခိုင်းမည်။ အတွေးထဲမှာပင် ပျော်စရာကောင်းသည့် မိသားစုဘဝ အပြင်မှာ သူတကယ် ပိုင်ဆိုင်ချင်သည်။ သူပိုင်သားသမီးတွေ မွေး ပေးပါဟု အခုချိန်မှာ သူ့စိတ်ထဲရှိသည့်အတိုင်း ဟန့်ကို ပြောခွင့်မ တာကို ရင်နာသည်။ အိပ်ရာပေါ် လှဲနေသည့် ဟန့်နှဖူးလေးကို နမ်းလိုက်တော့ ဟန်က သူ့ကို မျက်လုံးဖွင့်ကြည့်သည်။

"နေမကောင်းဘူးလားဟန်"

"ခေါင်းနည်းနည်းမူးလို့ပါမောင်"

"မောင်သံပရာရည် ဖျော်ပေးရမလား"

"ဟန့်နားမှာပဲ မောင်နေပါ"

"ခေါင်းမူးတယ်ဆို"

"မောင်ရှိနေရင် မမူးတော့ဘူး"

"ဒါက ယောကျ်ားကို ချွဲတာပေါ့ ဟုတ်လား"

"အင်း"





အပြုံးနှင့် ဟန် ခေါင်းညိတ်လိုက်တော့ နေခက ဟန့် ကိုယ်လေး ကို သူ့ရင်ခွင်ထဲ ဆွဲယူပြီး ညင်သာစွာ ပွေ့ဖက်ထားသည်။ ဟန် ဘယ်လိုနေနေ ချစ်စရာကောင်းအောင် လှနေတာက ဟန့် ဆုတောင်း ဖြစ်သည်။

"အခုချိန်ထိ ဟန့်ဗိုက်ထဲက ကောင်လေးအကြောင်း မာမီ့ကို မပြောရသေးဘူး"

"မောင်က ပြောချင်လို့လားဟင်"

"မောင်တို့ မပြောလည်း မာမီက သိမှာပဲလေ…။ အဲဒီအခါ ကျတော့ မောင်တို့အနေနဲ့ မာမီကို မလေးစားရာကြမှာပေါ့။ မာမီက မြေးချီချင်လွန်းလို့ မြေးရှူးရှူးနေတာ ကြာလှပြီ"

"မောင့်မာမီကို ဟန်ကိုယ်တိုင်ပဲ ပြောလိုက်ပါ့မယ်"

"အခုလား"

"အင်း… မာမီ့ဆီကို မောင်လိုက်ပို့"

"အိုကေ"

သူခေါင်းညိတ်ပြီး ဟန့်ပါးလေးကို နမ်းသည်။

အဖြစ်မှန်ကို နေခမာမီကို ပြောလို့မရပေမယ့် ဟန့်မှာ ကိုယ်ဝန် ရှိနေတာကိုတော့ ပြောကိုပြောမှ ဖြစ်မှာဆိုတော့ သူတို့မှာ တခြားရွေး ချယ်စရာ မရှိ။ ဟန် အဝတ်လဲနေချိန်မှာ နေခက မာမီအိမ်မှာ ရှိမရှိ လှမ်းဖုန်းဆက်ရသည်။ မာမီအိမ်မှာ ရှိသည်ဆိုမှ သူကိုယ်တိုင် အဝတ် လဲပြီး ဟန့်နားရောက်သွားတော့ ဟန်က သူ့အခန်းထဲမှာ မရှိ၊ အောက် ထပ်ကို ဆင်းတော့ ဟန် ဖုန်းပြောနေသည်။ နေခ ဆင်းလာတာကို မြင်တော့ ဖုန်းကို ချက်ချင်းပိတ်လိုက်တာ မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ စကားပြောနေတာလဲဟန်"

"အိပါ… သူဒီကိုလာမယ်ဆိုလို့ ဟန်တို့ အခုပဲ မောင့်မာမီအိမ်ကို သွားမလို့လို့ ပြောနေတာ"

"မာမီက မောင်တို့ လာမယ်ဆိုလို့ ဝမ်းသာနေတာ၊ မင်္ဂလာဆောင်ပွဲကိစ္စကို အမြန်ဆုံး စီစဉ်မယ်လို့ မောင့်ကိုပြောနေလို့ မောင်သဘောတူလိုက်ပြီ"

ပြောရင်း နေခအကြည့်က ဟန့်ဝမ်းဗိုက်ဆီ ရောက်လာ၍ ဟန့်ကိုယ်လေး တွန့်ခနဲ ဖြစ်သွားပြီး လိပ်ပြာမလုံသလို နေခမျက်နှာကို အပြုံးနှင့် လှမ်းကြည့်သည်။

"မောင်ဘာလို့ သဘောတူလိုက်လဲဆိုတာ ဟန် သိပါတယ် ဒါကြောင့် မဟုတ်လား"

"အင်း"

ဟန်က သူမဝမ်းဗိုက်လေးကို လက်နဲ့ပုပ်ပြတော့ နေခက ရယ်ရင်း ခေါင်းညိတ်သည်။ ဟန် မျက်နှာပူပူနှင့် အတူရောရယ်နေရမယ့် စိတ်ထဲက နေခမာမီကိုရော နေခကိုပါ အားနာနေသည်။ သူ့အကြောင်း အန်ကယ်အဲဘတ်ကို ဟန် ဖုန်းလှမ်းဆက်တော့ အံ့ဩနေသည်။

ညည်းလိုချင်တာရပြီ မဟုတ်လား။ ဘာဖြစ်လို့ ညည်းအသံက မပျော်မရွှင် ဖြစ်နေရတာလဲဆိုမှ ဟန်ဖြစ်နေပုံကို အန်ကယ်ရိပ်မိသွားပြီဟု လန့်သွားသည်။ ဟန် လက်ထပ်လိုက်တာကို အန်ကယ်အဲဘတ် မသိ။ အင်္ဂလန်ကို ရောက်နေသည့် အန်ကယ့်ကို အသိပေးရအောင်ကလည်း မင်္ဂလာဆောင်ပွဲက အခုမှ ကျင်းပရမှာ ဖြစ်နေ



"ဟန်လက်ထပ်ပြီးပြီ အန်ကယ်"ဟု ပြောမလို့ စဉ်းစားပြီးမှ ဟန်မပြောတော့။ အသွားဆုံးသွားပြီဆိုတာလောက်ပဲ ပြောဖြစ်သည်။ အန်ကယ်အဲဘတ် ဘယ်တော့ပြန်လာမှာလဲဆိုတော့ အတိအကျ မပြောနိုင်။ နည်းနည်းတော့ ကြာဦးမယ်ဆိုတာပဲပြောပြီး ဖုန်းချသွားသည်။ ဟန့်အကြောင်း အသိဆုံးလူက အန်ကယ်အဲဘတ်ဖြစ်၍ ဟန့်နားမှာ အခုလိုအချိန် ရှိနေစေချင်သည်။ နေခက သူ့ကားပေါ်မှာရှိနေပြီး စိတ်ထဲ တခြားနေရာ ရောက်နေသော ဟန့်ကို ကားမောင်းရင်း မကြာခဏ လှမ်းလှမ်းကြည့်နေတာကို ဟန်က မသိ။ နောက်ဆုံး မနေနိုင်တာနှင့် ဟန့်ကို လှမ်းမေးမိ၏။

"ဘာတွေတွေးပြီး ငြိမ်နေတာလဲဟန်"

"မောင့်မာမီအကြောင်းပါ။ ပြီးတော့ အသွားမရှိတော့တဲ့ ကျင်းပရမယ့် ဟန်တို့မင်္ဂလာဆောင်ပွဲအကြောင်း…"

"ဒါပဲလား"

"တခြားအကြောင်းအရာတွေလည်း အများကြီးပါပဲ။ အခုဟာလော ဟန် ဘာဖြစ်နေမှန်းမသိဘူး၊ အသွားကို သတိရပြီး ခဏခဏငိုချင်နေတယ်"

"အသွားကိုပဲ သတိရပြီး ငိုချင်နေတာလား၊ တခြားသူကိုရော သတိမရဘူးလား"

"မောင် ဘာကိုပြောတာလဲ"

"ဟန့်ရဲ့ အရင်လူကို သတိရပြီး ငိုရင်လည်း မောင်က သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်မှာပါဆိုတဲ့အကြောင်း ပြောလိုက်"

"မောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါမှန်းမသိသော လူတစ်ယောက်အပေါ် ကြင်နာ သဝန်တိုစိတ်နှင့် မနာလိုဖြစ်နေသော နေခကိုကြည့်ပြီး ဟန့်မှာ ငိုရမှာ လား ရယ်ရမှာလားမသိ ဖြစ်နေ၏။ သူပြောသလို ဟန့်မှာ အရင် တစ်ယောက်ရှိရင်တော့ နေခပြောသည့်စကားက အနာပေါ် တုတ်ကျ အခံရခက် ဒေါသထွက်စေမှာ ဖြစ်ပေမယ့် ဟန့်မှာ သူပြောဆိုစွပ်စွဲ နေသလို အရင်လူလည်း မရှိ၊ နောက်လူလည်း မရှိတော့ ဘာမှမဆီ ရဘဲ နေခကိုသာ အသနားပို၊ အချစ်ပိုနေမိသည်။

"ဘယ်လိုလဲ မောင်ပြောတာမှန်သွားလို့ ငြိမ်သွားတာလား"

ဟန့်ထံက ဘာသံမှ ထွက်မလာတော့ နောက်သံသယတစ်ခု ဖြစ်လာသည့် နေခကိုကြည့်ပြီး ဟန်သက်ပြင်းချလိုက်သည်။

"ဟန့်ကို မောင်က သိပ်ချစ်တာပဲနော်"

"အခုမှ သိတာလားဟန်"

ကျွဲမြီးတိုသံကြီးနှင့် မေးတော့ ဟန်ပြုံးသည်။

"အရင်ကလည်း သိပါတယ်။ အခုလည်း သိပါတယ်မောင်"

အခုမှ သူ့မျက်နှာနည်းနည်း ပြန်ကြည်လာ၍ ဟန့်စိတ်ထဲ နေခ ကို ပိုချစ်လာ၏။

"မောင်ချစ်သလို ဟန်ကလည်း မောင့်ကို ဟန့်အသက်နဲ့ထပ်တူ ထားပြီးချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ မောင့်ကို သိစေချင်တယ်"

"မောင့်ကို ဟန်ချစ်တယ်မောင်"

"ထပ်ပြောဦး"

"မောင်ကလဲ"

မျက်နှာနီနီနှင့် ဟန်ရယ်တော့ နေခမျက်နှာလည်း ပြုံးလာ၏



"မောင်တကယ်ပြောတာဟန်၊ ဟန့်ဆီက မောင့်ကိုချစ်တယ်ဆို တဲ့ စကားကို အမြဲကြားနေချင်တယ်"

"ပါးစပ်က ဖွင့်ပြောမှ အချစ်မဟုတ်ပါဘူးမောင်ရယ်။ တကယ် ချစ်ရင် နှလုံးသားချင်း နားလည်နိုင်တဲ့ အပြုအမူ ခံစားချက်တွေ အများကြီးပါ။ ဟန့်ကို မောင်တကယ်ချစ်ရင် ဟန် မောင့်ကို ဘယ် လောက်ချစ်လဲ မချစ်လဲဆိုတာ မောင်ကိုယ်တိုင် ခံစားလာနိုင်မှာပါ မောင်"

"မောင့်ကိုဟန်ချစ်တာ မောင်သိပါတယ်"

"ဒါနဲ့များမောင်ရယ်…"

"မောင်က ဟန့်ကို သိပ်ချစ်တာကိုး"

"ဟန်လည်း မောင်နဲ့အတူတူပေါ့"

"မောင့်ကိုချစ်တယ်"

"ဟာ… မာမီကိုယ်တိုင် မောင်တို့အလာကို အိမ်ရှေ့မှာ ရပ် စောင့်နေပါလားဟန်"

"ဟုတ်ပါရဲ့"

အချစ်တွေ ပြိုင်နေသူနှစ်ဦး ခြံဝင်းထဲ သူတို့ကားကို ချိုးကွေ့ ဝင်လိုက်သည်နှင့် နေခမာမီ အိမ်ရှေ့မှာ ရပ်နေတာမြင်လိုက်ရ၍ နှစ် ယောက်စလုံး အံ့သြသွားသည်။ ကားကို မာမီ့နား ရပ်လိုက်သည်နှင့် နေခမာမီက နေခတို့နား အပြေးရောက်လာ၏။

"မိုက်လိုက်တဲ့ သားနဲ့သမီး၊ ဘာဖြစ်လို့ မာမီ့မြေးလေးကိစ္စကို မာမီ့ကို အရင်မပြောရတာလဲဟင်၊ အခုကြည့်စမ်း မာမီ့မှာ သူများပြောမှ သိရတာ ဘယ်လောက်ဆိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမို့မြေးကိစ္စ မာမီသိသွားပြီလား"

"မာမီတင် မဟုတ်ဘူး သားဒယ်ဒီလည်း သိတယ်။ ဝမ်းသာလိုက်တာ သမီးနဲ့သားရယ်... လာ... လာ သမီးလေး"

နေခမာမီက နေခနှင့်ဟန်နဲ့ကို အပြစ်တင်ပေမယ့် မျက်နှာတစ်ခုလုံး ဝင်းပချိုမြိန်လျက် ဟန့်လက်လေးကို မလွှတ်တမ်း ဆွဲထားကာ ဝမ်းသာလုံးဆို့နှစ်ပုံကြောင့် ဟန့်အကြည့်လေးတွေက နေခထံ ရောက်သွား၍ နေခက ဟန့်အကြည့်လေးကို နားလည်သလို ပခုံးတွန့်ပြီး ပြုံးသည်။

"ဒီမှာကြည့်ပါဦး ဘာတွေလဲဆိုတာ"

"အို... ကလေးပစ္စည်းတွေပါလား"

ဟန့်မှာ တစ်ခန်းလုံး ပြည့်နေသည့် ကလေးပီစိကွေး အသုံးအဆောင်တွေကို တအံ့တသြ ကြည့်နေသလို နေခကလည်း မာမီ အဖြစ်သည်းပုံကို ဘာပြောရမှန်းမသိ။ အီလည်လည်ဝေဒနာနှင့် သူ့ မြေးအတွက် စိတ်ကူးရတိုင်း ဝယ်ထားသည့် ကလေးပစ္စည်းတွေကို ခပ်ပြုံးပြုံး ကြည့်နေသည်။

"အများကြီးပါလား မာမီ"

"အယ်လေး... ဒါတောင် မာမီဝယ်တာ နည်းနေသေးတယ် သားရေ၊ ဖြစ်နိုင်ရင် မာမို့မြေးလေးအတွက် ဆိုင်ကို ရွှေ့ယူလာချင်တာ"

"မာမို့မြေးက အခုမှ လသားပဲ ရှိသေးတာနော် မာမီ"

"ဘာပဲဖြစ်ဖြစ်ကွယ်၊ မာမို့မြေးအတွက် ဘာဆိုဘာမှ လိုအင်တာမရှိစေရဘူး။ လိုတရပြည့်စုံနေစေရမယ် ဒါမှ မာမီစိတ်ချမ်းသာနိုင်မှာ သားရေ"



"မာမို့မြေးအကြောင်း ပြောပါဦးကွယ်၊ ဘယ်အချိန်ကျမှ သိတာလဲ၊ သမီးကိုရော ဘယ်လိုထူးထူးဆန်းဆန်း အိပ်မက်တွေ ပေးသေးလဲ"

ယောက္ခမကြီးက သိချင်တာတွေ မဆုံးတော့သလို ဟန်ပြောသမျှ စိတ်ဝင်တစား နားထောင်နေသည်မှာ အားနာစရာကောင်းလှသည်ဟု ထင်၍ ဟန့်မှာ မေးသမျှကို ဖြေနေရသော လူကတော့ နေခတို့ သားအမိကိုကြည့်ကာ တူတူပုပု ဖြစ်နေသည်။ သားအမိနှစ်ယောက်စလုံး ဟန့်ကို ချစ်မြတ်နိုးသည့်အကြည့်၊ ချစ်ခင်မြတ်နိုးသည့် အမူအရာတွေနှင့် ယုယကြင်နာမဆုံး ဖြစ်နေကြလေ ဟန့်မှာ အပြစ်ကြီးတစ်ခုကို ကျူးလွန်ထားမိ၍ မနေတတ် မထိုင်တတ် ဖြစ်ရလေဖြစ်ကာ နေရာက ထွက်ပြေးချင်နေသည်။

"အခုချိန်ကစပြီး ဘာတစ်ခုမှ အလေးအပင် ပစ္စည်းတွေ မထိရမကိုင်ရဘူးနော်သမီး၊ အခု သမီးက အရင်လိုတစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက် ဖြစ်နေပြီ"

"သုံးယောက်ပါ မာမီရဲ့ ကျွန်တော့်ကို ဘယ်နားသွားထားမလို့လဲ"

"အေးပါ... သားအမိသားအဖ သုံးယောက်မိသားစုဘဝလေး ဖြစ်လာတာ ဘယ်လောက်ပျော်ဖို့ကောင်းလဲ၊ ဒီထက်ပိုပျော်ရအောင် မာမီက သားတို့မင်္ဂလာဆောင်ခံပွဲနဲ့ မြေးလေးကို မင်္ဂလာအရှိဆုံး ကြိုဆိုဖို့ ဖိတ်စာတွေဝေပြီးသွားပြီ။ တော်ကြာ မြေးကင်ပွန်းတပ်နဲ့ သားတို့ မင်္ဂလာဆောင်ခံပွဲ ရောသွားမှာစိုးလို့"

အားလုံးအတူ ရယ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ခဒယ်ဒီ ရောက်လာတော့ ပိုပျော်စရာကောင်းသွားသည်။ ဟန့်ကို ဝိုင်းချစ်ကြသလို ဟန့်ဗိုက်ထဲက ကလေးလေးကို ချစ်ကြ ဂရုစိုက်ကြဆိုတော့ ငိုချင်စိတ်ကို ထိန်းနေရ၏။

"သမီးနဲ့မြေးလေးကို ဂရုစိုက်နော်သား၊ မာမီလည်း မကြာခဏ လာမှာပါ"

"ဟုတ်ကဲ့မာမီ"

အိမ်အပြန်ခရီးမှာ တစ်လမ်းလုံး ငြိမ်လာသည့် ဟန်က အိမ် ရောက်ပြီး အိပ်ရာပေါ်ရောက်မှ တစ်ယောက်တည်း တိတ်တိတ်လေး ကျိတ်မျက်ရည်ကျသည်။ လှိုက်လှဲသော ခံစားချက်တွေက ရင်နှင့် အမျှဆိုတော့ ဘယ်သူ့ကိုမှ ရင်ဖွင့်ပြ၍ မဖြစ်သော အကြောင်းအရာ တွေကြောင့် ကျိတ်ငိုရခြင်းက ဟန့်အဖော် ဖြစ်သည်။

"သားဦးမှာငိုရင် ကလေးမျက်လုံး ပြူးတတ်တယ်တဲ့နော်"

"မောင်"

"ဟန့်နားမှာ မောင်တစ်ယောက်လုံး ရှိပါတယ်အချစ်ရယ်၊ ငို နဲ့တော့နော်"

"မောင်ရယ်"

ဟန့်နားကို တိုးတိုးလေးကပ်ပြီး ပြောလိုက်သည့် နေခကို လှည့် ကြည့်ပြီး မျက်ရည်တွေ သူ့ရင်ခွင်ထဲ တိုးဝင်၍ အင်းခနဲ ငိုချလိုက်သည်။ ဟန့်ကိုယ်လေးကို နေခက အတင်းကျပ်ဆုံး ထွေးပွေ့ပြီး ကြင နာ ယုယစွာ ဟန့်ပါးပြင်ပေါ်က မျက်ရည်တွေကို အနမ်းနှင့် ညင်သာစွာ ဖယ်ပေးလိုက်၏။

"ဟန့်ရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ မောင်သိပါတယ်။





သားက မောင့်သားပါ၊ ဟန့်ကို မောင်ချစ်သလို သားကိုလည်း မောင် ချစ်တယ်ဆိုတာ ဟန်ယုံပါကွယ်"

ဟန်ဘာမှ မပြောနိုင်ပဲ မောင့်ကိုယ်ကြီးကို သူမလက်လေး နှစ်ဖက်နှင့် အတင်းကျပ်ဆုံး ပွေ့ဖက်ထားလျက် ဝမ်းသာဝမ်းနည်း စိတ်တွေနှင့် နေခရင်ခွင်ထဲ အင့်ခနဲ လှိုက်လှဲစွာ ငိုချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အကြီးကျယ် အခမ်းနားဆုံး မင်္ဂလာညှေ့ခံပွဲကြီးက အောင်မြင်စွာပြီးစီးသွား၏။ လူအများက အားကျအထင်ကြီးကြသလို နေခလို ယောကျ်ားတစ်ယောက် လက်ထပ်လိုက်သည့် မင်္ဂလာသတို့သမီးကို အရင်ရည်းစားဟောင်းတွေက မဖိတ်ကြားဘဲ တက်ရောက်ပြီး တမင် လာကြည့်ကြသည်။ သူတို့နေခ မင်္ဂလာပွဲကိုတက်သည့် အကြောင်း သိအောင် နေခကို လာနှုတ်ဆက်သူတွေကလည်း မရှား။ နေခက အပြုံးမပျက်။ ခံစားချက်မဲ့ နှုတ်ဆက်တုံ့ပြန်ပုံက အေးစက်စက်ဆိုတော့ တချို့ မခံချင်။ ပွဲဖျက်ချင်၍ လာသူများဖြစ်၍ သူတို့ကိုယ်သူတို့ တစ်ချိန်က နေခချစ်သူ၊ နေခရည်းစားဆိုတာတွေ ဟန် မသိသိအောင် အပြုံးလှလှနှင့် ပြောသွားသူတွေကလည်း ဟန့်အလှကို မနာလိုဖြစ်ကြသည်။

ဟန်က အပြုံးမပျက်။

အားလုံးအလယ်မှာ ရယ်ရယ်မောမော အလှဆုံး ပြုံးနေနိုင်ခဲ့ပေမယ့် မင်္ဂလာပွဲလာသမျှ အပျိုချောချောလှလှတွေက နေခနှင့်





တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတာကိုတော့ မိန်းမပီပီ အခံရခက်မိ၏။ မနာလိုဝန်တို ဖြစ်ရသည်။ ဟန့်မှာက ချစ်သူရည်းစား မရှိ။ ထားလည်း မထားဘူး။ အဘွားကြောင့် နေခကို လက်ထပ်ခဲ့ရပြီး နေခကို ချစ်ခဲ့ရ၍ နေခဆိုတာ ဟန့်အချစ်ဦး၊ ဟန့်ရည်းစားဦး ဖြစ်ရုံမက ဟန်လက်ထပ်သူနှင့် ဟန်ချစ်သူတစ်ဦးတစ်ယောက်တည်းဖြစ်၍ နေခလို ရည်းစားသက်စေ့ထားသူမှာ ဟန့်ခင်ပွန်း၊ ဟန့်ယောကျ်ား ဖြစ်နေတာက ဆိုးလှသည်။

ဟန့်ဘက်က သန့်စင်သလောက် နေခဘက်ကျတော့ ဟန်နှင့် ဆန့်ကျင်ဘက်။ မိန်းမပေါင်းစုံကို သူ့ရင်ခွင်ထဲ ထည့်ထားခဲ့သည့်လူ။ ပြီးတော့ နေခမင်္ဂလာပွဲကိုတက်ပြီး သူတို့နှင့်နေခ ဘယ်လိုသက်ဆိုင်ကြောင်း ဟန်သိအောင် တမင်ပြောကြတာကရော ဘာအဓိပ္ပာယ်လဲ။

အို… တော်ပြီ… တော်ပြီ။

ဒီလို ရှုပ်ပွေသည့်လူကို မချစ်တာဘဲ ကောင်းမည်။

အခုတော့ သူ့ကိုချစ်မိ၍ ဟန်နှလုံးသားတွေ နာကျင်ရသည်။ အရင်ရည်းစားဟောင်းတွေကြောင့် အခံရခက်ရသလို အပြုံးမပျက် ဟန့်ရှေ့မှာ ရယ်မောနှုတ်ဆက်နေသူကိုလည်း ဟန် မုန်းချင်သည်။ ဟန့်ရှေ့မှာ ဟိုမိန်းမတွေက ခပ်ကဲကဲ သူကလည်း ခပ်သည်းသည်း ဆိုရင် ဟန့်ကွယ်ရာမှာ ဘယ်လိုနေကြမည်မသိ။ ဇာန်ဆိုသည့် မိန်းကလေးက အားလုံးထဲမှာ အဆိုးဆုံး။ ဟန့်ရှေ့မှာ နေခကို ကိုတွေ ဘာတွေ ခေါ်သွားလိုက်သေးသည်။

မုန်းတယ်… မုန်းတယ်။

အားလုံးကို မုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟန့်ရင်ထဲက မကျေနပ်မှု မနာလိုဝန်တိုမှုများကြောင့် နေခကို ဟန် မုန်းလာသည်။ မျက်နှာချင်း မဆိုင်ချင် ဖြစ်လာ၏။ ပြောတော့ ဖြင့် ဟန့်ကိုချစ်သည်။ မြတ်နိုးသည်တဲ့။ တခြားမိန်းကလေးတွေကို လည်း ဟန့်ကိုပြောသလို ပြောခဲ့မှာပါလားဟု တွေးမိတော့ ဟန့်ရင် တွေ ပူလာသည်။

"ဘာဖြစ်နေတာလဲဟန် နေမကောင်းဘူးလား"

ဟန့်အကြောင်း ဘာမှမသိသည့် နေခ ဟန့်မျက်နှာလေးကို တစ်ချက်ငုံနမ်းပြီး ဟန့်မျက်နှာကို ခပ်ပြုံးပြုံး ကြည့်သည်။

"ဟန်"

"ဖယ်ပါ… ဟန်နေကောင်းပါတယ်"

ဟန့်နားက နေခကို တွန်းထုတ်တော့ နေခက ရယ်မောပြီး ဟန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူပြီး ချစ်မြတ်နိုးစွာ ရယ်သည်။

"ဘာလဲ… မောင့်မိန်းမက မောင့်ကို စိတ်ကောက်နေတာ လား"

"သိချင်ရင် ရှင့်အရင်ရည်းစားဟောင်းတွေကို သွားမေးပါလား"

"ဟေး… မဆိုင်တာတွေ မပြောကြေးနော်။ မောင်ချစ်တာ ဟန်တစ်ယောက်တည်း"

"တခြားသူတွေကိုလည်း ဒီလိုပဲ ပြောခဲ့တာ မဟုတ်လား"

ဟန့်အသံက မကျေမနပ်။

နေခက သူ့ကိုသဝန်တို စိတ်ဆိုးနေသော ချစ်ဇနီးအချောအလှ ကိုကြည့်၍ ကျေနပ်နှစ်သိမ့်စွာ ပြုံးသည်။ ဟန့်သူအပေါ် အခုလိုဖြစ် လာတာ သူ့ကိုချစ်လို့။ မြတ်နိုးလို့ဆိုတာ ဖော်ပြနေ၍ ဟန့်အချစ်ကို





ပိုင်ဆိုင်ခွင့်ရခြင်းက နေခရင်ကို နှိုင်းယှဉ်မရသော စိတ်ခံစားမှုကို နက်ရှိုင်းစွာ ဖြစ်တည်စေသည်။

"ကြည့်စမ်း… မောင့်မိန်းမက မောင့်ကို သဝန်တိုတတ်နေ ပြီဆိုတော့ မောင့်ကို ချစ်လို့ပေါ့ ဟုတ်လား"

"မချစ်ပါဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

"ဟန် တကယ်မချစ်ရင် မောင့်ကို တကယ့်ချစ်တဲ့သူဆီ သွား လိုက်မှာနော်"

"သွား… သွား၊ ဘယ်တော့မှ ပြန်မလာနဲ့"

"တကယ်လား… နောက်မှ မငိုနဲ့နော်"

"ဟန်က ဘာလို့ ငိုရမှာလဲ"

"ပြီးမှ မောင့်ကိုလွမ်းလို့ တစ်ယောက်တည်း ကျိတ်ငိုနေမှာ မဟုတ်လား"

"သွား… သွား… ရှင့်ကို ဟန်မုန်းတယ်"

"ဟိတ်… နေဦးလေ"

ဟန်က နေခကိုယ်ကြီးကို တွန်းဖယ်၍ သူမအခန်းထဲ ပြေးဝင် ကာ အခန်းတံခါးကို ဂုန်းခနဲ ဖယ်လိုက်မှ သူ အစလွန်သွားတာကို သဘောကျစွာ ပြုံးလိုက်သည်။ တကယ်တော့ ဟန် သူ့ကို စိတ်ဆိုး မည်ဆိုရင်လည်း ဆိုးချင်စရာပါ။ နေခနှင့် အရင်တွဲဖူးသည့် ရည်းစား ဟောင်းတွေကလည်း သူ့မင်္ဂလာဆောင်ကို ဘာစိတ်ကူးပေါက်ပြီး ဘာ ကြမှန်းမသိ။ တိုင်ပင်ထားသလို အစုလိုက်အပြုံလိုက် ရောက်လာကြပုံ ကလည်း ဆန်းသည်။ သူတို့ကို နေခ မဖိတ်။ သူတို့ဘာသာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရောက်လာမှန်းမသိ။

အားလုံးထဲမှ တပြေးညီဆန္ဒက နေခ လက်ထပ်လိုက်သည့် နေခ မိန်းမဆိုတာ ဘယ်လိုပုံစံလဲ။ ဘယ်လောက်ချောလှ၍ ဘယ်လောက် အဆင့်အတန်း မြင့်သူလဲဆိုတာ သိချင်စပ်စုချင်၍ ရောက်လာကြသူတွေဖြစ်သလို အခွင့်အရေးရရင် ရသလို နေခနှင့် ပြန်ဆက်သွယ်ချင်ကြသူတွေလည်း ပါသည်။

အထူးသဖြင့် ဇန်ဖြစ်သည်။ နေခကို အခုထိ စိတ်မကုန်သေး ချစ်ရည်လူးနေသည့် မျက်ဝန်းညိုတွေမှာ နေခအချစ်ကို လိုချင်တပ်မက်မှုတွေက အထင်းသားဖြစ်သလို ဇန့်ကို အရင်လိုပဲ ကိုယ်ဆိုသည့် ဇန့်စကားက နေခအတွက် ဘာမှမထူးခြားသော်လည်း ဟန့်အတွက်တော့ မီးလိုပူပြင်း တောက်လောင်စေမည့်စကားဟု သူနားလည်သည်။

ဟန်ရယ်…။

ချစ်ဇနီးအမည်ကို ချစ်မြတ်နိုးစွာ ခေါ်လိုက်မိ၏။ သူကိုယ်တိုင် ဟန့်ကို ဘယ်သူနဲ့မှမတူ။ အရှုံးအမူး စွဲလမ်းချစ်မိသလို ဟန်ကိုယ်တိုင်ကလည်း သူ့ကိုချစ်စေချင် မြတ်နိုးစေချင်ခဲ့သမျှ အခုတော့ သူဆုတောင်းပြည့်ပြီဟု သိလိုက်သည်။ အချစ်ကြီးတော့ အမျက်ကြီးသည်က ချစ်သူတို့ သဘာဝဖြစ်သည်။ ဟန်က သူ့ကိုသိပ်ချစ်တော့ သူနဲ့ပတ်သက်ပြီး မနာလိုဝန်တိုတာတွေ ဖြစ်လာသည်။ ထိုအတွက် သူ့ဘက်က ဟန့်ကို ပိုချစ်ရသလို ပိုမြတ်နိုးရသည်။ ဒါတွေကို ဟန်ကမသိ။

သူမ အိပ်ခန်းတံခါးကို သော့ခတ်ပြီး အိပ်ရာထဲမှာ တစ်ယောက်တည်း ကျိတ်မျက်ရည်ကျနေသည်။ နေခကို စိတ်ဆိုးဒေါသဖြစ်နေ၏။ ဟန် တကယ်မချစ်ရင် သူ့ကို တကယ်ချစ်ကဲ့သူဆီ သွားလိုက်ပါ





နော်တဲ့။

ဒါသူပြောစရာလား။

လင်မယားခြင်း စသည့် နောက်သည့်စကားဖြစ်ဖြစ်၊ ဟန်မခံနိုင်။ ဟန့်အသည်းနှလုံးကို အခံရခက်အောင် နာကျင်နေသည်။ ဟန့်ကို ဝမ်းနည်းကြေကွဲစေသည်။ မငိုဘူးဟု စိတ်ကိုတင်းထားသည့်ကြားက ဟန် ငိုမိသည်။ မျက်ရည်တွေ ဟန့်ပါးပြင်ပေါ် အဆက်မပြတ် စီးကျလာသည်။ ခေါင်းမှာ မျက်နှာအပ်ပြီး ဟန်ငိုနေချိန်အပြင်က အိပ်ခန်းတံခါးကိုခေါက်ပြီး ဟန့်အမည်ကို အဆက်မပြတ် ခေါ်နေသည့် နေခအသံကို ကြားရသဖြင့် ဟန့်နားကို လက်ကလေးနှစ်ဖက်ဖြင့် ပိတ်ထားလိုက်သည်။

“ဟန်… မောင့်အချစ်ဆုံး”

“မောင့်မိန်းမ”

“မောင့်ကို တံခါးဖွင့်ပေးပါဦး အချစ်ရယ်”

အခန်းထဲက ဟန်က မလှုပ်။ ဘာစကားမှ မပြန်တော့ သူက ဟန်စိတ်ဆိုးပြေအောင် အပြင်က အမျိုးမျိုး ချော့သည်။ သီချင်းမဆိုတတ်ဆိုတတ်နှင့် ဆိုတော့ စိတ်ဆိုးနေသည့်ကြားက သူ့အသံကို နားထောင်ပြီး ဟန် ပြုံးမိသည်။ စည်းမကိုက် ကီးမကိုက်သည့် သူ့အသံက သီချင်းဆိုတော့ ရယ်စရာ ဖြစ်နေသည်။ နောက်ဆုံးစိတ်ဆိုးပြေပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်တော့ သူက ရှက်ရယ်ရယ်သည်။

“ဘယ်လိုလဲ… မောင်သီချင်းဆိုတာ ကောင်းရဲ့လား”

“သိပ်ကောင်းလွန်းလို့ သူများတွေကြားပြီး အိမ်ကိုခဲနဲ့ ထုမှာကြောက်လို့ အခန်းတံခါး ဖွင့်ပေးတာ သိရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



ဟန်က မျက်စောင်းထိုးတော့ သူက ဟန့်ကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းရင်း ရယ်သည်။ ဒီတစ်ခါ ဟန်မရုန်းတော့ မောင့်ရင်ခွင်ထဲမှာ ဟန့်ပါးလေးကို ကပ်ထားလိုက်၏။

"မောင့်ကို စိတ်ဆိုးပြေသွားပြီပေါ့ ဟုတ်လား"

"အင်း"

"ဒါပဲနော်၊ ဟန်မသိပဲနဲ့ တခြားတစ်ယောက်နဲ့ ဓာတ်လမ်းရှုပ်လို့ကတော့ မောင့်ကို ဟန် မုန်းပစ်မှာသိလား"

"ဟန့်မမုန်းအောင် ဟန့်ကို အသိပေးပြီးမှ နောက်တစ်ယောက်ရှုပ်ရင်တော့ ရတယ်ပေါ့ ဟုတ်လား"

"မောင်နော်"

"အလကား စတာပါဗျာ။ မောင့်မှာ ဓာတ်လမ်းရှုပ်စရာ ဒီက မောင့်မိန်းမတစ်ယောက်တည်း ရှိတာပါ"

"မောင့်စကား မောင်မှတ်ထားနော်။ ဟန်ကတော့ မောင်တခြားတစ်ယောက်နဲ့ တွေ့လို့ကတော့ အပြတ်ပဲ"

"ကြောက်စရာကြီးပါလား"

"ဟန်တကယ်ပြောနေတာ သိလား"

"သိပါပြီဗျာ၊ အခုတော့ ဒီတစ်ယောက်တည်းကိုပဲ ချစ်ရစေ"

မောင့်ထံမှ နွေးနွေးချိုမြိန် ယစ်မူးဖွယ် ဟန်ကို စိတ်လှုပ်စေသလို ဟန့်ထံမှ အချစ်များကိုလည်း လှိုက်လှဲစွာ တုံ့ပြန်ချင်စိတ်ဖြစ်တည်စေသည်။ သောကနှင့် နာကျင်ခံစားနေရသော ပူပင်မှုငြိမ်းအေးသော ချစ်သူရင်ခွင်မှာ မေ့လျော့သွားအောင် မောင့်အချစ်





ပြုစားခဲ့သည်။ နေခထံမှ နားလည်မှု၊ အလိုက်သိမှု၊ ကြင်နာနွေးထွေးသော ချစ်မြတ်နိုးမှုတွေအောက်မှာ ဟန့်ဘဝ နေပျော်လာသလို သူမအလိုလိုက်၍ သူမမျက်နှာကို တစ်ချက်မငြိုးစေသော နေခကို ဟန်ပိုချစ်ပိုမြတ်နိုးမိ၏။

ဟန့်ယောက္ခမကြီးက ဟန့်ထံ ဖုန်းမဆက်သည့်နေ့ မရှိသလို တစ်နေ့တစ်ခေါက် ဟန့်ထံ အမြဲရောက်လာကာ ဟန့်ကို တကယ့်မိခင်ပမာ စောင့်ရှောက်ပြုစုယုယသည်မှာလည်း ဟန့်ကိုယ်တိုင် အားတုံ့အားနာဖြစ်ရသည်အထိ ဟန်က အချစ်ကံကောင်းသူဖြစ်သည်။ အိမ်ဖော်နှစ်ယောက် ဟန့်အိမ်ကို ရောက်လာ၍ ဟန် ဘာမှလုပ်စရာမရှိ။ ဟန့်ကို အရိပ်တကြည့်ကြည့်နှင့် အားလုံးပျော်နေကြသည်။ သူငယ်ချင်းတွေကလည်း ဟန့်ဆီ အမြဲဝင်ထွက်သွားလာပြီး လိုအပ်တာတွေ အကြံပေးကြ၊ တစ်ပတ်တစ်ခါ ချက်ပြုတ်စားသောက်ကြဆိုတော့ ဟန်ကိုယ်တိုင် စိတ်ညစ်စရာတွေ မေ့ပြီး အပျော်ကြီး ပျော်နေသည်။

နေခက ဟန်ပျော်နေတာကြည့်ပြီး တစ်ချိန်လုံး ကျေနပ်နေသည်။ ဟန်ပျော်တာမြင်တော့ သူလည်း ပျော်သည်။ ဟန်လွယ်ထားသည့် ကိုယ်ဝန်ကြီးက လိုအပ်တာထက် ပိုထင်ပေါ်နေ၍ သူမသူငယ်ချင်းတွေကလည်း အံ့ဩနေကြသလို ဟန့်ကို အမွှာမွေးမှာဟု အားလုံးက တစ်ပြေးညီ မှတ်ချက်ချတော့ နေခ ရင်တွေ ခုန်နေသည်။ ဟန်ကတော့ ပျော်မဆုံး။

"ဟန် တကယ့်အမွှာလေးမွေးမှာလား မသိဘူးနော်မောင်"

"ဟန်နဲ့တူတဲ့ သားလေးတစ်ယောက်နဲ့ သမီးလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သိပ်ကောင်းမှာပဲကွာ။ မောင်တို့ဒယ်ဒီဘက်မှာ အမွှာရှိတယ်။ သိပ်ချစ်စရာကောင်းတာပဲ''

နေခက ဟန့်ကိုယ်ဝန်ကြီးကိုကြည့်ကာ သူဖြစ်ချင်တာ ပြောတတ်သလို နေခမာမီနဲ့ဒယ်ဒီက ဟန်အမွှာမွေးမှာ သေချာသည်ဟု ဆိုကာ အရင်ကတစ်ယောက်စာ ကလေးအသုံးအဆောင်ပစ္စည်းတွေ နေရာမှာ အမွှာနှစ်ယောက်အတွက်ဟုဆိုကာ ဆင့်တူအဝတ်အစားမှ အစ၊ အမွှာထည့် ထွန်းရသည့် အမွှာလက်တွန်းလှည်းကအစ ကလေး အခန်းထဲ အပြည့်နေရာ ယူထားစေသည်။

ဟန်ကတော့ ဘာလေးပဲမွေးမွေး ချစ်သည်။ မြတ်နိုးသည်။ ဖြစ်နိုင်ရင် ဤမျှအချိန်အကြာကြီးပင် မစောင့်ချင်။ ဟန်ဗိုက်ထဲက ကလေးလေးကို မိခင်စိတ်ဖြင့် အမြန်ဆုံး ဖြစ်ချင်တွေ့ချင်နေသူ ဖြစ်သည်။ ဟန့်ကိုယ်ဝန် ရင့်လာသည်နှင့် သူမတို့ အလွန်သိချင်သော အဖြေကို အာထရာဆောင်း ရိုက်ပြီးကြည့်ကြသည်။ အားလုံး မြင်ရေ ရသည့် ဟန့်ဗိုက်ထဲက ချစ်စရာကလေးမျက်နှာနှစ်ခုဖြစ်၍ အားလုံး ပျော်ကြသည်မှာ ပြောစရာမရှိ။

''အမွှာလေးသမီးရေ… အမွှာလေး မာမီတို့တော့ ကံကောင်းတာပဲ။ ဆုတောင်းတစ်ခုတော့ ပြည့်သွားပြီ။ နောက်ဆုတောင်းအတိုင်း မြေးယောကျ်ားလေးတစ်ယောက်နဲ့ မြေးမလေးပဲဖြစ်ဖို့ လိုတော့တယ်''

ယောက္ခမကြီးနှစ်ယောက်က သည်းသည်းလှုပ်။ ဟန်ပျော်တာထက် ပိုပျော်နေတာ မြင်ရ၍ ဟန်စိတ်ထဲ သိပ်တော့မကောင်း။ ဟန် ရင်သွေးတွေသာ နေခ ရင်သွေးလေးတွေသာဖြစ်ရင် ဘယ်လောက် ကောင်းမလဲဟု တွေးမိသည်အထိ။ နေခကိုယ်တိုင်လည်း ဟန်





တွေးသလို တွေးမိပုံဖြင့် အမွှာလေးနှစ်ယောက် မျက်နှာကိုကြည့်ပြီး တွေဝေငေးငိုင်သွားသော်လည်း ဟန်နှင့်သူမိဘတွေ ပျော်နေမှာပါလားဆိုသည့် အတွေးနှင့် ရင်ခုန်စိတ်လှုပ်ရှားနေသလို ဟန်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေ၏။

မကြာခင် ကလေးအမေ ဖြစ်ရတော့မည်။ သားတစ်ယောက်တည်း အမေ မဟုတ်။ ကလေးနှစ်ယောက် အမွှာလေး၏ အမေ။ ဟန့်ကိုယ်ဟန် ယုံပင်မယုံနိုင်။ အဘွားသာ ရှိရင် ဘယ်လောက်ပျော်မလဲ။ လောကကြီးထဲမှာ ဟန်တစ်ယောက်တည်း မဟုတ်တော့။ ဟန့်မှာ သားရှိနေပြီ။ သား၏အဖေ၊ သားတို့၏ အဘိုးနှင့်အဘွား။ အားလုံးဟာ အခုကတည်းက ဟန့်သားလေးတွေကို ချစ်ကြသည်မှာ တားစရာနေရာပင် မရှိ။

''မောင်''

''ဟင်''

''ဟန့်ဗိုက်ထဲမှာ ကလေးလေးနှစ်ယောက် ရှိနေတာ မယုံနိုင်စရာပဲနော်''

''နောက်ဆို မောင်တို့မှာ သားသမီးတွေ အများကြီးရှိလာရင် ဟန်ဒီထက်ပို မယုံနိုင်စရာ ဖြစ်ဦးမှာ။ ဘာဖြစ်လို့လဲသိလား။ ဟန်က တစ်ခါမွေးတိုင်း အမွှာလေးတွေချည်း မွေးမှာလေ''

''အမယ်လေး… ဒါဆို ဟန်က ဘယ်နှယောက်တောင် မွေးရမှာပါလိမ့်''

''သိပ်မများပါဘူး… တစ်ဒါဇင်တည်း''

''သွား… သွား၊ အဲဒီလောက် အများကြီး မောင်ပဲမွေး''



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း… ဟွန်း… ဟွန်း"

သူ့ရင်ဘတ်ကြီးထဲ အဆက်မပြတ် ထုရိုက်လာသည့် လက်သီးဆုပ်လေးကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ပွေ့ဖက်ရယ်မောလိုက်၏။ ဟန်က ကိုယ်ဝန်ကြီးနဲ့ကျမှ တစ်နေ့တခြား ပိုလှနေတာကို အားလုံးသတိမထားမိပဲ မနေနိုင်။

"ကြည့်ရတာ သမီးအမွှာလေး မွေးမလို့ ထင်တယ်။ သမီးကြည့်ရတာ ကိုယ်ဝန်ကြီးနဲ့ကျမှ အသားအရည်တွေ ပိုနူးညံ့လာသလိုပိုပြီးချောလှလာတယ်။ သားရော သတိထားမိရဲ့လားဟင်"

"ဟုတ်တယ် မာမီ၊ ဟန်ပိုလှလာတာ ကျွန်တော် သတိထားမိပါတယ်"

ဟန်က ဘာမှမပြော။

နေခတို့ သားအမိ ဟန့်ကိုကြည့်ပြီး ပြောနေသမျှ ဟန့်မှာ မျက်နှာနီနီဖြင့် ကြည်နူးချမ်းမြေ့စွာ ရယ်မောနေမိသည်။ ဟန်က မျှော်နေတော့ လောကကြီးကို ပျော်သည့် မျက်လုံးနှင့်သာကြည့်၍ ပျော်သည့် မျက်လုံးဖြင့်သာမြင်၍ ဟန်သာမက တစ်လောကလုံး ရှိရှိသမျှ လူတွေပါ လိုက်ပျော်နေသည်ဟု ထင်မိသည်။ ဘယ်နေရာကိုသွားသွား။ ဘယ်အရာကိုပဲ ကြည့်ကြည့်။ စိတ်ကြည်နူးချမ်းမြေ့နေ၍ ဟန့်မျက်လုံးထဲမှာ အားလုံးလှနေသည်။ သို့သော် အပျော်လွန်နေသည့် ကလေးငိုရတတ်တာကို ဟန်မေ့နေပေမယ့် ကံတရားက မမေ့။ ဟန့်ဆီကို မမျှော်လင့်ဘဲ တောင်ကြီးက ဧည့်သည်တစ်ယောက် ရောက်လာသည်။ ထိုသူကို ဟန်မသိ။ နောက်မှာ စိုင်းခွန်ဖဆိုသူက သူ့ကိုယ်သူမိတ်ဆက်မှ အရင်က အဘွားက ဟန်နှင့်သဘောတူထားသည့် အင်္ဂလန်





ကလူမှန်း သိလိုက်ရသည်။

စိုင်းခွန်းဖ ဘွားက ဟန်မင်္ဂလာဆောင်မှာ ဘာတစ်ခုမှ လက်မဖွဲ့လိုက်ရ၍ဟုဆိုကာ ဟန့်အတွက် လက်ဖွဲ့ကို သူ့မြေးစိုင်းခွန်ဖကတစ်ဆင့် ပို့ခိုင်းလိုက်ခြင်း ဖြစ်သည်။ အဘွားသူငယ်ချင်း၏ လက်ဖွဲ့ဖြစ်၍ ကျေးဇူးတင်စကား အထပ်ထပ်ဆိုပြီး လက်ခံလိုက်သည်။ စိုင်းခွန်းဖက လူချောတစ်ယောက် ဖြစ်ရုံမက ယဉ်ကျေးသိမ်မွေ့သူဖြစ်သည့်အတိုင်း ဟန့်ကို လက်ဖွဲ့ပေးပြီး အိမ်မှာ အချိန်အကြာကြီးပင် မထိုင်ဘဲ နှုတ်ဆက်ပြန်သွားသည်။

ဒါကို ဟန်က ဘာရယ်မဟုတ် လက်ဖွဲ့ထုပ်လေးကို စိတ်ဝင်တစား ကြည့်နေချိန်မှာ နေခ ပြန်ရောက်လာသည်။

"စောစောကလာတာ ဘယ်သူလဲ ဟန်"

"သြော်… အဘွားသူငယ်ချင်းရဲ့ မြေးပါ… တောင်ကြီးက စိုင်းခွန်းဖတဲ့။ ဟန်တို့ မင်္ဂလာပွဲတုန်းက လက်ဖွဲ့မပေးရလို့ အခုသူ့မြေးနဲ့ လူကြုံပေးလိုက်တာ"

"ဒီမှာလေ… မောင်၊ ဖွင့်ကြည့်ပါဦး"

"ဟန်ပဲ ကြည့်လိုက်ပါ၊ မောင်မကြည့်တော့ပါဘူး"

နေခမျက်နှာက တစ်မျိုးဖြစ်နေတာကို ဟန်သတိမထားမိ။ အဘွားသူငယ်ချင်း ဘာတွေ လက်ဖွဲ့လိုက်ပါလိမ့်ဟု သိချင်သဖြင့် စိုင်းခွန်းဖယူလာသည့် လက်ဖွဲ့ကို နေခရှေ့မှာ အသာဖွင့်ကြည့်လိုက်တော့ ဟန်အံ့သြသွားသည်။

"ဟယ်… ချစ်စရာ ကျောက်စိမ်းရင်ထိုးလေး မောင်ရေ။ ဟန်က ကျောက်စိမ်းဆို သိပ်ကြိုက်တာ ကြည့်ပါဦးမောင် မလှဘူး



www.burmeseclassic.com

www.burmeseclassic.com



လားဟင်"

"လှပါတယ်"

နေခအသံက စိတ်မပါတစ်ပါ။

ဟန်ပြတာကို ဝတ်ကျေတန်ကျေ ကြည့်သည်ဆိုရုံ ကြည့်သည်။

"မောင် ရေချိုးလိုက်ဦးမယ်"

"ဟန် ကောင်မလေးတွေကို ထမင်းပွဲပြင်ခိုင်းထားလိုက်မယ်နော်မောင်"

"ဟန့်သဘော"

ဟန်ကျောက်စိမ်းရင်ထိုးလေးကို သူမအင်္ကျီမှာ တွယ်ချိတ်နေတာကို ဂရုမစိုက်ဘဲ နေခ ခြေလှမ်းကျဲကြီးတွေနှင့် အပေါ်ထပ်က သူတို့အခန်းရှိရာ ခပ်သွက်သွက် လျှောက်ခဲ့သည်။

စိုင်းခွန်းဖဆိုပါလား။

ထိုလူ့ဓာတ်ပုံကို ဟန့် ဒိုင်ယာရီစာအုပ်ထဲ အမှတ်မထင် တွေ့ခွင့်ရပြီးကတည်းက နေခရင်ထဲ အတွေးတွေ တစ်မျိုးပြီးတစ်မျိုး ဖြစ်ခဲ့ရသမျှ ဒီနေ့တော့ လူကိုယ်တိုင် အိမ်အထိ ရောက်လာ၍ သူ့အတွေးမှန်သွားပြီဟု သိလိုက်၏။ အခန်းတံခါးကိုပိတ်ပြီး စိုင်းခွန်းဖဓာတ်ပုံကို ဟန် ထားသည့်နေရာက ပြန်ရှာကြည့်မိသည်။

ဒီလူမှ ဒီလူအစစ်ပါ။

ဟန့်မျက်နှာကလည်း စိုင်းခွန်းဖ ရောက်လာသည့်အတွက် လိုအပ်သည်ထက် ပြုံးရွှင်ကျေနပ်နေရုံမက စိုင်းခွန်းဖယူလာသည့် ကျောက်စိမ်းရင်ထိုးကိုပင် သူ့ရှေ့မှာ မြတ်မြတ်နိုးနိုး သူမအင်္ကျီမှာ တွယ်ချိတ်လိုက်သေးသည်။ ထိုဓာတ်ပုံထဲက လူချောကို မြင်ပြီးကတည်းက





နေခစိတ်ထဲ တစ်မျိုးဖြစ်ခဲ့သလို ဟန့်ရင်မှာ လွယ်ပိုးထားရသည့် အမွှာတို့အဖေဆိုတာ စိုင်းခွန်းဖပဲ ဖြစ်ရမည်လို့ သူ့စိတ်ထဲ စွဲနေတာ ဘယ်လိုမှ ပျောက်မရ။ အခုတော့ လုံးဝသေချာသွားသည့်အတွက် သူ့ကိုယ်ကြီးကို နှစ်ယောက်အိပ်မွေ့ရာကြီးထက် စိတ်မချမ်းမြေ့စွာ ဝစ်လှဲလိုက်၏။

ဟန်ပျော်နေပေမယ့် သူမပျော်။ ဟိုလူလည်း သူ့အရင်ရည်းစားဟောင်းကို အကြောင်းမရှိ အကြောင်းရှာ လာတွေ့ပြီး ဟန့်အတွက် သူပေးသည့် ရင်ထိုးကို သူ့အတွားကပေးသည် ဘာညာနှင့် ယုံအောင် ပြောပေမယ့် နေခက မယုံ။ ဟန့်ရင်မှာ လွယ်ပိုးထားရတာ သူ့ကလေးအမွှာဆိုတာသိရင် ဘာတွေဆက်ဖြစ်လာမလဲဟု တွေးရင်း နေခရင်ထဲ ပူလောင်လာ၏။ အိပ်ရာက ဝုန်းခနဲထပြီး, ရေချိုးခန်းထဲမှာ သူ့ခေါင်းကနေ ရေတွေ တအားလောင်းချပစ်လိုက်ပေမယ့် စိုင်းခွန်းဖရုပ်တာ ပျောက်မသွား။

ဘာဖြစ်လို့ ဟန့်ဆီ ဒီလူလာရတာလဲ။ ဘယ်လိုတွေးတွေး အဖြေက ရှင်းနေသည်။ သူ့အရင်ရည်းစားကို လာတွေ့တာထက်ပြီး ဘာမှမရှိ။ ဟန်နဲ့ဒီလူ ဘယ်လောက်ချစ်ခဲ့လဲ၊ ဘယ်လောက်မြတ်နိုးမလဲဆိုတာကို မတွေးမိအောင် နေပေမယ့်မရ။ သိပ်ချစ်ကြသည့် ချစ်သူနှစ်ယောက် အသွင်ကို ကိုယ့်စိတ်ကူးနဲ့ ကိုယ်ပုံဖော်ကြည့်တော့ နေခရင်တွေ အဆမတန် နာကျင်လာ၏။ သူတို့နှစ်ယောက် သိပ်ချစ်ခဲ့လို့သာ ဟန့်ရင်မှာ အမွှာရင်သွေးလေး သက်သေအဖြစ် ရှိနေတာ ဖြစ်သွားသလား။

အရင်လူအကြောင်း နေခဘယ်လိုမေးမေး၊ ဖြေဖြေသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လူကိုယ်တိုင် အိမ်ပေါ် ရောက်လာပြီဖြစ်၍ နေခသိချင်သည့်အဖြေကို ဟန်မဖြေလည်း သူသိခဲ့ရပါပြီ။ ဟန်က နေခ အရင်ရည်းစားတွေကြောင့် မနာလိုဝန်တိုရသလို နေခကိုယ်တိုင်လည်း ဟန့်ကိုချစ်သည့်စိတ်ဖြင့် ဟန့်အရင်လူအပေါ်မှာ မနာလိုဝန်တို ဖြစ်ရတာဝန်ခံသည်။

"မောင်ရေ"

"လာလေ ဟန်"

ဟန့်အသံကြောင့် နေခ မှန်ရှေ့မှာရပ်ပြီး ဟန့်အကြောင်းတွေးနေတာ ရပ်သွားသည်။ သူ့ရှေ့ရောက်လာသည့် ဟန့်ရင်ညွှန့်ထက်ကရင်ထိုးရှိရာ အကြည့်ရောက်သွားတာကို မနည်းထိန်းရ၏။

"အောက်မှာ မောင့်ဧည့်သည် ရောက်နေတယ်"

"ဘယ်သူလဲဟန်"

"ဗန်တဲ့"

"ဟင်"

ဗန်ဆိုတော့ နေခ အံ့ဩသွားသည်။

ဘယ်တုန်းကမှ ဗန်ကို နေခ သူ့အိမ်ကို မဖိတ်ခေါ်ဘူး။ သူနဲ့အဆက်အသွယ် ပြတ်ပြီးကတည်းက ဗန့်ဆီက နည်းအမျိုးမျိုးနှင့်ပတ်သက်ဖို့ ကြိုးစားတာတွေကို လက်မခံခဲ့။ သူ့မင်္ဂလာဆောင်ကိုနေခ မဖိတ်ဘဲ ရောက်လာသလို နေခအိမ်ကို နေခမဖိတ်ခေါ်ဘဲရောက်လာသည့် ဧည့်သည်ကြောင့် နေခ မျက်နှာတင်းမာသွား၏။

"သူတစ်ယောက်တည်းပဲလား ဟန်"

"ဟုတ်တယ်မောင်"





"ဒီမိန်းမ ဘာလာရှုပ်တာလဲ မသိဘူး"

နေခထံမှ မကျေမချမ်း ရေရွတ်သံကို ကြားလိုက်ရပေမယ့် ဟန့်ရင်ထဲ မကျေနပ်ပါ။ အိမ်အထိ လိုက်လာသော ဗန်ဆိုသည့် မိန်းမနှင့်ဟန်ယောကျ်ား ဘယ်နေရာမှာ ဘယ်လိုတွေ့ဆုံလို့ အိမ်အထိ သတ္တိရှိရှိလိုက်လာရတာလဲဆိုတာကိုသာ စဉ်းစားအဖြေရှာနေသည်။ နေခကဟန့်ကို အရင်လို ဂရုမစိုက်နိုင်ဘဲ ဟန့်ရှေ့က ထွက်သွားသည်။ အိမ်ကိုပြန်လာကတည်းက မောင်ပုံစံတစ်မျိုးဖြစ်နေတာ ဒီမိန်းမကြောင့်ပဲဟု ဟန်စိတ်ထဲ သေချာသွားသလို နေခနောက်က ဟန် အတူပါလာသည်။

ဗန်က အိမ်ရှေ့ဧည့်ခန်းမှာ ဣန္ဒြေရရ လှပစွာ ထိုင်နေပုံကရဲရင့်သည်။ သူမကို အိမ်ရှင်က မဖိတ်ကြားဘဲ ကိုယ်သဘောနှင့်ကိုယ်ရောက်လာသည့် ဧည်သည့်နှင့်ပင်မတူ ဟန်နှင့်အတူ ရောက်လာသည့်နေခမျက်နှာကို မျက်တောင်မခတ် စူးစိုက်ကြည့်ပြီး သိပ်သည်းလှပစွာပြုံးသည်။

"နေကောင်းရဲ့လား နေခ"

ဗန့်အသံက တည်ငြိမ်သလို ဗန့်အသွင်က လှပသည်။

"ကိုယ် မင်းကိုအိမ်အလည်လာဖို့ မဖိတ်ခေါ်ခဲ့တာတော့ လုံးဝသေချာတယ်ဗန်"

"ဗန်ရောက်လာလို့ စိတ်ဆိုးနေလား နေခ"

"မေးစရာလိုတဲ့ မေးခွန်းပဲ"

"နေခကို ဗန်လာနှုတ်ဆက်တာပါ"

ဘယ်ကိုသွားမှာလဲဟု နေခက မမေး။ ဗန်က သူပြောချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်ပြောသည်။

"နောက်ဆို ဇန်တို့က တစ်ရပ်ကွက်တည်းသားချင်းတွေ ဖြစ်တော့မှာလေ။ ဇန် ဟိုဘက်လမ်းက အိမ်ကို ပြောင်းလာပြီ"

"မင်းပြောချင်တာ ဒါပဲလား"

နေခက အားမနာသလို ဇန်ကလည်း နေခ ဘာပြောပြော ဂရုမစိုက်သည့်ပုံဖြင့် နေခမျက်နှာကို ခပ်ပြုံးပြုံးကြည့်ပြီး နေရာက ထရပ်သည်။

"အခုလောလောဆယ် ဇန်ပြောချင်တာက ဒီလောက်ပါပဲ။ ဇန်ပြန်လိုက်ဦးမယ် နေခ"

ဇန်က ကြွကြွရွရွလေး ထွက်သွားကာ အသင့်ရပ်ထားသည့် သူမကားပေါ်တက်ပြီး လှလှလေး မောင်းထွက်သွား၏။ ဟန်ရှိနေတာကို တစ်ချက်ပင် မကြည့်။ နှုတ်လည်း မဆက်။ သူ ဦးတည်သူ ဂရုစိုက်သူ နေခကို သူပြောချင်တာပြောပြီး ထွက်သွားပုံက ဟန့်မာနကို လာထိသည်။

"ဘယ်လိုလဲ မောင်၊ မောင့်ကောင်မလေးက ဟန့်ကို မောင့်ရှေ့မှာထားပြီး တမင်ရန်စ စိန်ခေါ်သွားတာ မောင်မြင်တယ် မဟုတ်လား"

"အလကား မိန်းမပါ၊ နောက်တစ်ခါ ဒီမိန်းမလာရင် ဘယ်တော့မှ တံခါးဖွင့်မပေးနဲ့"

နေခ ဒေါသထွက်နေသလို ဟန်ကလည်း လူသတ်ချင်နေသည်။

"မောင်တို့နှစ်ယောက်မှာ ဘယ်လိုကိစ္စတွေရှိလို့ သူက မောင့်အိမ်အထိ လိုက်လာရတာလဲမောင်"





"ဘာကိစ္စမှ မရှိဘူးဟန်၊ အခုလည်း မရှိဘူး။ အရင်ကလည်း မရှိဘူး။ အလကား တမင်သက်သက် မောင့်ကို ပြဿနာရှာချင်လို့ အိမ်အထိ လိုက်လာတာ။ တော်တော် ကြောက်ဖို့ကောင်းတဲ့ မိန်းမ"

"သူ့ပုံစံကြည့်ရတာ မောင့်ကို အရူးအမူး စွဲလမ်းနေတဲ့ပုံပဲ"

"ဒီကိစ္စတွေ မေ့လိုက်ပါ။ ဘာမှအရေးပါတဲ့ မိန်းမမဟုတ်ပါဘူး"

"ဟန်တော့ ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်ဘူးမောင်။ သူကိုယ်တိုင် ဒီရပ်ကွက်ထဲ ပြောင်းလာပြီလို့ မောင့်ကိုပြောတာ မကြားဘူးလား။ ပြီးတော့ သူ့မျက်လုံးတွေက ဟန့်ကိုကြည့်ပုံက တစ်မျိုးပဲ။ ဟန် သူ့ကို ကြောက်တယ်မောင်"

"ဟန့်နားမှာ မောင်ရှိနေတာပဲ ဟန်က ဘာကို ကြောက်ရမှာလဲ။ ဒီမိန်းမ နောက်ထပ်ပြဿနာ ရှာလို့ကတော့ မောင်နဲ့အသိပဲ မောင် ဘာကောင်ဆိုတာ သူသိသွားစေရမယ်"

နေခမျက်နှာကို ဟန်တစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေတာ မြင်ရတော့ သူ့မျက်နှာကိုပြင်ကာ သက်ပြင်းချလိုက်၏။

"ဆောရီး... ဟိုမိန်းမကြောင့် ဟန်တော်တော် လန့်သွားတယ် ထင်တယ်။ မောင် ဗိုက်ဆာပြီ... ထမင်းသွားစားရအောင်နော်"

ဟန်က သူဆွဲခေါ်ရာ ပါလာသော်လည်း လှပသော မျက်နှာလေးက အရင်လို ရယ်မောပြုံးရွှင်ခြင်း မရှိတော့၍ သူဟန့်ကို အာရုံပြောင်းအောင် ကြိုးစားသည်။ အလုပ်အကြောင်း၊ ကလေးအကြောင်း၊ တခြားအကြောင်းအရာတွေ ပြောနေပေမယ့် သူကိုယ်တိုင် ဇန် အိမ်အထိ ရောက်လာပြီး ဟန့်ကို စိတ်မဝင်စားသလို လုပ်သွားပုံကို အံ့သြမယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

ဗန်ဆိုတာ ဘယ်လိုမိန်းမလဲ။ ဘာဖြစ်လို့ ဒီလောက်အရှက်မဲ့
မျက်နှာပြောင် တိုက်ရဲရတာလဲ။

"တော်ပြီ မောင်။ ဟန် ထမင်း ဆက်မစားနိုင်တော့ဘူး"

ဟန်က ထမင်းကို လက်စသတ်လိုက်သလို နေခကိုယ်တိုင်
လည်း ဆက်စားချင်စိတ် မရှိ၍ ထမင်းဝိုင်းကို သိမ်းခိုင်းလိုက်၏

"နေကောင်းရဲ့လား ဟန်"

"ခေါင်းနည်းနည်း မူးလို့ပါ၊ အိပ်ရာထဲ လှဲနေလိုက်ရင် သ
သာသွားမှာပါ"

"မောင်လိုက်ပို့မယ်"

"ရပါတယ်၊ ဟန်တစ်ယောက်တည်း နေချင်လို့ပါ"

ဟန်က နေခလိုက်ပို့တာကို လက်မခံဘဲ သူတို့အိပ်ခန်း
တက်သွား၍ နေခတစ်ယောက်တည်း ဧည့်ခန်းထဲမှာ ရပ်ကျန်ခဲ့သည်
ဟန် သူ့ကို စိတ်ဆိုးစိတ်ကောက်သွားပြီဟု သိလိုက်တော့
မျက်လုံးထဲ ဗန်နှင့် စိုင်းခွန်ဖတို့ မျက်နှာက နေရာယူလာသည့်အတွ
နီးရာဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

နွေးထွေးပျော်ရွှင်စရာ မိသားစုဘဝလေးက ရုတ်တရက်
စက်သည့် အနေအထား ပြောင်းသွားပုံက မြန်ဆန်လွန်း၍ မယုံနိုင်

ဒီမိန်းမ သူ့အိမ်ကို ဘာလာလုပ်တာလဲ။ နေခတွေးပြီး ဒေါသ
ဖြစ်နေတုန်း သူ့ဖုန်းက အသံမြည်လာသည်။

"ဟဲလို"

"နေခ… ဗန်ပါ၊ မနက်ဖြန် အိမ်သစ်တက်မှာ နေခကို





ခဲ့ရလို့"

"မင်းဖိတ်လည်း ငါလာမှ မဟုတ်ဘူး ဗန်၊ နောက်ကို ငါ့မိန်းမ
စိတ်အနှောင့်အယှက်ဖြစ်မယ့် အပြုအမူမျိုး ထပ်လုပ်လို့ကတော့ မင်းကို
ငါဘယ်တော့မှ ခွင့်မလွှတ်ဘူးဗန်"

"ကြောက်စရာကြီးပါလား နေခရယ်၊ ဗန့်ကိုများ သတ်ပစ်တော့
မလို့လား"

ပြောပြီး ဗန်က ရယ်ချလိုက်၍ နေခရင်ထဲ ဒေါသဖြင့် ပူသွားကာ
ဖုန်းကိုချက်ချင်း ပိတ်ပစ်လိုက်သည်။ နေခတောင် ဒီလောက် ဒေါသ
ဖြစ်နေရင် ဟန်ဆို ပိုခံစားရမှာ သေချာသည်။ အပေါ်ထပ် ဟန့်နားကို
ရောက်သွားတော့ ဟန်တစ်ယောက်တည်း ကျိတ်မျက်ရည်ကျနေတာ
မြင်လိုက်ရ၍ စိတ်ထိခိုက်သွား၏။

"ဟန်"

"မောင်ရယ်"

နေခရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ဟန်ငိုတော့ သူဟန်ကိုယ်လေးကို
သူ့ရင်ခွင်မှာ ညင်သာစွာ ထွေးပွေ့ထားလိုက်သည်။

"မောင့်ကို ခွင့်လွှတ်ပါ ဟန်ရယ်၊ မောင့်ကြောင့် ဟန်ငိုနေရပြီ"

"မောင့်ကြောင့် မဟုတ်ပါဘူး… ဟိုမိန်းမကြောင့် ဟန်ငိုနေရ
တာပါ"

"မောင့်ကိုချစ်ရင် မငိုပါနဲ့အချစ်ရယ်၊ မောင်ချစ်တာ ဟန်တစ်
ယောက်တည်းပါ"

"ဒါပေမဲ့ သူက မောင့်ကိုချစ်နေတုန်းပဲ"

ငိုရှိုက်သံသဲ့သဲ့ကြောင့် သူ ဟန့်ပါးပြင်ကို ဖွဖွငုံ့နမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟန်ပြောသလို သူက မောင့်ကို ချစ်နေတာ မဟုတ်ဘူး ဟန်။ သူ့အတ္တ သူချစ်နေတာပါ”

“မောင် ဘာကိုပြောတာလဲ”

“မောင်သူ့ကို မချစ်ဘူးဟန်”

ဒါကို သူသိတယ်။ သိရက်နဲ့ မောင်တို့ သာယာနေတဲ့ မိသားစု ဘဝလေးကို ဖျက်စီးချင်တော့ သူ့အတ္တပဲ။ သူသာ အတ္တမကြီးဘူး။ တစ်ကိုယ်ကောင်း မဆန်ဘူးဆိုရင် သူ့ကြောင့် တခြားသူ ထိခိုက် နစ်နာမှုမျိုး သူလုပ်ရဲမှာ မဟုတ်ဘူး။ လုပ်လည်း လုပ်ဝံ့မယ် မထင်ဘူး”

“အခု ဒီမိန်းမ ဘယ်လောက်အတ္တကြီးလဲဆိုတာ ဟန်မြင်တယ် မဟုတ်လား။ သူ့ကြောင့် သူတစ်ပါး အိမ်ထောင်ကို ထိခိုက်နစ်နာအောင် တမင်ဖန်တီးခဲ့တာကိုပဲ သူ့ကိုယ်သူ ဂုဏ်ယူပုံကိုက ရွံစရာ မုန်းစရာ ပါ အချစ်ရယ်”

တကယ်လည်း ဇန့်ကို ရွံမုန်းနေသည်။

ဒီမိန်းမကို ဒီလောက်ကြောက်စရာကောင်းသည့် အပြုအမူမျိုး လုပ်လိမ့်မည်ဟု မထင်ခဲ့။ အခု သူလုပ်ပုံက အရှက်မဲ့ ဂုဏ်သိက္ခာ မဲ့လွန်းသည်။

“ဟန်တို့ကို နောက်ထပ်ဒုက္ခထပ်ပေးနေဦးမှာလား မောင်”

“သူဒုက္ခပေးလည်း မောင်တို့ချင်း နားလည်နေပြီပဲဟန်၊ သူ ဘာလုပ်လုပ် ဟန်နဲ့မောင့်ကို နာကျင်စေချင်လို့ ဒုက္ခပေးချင်လို့ဆိုတာ သိနေမှတော့ မောင်နဲ့ဟန်က သူလုပ်သမျှ လိုက်ခံစားနေရဦးမှာလား”

“ဟန်တော့ စိတ်ညစ်တယ်မောင်၊ ပြီးတော့ သူပြောသလို တစ်ရပ်ကွက်တည်း နေရမယ်ဆိုတာရော တကယ်လားဟင်”





“သူတို့လို မိန်းမတွေက နေရာတစ်ခုမှာ ဘယ်တော့မှ ကြာရှည် မခံပါဘူးဟန်။ နေလည်း ခဏပေါ့။ အဲဒီကိစ္စကို ဟန်မတွေးပဲ ဟန့် ဗိုက်ထဲက သားသားလေးတွေ အကြောင်းပဲ တွေးနေလိုက်စမ်းပါ… သားတွေကို ဟန် မချစ်ဘူးလား”

“သိပ်ချစ်ပါတယ်မောင်ရယ်၊ ဟန့်သားတွေကို ဟန်ချစ်တယ်”

“မောင့်ကိုရော”

“သွားပါ… လူရှုပ်ကြီးကို မုန်းလွန်းလို့”

“ညာပြောတဲ့ ကောင်မလေး… လာခဲ့”

ကြည်မွေ့စွာ ရယ်မောလိုက်ကြသည့် ချစ်သူနှစ်ဦး၏ ရယ်သံ က တင်းကျပ်နေသော စိတ်ညစ်မှုအပေါင်းကို ချစ်ခြင်းမေတ္တာဖြင့် ဆေးကြောသန့်စင်ပစ်လိုက်သကဲ့သို့ တိတ်ဆိတ်သော အခန်းထဲမှာ နွေးထွေးသာယာစွာ စီးမျောသွားၾ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟန်"

"ဩော်…ကိုစိုင်းခွန်ဖ ဆေးခန်းကို လာတာလားဟင်"

မမျှော်လင့်ဘဲ ဟန်ပြနေသည့် ဆေးရုံမှာ စိုင်းခွန်ဖကို တွေ့လိုက်ရ၍ ဟန့်ကို စိုင်းခွန်ဖ နှုတ်ဆက်သလို ဟန်ကလည်း စိုင်းခွန်ဖကို တုံ့ပြန်နှုတ်ဆက်ရင်း ပြုံးလိုက်သည်။

"ကျွန်တော် ဒီဆေးရုံမှာ တာဝန်ကျနေတာဟန်"

"ဟုတ်လား… ဟန်တောင် မသိဘူး"

"လိုအပ်တဲ့ အကူအညီရှိရင် ပြောပါဟန်"

"ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ် ကိုစိုင်းခွန်ဖ"

"ကျွန်တော့်ကို ခွင့်ပြုဦးနော်"

"ဟုတ်ကဲ့"

အသိမိတ်ဆွေတစ်ယောက်နှင့် စကားပြောရင်း ကျန်ခဲ့သည့် နေခက ဟန်နှင့် စိုင်းခွန်ဖတို့ တရင်းတနှီး ရယ်မောနှုတ်ဆက်နေတာကို လှမ်းမြင်လိုက်ရ၍ သူ့မိတ်ဆွေကို နှုတ်ဆက်လမ်းခွဲပြီး ဟန့်နား အမြန်လျှောက်ခဲ့သည်။





"ခုနလူက စိုင်းခွန်ဖ မဟုတ်လားဟန်"

"ဟုတ်တယ်မောင်… သူ ဒီဆေးရုံမှာ တာဝန်ကျနေတာလို့ ပြောတယ်"

ဟန့်စကားကြောင့် နေခမျက်နှာ ကွတ်ခနဲ ပျက်သွားသည်။ သူမ ရှိနေသည့် ဆေးရုံကို ဒီလူ တမင် မရောက်ရောက်အောင် ပြောင်းလာတာလားဆိုသည့် အတွေးနှင့် သူဟန့်မျက်နှာပေါ်က အပြောင်းအလဲကို ရှာကြည့်သည်။ ဟန့်မျက်နှာက ဘာတစ်ခုမှ မပြောင်းလဲ။ အမူအရာလည်း မပျက်။ နေခကို ပြုံးရွှင်ရယ်မောစွာ သူမစိတ်ထဲရှိသည့် စကားတွေမပြတ် ပြောလာ၏။

ဆရာဝန်ကြီးကိုပြဖို့ စောင့်ရဦးမည်ဆိုတော့ သူတို့မှာ အချိန်တွေပိုနေသည်။ နေခ ဟန့်ကိုကြည့်သည်။ သူ့စိတ်က သူအင်မတန်သိချင်နေသော မေးခွန်းကို ဟန့်ကိုမေးရန် သင့်မသင့် စဉ်းစားနေခြင်းဖြစ်သည်။ သူ့အမေးကြောင့် ဟန်စိတ်ထိခိုက်သွားမှာ ဟန်အနေရခက်သွားမှာကိုတွေးပြီး သူ့ရင်ထဲက သိချင်စိတ်ကို ကြိုးစားမျိုသိပ်ပေမယ့်မရ။ နေခအကြည့်တွေက မီးပုံပျံနှင့် တူလှသော ဟန့်ဝမ်းဗိုက်ရှိရာသို့ မကြာခဏ အကြည့်ရောက်သွားတိုင်း သူ့ရင်ထဲက သိချင်စိတ်က ထိန်းမရ ဖြစ်လာ၏။

"ဟန့်ကို မောင်တစ်ခု မေးလို့ရမလားဟန်"

"ဘာမေးချင်လို့လဲ မောင်၊ မေးလေ"

နေခ ဘာမေးမှာမှန်း မသိ၍ ဟန့်မျက်နှာလေးက ချစ်စရာကောင်းအောင် ပြုံးနေသလို ဟန့်မျက်ဝန်းအစုံမှာလည်း နေခကိုချစ်သည့် မြတ်နိုးသည့်စိတ်ဖြင့် ဝင်းလက်နူးညံ့နေတာကို မြင်ရ၏။ ဟန်



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေတာ မြင်ရသဖြင့် သူ့စိတ်ထဲက သိချင်စိတ်ကို မျိုသိပ်လိုက်သည်။

"ဟန် သိပ်ပျော်နေလားလို့"

"အဟင်း... ဟင် ဘာများလဲလို့ မောင်ရယ်။ ဟန်ပျော်တာပေါ့၊ သိပ်မကြာခင် ချစ်စရာကောင်းတဲ့ ဟန်တို့မိသားစုဘဝလေးကို ပိုင်ဆိုင်ရတော့မှာ၊ ဟန်မပျော်ပဲ နေပါ့မလား"

"မောင်ရော ဟန်ပျော်သလို မပျော်ဘူးလားဟင်"

"ပျော်တာပေါ့၊ ပြီးတော့ ဟန့်ကိုချစ်တယ်"

"ဟန်လည်း မောင့်ကို ချစ်တယ်"

"ဘယ်တော့မှ မခွဲကြေးနော်"

"အဲဒီစကားက ဟန့်က ပြောရမှာပါ၊ သားတို့ကြောင့် ဟန့်ကို စိတ်ပျက်မသွားပါစေနဲ့လို့ နေ့တိုင်းဘုရားမှာ ဟန် ဆုတောင်းနေတာ မောင်သိလား"

ဟန်က သူမရင်ထဲက ခံစားချက်လေးကို ရင်ဖွင့်လိုက်တော့ သူ ဟန့်လက်လေးကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်ပြီး ဟန့်မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"မောင်က သားတို့ကြောင့် ဟန့်ကို စိတ်မပျက်ပါဘူး။ ဟန်ကသာ သားတို့အဖေကြောင့် မောင့်ကို ပစ်သွားမှာ မောင်က စိုးရိမ်တာပါ"

"ဘယ်လို သားတို့အဖေ ဟုတ်လားမောင်"

အခုမှတော့ မုထူးတော့ဟု သဘောပေါက်ကာ နေခ ဆက်ပြောလိုက်သည်။





"စိုင်းခွန်းဖဆိုတာ သားတို့အဖေပဲ မဟုတ်လား ဟန်"

"ရှင်"

"သူ့ဓာတ်ပုံကို ဟန့်ဒိုင်ယာရီစာအုပ်ထဲက အမှတ်မထင် တွေ့ပြီးကတည်းက သူဟာ သားတို့အဖေ ဖြစ်မယ်လို့ မောင်ထင်ထားခဲ့တာပါ။ နောက်တော့ မောင်ထင်တဲ့အတိုင်း သူအိမ်ကို ရောက်လာတယ်။ အခုလည်း ဟန်ပြနေတဲ့ ဆေးရုံကို သူ တမင် မရောက်ရောက်အောင်လာတာ မောင်သိတယ်"

ဟန့်မှာ အံ့သြလွန်း၍ ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်ကာ နေခမျက်နှာကို မယုံနိုင်သလို ကြည့်နေမိသည်။ စိုင်းခွန်းဖနှင့်ဟန်ကို ဘယ်တုန်းကတည်းက မသင်္ကာထားသည်မသိ။ အခု နေခပြောနေပုံက လုံးဝအတိအကျကြီး စွပ်စွဲနေခြင်းရုံမက သက်သေ အထောက်အထားတွေကလည်း ခိုင်ခိုင်မာမာဖြစ်နေ၍ ဟန့်အပေါ် ဘယ်အချိန် ကတည်းက ဒီလိုတွေးနေပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေ၏။

"မောင့်ကို ဘာပြောချင်သေးလဲ ဟန်"

သူ့ပုံစံက သူပြောသမျှ ဟန် မငြင်းနိုင်ဟု ယုံကြည်မှုအပြည့် ဟန် နေခမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"ပြောစရာတွေက ဟန့်မှာအများကြီးပဲ မောင်။ ဒါပေမဲ့ ဟန် မောင့်ကို အရင်ဆုံးတစ်ခုပဲ ပြောမယ်။ အဲဒါက မောင်ထင်သလို သားတို့အဖေဟာ ဒေါက်တာစိုင်းခွန်ဖ မဟုတ်ဘူးဆိုတာပဲ"

"ဒါဖြင့် ဘယ်သူလဲဟန်၊ ဒေါက်တာအပြင် နောက်တစ်ယောက် ရှိသေးတယ်လို့ ပြောချင်တာလား"

"ဟုတ်တယ်၊ ဒေါက်တာစိုင်းခွန်ဖအပြင် နောက်တစ်ယောက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်''

ဟန်ပြတ်သားစွာ ဝန်ခံလိုက်သလို နေခကလည်း ထိုသူဘယ်သူလဲ သိချင်စိတ်ဖြင့် ဟန့်မျက်နှာကို စိုက်ကြည့်သည်။

''သူဘယ်သူလဲဆိုတာ မောင် မသိရဘူးလားဟန်''

''အဲဒီအဖြေကို ဟန်ကိုယ်တိုင်လည်း သိချင်နေပါတယ် မောင်''

''ဟန့် ဘာစကားတွေ ပြောနေလဲဆိုတာ ဟန့်ကိုဟန် သိရဲ့လားဟင်''

ကိုယ့်ရင်သွေးအဖေ ဘယ်သူလဲဆိုတာ ကာယကံရှင်ကိုယ်တိုင်က ပြန်သိချင်နေသည်ဆိုသည့်စကားက နေခနားထဲမှာ အဆန်းတကြယ် ဖြစ်သွားသလို ဟန့်စကားအသုံးအနှုန်းကိုပါ သဘောမကျ ဖြစ်သွား၏။ ဒါကို ဟန်ကလည်း သိသည်။

''ဟန် ဘာစကားတွေ ပြောနေလဲဆိုတာ ဟန့်ကိုယ်ဟန် သိပါတယ်မောင်၊ တကယ်တော့ ဒီကလေးတွေအဖေဟာ…''

''ဟေး… ဟန်''

''အန်ကယ်''

ဟန်က သူမနား ရောက်လာသူကို ရုတ်တရက် တွေ့မြင်လိုက်ရပြီးနောက်မှာ အန်ကယ်အဲဘတ်ကိုယ်ကြီးကို အားကိုးတကြီးဖက်ပြီး ကလေးတစ်ယောက်လို အီးခနဲ ငိုချလိုက်သည်။ တိုက်ဆိုင်စွာ ဒီနေ့ အချိန်ကျမှ ပြန်တွေ့ရခြင်းအဖြစ်က သူမဘာဝကို အလင်းရောင်ပေးလိုက်ခြင်းဟု သိလိုက်သည်။

''အခုချိန်က ဝမ်းသာရမယ့်အချိန်ပဲ ဟန်။ ဘာလို့ ညည်းက ငိုနေရတာတုန်း''





''ဝမ်းသာလို့ပါ အန်ကယ်ရယ်၊ အန်ကယ်အဲဘတ်ကို ဟန်ပြန်မတွေ့ရတော့ဘူးလို့ ထင်နေတာ''

''ဖွဟဲ့… နမိတ်မရှိ နမာမရှိ… အန်ကယ်ကို ညည်းပြန်တွေ့ရလို့ ငိုတောင်ငိုနေပြီပဲ ဒီစကားပြောစရာလား''

''အန်ကယ်အဲဘတ်ကို ဟန့်အမျိုးသားနဲ့…''

''မောင်နေခ…ဆိုရင် မိတ်ဆက်ပေးမနေနဲ့ဟန် အန်ကယ်တို့က အရင်ကတည်းက သိပြီးသား။ မင်းတို့လက်ထပ်လိုက်ကြတာ အန်ကယ်ကြားတယ်။ ဒါကြောင့် ဒီကိုပြန်လာတာ''

ဦးအဲဘတ်က စကားကို သူ့အမိပ္ပာယ်နှင့် သူပြောနေပေမယ့် ဟန်နှင့် နေခကတော့ ဦးအဲဘတ်ဆိုလိုရင်းကို နှစ်ယောက်စလုံး နားမလည်ကြပါ။

''ကဲ… ကဲ ညည်းတို့ ပြစရာရှိတာ ပြကြပြီးမှ အန်ကယ်နဲ့ အေးအေးဆေးဆေး စကားပြောကြတာပေါ့''

''ဟုတ်ကဲ့ အန်ကယ်''

ဟန် ပျော်သွားသည်။

အန်ကယ်အဲဘတ် အချိန်မီ ရောက်လာ၍ပါ။ ပြနေကြ ဆရာဝန်ထံမှာပြပြီး သူတို့ကို စောင့်နေသည့် အန်ကယ်အဲဘတ်နှင့်အတူ အန်ကယ်အဲဘတ်အိမ် လိုက်သွားကြသည်။

''ကဲ… ထိုင်ကြ၊ ဒီမှာတော့ တခြားစားစရာ မရှိဘူး၊ ကော်ဖီပဲ ရှိတယ်''

''ဟန်တို့ ဘာမှမစားတော့ပါဘူး အန်ကယ်။ မောင်သိချင်တာ တစ်ခုတည်းကိုပဲ အန်ကယ်ဖြေပေးလိုက်ရင် ဟန်တို့နှစ်ယောက်ကြား



www.burmeseclassic.com

www.burmeseclassic.com



က ပြဿနာအားလုံး ပြေလည်သွားမှာပါ''

''ဘာလဲ ညည်းဗိုက်ပြဿနာလား ဟန်''

''ဟုတ်ပါတယ် အန်ကယ်''

ဟန်က ခေါင်းညိတ်လိုက်တော့ ဦးအဲဘတ်က နေခမျက်နှာကို လှမ်းကြည့်သည်။

''မင်းကရော ဘာသိချင်တာလဲ မောင်နေခ၊ ဟန့်ဗိုက်ထဲက ကလေးအဖေ အကြောင်းလား''

''ဟုတ်ပါတယ် အန်ကယ်''

''အေး… ဒါဆို ဘာမှမပူကြနဲ့ ဟန့်ဗိုက်ထဲက ကလေးအဖေဆိုတာ တခြားသူမဟုတ်ဘူး မင်းကိုယ်တိုင်ပဲ မောင်နေခ''

''ခင်ဗျာ''

''ရှင်''

နေခမှာ ကြားသာကြားလိုက်ရသော်လည်း သူ့နားသူ မယုံနိုင်သလို ဟန်ကိုယ်တိုင်လည်း ဦးအဲဘတ်စကားကြောင့် နေခမျက်နှာကို အလန့်တကြား လှမ်းကြည့်မိရက်သား ဖြစ်သွားသည်။

''အန်ကယ်ပြောတာ ညည်းတို့ မယုံကြဘူး မဟုတ်လား အဖြစ်က ဒီလိုကွ…''

ဦးအဲဘတ်က ဖြစ်ပျက်ပုံ အလုံးစုံကို နေခနှင့်ဟန် နားလည်အောင် သေချာရှင်းပြလိုက်မှ နှစ်ယောက်စလုံး သူတို့အဖြစ်ကို သူတို့ မယုံနိုင်အောင် ဖြစ်နေကြသည်။

''ဝမ်းသာလိုက်တာ အန်ကယ်ရယ်… ဒါဆို ဟန့်ဗိုက်ထဲက သားလေးတွေဟာ ကျွန်တော့်သား၊ ကျွန်တော့်ရင်သွေးလေးတွေပေါ့ နော်''



''ဒါ့အပြင် ဘာများရှိဦးမှာလဲ မောင်နေခရယ်။ မင်းတို့နှစ်ယောက်ရဲ့ ဖူးစာက ဆန်းကြယ်လွန်းလို့ အန်ကယ်ကိုယ်တိုင်တောင် မယုံနိုင်အောင် အံ့သြခဲ့ရတာပဲ။ အခု မင်းတို့ပြနေတဲ့ ဆရာဝန်က အန်ကယ်တပည့်ပဲ။ ဟန့် အခြေအနေကို သိချင်လို့ ဒီနေ့ အန်ကယ်ကိုယ်တိုင် ဆေးရုံကိုလာတာ အားလုံး အိုကေတယ်ပေါ့''

''အန်ကယ်ရယ်''

ဟန်က ဝမ်းသာလွန်း၍ ဘာမှပြောနိုင်ပဲ တသိမ့်သိမ့် ငိုနေသည့်အတွက် ဦးအဲဘတ်က နေခကို ကြည့်လိုက်သည်။

''မင်းမိန်းမကို ချော့လိုက်ဦး မောင်နေခ''

''မငိုနဲ့လေ ဟန်။ အခုအချိန်က မောင်တို့နှစ်ယောက်စလုံး ပျော်ရမယ့်အချိန်ပါ မာမီကြီးရယ်''

''ဟန် ပျော်လို့ပါမောင်၊ သားတွေက မောင့်သား၊ မောင့်ရင်သွေးတွေ ဖြစ်နေတာ ဟန်ဖြင့် ယုံတောင်မယုံနိုင်ဘူး မောင်ရယ်''

''ကိုင်း… မယုံရင် ပုံပြင်လို့သာ မှတ်ကြ။ နောက်ဘယ်တော့မှ ရှုးရှုးမိုက်မိုက် အလုပ်တွေ လျှောက်မလုပ်ကြနဲ့ ဒါမျိုးဟာ ဖြစ်လည်း မဖြစ်သင့်ဘူး။ ဖြစ်လည်း မဖြစ်ထိုက်ဘူး။ သဘာဝတရားကြီးကို ဆန့်ကျင်တဲ့လူဟာ သဘာဝတရားကပေးတဲ့ ထိုက်တန်တဲ့အပြစ်ဒဏ်ကို ခံကြရစမြဲပဲ''

''နေမပူခင် ပြန်ကြ၊ နောက်မှ မင်းတို့ဆီ အန်ကယ်လာခဲ့ဦးမယ်''

ဦးအဲဘတ်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြပေမယ့် သူတို့ကိုယ်သူတို့

www.burmeseclassic.com



မယုံနိုင်အောင် ဖြစ်နေကြဆဲ ဖြစ်သည်။ ကိုယ်တိုင် ကြုံနေလို့သာ ယုံကြည်ရတာလဲ ရှိသည်။ တကယ့်အဖြစ်အပျက်တွေက စိတ်ကူးယဉ်တာထက် ပိုဆန်းကြယ်နေတာကို အံ့ဩမဆုံး ဖြစ်နေ၏။

"ဟန်... မောင့်အချစ်ဆုံး ဟန်ရယ်"

နေခက ဟန့်နှုတ်ခမ်းလေးကို ဖွဖွနမ်းသလို ဟန့်ဝမ်းဗိုက်ကိုလည်း အထပ်ထပ် အခါခါ နမ်းသည်။ ထိုအနမ်းက ဂုဏ်ပြုနမ်း ချစ်ခင်မြတ်နိုးသော ပီတိနမ်း။ ဖခင်တစ်ယောက် ရင်ထဲက ဖြစ်ပေါ်လာသော မိဘမေတ္တာမှ ပေါက်ဖွားသန့်စင်လာသော အေးမြသည့် အနမ်းဖြစ်သည်။

"မောင်တို့အဖြစ်က အိပ်မက်လိုပါပဲလား ဟန်ရယ်၊ မောင့်ဘဝမှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ မောင်ကိုယ်တိုင် တစ်ခါမှ မတွေးခဲ့ဖူးဘူး မောင့်ကိုမောင် အချစ်မရှိဘူးလို့ ထင်ထားတဲ့ လူတစ်ယောက်ဟာ ဟန်နဲ့တွေ့မှ ဟန့်ကို အရူးအမူး ချစ်မိသလို မောင်လက်ထပ်လိုက်တဲ့ မောင့်ချစ်သူက မောင်အင်မတန် လိုချင်တဲ့ မောင့်ရင်သွေးလေးတွေကို လွယ်ထားရတဲ့ သားတို့မာမီဖြစ်နေတာ ဘယ်လောက်အံ့ဩစရာကောင်းလဲ အချစ်ရယ်"

"ဟန်သာ မောင့်ကို လက်မထပ်ဖြစ်ရင် မောင့်မှာ မောင်ချစ်တဲ့ မိန်းမကိုရော၊ မောင့်ရင်သွေးလေးတွေရော တစ်ပြိုင်တည်း ဆုံးရှုံးရတော့မှာပါလားလို့ တွေးမိရင် မောင့်ရင်ထဲ ဘယ်လိုဖြစ်ဖြစ်သွားမှန်း မသိဘူး"

သူ့ရင်ထဲက ခံစားချက် အစစ်အမှန်တွေကို အမှန်အတိုင်း ဖွင့်ဟန်ခံရင်း ဟန့်ကို သူ့မျက်စိရှေ့က ပျောက်ကွယ်သွားမှာ စိုးသည့်အလား





ဟန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကျပ်ဆုံး ထွေးဖက်ပြီး အထပ်ထပ် အခါခါ နမ်းနေသည့်အတွက် ဟန်မှာ အသက်ရှူမဝ မွန်းကျပ်ကျပ်ကြီးဖြစ်ကာ ချစ်ခင်ပွန်းရင်ခွင်ထဲက အသာရုန်းထွက်လိုက်၏။

"ဟန့်ကို လွှတ်ပါဦးမောင်ရယ်၊ ဒီမှာ အသက်ရှူမဝလို့ သေတော့မယ်"

"ရှူး... သေစကား မပြောစမ်းပါနဲ့ဗျာ မောင်မကြားရဲလို့ပါ"

"ဟုတ်ပါပြီတဲ့ရှင် မောင်မကြိုက်ရင် နောက်မပြောတော့ပါဘူး ကျေနပ်ပြီလား"

"မကျေနပ်သေးဘူး"

"ဘာဖြစ်လို့"

"မောင်တို့နှစ်ယောက် ဖူးစာဆန်းပုံကို ဟန်က ဘာမှမပြောသေးလို့"

ဒီလိုဆိုတော့ ဟန်က သူ့ကိုပြုံးပြီး ကြည့်သည်။ ဟန့်အပြုံးက ကျေနပ်ပြုံး။ ချစ်ပြုံး။ မြတ်နိုးပြုံးဖြစ်၍ သူမရင်ထဲက လှိုက်လှဲသော ခံစားချက်များကို စကားအဖြစ် ပြောင်းလဲမပြနိုင်အောင် ခံစားနေသူဖြစ်နေခြင်းကို နေခ နားလည်မည် မဟုတ်သလို သူမစကားလုံးတိုင်း သူမရင်ထဲက ခံစားချက်ကို လိုက်မမီနိုင်မည် မဟုတ်တာကိုလည်း ဟန်ပဲ သိသည်။

"ဟန် ဘာပြောရမလဲ မောင်ရယ်"

"ပြောချင်တာပြော ဟန်"

"ဟန်ပြောချင်တာဆိုရင် တစ်ခုပဲ ရှိတယ်"

"ဘာလဲဟန်"

www.burmeseclassic.com

"ဟန် မောင့်ကိုချစ်တယ်"

နေခ ဘာမှမပြောတော့ပဲ ဟန့်ပါးပြင်ကို ခပ်ဖွဖွ နမ်းလိုက်ချိန်မှာ ဟန်က သူမရင်ထဲက အပြောချင်ဆုံး စကားတစ်ခွန်းကို ဆက်ပြောလိုက်သည်။

"ပြီးတော့ ဟန့်ရင်ထဲက မောင့်ရင်သွေးလေးတွေက ဟန့်အမြတ်နိုးဆုံး၊ ဟန်အချစ်ဆုံး ဆိုတာပါပဲ မောင်"

"မောင်လည်း ဟန့်ကိုချစ်တယ်"

ပြီးပြည့်စုံခြင်း မဟုတ်သော်လည်း ဟန့်စကားထဲမှာ အဓိကပြောလိုရင်း ခံစားချက်က သူမဆိုလိုရင်းကို ခံစားနားလည်သဘောပေါက်နိုင်ပါသည်။

များပြားလှသော သံသယစက်ဝိုင်းထဲမှာ မဆုံးနိုင်သော အတွေးမဆုံးနိုင်သော ခံစားချက်တို့ဖြင့် နေခဲ့ရသောဘဝက အနိုးအငွေ့ပမာ ချစ်သူနှစ်ဦးထံပါးမှ ညင်သာစွာ ဖယ်ရှားပျောက်ကွယ်သွား၏။ ချစ်ခြင်းတို့ဖြင့် ထုံမွှန်းထားသော ချစ်မေတ္တာခရီးက မွန်မြတ်သန့်စင်သော အပြုံးတို့အောက်မှာ ဝင်းလက်တောက်ပလျက်။ သူတို့ အလိုချင်အတောင်းတဆုံးဆုအဖြစ် အမွှာသားလေးနှင့် ချစ်စရာ အမွှာသမီးလေးကို တစ်မိနစ်ခြား၍ အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြသည်။

အမေထံမှ အချောအလှနှင့် အဖေထံမှ အချောအလှတို့ စုစည်းထားသည့် သားနှင့်သမီးက မွေးကင်းစကလေးအရွယ်လေးမှာပင် ချစ်စရာကောင်းအောင် ချောမောလှပကြသူများအဖြစ် အများက တအံ့တသြ ချီးကျူးကြရသူလေးများ ဖြစ်သည်။ ဟန်က သားနှင့်သမီးမျက်နှာကို တစိမ့်စိမ့်ကြည့်မဝသလို နေခက သားနှင့်သမီးကို လက်ပေါ်ကမချ။

"ဟဲ့... အဲဒီလောက်ကြီး ချီ မနေနဲ့ တော်ကြာ လက်ကြိုက်ပြီး လက်ပေါ်က မဆင်းဘဲ ဖြစ်နေဦးမယ်"

ဘွားအေကြီးက သူ့သား အဖြစ်သည်းနေပုံကို ကြည့်ပြီး တစ်ချိန်လုံး အော်နေပေမယ့် သူကိုယ်တိုင်ကျတော့ သူ့မြေးနှစ်ယောက်ထဲက တစ်ယောက်မဟုတ်တစ်ယောက်ကို အမြဲချီပွေ့ ချော့မြှူနေတတ်၍ ဟန်တို့လင်မယားက ကွယ်ရာမှာ ကျိတ်ပြီးပြုံးသည်။ ဒီကြားထဲ နေခ ဒယ်ဒီက မချီတတ်ချီတတ်နှင့် သူ့မြေးတွေကို ဝင်ချီပိုးတတ်၍ အချိုးမကျဖြစ်တိုင်း ဘိုးဘိုးကြီးကို ဘွားဘွားကြီး အပြစ်တင်သံက သူ့မြေးတွေ ငိုယိုအော်ဟစ်သံနှင့် အပြိုင်ဖြစ်သည်။

"တွေ့လား... ကျွန်မမြေးလေးတွေ ရှင့်ကြောင့် ငိုကုန်ပြီ။ နောက်ကလေးတွေကို မချီတတ်ရင် မချီနဲ့"

"အေးပါ... ဘွားဘွားကြီးရဲ့ နောက်မချီတော့ပါဘူး"

ဘိုးဘိုးကြီးက အလွယ်ကတိပေးသလို ဘွားအေကြီးအလစ်မှာ ယူယူချီ၍ ကလေးနှစ်ယောက်၏ ပြိုင်တူအော်ဟစ်ငိုယိုသံ၊ ဘွားအေကြီး၏ ဆူပူသံဖြင့် ညံစီတောနေသည့် အိမ်ကြီးထဲ ချစ်သူနှစ်ယောက်ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြည်နူးကျေနပ်နေကြသည်။

"မောင်"

"ဗျာ"

"လောကကြီးက ဆန်းကြယ်တယ်နော်။ မချစ်တတ်ဖူးဆို့ ထင်ထားတဲ့လူက ချစ်တတ်တယ်"

www.burmeseclassic.com



"ဒီထက် ဆန်းကြယ်တာ ရှိသေးတယ် တန်ရဲ့။ မောင့်ရင်သွေး မဟုတ်ဘူးလို့ ထင်ထားတဲ့ သားနဲ့သမီးက မောင့်ရင်သွေး မောင့် သားသမီးစစ်စစ်တွေ ဖြစ်နေတာလေ"

ချစ်သူနှစ်ဦး မြတ်နိုးစွာ အတူရယ်မိကြသည်။ လှံထမ်းလာတာ ကို မြင်ရပေမယ့် ကံထမ်းလာသည်ကိုတော့ ဘယ်သူမှ မမြင်ရ။ ထို့အတူ ဘယ်သူမှ လိုက်မမီနိုင်သော အချစ်ဆိုသည့်အရာကို ဖွင့် ဆိုတတ်သော နှလုံးသား၏ကျမ်းစာကို မည်သူမှ ကြိုဖတ်ခွင့်မရကြ သူတိုင်း အချစ်ဆိုသည့်အရာတလည်း ဤသို့ဆန်းကြယ်စွာ ဖူးစာ ဖတ်တတ်ကြောင်းတွေးကာ တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်တိုး ဝင်ကာ လောကကြီးကို ကျေနပ်စွာ ကြည်နူးစိတ်ဖြင့် ငေးမောကြည့် လိုက်ကြသည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ပါစေ

ချစ်မေတ္တာဖြင့်

မြပုလဲသွယ်

www.burmeseclassic.com